## (၄၃) မိလိန္ဒပဉှာ ဝတ္ထု နံပါတ် (၄၆၄)

**ရဟန်းနှင့်လူ သီလမဲ့ခြင်းတူသော်လည်း ခြားနားချက်မှာ**

ရဟန်း ဒုဿီလအား ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့သည်။ လူဒုဿီလထက် အထူးသဖြင့် လွန်ကုန်၏။ ဆယ်ပါးသော အကြောင်းတို့ဖြင့်လည်း လွန်မြတ်သည်ဖြစ်၍ အလှူရေစက်ကိုသုတ်သင်နိုင်၏။

(၄၄) သေက္ခတောင်ဦး တိလောက ပဏ္ဍိတဝေဒနိယ ဒီပနီ နံပါတ်-၃၁၄။

ကိုယ့်ကိုယ်ကို အစိုးရသည်ဟု မှတ်ထင်ရာမှာလည်း။ အနိစ္စသဘောကိုမမြင်ဘဲ။ပုထုဇဉ်တို့၏မျက်မြင်စိတ်ထင်မှား ထလာလဲရုပ်ဘဲ။ ထိုင်သည်၊ ထိုင်တဲ့ရုပ်ဘဲ ထသည် စသည်ဖြင့် မှတ်ထင်၍နေသည်။ စင်စစ်မှုကား ထတဲ့ရုပ်သည်မထိုင်ဘူး။ ထိုင်တဲ့ရုပ်သည် မထဘူး။ ထတဲ့ရုပ်သည် ထရင်းပင် ပျက်သွားဘဲ။ ထိုင်တဲ့ရုပ်သည် ထိုင်ရင်းပင်ပျက်သွားဘဲ။မိမိတို့ဖြစ်ရာက ဘယ်ကိုမှမရွေ့မပြောင်းဘူး။ဘယ်သူ့အလိုကိုမှမလိုက်ဘူး။ ဤရုပ်မှုန့်ကလေးတွေသည်။ ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေး မီးထိ၍ လောင်ကျွမ်းပျက်စီး၍ နေကြသော ရုပ်မှုန့်ကလေးတွေသည်။ ဘယ်သူ့အလိုကိုမျှ မလိုက်နိုင်ဘူး။အခါးပင်မျိုးစေ့မှ ပေါက်သွားသော သစ်ပင်ငယ်သည်။အချိုမဖြစ်နိုင်ဘဲအမြဲမုချခါးရလေဘိသကဲ့သို့ဤကိုယ် မဟုတ်သော အကြောင်းကြောင့် ဖြစ်ပေါ်သော ရုပ်သည်။ အဘယ်မှာ ကိုယ်နိုင်ဝှတာ့မလဲ။

## အနတ္တအဖြစ်ကို လင်းလင်း-ထင်ထင်သိမြင်ကြ

(၄၅) မြတ်စွာဘုရားသည်၊မိထွေးတော်ဂေါတမီအား အင်္ဂုတ္တရနိပါတ် ပါဠိတော် တကုန်းဘားချပ်၌ ဟောထားတော်မူသည်မှာ—။

အကြင်တရားတို့သည်၊ရာဂကိုပွါးစေခြင်းငှါဖြစ်ကုန်၏။

ဝင္၌ရှည်စေခြင်းငှါဖြစ်ကုန်၏။ ဝဋ္ဋဒုက္ခကိုပွါးစေခြင်း အလို ရမ္မက်ကိုကြီးစေခြင်း၊ ရောင့်ရဲမလွယ်စေခြင်း။ အပေါင်း အဖေါ်၌ မမွေ့လျော် ပျော်ပါးစေခြင်း၊ လုံ့လဝိရိယမရှိပျင်း ရိခြင်း၊ မွေးမြူပြုစု ခက်ခဲခြင်းဖြစ်ကုန်၏။ ထိုတရားတို့သည် ငါဘုရား၏ တရားတော်မဟုတ်။ ဝိနည်းတော်မဟုတ်။ အဆုံး အမတော် မဟုတ်ဟူ၍ မိထွေးတော် ကောန်အားဖြင့် မှတ် လေလော့။

အကြင်တရားတို့သည်။ ရာဂကင်းစေခြင်းငှါ၊ ဝင္၌မရှည် စေခြင်းငှါ။ ဝဋ္ဋဆင်းရဲကို ဖျက်ဆီးခြင်းငှါ။ အလိုရမ္မက် နည်းပါးစေခြင်းငှါ။ ရောင့်ရဲလွယ်စေခြင်းငှါ။ အပေါင်း အဖေါ်၌မမွေ့လျော်စေခြင်းငှါ။ လုံ့လအားထုတ်စေခြင်း ငှါ။ ပြုစုလုပ်ကျွေး မွေးမြူလွယ်စေခြင်းငှါ ဖြစ်ကုန်၏။ ထို တရားတို့ကို မိထွေးတော် ဂေါတမီသည်၊ ငါဘုရား၏ တရား တော်၊ ဝိနည်းတော်၊ ဩဝါဒဆုံးမတော်ဖြစ်သည်ဟု ကောန် အားဖြင့် မှတ်လေလော့ဟူ၍ ဟောတော်မူ၏။

## စတုဂ်ိရိ ဖြဟ္မာစရိ ရှုဘွယ် နံပါတ်(၂၄၉)

### (၄၆) စတုဂ်ိရိ ယထာဘူတ ရှုဘွယ်နံပါတ်-၂၉။

ကလျာဏမိတ္တ အတုပြု၍ အမှုရှာတတ်သော တဏှာ လောဘ၊ ရာဂ ဟူသော အတွင်းရန်သူစစ်ကို ဆောဆော- လျင်လျင် မြန်မြန် ဖျက်ဆီးရာ၏။

## (၄၇) လယ်တီဆရာတော်ဘုရား (ပဋိစ္စသမုပ္ပါဒ ဒီပနီ) နံပါတ် (၁၉၉)

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါးကို နိရောဓသဘော ရှင်းလင်းချက်မှု။အသင်္ခတဓါတ်မြတ် နိဗ္ဗာန်သည်၊ဇာင်ဇွာ ဇာစရှိသော သင်္ခါရ ဝိညာဉ်တို့ ချုပ်ငြိမ်းရာ ဖြစ်ကြောင်းကို နိက္ခမဓါတ်ခံရှိသော ပုဂ္ဂိုလ်တို့နား၌ အလွန်ချမ်းသာ သုခ မြေပေ၏။တကျော၌ မွေ့လျော်သောအရက်သမား၊ လောဘ သမားတို့၏နား၌မကြားခြင်း၊နာကြောနင့်ကြ၏။ ဥပမာ၊ မည်သည့် တော,တောင်တွင်,မြေ သာယာသော စမ်းရေနှင့်တကွ။ သစ်သီး၊ သစ်မြစ်၊ သစ်ဖုတွေ လှယ်ကူစွာ ရယူစားသောက် တရားအားထုတ်ရန်သင့်မြတ်ပါသည်ဟုကြားလျှင် နိက္ခမဓါတ်ခံရှိသော ထိုပုဂ္ဂိုလ်၏နား၌ အလွန် သာယာ၏ သွားလိုသောဆန္ဒတွေဖြစ်ပေါ်လာ၏။အရက်သမား နား၌မူကား။ နားကြော်နင့်၏။ ကြားပြင်း၏။ ငြီးငွေ့၏။ တဖန် မည်သည့် ဒေသ မြို့ရွာသည်၊ အလွန်စည်ကား၏။ ပျော်စရာရှင်စရာတွေ ပေါများ၏ဟု ကြားရလျှင် အရက်သမား၏ နား၌ အလွန်သာယာ၏။ ယခုပင်သွားရောက်လိုသော ဆန္ဒ ဖြစ်ပေါ်လာ၏။ နိက္ခမဓါတ်ခံရှိသော ပုဂ္ဂိုလ်တို့၏ နား၌မူကား နားကြောနင့်၏။ ကြားပြင်း၏။ ငြီးငွေ့၏။ အလွန် ဆုတ်စက်၏။ (အရက်သမားနှင့် နိက္ခမဓါတ်ခံရှိသော ပုဂ္ဂိုလ်တို့၏စိတ်ဓါတ်ကွာခြားကြသည်ကို သတိပြုပါ။

## (၄၈) ပဋိစ္စသမုပ္ပါဒ်မှ (စတုဂိရိ ဓမ္မာသထကျွဲဘွယ်) နံပါတ် (၆၃၆-၆၃၇)

သစ္စာတရားကို သစ္စာတရားဟုပိုင်းခြား၍ ယထာဘူတ ဉာဏ်ဖြင့်သိလျှင်၊ မြင်လျှင်၊ သံသရာဝဋ်မှ မြန်မြန်လွတ်၍ နိဗ္ဗာန်တိုင်အောင် ရလတံ့သောအကျိုး ဝိသေသရှိလှသည် အဖြစ်ကြောင့် သစ္စာလေးပါးတို့ကို (၄၄)ကြိမ်တိုင်တိုင် ပြ တော်မူ၍ ဤစတုစတ္တာလီသသုတ်ကို ရွေရင်တော်မှထုတ်၍ ရွေနှုတ်မြွက်မေါ် ဟောကြားတော်မူပေသည်။

## စတုစတ္တာလီသ သစ္စာ(၄)ပါးကို (၄၄) ကြိမ် ခွဲပြပုံအကျဉ်း

(၁) အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမရူပ၊ သဠာယတန ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ-ဇာတိ၊ ဇာတိအဆုံး ရှိကုန်သော ရှေးရှေးဖြစ်ကုန်သော (၁၁)ခု၊ သော ပုဒ်တို့ သည်။ တဏှာနှင့် တကွသော သမုဒယသစ္စာ မည်ကုန်၏။

(၂) သင်္ခါရ၊ ဝိညာဉ်၊ နာမရူပ၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဇရာ မရဏအဆုံးရှိသော နောက်နောင် (၁၁)ခုသော ပုဒ် တို့သည်၊ဒုက္ခသစ္စာမည်၏။

(၃) သမုဒယသစ္စာ၏ ပဋိပက္ခသည်။ မဂ္ဂသစ္စာမည်၏။

(၄) ဒုက္ခသစ္စာ၏ ပဋိပက္ခသည်၊ နိရောဓသစ္စာမည်၏။

**မှတ်ချက်။** ။ဒုက္ခသစ္စာ (၁၁)ချက်၊ သမုဒယသစ္စာ (၁၁)ချက်။နိရောဓသစ္စာ(၁၁)ချက်။ မဂ္ဂသစ္စာ(၁၁)ချက်။ ဤသို့ ဓာတုစတ္တာလီသ (၄၄)ကြိမ် ဟောတော်မူသည်။

(၄၉) ဘိလပ်မှ မစ္စင်ရိုက်ဒေဗစ်၊ လယ်တီဆရာတော်ဘုရားထံသို့ ဗုဒ္ဓဘာသာ မေး-ဖြေ စာအုပ် နံပါတ်-၃၂၉ ရွှေမြို့ဥဒေါင်း တောရဘုန်းကြီး ဦးကုသလ လျှောက်ချက် အဖြေမှာ။

ယခုကာလ လူများတို့သည်၊ မိမိတို့ကိုယ်ကို ယခုဘုရားသာသနာတွင်းမှာ နိဗ္ဗာန်ကို မ ရ နိုင် ကု န် ပြီ။ နောက် အရိမေတ္တေယျမြတ်စွာဘုရား သာသနာသို့ရောက်မှရနိုင်ကြလိမ့်မည်ဟုမှတ်ထင်လျက်ရှိကြကုန်၏။ထိုမှတ်တမ်းချက်သည် နိယတဗျာဒိတ်ရပြီးသော ပုဂ္ဂိုလ်တို့မှသာ မှတ်ထင်ချက်အတိုင်းရနိုင်ကြကုန်လတ္တံ့။ နိယတဗျာဒိတ်ကိုမရဘူးသော အနိယတပုဂ္ဂိုလ်တို့မှာမူကား မှတ်ထင်ချက်အတိုင်း ရနိုင်ကြရန် အလွန်ခဲယဉ်းလှ၏။ ခဲယဉ်းပုံကား ယခုဘုရားသာသနာကွယ်လွန်ပြီးနောက်။ မေတ္တေယျဘုရားပွင့်တော်မူရာကာလသည်။ အလွန်ဝေးကွာလျက်ရှိသေး၏။ လူဘဝပေါင်း။ နတ်ဘဝပေါင်း သိန်းသောင်းများစွာ ကျင်လည် ကြရသော်လည်း။ ထိုမြတ်စွာဘုရား သာသနာသို့ ရောက်နိုင်ကြမည်မဟုတ်သေး။ စပ်ကြား၌လည်း သာသနာပ အမိုက်ကျောကြီးမှာ ကျင်လည်ကြရလိမ့်မည်။ အတ္တဒိဋ္ဌိကြီးတင်းလင်းနှင့် ထိုအမိုက်တောကြီး အတွင်းမှာ ဘဝပေါင်းများစွာ ကျင်

လည်ရသည်ရှိသော် အပါယ်ဘုံသို့ ဘဝပေါင်းမည်မျှ ကျရ လိမ့်မည်မသိ။ အပါယ်ဘုံသို့တကြိမ်တခါ ကျခဲ့ပြန်လျှင်လည်း ပြဆိုခဲ့ပြီးသော ခန္ဓာဓမ္မတာ လမ်းကြီးအတိုင်း အပါယ် နယ်မှာပင် ဘဝပေါင်း သိန်းသောင်းများစွာ ကျင်လည်၍ နေရသည်ရှိသော် ထိုမြတ်စွာဘုရား သာသနာတော်နှင့်တွေ့ ကြုံရန် အဝေးကြီးဝေးကွာ၍နေကြရလိမ့်မည်မသိ။ ဤကား ပညာရှိတို့ အထူးစဉ်းစားကြရန် အချက်ကြီးပေတည်း။

**မှတ်ချက်။** ။ယခု ဝိမုတ္တိယုဂခေတ်၌ တွေ့ကြုံနေရ သော သင် ဗုဒ္ဓဝါဒီပုဂ္ဂိုလ်သည် လေးလေး-နက်နက် စဉ်း စားတော်မူရန် တိုက်တွန်းပါရစေ။

## (၅၀) မန္တိမပဏ္ဏာသပါဠိတော် စတုတ္ထသုတ်

စတုဂ်ီရိ သာသန သမ္ပတ္တိ ဒီပနီ နံပါတ်-၂၃၅

ကာမဂုဏ်တို့၏များသောအပြစ် ဒေါသဟူသည်၊ ကာမ ဂုဏ်ငါးပါးတို့သည်အသားမကပ်သော အရိုးအဖက်နှင့်တူ ကုန်၏။ အဘယ်သို့တူကုန်သနည်း။ အသားကိုအပြောင်အစင် ခွါပြီး၍ စွန့်ပစ်အပ်သော အရိုးသက်သက်ကို ခွေးငတ်ပိန် တကောင်တွေ့လေရာ ထိုအရိုးကို သရေတရွဲရွဲနှင့်ကိုက်ခြင်း ပြုသော်လည်း။ ဝလင်ခြင်းမရှိ။ အားရတင်းတိမ်ခြင်းသို့ မ ရောက်နိုင်။ ညှီသောအနံ့ရှိသောကြောင့် ထိုအရိုးကိုစွန့်၍ အရပ်တပါးသို့မသွားနိုင်ဘဲ။ အရသာထွက်လိမ့်နိုးနိုး။ ဝလိမ့် နိုးနိုးနှင့် အရိုးနှားကမခွါနိုင်ဘဲ၊ အဖျားက လှည့်၍ကိုက်၊

အရင်းကလှည့်၍ကိုက်၊ အလယ်ကဖြတ်၍ကိုက်နှင့်သာ၊ အရသာ မတွေ့မှိသေရာဘိသကဲ့သို့။ ထိုအတူ မိန်းမ-ယောကျ်ား သတ္တဝါ အများတို့သည်လည်း အရိုးစုသဘွယ် ဖြစ်သော ရွှေ-ငွေ-ဥစ္စာ-လယ်ယာ ခမ်းနား သား မယား စသော ကာမဂုဏ်ငါးပါးတို့ကို ခွေးငတ်ပိန်သဘွယ်ဖြစ်၍ တရစ်ဝဲဝဲ တွဲ့လှုမ်းလှုမ်းနေ့ရက်ရှည်ကြာခံစားပါသော်လည်း။ ငလင်ရောင့်ရဲခြင်းသို့ မရောက်နိုင်၊ အရသာ ထွက်နိုးနိုး၊ ချမ်းသာနိုးနိုးနှင့်သာ မျှော်ကိုးချက် လက်ဆုပ်နှင့် နေကြရကုန်၏။ ကာမဂုဏ် ငါးပါးတို့ကလည်း သတ္တဝါတို့၏ သန္တာန်၌ရှိသော ကာမဂုဏ်ဓါတ်ကို ရစ်ပတ် ငြိ ထားသောကြောင့် ထိုကာမဂုဏ်တို့ကို စွန့်ခွါ၍လည်း မသွားနိုင်။ ကာမဂုဏ်မှ လွှတ်ဘိုရာအချက်၊နိဗ္ဗာနဝိတက်များကိုလည်း မမွေးမြူနိုင် ရှိနေစဉ် တစုံ ခင်မင်တခင် တွယ်တွယ်နှင့်သာ။ သား မယားတို့၏ခြေရင်းမှာ သေခြင်းသို့ ရောက်လေကုန်၏။ထို့ ကြောင့် ကာမဂုဏ်တို့သည်၊ အရိုးစုနှင့် တူကုန်၏။ (ကျယ်အံ့စိုး၍ ကျန်အချက်များကို ချန်ထားပါသည်။)

## (၅၁) စတုဂိရိ မဟာဓမ္မသံဝေဂ ရှုဘွယ် နံပါတ် (၇၁)

လောကဥ္ဇ ကေရာဇ်မင်း၏ အမိန့်တော် စာချွန်တော် ထုတ်ပြန်ချက်အတိုင်း ထိုထိုအရပ်တို့၌ ဘတ်သည်ကို အကြင် အကြင်သူတို့သည်၊ မယုံမကြည်, မလေးမမြတ်, မနာမယူ

မလေးမခံ့ နေကုန်ရာ၏။ ထိုသူတို့သည် ကြီးစွာသော မင်းဒဏ် ရာဇဝတ်သင့်၍ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်ကုန်ရာ၏။ ထိုထက်လွန်စွာ အနုတ္တရာဓမ္မရာဇာ ဖြစ်တော်မူသော အစိန္တေယျ ဘုရား မင်းတရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ထင်ထင်မြင်တော်မူတိုင်း ဟောထားတော် မူခဲ့သော ဒေသနာတော်နှင့် သိစေလို၊ တတ်စေလိုသောကြောင့် ကျမ်းဂန်တို့မှ ဖေါ်ထုတ်၍ ဟောဆုံးမပြသ ပဲ့ပြင် သွန်သင်သော စကားကို အကြင်သူတို့သည်၊ မနာမယူမထိမဲမြင်ပြုကုန်ရာ၏။ ထိုသူတို့သည်လည်း။ အနုတ္တရဓမ္မရာဇာ ဖြစ်တော်မူသော အစိန္တေယျ ဘုရားသခင် တရားတော်ကို ကြူးကျော်နင်း၍ ပြုကျင့်သူပင် ဖြစ်ကုန်သောကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်နှင့် ဝေးသည်ဖြစ်၍ ကြီးစွာသော ဘေးသို့သာလျှင် သံသရာ၌ ကမ္ဘာအဆက်ဆက် ရောက်လေကုန်ရာသည်။ သတိပြု၏။

## (၅၂) စတုဂီရိမဟာသံဝေဂရှုဘွယ်
## နံပါတ်(၈၅)

လောက၌ တယောက်ကောင်းလျှင် တသောင်းပြို၏ ဟူသောစကားဆိုရိုးရှိ၏။ထိုထက်သာသနာတော်၌ အဓိပညာ ဟု၊ ဟောတော်မူအပ်သော သာသနိကသမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော သူတော်ကောင်းတယောက် ထွန်းပေါက်ပေါ် လာသည်ရှိသော် သိန်းသန်းကုဋေ ဗိုလ်ခြေများစွာ လူ, နတ်,

ဖြဟ္မာ. သတ္တဝါတို့သည်။ ဘေးခပ်သိမ်းတို့၏ ငြိမ်းချမ်းရာ နိဗ္ဗာန်၌ မစံစဖူး တူးချိစံရကုန်သည်ဟူလို။

## (၃၃) စတုဂ်ရိ အမတဥ္ပါယ ရှုဘွယ် နံပါတ် (၂၁၄)

သူတော်ဥစ္စာ ခုနစ်ပါးတို့တွင် ပညာဟူသော သူတော် ဥစ္စာကို-ဝိပဿနာ သမ္မာဒိဋ္ဌိဟု ဆိုအပ်သည်။ ထိုဝိပဿနာ သမ္မာဒိဋ္ဌိဟု ဆိုအပ်သော သူတော်ဥစ္စာ ပညာနှင့် ပြည့်စုံ မည့်အရေး အလွန်တရာ ခဲယဉ်းသည် အဘယ်သို့ ခဲခက် သနည်း၊ဟူလျှင် ကျွန်းငယ် နှစ်ထောင် အခြံ အရံနှင့် တကွ ၄-ကျွန်းလုံးကို စိုးပိုင်သော စကြာမင်း၏ စီး စိမ်ကို ရ လွယ်၏၊ စကြာမင်း၏ စီးစိမ်မရဘူးသောသူ မည် သည် မရှိ။ ခွေး-ဝက်-ကြက်-ငှက်-တီ-မြွေ-ပက် ကြိမ လွ တ်၊ သတ္တဝါဟူသမျှပင် စကြာမင်း၏စီးစိမ်ကို ရဘူးကြလေကုန် ပြီ။ဝိပဿနာသမ္မာဒိဋ္ဌိဟူသော ပညာဥစ္စာနှင့်ပြည့်စုံမည့် အ ရေး အလွန်ခဲသည်။ ဆိုအပ်ပြီးသော ဝိပဿနာသမ္မာဒိဋ္ဌိဟူ သော ပညာဥစ္စာနှင့်ပြည့်စုံဘူးသောသူ ရှားဘိစွ။ရှာသော် လည်း ရကောင်းမှ ရမည်။ မရနိုင်ဘူးပင် ဆိုသော်လည်း ဆို ထိုက်ခည်ကဲ့သို့ရှိ၏။သိကြားမင်း၊ ဗြဟ္မာမင်းတို့၏စီးစိမ်ကို ရ ဘူးလှလေပြီ။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဟူသော ပညာဥစ္စာကို ဗုဒ္ဓတဆူဆူပွင့်တော်မူ၍ဖေါ်ထုတ်ပြတော်မူမှ ကြားရသော ဥစ္စာ- မြင်ရသောဥစ္စာ- ပိုက်ထုတ်ရသောဥစ္စာ ဖြစ်သည်။

## (၅၄) စတုဂိရိ သက္ကာယဒိဋ္ဌိဝိနောဒနီ ရှုဘွယ်နံ့ပါတ်(၄၁၃)

လောကဥ္စရောင်းဝယ်အပ်သောဝတ္ထု၏အဘိုး။ နေ့အဘိုးထားကိုသိသော ဝါဏိဇ္ဇသည်သာလျှင် စီးပွါးဖြစ်၍ မဟာသူဌေးအရာဌာန၊ ဝိသေသကိုရသကဲ့သို့ ထိုအတူ သာသနာတော်၌ ယသာဘူတဉာဏ်ဖြင့် ဟုတ်မှန်သည်အတိုင်း မချွတ်မယွင်း ထိုးထွင်း၍သိသောသူသာလျှင်လောကီ၊ လောကုတ္တရာဖြစ်သောဓမ္မရတနာဥစ္စာနှင့်ပြည့်စုံခြင်းကြောင့် လောကီသူဌေးကြီးအရာကို အကြိမ်ကြိမ်ရပြီးလျှင်၊ လောကုတ္တရာ မဟာသူဌေးကြီး၏ ဝိသေသဌာနန္တရသို့ရောက်၍ တထောင်ငါးရာကိလေသာဟူသော ခိုးသူအပေါင်း ဘို့သည်။ လုယူနှိပ်စက်ဖျက်ဆီးညှဉ်းပမ်းခြင်းမရှိသော အတိပိယသုခအထွဋ်သို့ ရောက်သည်။

## (၅၅) စတုဂိရိ သက္ကာယဒိဋ္ဌိဝိနောဒနီ ရှုဘွယ် နံ့ပါတ်(၄၂၁)

လောကဥ္စ ကေရာဇ်မင်းတို့သည်။ အကြင်သူအား နှစ်သက်၏၊ မြတ်နိုး၏။ ထိုသူသည်၊ ဘဏ္ဍ စီးပွါးချမ်းလာအရာအထူးနှင့်ပြည့်စုံသကဲ့သို့ အရာအထူးကို ရသကဲ့သို့၊ ထို့ထက်ပင် တိုးသော်လည်း။ အစိန္တေယျမြတ်ဘုရားသည်။ အကြင်သို့သော သားတော်-သမီးတော်တို့အား နှစ်သက်တော်မူသည်ဖြစ်အံ့။ ထိုသားတော်- သမီးတော်တို့အား မြတ်နိုး

တော် မူသည်ဖြစ်အံ့။ ထိုသားတော်-သမီးတော် တို့သည် ကောန္တမုချ ယခုဘဝ၌ပင်လျှင် ကြီးစွာသော မဟာသုခကို ရမည်မှတ်။ ဘဝများစွာ သံသရာအဆက်ဆက် တို့၌လည်း ကြီးမားလှစွာသောလူတို့၏ချမ်းသာကိုရမည်မှတ်။ ကြီးမားလှစွာသောနတ်တို့၏ ချမ်းသာကို အကြိမ်ကြိမ် ရမည်မှတ် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာကောန် မှန်သော်နိဗ္ဗာန်ချမ်းသာကိုလည်း၊မချွတ်မလွဲရတော့မည်မှတ်။

## (၃၆) စတုဂိရိ ဓမ္မဒါန ရှုဘွယ် နံပါတ်(၂၆၇)

ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်သည်ကို၊အနတ္တဖြစ်သည်ကို ယထာဘူတဉာဏ်ဖြင့် ဟုတ်မှန်သည့် အတိုင်းကို ထင်ထင်ပျက်ပျက်မြင်ရသည်၌သော် ဓမ္မာနုဓမ္မ၊အမည်ရှိသော ဝိပဿနာအကျင့်ကိုကျင့်သောသူမည်၏။ ပဋိသန္ဓေနေခြင်း၊ ဘေးကင်းရာ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ အစရှိသော ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်းတို့၏ ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်သည်ဟု တတ်တတ်သိ၍ သတိရ လုံ့လ ပြုစေလို၏။

## (၃၇) စတုဂိရိ လက္ခဏာ ရှုဘွယ် နံပါတ်(၄၈၄)

မြတ်စွာဘုရားဟောကြားပြသ ဆုံးမတော်မူအပ်သော ဒေသနာ ပဗန္ဓ၊ ပုဒ်ပဒ ပါဠိတော်တို့ကို အာဂုဏ်ဆောင် ရွက်မလေ့ကျက်နိုင်သော်လည်း။မြတ်စွာဘုရားဟောကြားပြသဆုံးမတော် မူအပ်သော ဒေသနာတော် တရား၏ အ

ဓိပ္ပါယ်စကားသွားကို ပိုင်းခြားတိတိ မှတ်သားမိ၍ သတိတရားအမြဲယှဉ်၊ သမ္ပဇဉ်ဖြင့် အုပ်ထိမ်းလျက် မတိမ်းမရိမ်း ရအောင် ကျင့်ဆောင်လုံ့လဥဿဟာဖြင့်နေ့ညမကင်း မပျင်း မပေါ့၊ မမေ့မလျော့ရအောင် နှလုံးသွင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌သာ ဩဝါဒအာဏာ သာသနာတော်သည်၊ အမြဲ နိစ္စတည်သည်မှတ်လေ။

## (၃၈) စတုဂိရိ ဓမ္မဒါန ရှုဘွယ် နံပါတ်(၂၇၂)

သံယုတ်ငါးကျမ်းတို့တွင် နိဒါနဝါရ ကဿပ သံယုတ်၌ သံတုံးကို ပျက်စီးအောင် သံချေးပင်စားသကဲ့သို့။ ထိုအတူ ငါဘုရား၏ တပည့်ပင်ဖြစ်ကုန်သော။ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပသကာတို့ပင်လျှင် ငါ၏ကိုယ်တော်စား။ ငါဘုရား ထားခဲ့သော သာသနာတော်ကို ကွယ်အောင် ပျောက်အောင် ပြုကြကုန်လိမ့်မည်ဟု ဟောတော်မူချက်ရွှေနှုတ်ထွက် ရှိသည်။အရိပ်ခိုခို -အခက်ချိုးချိုးပြုရိုး သူတော်ကောင်းတို့၏ ထုံးမဟုတ်ချေဟူလို။

## (၃၉) စတုဂိရိ ဓမ္မဒါန ရှုဘွယ် နံပါတ်(၃၂၅-၃၂၆)

ဂမ္ဘီရဓမ္မ သိမ်မွေ့နူးညံ့လှစွာသော တရားစကားကို ကြားရ၊ နာရသော ကုသိုလ်စိတ်၊ မှတ်သားရသောကုသိုလ် စိတ်၊ နှလုံးသွင်းရာ ဆင်ခြင်ရသော အောက်မေ့ရသော ကုသိုလ်စိတ်၊ဤသို့သော ကုသိုလ်စိတ်တို့ကို အကြိမ်ကြိမ်ဖြစ်

စေရခြင်းသည်။အနန္တအဘိုးအတိုင်းမသိထိုက်သောများစွာ သော ပတ္တမြားတို့ကို ရသည်နှင့်တူ၏။ ရှေ့ငင်တသိန်းထိုက် သော များစွာသော ပတ္တမြားရတနာ ဥစ္စာကို ရသည်နှင့် လည်းတူ၏။ ဤကဲ့သို့သော ကုသိုလ်စိတ်ကို ဖြစ်စေရခြင်း သည်။ မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန်သို့ မြန်မြန်-ဆောဆော တဒဟောဟော ရောက်လှယ် စေတတ်သော ကုသိုလ်စိတ်ဖြစ် သည်၊

## အင်္ဂုတ္တရ နဝနိပါတ်

ဝဘုင်ရိ အမတ သောပါန ရှုဘွယ် နံပါတ် (၃၅၇)

မိမိ၏ကိုယ်ခန္ဓာ၊ သူတပါး၏ ကိုယ်ခန္ဓာကို ဒွေးကောင် ပုတ် ဇက်ဆုတ်ဘွယ် တရေးရေးထင်လျှင် နိဗ္ဗာန်သို့လည်း ရောက်လိမ့်မည်။ရောက်ကြသည်ကားအတိုင်းမသိစူးဆောက် တိုပြင့်မပေါက်မထွင်းဘဲ၊ ဖြစ်လာကုန်သောအပေါက် ၉-ခု သည်ထင်ရှားစွာရှိသည်ဖြစ်ကုန်၏။ ထိုသို့သော ၉-ခုသော အပေါက်တို့မှ တစုံတခုသည်ယိုသည်။ ထွက်သည်၊ ယိုထွက် သည်ဖြစ်အံ့၊ မသန့်မရှင်းသော ဝတ္ထုသည်သာလျှင် အကျင် ကြောဝ်းယိုလာခ၏။စီးလာ-ထွက်လာခဲ့၏။ ပုတ်သောအနံ့ ညှီသောအနံ့၊နံသောအနံ့ရှိသော ဝတ္ထုသာလျှင် အကြင် ကြောင့် ယိုစီးထွက်လာ၏။ စေ့စေ့ကြည့်စံ့ စက်ဆုတ် ဘွယ်သော ဝတ္ထုသည်သာလျှင် ဒုကြင်ကြောင့်ယိုလာခဲ့၏။ ထွက်လာခဲ့၏။ယိုစီးထွက်လာခဲ့၏။ ထိုသို့ အခါမပြတ် အထပ်

ထပ် ၉-ဒွါရတို့မှ မသန့်မရှင်းသော မကောင်းသော အနံ့ရှိသော ဝတ္ထု၊ စက်ဆုတ်ဘွယ်ရာ၊ ရွံဘွယ်သော ဝတ္ထုသည်သာ လျှင် ထွက်လာ- စီးလာ- ယိုလာ- ကျလာ- ယိုထွက်စီးကျလာသည်၏ အဖြစ်ကြောင့် သင်ချစ်သားတို့သည်။ ကိုယ်၌ငြီးငွေ့ကုန်ခလော့။

## (၆၁) စတုဂ်ဂိရိ-အမတ သောပါန ရှုဘွယ် နံပါတ် (၃၆၅)

အလှူကောင်းမှုပြု၍ လူ့ပြည်၊နတ်ရွာကိုတောင်းတခြင်းသည်၊မင်းဒဏ်ရာဇဝတ်ကိုခံရာဖြစ်သော နှောင်အိမ်သို့ဝင်၍ မင်းဒဏ် ရာဇဝတ် ခံရမည်အကြောင်းကို ကြေး-ငွေ လက်ဆောင်အများထိုး၍ အသနားခံ တောင်းပန်လျှောက်ထားသော မဟာဗလထက် သာလွန်သော မဟာဗလ၏ လုံ့လဥဿဟာဖြစ်သည်။ ဤလောကစင်မိုက်ချင်တိုင်းမိုက်သည့်ကို အထူးဆိုသာတော့မည်မဟုတ်ပြီဟူလို။

## (၆၂) စတုဂ်ဂိရိ ခမ္မောသထ ရှုဘွယ် နံပါတ်(၆၁၃-၆၁၄)

ဒါန-သီလမှာ လူ့ရွာ-နတ်ရွာသို့မျှသာရောက်စေနိုင်သည်၊ငါ၏ကိုယ်လည်းမဟုတ်၊သူတပါး၏ကိုယ်လည်းမဟုတ် အနတ္တ-အနတ္တဟု ပညာဖြင့် အနတ္တသညာကို ပွါးစေရခြင်းသည်ကား၊လူတို့၏ချမ်းသာ-နတ်တို့၏ချမ်းသာ-နိဗ္ဗာန်ချမ်း

သာဟုသော သုံးပါးကုန်သော ချမ်းသာတို့ကိုပင်လျှင် ငြီး စေနိုင်သောကြောင့် ဒါန-သီလတို့ထက် အနတ္တသညာမြတ် လှပါသည်ဟုလို။

## (၆၃) စတုဂိရိ ဓမ္မာသထ ရှုဘွယ်
## နံပါတ် (၆၅၁)

အရှေ့သို့ရောက်လိုပါလျက် အနောက်သို့သာ မနေ မနား နေ့တိုင်းသွားသောသူကဲ့သို့ နိဗ္ဗာန်သို့ရောက်လိုပါ လျက်။ သံသရာ၌ ကြာကြာအဖြစ် နစ်ရလေအောင် ကိုသာ လျှင် လောဘ-တဏှာ-ရာဂကို နေ့တိုင်း-နေ့တိုင်း မသေ သမျှစိတ်မချသုံ့ လပြုလေခြင်းသည်၊သူရူးဥပမာ-မနိုင်းသာ အောင် မိုက်ရှာလေဘိစွ။ ရယ်ဘွယ်ရှိလှသည်ဟုလို။

## (၆၄) စတုဂီရိ အနုဿရဂန္ဓိရ ရှုဘွယ်
## နံပါတ်(၇၆၁)

တခုတည်းသောကြက်မသည်။ဂ-လုံး ၁၀-လုံး၊ ၁၁-လုံး စသော ဥများကို ဥပြီးနောက်၊ ထိုဥများမှ သားငယ်များ ပေါက်စေရန်ထိုကြက်မသည်၊ကြက်ဥတို့၏အပေါ်၌ပင်ပ်ခြင်း အငွေ့ကို ရစေခြင်း၊ အနံ့တို့ဖြင့် ထုံခြင်းတို့ကိုမပြုဘဲလျက် ငါ၏သားငယ်သည်၊ တနေ့ထက်တနေ့ ကြီးပွါးကုန်သော ကိုယ်ရှိကုန်ပြီ။ နှုတ်သီးများ၊ ခြေသီးများတို့သည် မာကုန် သည်ဆက်မာကုန်သည်ဖြစ်၍ ဥခွံကိုဖေါက်၍ ထွက်ပါကုန် မူ။ပေါက်ပါကုန်မူကောင်းလေစွဟု အကြိမ်ကြိမ်တောင်းတ ငြားလည်း တောင်းတသည်အတိုင်း ပြည့်စုံနိုင်မည်မဟုတ်။

အဘယ်ကြောင့်တုံနည်းဟူလျှင် ကြက်မဘကာ အပေါင်းတို့၏ ပြုအပ်သော ဝပ်ခြင်း၊ အငွေ့ယူစေခြင်း၊ အနံ့တို့ဖြင့် တုံခြင်း ၃-ပါးတို့ကိုမပြုလေသောကြောင့်၊ ကြက်ဥတို့သည် ပုတ်ခြင်း၊ ပျက်စီးခြင်းသို့သာလျှင် ရောက်ရလေကုန်သကဲ့သို့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရမည့်အကြောင်းကို လားလားမျှမပြုဘဲ ပျော်ပျော်-ပါးပါး စားခါ- သောက်ခါ၊ နေချင်တိုင်းနေ၍၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန်ကို ရလွယ်သည် ဖြစ်ပါလို၏ဟု မပြတ်မလပ် တောင်းတလေခြင်းငြားလည်း၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရနိုင်မည် မဟုတ်ပေ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်စေတတ်သော အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ဤသုံးပါးကုန်သော တရားတို့ကို အားမထုတ်ဘဲ၊ လွဲနေသောကြောင့်တည်း။

## (၆၅) စတုဂိရိ အနုတ္တရ ဂန္ဓိ ရရှုဘွယ် နံပါတ် (၇၀၈)

အကြင်သူသည်၊ သူတပါးတို့အား သိမ်မွေ့နက်နဲသော တရားကိုဟောပြ၏။ ထိုသူသည်၊ သူတပါးတို့အားသေခြင်းကင်းရာဖြစ်သော နိဗ္ဗာန်အလှူကိုပေးသောသူမည်သည်သာလျှင်ဖြစ်၏၊ နတ်, လူ, ဗြဟ္မာ, သတ္တဝါတို့အားနိဗ္ဗာန်အလှူပေးတော်မူခြင်း၌ နှစ်ချိုက်မွေ့လျော်တော်မူသော အစိန္တေယျ

သည်နိဗ္ဗာန်အလှူပေးသည်ကိုနှစ်သက်တော်မူ၍ဟောတော်မူချက်ဖြစ်သည်ဟုမှတ်လေ။

## (၆၆) စတုဂိရိ ပကိဏ္ဏက ရှုဘွယ် နံပါတ် (၄၀၃)

မျက်စိလည်သော ခရီးသွား ယောကျ်ားသည်၊ လိုရာအရပ်သို့ ဖြောင့်မတ်စွာ ရောက်လျက် ရောက်ရလိမ့်မည်။ အနိစ္စမှန်းမသိ၊ ဒုက္ခမှန်းမသိ၊ အနတ္တမှန်းမသိ၊ အသုဘမှန်းမသိသော မဟာဗါလ ဥမ္မတ္တကဒိဋ္ဌိဖြစ်သောသူသည်၊ မဟာအမတာပူရနည်းသော ရွှေပြည်နိဗ္ဗာန်သို့ ရောက်ပေါက်နိုင်မည့်အရေးသည်။ အလွန်ဝေးလေစွတကား။

## (၆၇) စတုဂိရိ ဓမ္မဝိယ ရှုဘွယ် နံပါတ်(၅၇၂)

အဝိဇ္ဇာနှင့် တဏှာတူသော ပုထုဇဉ်ဖြစ်သူတို့မှာ ကိုယ်ကျိုးယုတ်အောင်မပြု၊ မကျင့်ရလျှင် မစားတတ်၊ မသောက်တတ်၊ အိပ်၍မပျော်-နေ၍မကောင်း ရှိတတ် ကုန် သ ည်။ ကိုယ်ကျိုးယုတ်မည့်အမှုကို ပြုကျင့်ရမှသာလျှင် အိပ်လို့ပျော်သည်။ နေလိုကောင်းသည်။ အကြောင်းကား-တန်-သူဆင်းရဲ ရွှေအိုးကြီးကို ရသည်ရှိသော် ဝမ်းမြောက်သကဲ့သို့ ထိုအတူ ဖွှ ဖွှ-ဖြိုးဖြိုး အားကြီးစွာ ကိုယ်ကျိုးကို ယုတ်အောင်ပြုပြီးလျှင် ရွှေထီး-ရွှေနန်းကို သိမ်းမြန်းစမွှါယ်ရ သကဲ့သို့ဝမ်းမြောက်သည်။တံငါတို့မှာငါးကိုများစွာရတိုင်းဝမ်းမြောက်

သည်။ မှုဆိုးတို့မှာ သမင်၊ စိုင်၊ ဆတ်၊ ဒရယ်တို့ကို များစွာ သတ်ရတိုင်း ဝမ်းမြောက်သည်။ (ဤနည်းတူ ဆိုသမျှကို ယူလေ။)

## (၆၈) ပရမတ္ထစက္ကူ နံပါတ် (၂၉)

စာပေဘတ်သည်။ ကျမ်းဂန်တတ်သည် ဖြစ်ပါလျက်။ လောဘကြီးကြ၊ ဒေါသကြီးကြ၊ မာနကြီးကြ၊ ဣဿာမစ္ဆရိယ ကြီးကြသောလူဆရာ၊ ရဟန်းဆရာတို့သည်ကိုယ်ထဲမှာမတတ် စာထဲမှာသာတတ်၍ဘဏ္ဍာ-မာနဒိဋ္ဌိပွါးများသည်အတွက် ကြီးနိုင်ကြလေသည်။ ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ် ကိုက်ဘတ်သည်၊ သတိထားရမည်။

## (၆၉) ကြောင်ဘန်းခေတာရ ဆရာတော် ဟောစဉ် နံပါတ်(၃၂၂)

သမ္မပ္ပဓါန် တရားလေးပါးတို့တွင် မဖြစ်သေးသော ကုသိုလ်တရားဆိုသည်ကား မဂ်ကုသိုလ်ကိုဆိုသည်။ လိုရင်းက ပဋ္ဌမ-ဖလဋ္ဌာန်၊ သောတာပန်ပုဂ္ဂိုလ်မှာ-အကုသိုလ်ဟောင်း အတွက်နှင့် မစိုးရိမ်ရ၊ မကြောင့်ကြရပြီ၊ မဖြစ်သေးသော အကုသိုလ်အတွက်နှင့်လည်းဖြစ်မိ၊ ကျင့်မိလိမ့်မည်ကိုလည်း မစိုးရိမ်ရ၊ မကြောင့်ကြရပြီ။ ဖြစ်ပြီးသော ဝဋ္ဋနိဿိတကုသိုလ် ဟူသမျှတို့သည်လည်း စိဝဋ္ဋချည်း၊ နိဗ္ဗာန်သွားချည်းဖြစ်ကြ လေကုန်၏။ ထို့ကြောင့် သာသနာခဏ-ငါပဿနာဒမ္မ၊ အနိစ္စ ဒုက္ခ-အနတ္တတရားကို များစွာ အားထုတ်ကြရမည်။

## (၇၀) ကြောင်ဘန်းတောရ ဆရာတော် ဝိစန္ဒ ဒီပနီ နံပါတ် (၁၁)

သမုဒ္ဒရာပင်လယ်ရေပြင်ကျယ်မှာနစ်မွန်းမြောပါးသော သတ္တဝါများသည်။သဘော်ာ-လှေဘောင်ဖြင့် ယူဆောင်မည့် သူမလာသေးသမျှ ကာလပတ်လုံး သူကောင် ပုတ်ကိုသာ အားထုတ်လျက် ဖက်ကြရ-တွယ်ကြရ၏။ အကြင်အခါ သဘော်ာလှေဘောင်ဖြင့် ယူဆောင်မည့် သူလာ၏။ ထိုအခါ သူကောင်ပုတ်ကို လွတ်လျက်သဘော်ာလှေဘောင်သို့တက်စီး ကြသောသူ၊လူအပေါင်းတို့သည်။ ကမ်းတဘက်သို့ရောက်ကြ လေကုန်၏၊ ထိုသို့ သဘော်ာလှေဘောင်ဖြင့် ယူဆောင်မည့် သူလာပါလျက်နှင့်မှ မတက်မစီးကြဘဲ သူကောင်ပုပ်ကိုသာ တဖက်ထဲ-ဖက်ထားကြသော သူဟူသမျှမှာ ဘယ်တော့ ဘယ်ခါ၊ဘယ်ကမ္ဘာ-ဘယ်ကာလမှ ကမ်းတဖက်သို့မရောက် ရ၊ မဆိုက်ရသော သူမိုက်တို့ဟူ၍ချည်းသာ မှတ်ရာ၏။

ဥပမာ-ဥပမေယျ ဟပ်၍ပြရသော် သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်နှင့်ကား သံသရာတည်း။ ထိုရေပင်လယ်မှာ နစ်မွန်းပျော်ပါး၍ နေကြသောသူဟူသမျှနှင့်ကား အပါယ် လေးပါးတည်း၊ ကမ်းတဖက်သို့ရောက်အောင်မပို့မဆောင် နိုင်သော်လည်း။ အောက်သို့ မနစ်မြုပ် စေရအောင် ထမ်း ဆောင်ပေသော သူကောင်ပုပ်နှင့်ကား နိဗ္ဗာန်သို့ရအောင် ရောက်အောင် မပို့မဆောင်နိုင်သော်လည်း။ အပါယ်ဘဝသို့

မဂ္ဂ-မစိုက်-လူ့ဘောင်-လူ့ရွာ-သာသနာ၌ ကြိမ်ကြိုက်ရ
အောင် ပို့ဆောင်ပေသော ကုသလကမ္မပထ၊ သာသနာပ
တရား၊ ပုညကြိယာဆယ်ပါးတို့သည်။ ကမ်းတဖက်နှင့်ကား
နိဗ္ဗာန်တို့သည်၊ သဘော၊ လှေဘောင်နှင့်ကား သာသနာ
တော်တရား။ပါရမီ ၁၀-ပါး၊ မဂ္ဂင်ရှစ်ပါး၊ဝိပဿနာတရား
တို့သည်။ သဘောလှေမူးနှင့်ကား မြတ်စွာဘုရားတို့သည်။

## (၇၁) ကြောင်ဘန်းတောရ ဆရာတော် သုံးလောကဒီပနီ နံပါတ်(၂၃၃)

ရှေးရှေးသောအခါ ကမ္ဘာဘာကပြုခဲ့ကြသော ပရမတ်
စာခါတ်နှစ်စေဘနာသည်။ထိုပြုစဉ်အခါကပင် စိတ္တက္ခဏတ
ချက်မျှနှင့် ချုပ်ပျက် ကွယ်သုဉ်းပျောက်ဆုံးကဲ့ပြီဖြစ်ပါလျက်
နှင့်လည်း။ ထိုစေတနာသည်။ ကမ္ဘာဘာတွေ လွန်ဆုံးလေ
လည်း။မကြေမပျက်ကြ။ ဤဘဝ၌မေမွပုဂ္ဂသဏ္ဍာနမှာ မိုးပေါ်
ကျပခဲ့-ဘာသာအလျောက် လေ့ပေါက် လာတဲ့ ဤ
ရုဘ်တရက်ကျ အမျိုးမျိုး အသီးသီး အကျိုးကြီးရ ကမ္မ
ပစ္စည်း နည်းအသွယ်သွယ် လွန်ဆန်းကြွယ်သော သဘော
အကုန် အဖုံဖုံသည် မကုန်နိုင်နည်း။ လက်ခုပ်တီး၍ အံ့ဩ
မပြီး။ ပဋ္ဌာန်းကျမ်းကြီးမှာ ပညာနှင့်သာ ယူကြပါလေ။
ဉာဏ်ကဝေတို့။

## (၇၂) ကြောင်ဘန်းတောရ ဆရာတော် ဝိပဿနာ ဒီပနီကျမ်း နံပါတ် (၈၁)

ဤလောက၌ မိဘတို့အား-ချစ်ကြငြားလည်း မိဘနှင့်မူ

အယူကွဲပြား ဘုစကားကို နားမထောင်လူ ရန်သူဖြစ်လေ အဓမ္မမရ၊ ပမာဏသို့ ဘုရားစကားမြတ်တရားကို နားမဝင် ဘိ မသူလျှင်သူပုန်-မယုံလျှင် ရန်သူ၊ အတူလိုနေ ဖက်ဖိုလ်၊ မမ္ဂကို မရလေငြား ဆင်းရဲပွါးသည် အများလူတို့သိစေဘို့။

## (၇၃) ကြောင်ဘန်းတောရ ဆရာတော် သုံးလောက ဒိပနီ နံပါတ်(၂၄၃)

ဤဇမ္ဗူဒိပ ါကျွန်း မြေပြင်မှာ ရှိကြသူဟူသမျှတို့သည်။ မျက်နှာချင်းကို ရွှေလမင်းတွင် အမြင်အာရုံ ဆုံသည့်ပမာ ဏ သတ္တလောက တည်ထောင်သည်မှစ၍ ဆင့်ဆင့်ပွင့်ကြ သော ဘုရားရှင်တို့နှင့်တကွ သာဝကတို့မှာ သစ္စာလေးရပ် ပချမတ် အာရုံဆုံကြပေသည်။

## (၇၄) စတုဂိရိ စာယဉ်ပန်း ရှုဘွယ် နံပါတ်(၁၀၁)

သား၊သမီး ဆဝ်၊မြင်း၊ကျွဲ၊နွားများကို မနိုင်နိုင်အောင် ဆုမ္မလျှင် အပါယ်လားမည်။ သံသရာရှည်မည်။ မိမိစိတ်ကို မနိုင်နိုင်အောင်ဆုမ္မလျှင် လောကီ-လောကုတ္တရာချမ်းသာ၍ နိဗ္ဗာန်ရောက်မည်။လောဘ-ဒေါသ-မောဟ ဤတရား သုံး ပါးတို့သည်။ မိမိတို့ခန္ဓာကိုယ်အတွင်း၌ နေ့စဉ်ဒ မြဲနှောင့် ရှက်နေသော-အတွင်းရန်သူ၊ အတွင်း-လူသတ်။ အတွင်း ခိုးသား ဓါးပြများဖြစ်ကြ၏။ အတွင်းရန်ကိုနိုင်ပါစေ။

## (၇၅) သဏ္ဍိုဦးကောဝိဒ ဗုဒ္ဓါဒိဘာဘိနိဟာရ ကထာ နံပါတ်(၇)

ဘုရားဆုကိုတောင်းဆိုသူမှာ အောက်ပါအင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံမှသာလျှင် တောင်းသောဆုပြည့်စုံနိုင်မည်။တပါးပါး ချို့ယွင်းပါက ဘုရားဆုကို တောင်းသော်လည်း မပြည့်စုံနိုင်ချေ။

### အင်္ဂါရှစ်ပါးကား

(၁) လူ၏အဖြစ်ကို ရရှိခြင်း။
(၂) ယောကျ်ားဖြစ်သော ပုရိသလိမ်နှင့်ပြည့်စုံခြင်း။
(၃) ယခုဘဝ၌ပင် အရဟတ္တဖိုလ်-နိဗ္ဗာန်ကို ယူလိုလျှင် ရနိုင်လောက်သော အကြောင်းရှိခြင်း။
(၄) သက်တော်ထင်ရှား ဘုရားကို ကိုယ်တိုင်ဖူးတွေ့ရခြင်း။
(၅) ရသေ့-ရဟန်း တမျိုးမျိုးဖြစ်ရခြင်း။
(၆) လောကီ အသိဉာဉ်ငါးပါး၊ သမာပတ်ရှစ်ပါး ဟူသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း။
(၇) မိမိကိုယ်နှင့် အသက်ကိုပင် မြတ်စွာဘုရားအား စွန့်စားနိုင်ခြင်း။တနည်း၊ ဘုရားအဖြစ်ကိုအသက်နှင့်လဲ၍ ယူနိုင်ခြင်းဟူသော စွန့်စားစိတ်ရှိခြင်း။
(၈) ကြီးမြတ်သော အာသာဆန္ဒရှိခြင်း။

# (၇၆) စတုဂိရိစမ္မာသထ ရှုဘွယ် နံပါတ် (၆၁၈)

၁။ သမ္မာဒိဋ္ဌိဆိုသည်မှာ၊ သစ္စာလေးပါးကို သိသော ဉာဏ်ပညာကိုဆိုသည်။

၂။ သူတော်ဥစ္စာ(၇)ပါးတွင်၊ ပညာဥစ္စာသည်၊သမ္မာ ဒိဋ္ဌိပင်။

၃။ သူတော်ခွန်အား (၇)ပါးတို့တွင် ပညာဗလသည်၊ သမ္မာဒိဋ္ဌိပင်။

၄။ ဣဒ္ဓိပါဒ်လေးပါးတို့တွင် ဝိမံသိဒ္ဓိပါဒ်သည်၊ သမ္မာ ဒိဋ္ဌိပင်။

၅။ ဣန္ဒြေငါးပါးတို့တွင် ပညိန္ဒြေသည်၊ သမ္မာဒိဋ္ဌိပင်။

၆။ ဗိုလ်ငါးပါးတို့တွင် ပညာဗိုလ်သည်၊ သမ္မာဒိဋ္ဌိပင်။

၇။ ဗောဇ္ဈင်(၇)ပါးတို့တွင် ဓမ္မဝိစယသံဗောဇ္ဈင်သည် သမ္မာဒိဋ္ဌိပင်။

၈။ မဂ္ဂင်ရှစ်ပါးတို့တွင်သမ္မာသမါဓိသည်·သမ္မာဒိဋ္ဌိပင်။

၉။ ရဟန်းတို့ လျှင်မြန်ဆောစွာ ဖြည့်ကျင့် ရသော အဓိသီလသိက္ခာ၊ အဓိပညာသိက္ခာ၊ အဓိစိတ္တသိက္ခာ ဤသိက္ခာ သုံးပါးတို့တွင် အဓိပညာသိက္ခာ သည်၊ သမ္မာဒိဋ္ဌိပင်။

၁၀။ ကမ္မပထတရား (၁၀) ပါးတွင် ဒိဋ္ဌိဇုကာမသည်၊ သမ္မာဒိဋ္ဌိပင်။

(မှတ်ချက်) ကမ္မပထ တရား(၁၀)ပါးတွင် ဖြစ်သော သမ္မာဒိဋ္ဌိသည်၊ ဘုရားမပွင့်သော်ငြားလည်း။ နတ်၊ လူ တို့အား ဖြစ်ပေါ်သောတရားဖြစ်၏။

## (၇၇) လယ်တီဆရာတော်ဘုရားသာသနသမ္ပတ္တိ ဒီပနီ နံပါတ်(၅၀)

ကာမတဏှာ သမုဒယသစ္စာသည်၊ ပြောင်းထမင်း၊ လူးထမင်း စသော။ အလွန်ကြမ်းသောထမင်းများကို ငါးရည် အမဲရည်ဘို့နှင့် ရောပြွမ်းစားမျိုမှသာ၊ မြိန်ရှက်စွာ စားမျိုနိုင်၏။ ထိုအတူ ကာမဘုံသားတို့၏ စိတ်သည်ကား ကာမ၊ ရာဂ၊ ဗျာပါဒ အစရှိသော တရားပူ၊ တရားလောင်တို့နှင့် အမြဲပေါင်းဘက်၏။ ပြင်ပအာရုံတို့နှင့်ကင်းကွာခဲ့လျှင် ချက်ခြင်းငြီးငွေ့၏။ပျင်းရိ၏။ ခွေးနာလောက်ကိုက်သကဲ့သို့၊မနေနိုင်-မထိုင်နိုင်အောင် လှုပ်ရှား၏။ အပေါင်းအဘော် ရှိရာ အာရုံတပါးရှိရာသို့ချက်ခြင်းပြေးရ၏။ မိမိနှစ်သက်ရာအာရုံ တပါးပါးနှင့်ဘက်တွဲ၍နေရမှစိတ်အေးရသာပေါ်၏။ အပြင်ပ အာရုံကောင်းလေလေ အရသာ ကောင်းလေ လေဖြစ်၏။ ထိုအာရုံတို့နှင့် ကင်းလျှင် စိတ်၏ငြီးငွေ့ ခြောက်သွေ့ခြင်း ဒုက္ခကိုရကြကုန်၏။ ပြင်ပအာရုံကို တောင့်တသော တဏှာ သာလောင်ကြီး မီးထ၍လာ၏။ မီးထတိုင်း၊ မီးထတိုင်း၊ မီး စာကျွေးကြရ၏။ တဏှာမီးစာတွေကို ရှာကြံသိမ်းပိုက်မှု၌ ဒုစရိုက်တွေအနန္တ၊ ဒုက္ခတွေအနန္တ၊ အမြဲပါလျက်နေကြ၏။

ဤကာကျောသည်၊ကာမတကျောမည်၏။ ဤကာမ-ဇကျောသည် ကာမဘုံသားတို့ကို သား, မယား, အခြံ စည်းစိမ် ဥစ္စာ ရာကြံ သိမ်းပိုက်မှု ဟူသော **အနမတဂ္ဂ** ကြီးကျယ်လှသော ဒုက္ခပင်လယ်ကြီး၌ အမြဲနစ်၍သတ်၏၊ဤကား ကာမတကျော သား ဒွယသစ္စာမည်၏။

## (၇၈) ဦးတိလောက ပဏ္ဍိတ ဓေဒနိယ နံပါတ် (၂၈၉)

ပုထုဇဉ် သတ္တဝါတို့သည်၊ ငါဟူသောစကား ကိုယ်ဟူသော စကားများကို တလောကလုံး ပြောဆိုကြ၏။ ပြောတိုင်း ပည်း စိတ်အထင်ပါကြကုန်၏။သက္ကာယဒိဋ္ဌိကို ပယ်ပြီးသော အရိယာတို့သည်ကား-အပြောမှာသာ အများနည်းတူ ပင်ပြောကြကုန်၏။ စိတ်အထင်မှုကားမရှိပြီ။ ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်တို့သည် အမြင်အားဖြင့်တူကြ၏။ တရားကိုအာရုံပြုသော အခါမှာမူကား စိတ်ဓါတ်ခြင်းကွာခြားလေတော့၏။ ဥပမာ၊ ထုံးဖြူမှုန့်နှင့် မြေဖြူမှုန့်တို့သည် အမြင်အားဖြင့် တူညီကြကုန်၏။ နှနင်းနှင့် တို့ကြည့်သောအခါ။ ထုံးဖြူမှုန့်နှင့်မြေဖြူမှုန့်ခွဲခြား၍သိသကဲ့သို့တည်း။ အရိယာနှင့် ပုထုဇဉ် ကွာခြား လေတော့၏။

## (၇၉) လယ်တိဆရာတော်ဘုရား (သဋ္ဌိစွသမုပ္ပါဒ ဒီပနီ (၁၉၅)

မိမိကိုယ်စိတ်နှစ်ဖြာ မချမ်းသာစေဘဲ။ ဒေါသ ဖြစ်

လောက်အောင် ထိခိုက် တွေ့မြင်ကြားနာ ရပါလျှင်ဤ သို့ဆင်ခြင်ပါ။ ငါ၌၊ဤဒေါသသည်၊ဘာကြောင့်ဖြစ်ရသလဲ အမှုသည် ဘယ်သူလဲရှာကြည့်ပါ။ ဒေါသစိတ်ကား ပဋ္ဌာန သမုပ္ပါဒ် အင်္ဂါ(၁၂)ပါးတွင် သင်္ခါရ အဝင်အပါ ဖြစ်၏။ အဝိဇ္ဇာပစ္စယသင်္ခါရာ ဟူ၍၊ ဟောတော်မူသော ဒေသနာ တော်အရ ငါ၌ရှိသော အဝိဇ္ဇာကြောင့် အဝိဇ္ဇာသည်သာ ငါအား-ဒေါသဖြစ်အောင် ပြုသောအမှုသည် စင်စစ်မှန် ပေ၏။ဖြစ်ပေ၏တကား။မည်သူကြောင့် ငါ၌ ဒေါသဖြစ်ရ သည်ဟု အမှုသည် စွဲမမှားစေနှင့်-သတိကြီးစွာ ထားပြီး စဉ်းစားပါလေ။မိမိ၌အနာရောဂါရှိနေသည့်အတွက် ဆေးဝါး နှင့် လုပ်သူကိုမငြိုးငြူသင့်၊မိမိအနာကိုသာ ညှိုးပါ။အနာကို ညှိုးလျှင်အနာပျောက်စေတတ်သော ဆေးကို သဲသဲမဲမဲ စားလတံ့။အနာပျောက်သော် ဆေးနှင့်အရေးမကြီးတော့ ပါ။ သိပါလေ၊ မြင်ပါလေ၊ ထိုကြောင့် ဒေါသကိုဖြစ်စေ သော အမှုသယ်။ အဝိဇ္ဇာကို ဝိဇ္ဇာဓါတ်ဖြင့် သေအောင် သတ်ပါ။သတ်ရမည်။

## (၈၀) လယ်တီဆရာတော်ဘုရား(ပဋိစ္စသမုပ္ပါဒ ဒီပနီ) နှံပါတ် (၁၉၇)

ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာက တဖနတခြားပါး ရှားသည်ရှိသော် သမုဒယသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ နိရောဓသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ မဂ္ဂသစ္စာ၌ ဖုံး

လှမ်းသော အဝိဇ္ဇာတို့သည်လည်း တနေ့တခြားပါးရှား၍ သွားလေတော့သည်မှတ်ပါ။ ဥပမာ-ယောကျ်ားတယောက်သည်၊ အလွန်အဆင်းသဏ္ဌာန် လှပတင့်တယ်၍အလွန်အကျင့်ဆိုးဝါးသောမယားကိုယူ၏။ အလွန်စုံမက်၏။ မယားကားယောကျ်ားကိုကျွန်ကဲ့သို့ခိုင်း၏။ ပစ္စည်းဥစ္စာများကို အရမ်းဖြုန်းတီး၏။ သရောက်လင်မြှောင်ထား၏။ ထိုယောကျ်ားကိုသတ်လိုသောအကြံအမြဲရှိ၏။ လင်မူကား မိန်းမ၏အကြံအစီကို အနည်းငယ်မျှမရိပ်မိ၊ မိန်းမ၏အဆင်းသဏ္ဌာန်က ဖုံးသွမ်းထား၏။ ရိပ်မိသူတို့က ပြောသော်လည်း မယုံကြည်ပြောကြားဖန်များသဖြင့် သတိထားချောင်းမြှောင်းပြီး ကိုယ်တိုင်ကြည့်ရှုအားထုတ်သောအခါ မယား၏ အကျင့်အပြုအမူ အကြံအစီတွေ တစ-တစ အားလုံးသိရလေ၏။ မယား၏ အကျင့်အပြု အမူအကြံအစီတွေကို အကုန်သိသောအခါမိမိအသက်ကိုပင် စိုးရိမ်လာ၏၊ မယား၏ အကျင့်ကိုသိမှုနှင့်အချစ်ပြယ်မူကား တပြိုင်တည်းပါ၍လာ၏။ ဤမယားသည်ငါ၏ဒုက္ခတည်း။ ဤမယားမှ ကျွတ်လွတ်မှုသည်၊ ငါ၏သုခတည်းဟု သိသော ဉာဏ်နှစ်ပါးလည်း အပြီးပါ၍ လာ၏။ ဤမယားကိုစုံမက်ချစ်ခင်မူကား ဒုက္ခလမ်းတည်း။ အပြစ်မြင်မှု၊ စိတ်ကုန်မှုကား သုခလမ်းတည်းဟု သိသောဉာဏ်လည်းအပြီးပါ၍လာ၏။ အနမတဂ္ဂသံသရာ၌ မိမိခန္ဓာကိုယ်ဖြစ်၍လာခဲ့သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါဖြစ်သော နာမ်-ရုပ်တရားနှစ်ပါးသည်။ ထိုမယားနှင့်တူ၏။ နာမ်-ရုပ် နှစ်ပါး

ဘဝအဆက်ဆက် မဖြစ်ရလေအောင် ဝိပဿနာ တရားကို ဆရာရှာ၍အားထုတ်ပါလေ။

## (၈၁) လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ ဒီပနီ ပါတ် (၁၀၉)

ဘုရား၊ တရားတော်ကိုကြားနာရ၍ သား၊ မယားကိုစွန့်၍ထွက်ရသော် ပစ္စည်းဝတ္ထုတို့ကိုစွန့်၍ထွက်ရသော်ဟုအကြံပြုသော အခါမျှနှင့်ပင် စိတ်နှလုံးမှာ တင်းကြပ်၍ လာ၏၊ ငါထွက်သွားသော်၊ ငါ့မယား-ငါ့ပစ္စည်း၊ ငါ့ဝတ္ထုစုံ ဘယ်လိုဖြစ်မည်ဟု အပိတ်အဆို့တွေအကုန် တင်းကြပ်၍လာ၏။ နှစ်လခရှ့ပြောင်းရပြန်၏။ နှစ်လဆိုက်ပြန်၍ ထွက်မည်ကြံပြန်လျှင်လည်း တင်းကြပ်မြဲ တင်းကြပ်ပြန်၏။ ကာမုပါဒါန်ကြိုးတန်းသန်းနှင့်ပင် သေကြရ၏။ ထိုကဲ့သို့ အကြံပြုမှုသည်ကား တဘဝထက် တဘဝရဲရင့်၍ သွားတတ်၏။ ထွက်လိုသော သဒ္ဓါ-ဆန္ဒ-တဘဝထက် တဘဝ အားသန်၍ သွားဘ က်၏။သဒ္ဓါ-ဆန္ဒ အားကောင်းလှသောအခါ ထွက်ပြေးနိုင်လတံ့။

## (၈၂)လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ ဒီပနီ နံပါတ် (၁၁၀)

ငါ-ငါဟူသော သက္ကာယ ဒိဋ္ဌိသည်လည်း၊ သူတပါးတို့ အသိအပါးမရှိမူ၍ မိမိအလိုအလျောက် ချမ်းကြည်စွာ နေ

သောအခါ၌ မထင်ရှားသေး။ သူတပါးတို့က မိမိကိုယ်ကို ကာယဘ်-ဝဇီကံဖြင့် အနာဒရ ထိပါးလာသော အခါ။ တကိုယ်လုံးမှာ ဘယ်နေရာကိုပင် ထိသော်လည်း။ ထိသမျှ နေရာတိုင်းက မီးတောက်၏။ ငါ့ကိုပြုရသလားဟု ငါထွက်၍ လာ၏။ ဝိပဿနာပညာဖြင့် ဆင်ခြင်ပါလေ။

(၇၃) ဘိလတ်မှ မစ္စ ဒေးဗစ် အမေး၊ ဓာအုပ်တွင် ဇေရာပူရဇာမရ ရှင်စန္ဒာဝရ အမေးကို-လယ်တီဆရာတော်ဘုရားဖြေ။ နံပါတ် (၃၇၃)

မိမိသည်၊ အရိယာဝံသတရား-ဗောဓိပက္ခိယ တရားတို့၌ သဒ္ဓါ၊ ဆန္ဒ၊ သတိ၊ ဝီရိယခန်းချောက်၍ နေကြကုန်သည် အတွက်-သူတပါးတို့အား ထိုတရားများကိုပြောခြင်း ဟော ခြင်းကိုမျှပြုမပြုကြ။သူတပါးတို့ပြောဟောသည်ကိုမျှ ကြားလို၊ မနာလိုကြ။ မည်သူသည်၊ ထိုတရားများကို အားထုတ် ကျင့်ဆောင်သည်ဆိုလျှင် ထိုသူလို မိမိတို့က မကျင့်ဆောင် နိုင်ကြသည်အတွက် ထိုသူကိုသာ ပြောပေါက် ဆိုပေါက်ရှာ၍ အကောင်း မဖြစ်စေရန် ကြံဖန်အားထုတ် ကြကုန်၏။ ဤကား ဣဿာပရိဘောဂ အဆိပ်ဖမ်း၍ လူမှန်းမသိရှိနေ ကြကုန်သော ပုဂ္ဂိုလ်တို့၏ တန်ခွန်တွေကို ပြဆိုချက်တည်း။ ထိုပုဂ္ဂိုလ်တို့၏ နောက်ဘဝ အလားကိုမူကား ဇာတ်အဋ္ဌကထာတို့၌ ပြဆိုချက်ရှိလေပြီ။

(၇၄) ဘိလပ်မှ မစ္စဒေးဗစ် အမေး စာအုပ်တွင် ဗုဒ္ဓ ဘာသာ-ဗြဟ္မဏဘာသာ ရှင်းလင်းချက်တွင်-လယ်တီဆရာ တော်ဘုရားရှင်းလင်းချက် နံပါတ်(၄၅၇)

အတောင်အားနှင့် ပြည့်စုံကြသော ကျေးငှက်များတို့ သည်၊ထိုထိုသစ်ကိုင်းကြီးငယ်တို့၌ နားနေကြကုန်ရာ။ သစ် ကိုင်းကြီးငယ်တို့ ကျိုး၍ကျကုန်သော်လည်း။ပရမ်းပတာကျ ခြင်းမရှိကြကုန်ပြီ။ အဘယ်ကြောင့်နည်း ဆိုသော် ထို ကျေးငှက်တို့သည် သစ်ကိုင်းကို အားပြုကြကုန်သည် မဟုတ် မိမိတို့၏ အတောင်ကိုသာ အားပြုရင်းရှိသောကြောင့်တည်း ဤဥပမာကဲ့သို့မှတ်လေ။ပုထုဇ္ဇနဥမ္မတ္တကအဖြစ်မှ ကျွတ်လွတ် ၍ အရိယာ သူမြတ်အဖြစ်သို့ ရောက်ကြသဖြင့် အောက်ဘုံ အောက်ဘဝသို့ လျောကျခြင်းမှ အစဉ်ထာဝရ လွတ်ငြိမ်း ခြင်းသည်။ ငါတို့ ဗုဒ္ဓဘာသာမှာ ရှေးဦးစွာ ရောက်ကြရ သော ပဌမနိဗ္ဗာန်ကြီးမည်၏။

(၇၅) ဘိလပ်မှ မစ္စဒေးဗစ်အမေးစာအုပ်တွင် လယ်တီ ဆရာတော်ဘုရား ဉာဏ်အဆင့် မာရ်အသင်း ခန္ဓာအသင်း တို့ ကို ရှင်းလင်းချက် နံပါတ် (၄၀၁)

အတ္တဒိဋ္ဌိကြီး ချုပ်ငြိမ်းမှု ဒုစရိုက်ကံဟောင်း အနန္တတို့ ၏ ချုပ်ငြိမ်းမှု၊ဒုစရိုက်၊ကံသစ်အနန္တတို့၏ ချုပ်ငြိမ်းမှု နောင် ဖြစ်လတံ့သော အပါယ်ဘဝ အနန္တတို့၏ ချုပ်ငြိမ်းမှု၊ ဤ ချုပ်ငြိမ်းမှုကြီး လေးပါးသည်။ ပဌမ နိဗ္ဗာန်မည်၏။ထိုသူ သည်လည်း ထိုစကား၌ပင်လျှင် ပဌမနိဗ္ဗာန်သို့ ရောက်လေ

၏။ ထိုပထမနိဗ္ဗာန်သို့ ရောက်သည်နှင့် တပြိုင်နက် ပုထုဇဉ် အဖြစ်မှကျွတ်လွှတ်လေ၏။ သောတာပန် အရိယာအဖြစ်သို့ ရောက်လေ၏။ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်လေ၏။ လောကုတ္တရာဘုံသားအဖြစ် ပထမနိဗ္ဗာန်ဘုံသား အဖြစ်သို့ ရောက်လေ၏။ နောင်ဘဝအဆက်ဆက်တို့မှာလည်း လူ့ဘဝ၌ ဖြစ်သောအခါ လူ့ချမ်းသာ နိဗ္ဗာန်ချမ်းသာကြီးအကျိုး နှစ်ပါးကို စွယ်စုံခံစားရ၏။ နတ်ပြည်-ဗြဟ္မာပြည်တို့၌ဖြစ်သောအခါ နတ်ချမ်းသာ-ဗြဟ္မာချမ်းသာတို့နှင့်တကွ နိဗ္ဗာန်ချမ်းသာကြီးကို စွယ်စုံခံစားရ၏။

## (၈၆) ကြောင်ဘန်းတောရ ဆရာတော် ဝိဝဋ္ဋဒီပနီ နံပါတ် (၉)

မြေဒိုက်ဘုရား တည်သောအခါ ရှေးဦးစွာ မြေသင်သားကိုကောင်းမွန်စွာ ချည်နှောင်ရစ်တုပ် ပြုလုပ်၏။ ဤသို့ ပြုလုပ်ပြီးနောက်။ အုတ် ကျောက် အင်္ဂတေ၊ ထွေထွေကိစ္စ ရွှေချထီးတင်ပြီးသောကာလ ထိုမြေကိုအသုံးမကျ အကုန်လုံးစွန့်ပစ်လိုက်ရလေကုန်၏။ ဤသို့ထီးတင် ရွှေချ ဘုရားကိစ္စပြီးသည့်ကာလ ထိုမြေကိုမှမပယ်မပင်ကြမူ။ ထိုဘုရား၏ ရန်သူအစစ်ထိုမြေဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူကား ထိုမြေ သစ်သားသည်၊ ဘုရားကို ကွယ်ကာ၍ထားသဖြင့်။ ဘုရားကိုမှ ကြည်ညိုခွင့်မရရှိမကသေး တုပ်ချည်ထားသော လျှော်မျှင်ဆွေး၍များကျခဲ့လျှင်ဘုရားကိုပင် ပျက်စီးကွဲအက်အောင် ချိုးဖျက်သော အမျိုးမျိုးရန်သူကြီး သက်သက်ဖြစ်

လေကုန်၏။ ဤစကားရပ်၌-မြေစိုက်ဘုရား ငြမ်းသစ်သား ကြောင့်သာ ဘုရားကိစ္စ ပြီးစီးသောကာလ၌ကား ထိုငြမ်း သစ်သားသည်။ ဘုရား၏ရန်သူ ဖြစ်သလိုအတူ-ယခုအခါ လူ့ဘောင်-လူ့ရွာသာသနာ၌ ကြိမ်ကြိုက်ရခြင်းသည်ကား ပုညာဘိသင်္ခါရ-သာသနာပတရား၊ ကုသလကမ္မပထ ပုည ကြိယာဆယ်ပါး၏-ကျေးဇူး ကြီးပါပေတည်း။ ယခုအခါ သာသနာတော်တရား၊ မဂ္ဂင်ရှစ်ပါးနှင့် ကြိမ်ကြိုက်သော အခါ၌ကား သစ္စာလေးတန်၊ မဂ်,ဖိုလ်ဉာဏ်၏ ရန်သူအစစ် ပုညကြိယာဖြစ်၏ဟူလို။

## (၁၇) လောဘကြီးလျှင် ဆင်းရဲကြီး၏
(လယ်တီဆရာတော်ဘုရားနိဗ္ဗာနမဂ္ဂဒီပနီ (နံပါတ်-၂၄၅-၂၄၆)

လောဘကြီးလျှင် ဆင်းရဲကြီး၏။ လောဘနည်းလျှင်၊ ဆင်းရဲနည်း၏။ လောဘမရှိလျှင် ဆင်းရဲမရှိ။ ဤသုံးပုဒ်ကို ရှေးဦးစွာ ရအောင်ကျက်ရမည်။ ငါသည် လောဘကြောင့် လူ,နတ်,ဗြဟ္မာ အဖြစ်၌ ဆင်းရဲအပေါင်းကို ဘဝပေါင်း ကမ္ဘာပေါင်း၊ထောင်းထောင်း-ညက်ညက် ကြေ၊ အသင်္ချေ အနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့် ဒုက္ခဖြစ်၏။ လောဘကြီးလျှင် ဆင်းရဲကြီး၏။ ငါသည် လောဘကြောင့် တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ် အဖြစ်၌ဆင်းရဲအပေါင်းကို ဘဝပေါင်း၊ ကမ္ဘာပေါင်း၊ ထောင်းထောင်း-ညက်ညက် ကြေ၊အသင်္ချေအနန္တ ခံခဲ့ရလေပြီတကား။ လောဘကြောင့်

ဒုက္ခဖြစ်၏။ ငါသည် မိန်းမ-ယောကျ်ား၊ သား,သမီး,ပစ္စည်း ဘဏ္ဍာကို ခင်မင်စုံမက်တတ် နှစ်သက်၍ နေခဲ့ခြင်းကြောင့် အပါယ်လေးပါး၌ ဆင်းရဲအပေါင်းကို-ဘဝပေါင်း ကမ္ဘာပေါင်း။ထောင်းထောင်း-ညက်ညက်ကြေ။ အသခ်ျေအနန္တ ခံခဲ့ရလေပြီတကား လောဘကြောင့် ဒုက္ခဖြစ်၏။

## (၈၈) ဆုံးမစာ

### လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ် အကျဉ်း (နံပါတ်-၁၅၁)

ဆိုပိမ့်မည္ဘာ- စေ့စေ့နာလော ဂင်္ဂါသဲမျှ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ ခေတ်အခါဝယ် လူ့ရွာနတ်၌ နင်ကြုံကြိုက်လည်း အမိုက်မချွေ အလိုက်နေ၍ အခြေမကြီး အချည်းနှီးလျှင် ရီးကိုးရောင်တောင် ခုတိုင်အောင်တည့်၊သန်းခေါင်လကွယ်၊ တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုန်း အပြည့်ဖုံးသည်၊မိုးလုံးတိမ်ထိုက် လျှပ်မကြိုက်သား အမိုက်အပြားအင်လေးပါးထက် နှင်ကားရာထောင်-မကမှောင်၏။ လူ့ဘောင်-လူ့ရွာ သာသနာ၌ ကြမ္မာတော်၍ ယခုတွေ့လည်း အလေ့မလွဲ အများနဲလျှင် မိုက်မြဲနှင်နှင် မိုက်စရှင်၏။ မျက်မြင်လောက ဤဘဝကား ဒုက္ခစင်းစင်း ချမ်းသာကင်း၏။သေမင်းအစား နင့်ခန္ဓာကို ဇရာဘီလူး အမှောင့်ပူး၍ အရှုးပြင်ပြင် နင့်ကိုထင်၏။နင်နှင့်မဆိုင် နင်ပိုင်မဟုတ်၊ နင့်ရုပ်၊နင့်နာမ် နင့်သဏ္ဌာန်ကို နင့်ဉာဏ်မစူး အပေါ်ဖြူး၍ မူး

မှူး-မေ့မေ့အများလေ့ဖြင့် နေ့ရက်အပုံ လွန်ခဲ့တုံပြီ၊ ထိုထို ဘဝ အနန္တလျှင် အစမဆုံး အများတုံးတည်း၊ အနုန်းမပျက် အောက်နရက်ဝယ် တသက်နွယ်နွယ် အမြစ်တွယ်သို့ အပါယ် ထိုထို ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။

## (၇၉) လောကဥ္စ မိမိစိတ်ကို မိမိအစိုးမရသော
### လယ်တီဆရာတော်ဘုရား အာနာပါန ဒီပနီ
### နံပါတ်(၁၁၄-၁၁၅-၁၁၆)

လောကဥ္စ မိမိစိတ်ကို မိမိအစိုးမရသော သူရူး-သူနှမ်း မည်သည်တစ်ုံတခုသော မိမိစီးပွါးမှု သူတပါးစီးပွါးမှုတို့၌ အသုံးမကျသူဖြစ်၏။ အဘယ်ကြောင့်နည်းဆိုသော် ထိုသူ၏ စိတ်သည်။ မိမိထမင်းစားမှု အလုပ်တခုမျှ၏ ပင်လျှင်ပြီးစီး အောင်မနေ- ထိုသူသည်၊ ထမင်းစားဆဲ အခါ၌ပင်လျှင် ထမင်းပွဲကို သွန်မှောက်၍ လွတ်ရာအရပ်တပါးသို့ထွက်သွား ၏။ တခြားတပါးသော လူရေးရာတို့၌ ဆိုဘွယ်မရှိ အသုံး မကျသူ သက်သက်ဖြစ်သဘည်း။ လောကဥ္စ ပကတိ စိတ် ကောင်းနှလုံးကောင်းနှင့်ပြည့်စုံကြသော ပကတိလူကောင်း သူကောင်းတို့သည်လည်း သိမ်မွေ့လှစွာသော သမထစျာန် အလုပ် ဝိပဿနာပညာ အလုပ်တို့၌မူကား မိမိစိတ်ကို မိမိ အစိုးမရသော သူရူး-သူနှမ်းအရာ၌ တည်ကြ ရပြန်ကုန်၏။ တည်ပုံကား ဘုရားရှိခိုးရာ၌ ပကတိလူတို့၏စိတ်သည်။ ဣတိ ပိသော တပုဒ်ဆုံးသည်တိုင်အောင် ဘုရားဂုဏ်၌ စိုက်၍မနေ

ဘုရားဂုဏ်ကိုလွှတ်၍ အာရုံတပါးသို့သာထွက်သွား၍ အာရုံ တပါးသို့ စိတ်ထွက်သွားတိုင်း အရွတ်အဆို ပျက်ကွက်ခဲ့ပါ မူကား။ ဣတိပိသောတပုဒ်ကို တညလုံး ရွတ်ဆိုသော်လည်း အဆုံးတိုင် ချောမောနိုင်ကြမည်မဟုတ်။ နဂိုရိုက နှုတ်တက်ရ ပြီးဖြစ်၍သာ အရွတ်အဆို အစဉ်မပျက်ဘဲ အဆုံးတိုင် ချော မောနိုင်ကြလေသတည်း။ ဤကဲ့သို့သူမျိုး သူ့နှမ်းအရာ၌ တည် လျက်ရှိကြကုန်သေးသောသူတို့သည်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုမဆို ထားဘိဦး။ ယခုဘဝသေသည်၏အခြားမဲ့၌ သုဂတိဘဝကိုမျှ ရနိုင်ရန်အရေးသည်ပင်လျှင်အလွန်ခက်သေး၏။ ထို့ကြောင့် မိမိစိတ်ကိုမနိုင်နင်းကြ၊ အစိုးမရကြကုန်သော ပကတိလူ့ရှင် ပုထုဇဉ်တို့သည်။ ဘာဝနာမနသိကာရ မှုကိုတွင်ကြယ်အောင် မပြုနိုင်ကြ။ အတုအပမျှသာပြုနိုင်ကြသည်။ ဥပမာကား-လှေ ကိုင် တက်ကိုင် မနိုင်နင်းသော လှေသူကြီးသည်။ ဝန်ပြည့် သော လှေကြီးဖြင့်အလွန်အယဉ် ထန်စွာစီးသောမြစ်ကြီး၌ စုန်မျော၍လာရာ ညဉ့်အခါမှောင်မိုက်သည့်အတွက်ကြောင့် ကမ်းစဉ်တလျှောက် မြို့ရွာဆိပ်ကမ်းများကိုမမြင်ရ။ နေ့အခါ ၌ ကမ်းစဉ်တလျှောက် မြို့ရွာဆိပ်ကမ်းများကို မြင်ပါသော် လည်း၊ လှေတက်ကိုမနိုင်သည့်အတွက်ကြောင့် တစုံတခုသော မြို့ရွာဆိပ်ကမ်းသို့ကပ်ခြင်း ဆိုက်ခြင်းငှါမတတ်နိုင်မူ၍ကြည့် ကာ မျှော်ကာ-ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေ ၏။ ဤဥပမာ၌ အယဉ်ထန်စွာ စီးသော မြစ်ကြီး သမုဒ္ဒရာ ကြီးကဲ့သို့ သြဃလေးဖြာသံသရာကြီးကို မှတ်ရာ၏။ ဝန်ပြည့်

သော လှေကြီးကဲ့သို့ ထိုထိုသတ္တဝါကိုယ်ကိုမှတ်ရာ၏။ လှေတက်ကိုမနိုင်သော လှေသူကြီးကဲ့သို့ ပုထုဇဉ်သတ္တဝါကိုမှတ်ရာ၏။တောတောင်စခန်း၌ ဆိပ်ကမ်းမရှိသော မြစ်ပြင်ကြီးကဲ့သို့ သုညကမ္ဘာသံသရာခရီးကိုမှတ်ရာ၏။ မြို့ရွာဆိပ်ကမ်းရှိပါသော်လည်း။ ညဉ့်အခါမှောင်မိုက်နှင့် ကြုံကြိုက်၍ မြို့ရွာဆိပ်ကမ်းကိုမမြင်ဘဲ အတွင် စုံမျှောရသကဲ့သို့ ဘုရားပွင့်ရာဗုဒ္ဓကမ္ဘာပင်ဖြစ်သော်လည်း အရပ်ပြစ်ရှစ်ဖြာ မိစ္ဆာမှောင်မိုက်နှင့်ကြုံကြိုက်၍ ဘုရားသာသနာ သိက္ခာသုံးတန် နိဗ္ဗာန်ဆိပ်ကမ်းကိုသမ္မာဒိဋ္ဌိဉာဏ်မျက်စိဖြင့်မမြင်ဘဲသံသရာအယာဉ်သို့ အတွင်စုန်မျှောကြသော သာသနာပလူမျိုးတို့ကို မှတ်ရာ၏။နေ့အခါ၌ ကမ်းစဉ်တလျှောက် မြို့ရွာ ဆိပ်ကမ်းများကိုမြင်ပါသော်လည်း။လှေတက်ကို မနိုင်သည့်အတွက်ကြောင့်တစုံတခုသော မြို့ရွာဆိပ်ကမ်းသို့ မကပ်နိုင် မဆိုက်နိုင်မူ၍ကြည့်မျှော်ကာ ချီးမွမ်းကာနှင့် သမုဒ္ဒရာအပြင်သို့ လွင့်လေသကဲ့သို့ ဘုရားပွင့်ရာ သာသနာ၌ဗုဒ္ဓဘာသာအမျိုးကောင်းစင်စစ်ဖြစ်ပါသော်လည်း ဘာဝနာအလုပ်ကို အားမထုတ်ကြဘဲ။ ပကတိသောစိတ်နှင့်သာ နေကြသည်အတွက် စိတ်ကိုအစိုးမရသော အရှုးအနှမ်းအရာ၌ တည်နေကြသည်ဖြစ်၍သမထဈာန် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိပ်ကမ်းသို့ မကပ်နိုင်ကြ၊ မဆိုက်နိုင်ကြကုန်မူ၍ ရတနာသုံးပါးကို ကြည်ညိုကိုးကွယ်ဘူး။ မျှော်ချီးမွမ်းကာ ဘုရားတကာ၊ ဘုရားအမ၊ ကျောင်းတကာ၊ ကျောင်းအမ၊ပစ္စည်း

လေးပါး တကာ-တကာမ၊သာမညရဟန်း၊ကျမ်းတတ်၊ ဂန်တတ် အကျော်တံဆိပ်တော်ရ ဆရာတော် ဖြစ်ခါနှင့် သုညကမ္ဘာသံသရာပြင်ကြီးသို့ လွင့်ကာ-လွင့်ကာလာကြသည်ကို မှတ်ရာ၏။

## (၉၀) ယခုဘဝ သူတော်ကောင်းတရား အားကြီးလှ၍

လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ ဒီပနီ နံပါတ်(၂၀၇)

ယခုဘဝ သူတော်ကောင်းတရား အားကြီးလှ၍ ဘဝတရာ-ဘဝတထောင်ပင် သုဂတိဘုံမှာ ဆက်လက်ခါနေရခွင့်ရှိသော်လည်း။ အပါယ်ကျလှည့်သို့ နီးမူရှိသည်သာလျှင်တည်း။ အဘယ်ကြောင့်နည်းဟူမူ ရင်ထဲမှာ သက္ကာယဒိဋ္ဌိပါရှိလျက် နေသဖြင့် အပါယ်တံခါး ဟင်းလင်းနှင့် အပါယ်စာရင်းမပျက်ချေသောကြောင့်တည်း။ အပါယ်စာရင်းပျက်အောင် ရင်ထဲမှ သက္ကာယဒိဋ္ဌိကိုပြုတ်အောင် ဆရာကောင်းရှာပြီး အားထုတ်ပါလေ။

## (၉၁) အာရုံ(၆)ပါး အတွေ့ခံစားခြင်းတို့တွင်

လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ ဒီပနီ
နံပါတ် (၇၅-၇၈)

အာရုံခြောက်ပါးအတွေ့ခံစားခြင်းတို့တွင် မျက်စိအာရုံအတွေ့ခံစားခြင်းသည်။အထန်ဆုံးဖြစ်သည်။ ယောကျ်ားတို့၏ မျက်စိအတွေ့တွင်လည်း မိန်းမတို့၏ အဆင်းသဏ္ဌာန်နှင့်

စပ်သော မျက်စိအတွေ့သည်၊အထန်ဆုံး၊ အသန်ဆုံးဖြစ်၏။ မျက်စိအတွေ့မှ လျှောက်၍ မနေ့ာအတွေ့၌ ခိုက် လေ၏။ ရှင်လန်းရုံမျှတွင် မရပ်မူ၍ ပူပန်သောက ရာဂဇော အလိုင်း ကြီးလာ၏။မိန်းမတို့၏ အဆင်းသဏ္ဌာန်ကဲ့သို့ ယောကျ်ား၏ စိတ်ကိုသိမ်းကျုံး၍ ယူနိုင်သော အဆင်းသဏ္ဌာန် မည်သည် ကို လောက၌တစုံဘခုသောအဆင်းကိုမျှ ငါဘုရားမြင်တော် မမူဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူ၏။ ဟရိတစ ရှင်ရသေ့-ဓမ္မဇရှင်ရသေ့အစရှိသော စျာန်သမာပတ်နှင့် နေသော အလောင်းတော်ကြီးများပင်လျှင် မိဖုရား၏အင်္ဂါ အဆင်းကိုမြင်ရာ မျက်စိအတွေ့ အာရုံခိုက်ချက်နှင့်ကောင်း ကင်မှမျှားမှန်၍ကျလာသောရွှေဟင်္သာကဲ့သို့စျာန်သမာပတ် ကွယ်ပ၍ ခဏခြင်း ကောင်းကင်မှကျလာ၏။ မျက်စိအတွေ့ အာရုံကို ဝိပဿနာပညာဖြင့် နိုင်အောင်ထိမ်းပါ။

## (၉၂) မိန်းမတို့၏မျက်စိအတွေ့ရတွင်လည်း

လယ်တီဆရာတော်ဘုရား ရေး ပဋ္ဌိစ္စသမုပ္ပါဒ
ဒီပနီ (နံပါတ်–၇၅)

မိန်းမတို့၏ မျက်စိအတွေ့စုံတွင်လည်း အရှယ်အဆင်း အလှန်ကောင်းသော ယောကျ်ားတို့၏ အဆင်းသဏ္ဌာန်နှင့် စပ်သော မျက်စိအတွေ့သည်၊ အထန်ဆုံး၊ အသန်ဆုံးဖြစ်၏။ မျက်စိအတွေ့မှလျှောက်၍ မနော့ာအတွေ့၌ ခိုက်လေ၏။ ရှင် လမ်းရုံမျှတွင် မရပ်မူ၍ ပူပန်လှုပ်ရှားသော ရာဂနော့ာသည်

အလှိုင်းကြီးတက်၍လာ၏ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူ၏။ အချိန်အရွယ်နှင့် ပြည့်စုံသော မိန်းမသည်။ကိုယ်တွင် ဝတ္ထုသန္နိစ်၍ နေသောအခါ အလွန် လှပစွာသော ယောကျ်ား၏အဆင်းအင်္ဂါကို အလိုရှိတိုင်းကြည့်ခွင့်ရသဖြင့် မျက်စိအတွေ့ အာရုံ အလှိုင်းကြီးဖြစ်ခဲ့သော် မျက်စိအတွေ့ အာရုံနှင့်ပင် ပဋိသန္ဓေ ကိုယ်ဝန်ရနိုင်၏။ သီဟိုဠ်ကျွန်းတွင် ရဟန်း မိန်းမငယ်တယောက်သည်။ အလွန်လှပစွာ ထုလုပ်ထားသော ယောကျ်ားရုပ်ကို ရှု၍နေလေရာ မျက်စိအာရုံ အတွေ့မနောများကသတ်သဖြင့်မဟုတ်တတ်သေဆုံးဘူးလေ၏ မျက်စိအတွေ့ အာရုံဓါတ်သည်။ ဤမျှလောက်အစွမ်းကြီး၏။ ဝိပဿနာပညာဖြင့် နိုင်အောင်ထိမ်းပါ။

## (၉၃) မျက်စိအတွေ့ ကိုယ်အတွေ့ သည်းထန်ပုံ

လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ ဒီပနီ နံပါတ်(၇၇)

ကာယအတွေ့၌ ဟိမဝန္တာမှာနေသော ဣသိသိင်္ဂရသေ့ငယ်သည်။သီလတန်ခိုး စျာန်သမာပတ်တန်ခိုးဖြင့်နေလေရာ သိကြားစီးစိမ်ကို ယူအံ့စိုး၍ သိကြားမင်းက အလမ္ဗုသာနတ်သမီးကိုခေါ်၍ ရသေ့ငယ်၏သီလကို ဖျက်ဆီးချမည်ဟု စေလွှတ်လေ၏။နတ်သမီးလာ၍ ကျောင်းသင်္ခမ်းပြင်မှ နတ်အသွင်ဖြင့် မိန်းမရိပ်ပြ၏။ ကျောင်းတွင်းမှ ရသေ့ငယ်မြင်လေရာ။ရှေးဦးစွာမျက်စိအတွေ့ပြည့်၏။မိန်းမဟူ၍ကားမသိဘူးလေ။ ကျောင်းတံခါးသို့ ထွက်၍ကြည့်၏။ နတ်သမီးက

အတန်ငယ်ဆုတ်ရောင်ပြု၍များ၏။ တံခါးပြင်သို့အတန်ငယ် ထွက်၍လာ၏။ နတ်သမီးလည်း နောက်သို့ဆုတ်ယောင်မူ၍ များ၏။ မျက်စိအတွေ့အားရှိလတ်သော် နတ်သမီးကို လိုက် တားလေ၏။ နတ်သမီးလည်း ဆုတ်ယောင်မူ၍ ရသေ့ငယ် အပြေးလှမ်း၍ ဘမ်းလေသောအခါ ရသေ့ငယ်ကို နတ် အတွေ့ဖြင့် ပွေ့ပိုက်၍ သီလပျက်ခြင်းသို့ ရောက်လေ၏။ ထို ခဏ၌ပင်လျှင် သိကြားမင်းလာ၍ ထိုနေရာ၌ အကာအရံ ဖန်ဆင်း၍ပေးလေ၏။ ရသေ့ငယ်သည်၊ နတ်၏ကိုယ်အတွေ့ ဖမ်းသဖြင့် ၃-နှစ်တိုင်တိုင်သတိမရဘဲ။ နတ်သမီးအတွေ့နှင့် နေရလေ၏။ ၃-နှစ်တိုင် ဤနတ်သမီး လွှတ်သောအခါမှ သတိရ၍ ကြည့်ရှုသောအခါ၊ ကျောင်းသင်္ခမ်းမှာ တောချုံ ပိတ်ပေါင်း ဖုံးလွှမ်း၍နေသည်ကို မြင်မှသုံးနှစ်ကြာမျှသည် ကိုသိရလေ၏။ သုံးနှစ်ပတ်လုံး နတ်သမီး၏ ကိုယ်အတွေ့နှင့် အာဟာရကိစ္စလည်းပြီးစီးလေ၏။ နတ်သမီးလည်း ရသေ့ ငယ်ကိုလွှတ်၍ မိမိကိုယ်ကို ကွယ်ပြီးလျှင် ရသေ့ငယ်၏ အမူ အရာကိုကြည့်၍နေ၏။ ရသေ့ငယ်လည်း မိမိ၌သီလသိက္ခာ ဈာန် သမာပတ်အကုန်ပျက်စီးသည်ကိုသိ၍ငိုကြွေးလေ၏၊ထို အခါနတ်သမီးသည်၊ ကိုယ်တိုင်ပြ၍ အရှင်ရသေ့ကျွန်တော် မပြုလို၍ပြုရသည်မဟုတ်ပါ။ သိကြားမင်း၏ အမိန့်အာဏာ နှင့်ပြုရပါသည်။ကျွန်တော်မကို သီးခံတော်မူပါအရှင်လည်း အားထုတ်တော်မူပါ။သီလသိက္ခာ ဈာန်သမာပတ်ကိုရမည်။ ရပါလိမ့်မည်ဟု ကန်တော့၍ နတ်ပြည်သို့ပြန်လေ၏။ (လူ

ပြည်မှာ တနှစ်နှင့် ရှစ်လသည်၊ တာဝတိံသာနတ်ပြည်မှာ တနာရီဖြစ်ချကား လူပြည်၌ သုံးနှစ်သည်။တာဝတိံသာနတ်တို့မှာ နှစ်နာရီမျှမရှိတန်။)

မှတ်ချက်။ ။မလိုလားအပ်သော သိကြားမင်း စိတ်မျိုးနှင့် မျက်စိအတွေ့ ကိုယ်အတွေ့ကို ဝိပဿနာ ပညာဖြင့် အောင်နိုင်စေရမည်။

## (၉၄) ဒါနပြုပါ-ဒါနပြုရာတွင်

ကြောင်ဘန်းတောရ ဆရာတော် ရတနာဒီပနီ နံပါတ်(၂၇၀)

ဒါနပြုပါ ဒါနပြုရာတွင်ယခုရှိ သမုတိသံဃာတော်များကို အရိယာသံဃာတော်ဟု သဘောထားပြီးလှူပါ။ ဥပမာ အဖေသေ၍ ဆွမ်းသွတ်တုန်းအခါ ရောက်လာကြသော ညှော့သည်များထဲမှ သေသောအဖေနှင့် တူသော လူကိုမြင်လျှင် ဝမ်းသာအားရနှင့် ကျွေးမွေးပေးကမ်း လှူဒါန်း၏။ ညှော့သည်ကလည်း ကျွေးသမျှ ပေးသမျှ လက်လှမ်းယူပြီး စားသောက်ပေ၏။ သို့သော် ပေးလိုက်သော ဝတ္ထုမှာ သေသူအဖေကိုသာပေးနေသည်၊ပေးရာကျသည်။ဥပမာ-ဥပမေယျဟပ်၍ ပြရသော်ကား ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော အရိယာသံဃာတော် မြတ်များက သေသော အဖေနှင့်တူ၏။ ယခုကာလ ပုထုဇဉ်သံဃာတော် မြတ်တို့က ညှော့သည်အဖေနှင့်တူ၏။ ဤအရာမှာ ညှော့သည်ကြီးက ဖုံထဲပြာထဲမှာ လူးလိုလူး၊ ဂျွမ်းထိုးလိုထိုး သေသောအဖေမှာ ဖုံပြာမလူး ဂျွမ်းမထိုးပါ သတိပြုပါလေ။

## (၉၅) တခုတခုသော ကိလေသာအတွက်နှင့်ပင်

လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒ ဒီပနီ နံပါတ်(၂၁၄)

တခုတခုသော ကိလေသာ အတွက်နှင့်ပင် အပါယ်က တက်ရန်ခွင့်မရှိ တထောင့်ငါးရာအတွက်နှင့်မူကား အပါယ်မှာ မိမိနှင့်မလောက် ကိုယ်စားလည်ကိုယ်ပွါး တထောင်လေးရာ ကိုးကျိပ် ကိုးယောက်ထား၍ ခံမှ အတော်ကျမည် ကဲ့သို့ရှိနေ၏။ ထိုသို့လည်း ကိုယ်စားလှယ် ကိုယ်မှာမထားနိုင်၍ တထောင်ငါးရာဝန်ကို အလှည့်ကျ ဘဝအစဉ်ထား၍ တယောက်အားနှင့် ခံရခွင့်ရှိကြ၏။ ကမ္ဘာ အဆက်ဆက် အပါယ်မှ တက်ရခွင့်မရှိခြေ၊ ဆင်ခြင်ပါလေ။

## (၉၆) အမှိုက်ကို မီးသည်သာ ငယ်နိုင်ဖြစ်၏

လယ်တီဆရာတော်ဘုရား ပဋိစ္စသမုပ္ပါဒဒီပနီ နံပါတ်(၂၁၆)

အမှိုက်ပုံတောင်လောက်ပင် ကြီးသော်လည်း မီးဇာပွင့်ကျက ခဏမကြာ ပြာပုံဖြစ်ရ၏။ ဤဥပမာအတူ-သမုဒယ ဓါတ်ကြီးမှာ နိရောဓဓါတ်ကြီးသည်သာ ငယ်နိုင်စင်စင်ဖြစ်သတည်း။

## (၉၇) အရှင်သာရိပုတ္တရာသည်

လယ်တီဆရာတော်ဘုရား လက္ခဏာ ဒီပနီ နံပါတ်(၉၆)

အရှင်သာရိပုတ္တရာသည်၊ တရားအစိပ်အလိပ်ကျယ်ဝန်းများပြား၍ နေသောကြောင့် ဆဲ့ငါးရက်မှ ရဟန္တာဖြစ်သည်။ အရှင်မောဂ္ဂလာန်မှာ တရားအစိပ်အလိသင့်တင့်ရုံ ခွဲခြမ်း၍ ရှုသောကြောင့် ခုနစ်ရက်နှင့် ရဟန္တာဖြစ်သည်။

## (၉၈) ကိလေသာတို့၏ ချုပ်ငြိမ်းမှု
### လယ်တီဆရာတော်ဘုရား နိဗ္ဗာနဒီပနီ နံပါတ်(၁၁၈)

### (နိဗ္ဗာန်သဘောတရား ဖြေရှင်းချက်)

ကိလေသာတို့၏ ချုပ်ငြိမ်းမှု- ခန္ဓာတို့၏ချုပ်ငြိမ်းမှု နှစ်ပါးရှိသည့်တွင် မဂ်ခဏ၊ ဖိုလ်ခဏတို့၌ ကိလေသာတို့သည်၊ ချုပ်ငြိမ်းကုန်၏။ထိုအခါ ပရမတ္ထအသင်္ခတနိဗ္ဗာန်ကြီးပင်မရှိသေး။ထိုရဟန္တာပုဂ္ဂိုလ်သည်၊ မိမိကိုယ်ခန္ဓာမှာ ရောဂါတို့၏ဖြစ်ပေါ်လာခြင်း။အနာတို့၏ဖြစ်ပေါ်လာခြင်း။ အထူးထူးသော အနိဋ္ဌရုပ်၊ ဒုက္ခဝေဒနာ တရားတို့၏ ဖြစ်ပေါ်ခြင်းဟူဟော ဇာတိဒုက္ခမှလည်း မလွတ်သေး။အိုရခြင်းတည်း ဟူသော ဇရာဒုက္ခမှလည်း မလွတ်သေး၊ သေရခြင်းတည်းဟူသော မရဏ ဒုက္ခမှလည်း မငြိမ်းသေး။ ခန္ဓာကိုယ်ကြီးကို မွေးမြူမှုဒုက္ခ၊ ဆောင်ရွက်မှု ဒုက္ခတို့မှလည်း မလွတ်သေး။ မီးဘေး၊ ရေဘေး၊မင်းဘေး၊ သူခိုးထားပြဘေးအစရှိသော ဘေးတို့မှလည်း မလွတ်သေး၊ ပရမတ္ထအသင်္ခတ နိဗ္ဗာန်ကြီးမည်သည်။ဘစုံတခုသော ဒုက္ခဘယမရှိပြီ။ ရဟန္တာပုဂ္ဂိုလ်မှာ ဆိုခဲ့ပြီးသော ဒုက္ခဘယအနန္တဟင်းလင်းရှိနေ၏။ စုတိကမ္မဇရုပ်ချုပ်၍ ထိုခန္ဓာကြီး ကွယ်ပျောက်မှ ထိုဒုက္ခဘယခပ်သိမ်းကင်းငြိမ်းလေ၏။ ထိုအခါမှ နိဗ္ဗာန်ကြီးပေါ်လာ၍ နိဗ္ဗာန်သို့ရောက်သည်။နိဗ္ဗာန်ကိုရသည်ဟု ဆိုအပ်ပေသတည်း။ ဤကား ဆရာအချို့တို့၏ အယူတည်း။

## (၉၉) ကိလေသာတို့၏ ချုပ်ငြိမ်းမှု ခန္ဓာတို့၏ချုပ်ငြိမ်းမှု

လယ်တီဆရာတော်ဘုရား နိဗ္ဗာနဒီပနီ နံပါတ်(၁၁၉-၁၂၀)

ကိလေသာတို့၏ချုပ်ငြိမ်းမှု၊ခန္ဓာတို့၏ချုပ်ငြိမ်းမှု နှစ်ပါး ရှိသည်တွင် ကိလေသာတို့၏ ချုပ်ငြိမ်းမှု သည်သာလျှင် မုချ ပဓါနပေတည်း။ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုမှာကား ကိလေသာ ချုပ်ငြိမ်းမှု၏ အမြဲတစိုက် နောက်လိုက် နောက်ပါသာလျှင် ကဘည်း။ အဆိပ်ပင်ကို သတ်သောသူသည်။ အမြစ်မတူး မဖြတ်မူ၍ အပင်အကိုင်း,အခက်ကိုသာ ဖြတ်ခဲ့အံ့။ အဆိပ် ပင်ကိုသတ်သောသူဟူ၍ မဆိုလောက်။အပင်အကိုင်းအခက် တို့ကိုမူကား မထိမပါးမူ၍ အမြစ်ဟူသမျှတို့ကို တူးခဖေါ် ဖြတ်တောက် မီးရှို့ ပြာပြု၍ပစ်သောသူသည်သာ အဆိပ်ပင် ကိုသတ်သောသူစင်စစ်ဖြစ်သည်။အမြစ်တို့၏ ပျက်ဆုံးမှုသည် ပဓါနဖြစ်၏။ အပင် အကိုင်း အခက်တို့၏ ပျက်ဆုံးမှုသည် အမြစ်ပျက်ဆုံးမှု၏ အမြဲတစိုက် နောက်ပါသာဖြစ်၏။

## (၁၀၀) ထို့ကြောင့် ရဟန္တာတို့၏ စုတိခန္ဓာ ချုပ်ငြိမ်းမှုသာ

ထို့ကြောင့် ရဟန္တာတို့၏ စုတိခန္ဓာ ချုပ်ငြိမ်းမှုသာ ပရမတ္ထအသင်္ခတနိရောဓသစ္စာ၊ မဟာနိဗ္ဗာန်ကြီးကို ရထိုက် သည်မဟုတ်။ကိလေသာတို့၏ ချုပ်ငြိမ်းမှုမှာလည်း၊ပရမတ္ထ

အသင်္ခတနိဗ္ဗာနသဘော၊ မဟာနိဗ္ဗာန်ကြီးကို ကေန်စင်စစ်ရ ထိုက်သည်သာလျှင်ကတည်း။ တထောင်ငါးရာ ကိလေသာတို့၏ တခုမကျန် အကုန်ချုပ်ငြိမ်းမှုမှာသာ ရထိုက်သည် မဟုတ်သေး။ သောတာပတ္တိမဂ် ကိုရ၍ သက္ကာယဒိဋ္ဌိ အစရှိသော အချို့သော ကိလေသာတို့၏ နောင်တဖန်ဖြစ်ပေါ်ခြင်းမရှိ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသည်လည်း။ ပရမတ္ထအသင်္ခတနိဗ္ဗာနသဘော၊ မဟာနိဗ္ဗာန်ကြီး အဝင်အပါတည်း။ လယ်တီဆရာတော်အလို။

## (၁၀၁) သောတာပန် ပုဂ္ဂိုလ်အား

လယ်တီဆရာတော်ဘုရား နိဗ္ဗာန ဒီပနီ နံပါတ်(၁၂၁)

သောတာပန် ပုဂ္ဂိုလ်အား အပါယ်ခန္ဓာ စုန္ဒင့်ဇာကွ ခုနှစ်ဘဝမှအထက်၌ အနမတဂ္ဂဘဝခန္ဓာ သံသရာဝဋ်ကြီး၏ အပြီး ချုပ်ငြိမ်းမှုသည်လည်း။ ထိုသက္ကာယဒိဋ္ဌိ အစရှိသော အချို့သော ကိလေသာတို့၏ ချုပ်ငြိမ်းမှုတွင်တချက်တည်း။ တလုံးတည်းပါလေ၏။ ထိုအနမတဂ္ဂ ဘဝခန္ဓာ သံသရာဝဋ်ကြီး၏အပြီး ချုပ်ငြိမ်းမှုသည်လည်း။ ပရမတ္ထအသင်္ခတနိဗ္ဗာနသဘော မဟာနိဗ္ဗာန်ကြီးပင်တည်း။

## (၁၀၂) မြတ်စွာဘုရားသည် တခုသော လက်သည်းပေါ်၌

လယ်တီဆရာတော်ဘုရား နိဗ္ဗာန ဒီပနီ နံပါတ်(၁၂၁)

မြတ်စွာဘုရားသည်၊ တခုသောလက်သည်းပေါ်၌ မြေမှုန့်ကို တင်ထားပြီးလျှင် ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

ချစ်သားရဟန်းတို့ ငါ၏လက်သည်းဖေါ်၌ရှိသော မြေမှုန့်နှင့် ဤမဟာပထဝီ မြေကြီးအားလုံး၌ ရှိသော မြေမှုန့်တို့သည်။အဘယ်ကသာ၍များကြကုန်သနည်းဟုမိန့်ဇတော်မူ၏။ အရှင်ဘုရား မဟာပထဝီ ဤမြေကြီး၌ရှိသော မြေမှုန့်တို့ကို နှိုင်းယှဉ်သည်ရှိ လက်သည်းပေါ်မှာရှိသော မြေမှုန့်စုသည်။ အလွန်ပင်နည်းလှပါ၏။ နှိုင်းယှဉ်ခြင်းငှါ မထိုက်တန်ပါဟု လျှောက်ထားကြလေ၏။ ချစ်သား ရဟန်းကို၊ ဤအတူပင်လျှင် သတ္တကၡတ္တုပရမ သောတာပန်ပုဂ္ဂိုလ်အား ကျန်ရှိသေးသော ခုနစ်ဘဝ ဝဋ္ဋဒုက္ခနှင့် ကုန်ငြိမ်းပြီးသော အနမတဂ္ဂ အနာဂါတ် ဝဋ္ဋဒုက္ခတို့ကို နှိုင်းယှဉ်သည်ရှိသော် ကျန်းသေးသော ခုနစ်ဘဝ ဝဋ္ဋဒုက္ခသည် အလွန်း နည်းပါး၏။ နှိုင်းယှဉ်ခြင်းငှါပင် မထိုက်တန်လေဟူ၍ ဟောတော်မူ၏။

## (၁၀၃) ဥပမာအစိုးရက တယောက်သောသူအား

လယ်တီဆရာတော်ဘုရား နိဗ္ဗာန ဒီပနီ နံပါတ်(၁၂၃)

ဥပမာ၊ အစိုးရက တယောက်သောသူအား ထောင်တသက်လွတ်ရက်မရှိ၊ ထောင်ဒဏ်ပေးလေ၏။ ၄-ရက်၊၅-ရက်နေပြီးသော် ယခုနေ့ နေထွက်မှ ခုနစ်ရက်မျှသာ ထောင်မှာနေစေ။ခုနစ်ရက်ပြည့်လျှင် လွတ်စေဟူသော အမိန့်ကိုရပြန်၏။ခုနစ်ရက်မှအထက်၊အသက်ထက်ဆုံး ခံရလတံ့သော ထောင်ဒဏ်သည်။ထိုအမိန့် ထုတ်သည်နှင့်တပြိုင်နက် တချက်တည်းငြိမ်းလေ၏။ထိုသူလို ငြိမ်းချက်ကိုရလေ၏။ ရောက်လေ

၏။ ခုနစ်ရက်မှ အထက်ငြိမ်းချက်ကို ခုနစ်ရက်စေ့မှရသည် မဟုတ်။ငါ့မှာ ခုနစ်ရက်ဒုက္ခသာ ရှိတော့သည်။ ခုနစ်ရက်မှ အထက်ဒုက္ခ လွတ်ငြိမ်းပေပြီဟု အလွန် ငမ်းမြောက်ရ၏။ ဤဥပမာအတိုင်းမှတ်လေ။

## (၁၀၄) ခန္ဓသံယုတ်ပါဠိတော်လာ အရှင်သာရိပုတ္တရာ ယမက ရဟန်းကိုစစ်ဆေးပုံ

လယ်တီဆရာတော်ဘုရား န်ဗ္ဗာနဒီပနီ နံပါတ်(၄၇)

ငါရှင် ယမကရဟန်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာငါးပါးသည်။ နိစ္စလော၊ အနိစ္စလော မေးတော်မူ၏။ အနိစ္စပါဟုလျှောက်၏။ အနိစ္စမျိုးစင်စစ်ဖြစ်သော ခန္ဓာငါးပါးသည်၊ သုခမျိုးလော၊ ဒုက္ခမျိုးလော ဒုက္ခမျိုးပါဟုလျှောက်၏။

ဒုက္ခမျိုးစင်စစ်ဖြစ်သော ခန္ဓာငါးပါးသည်၊ ငါ၏ကိုယ်ဟု သိမ်းပိုက်ခြင်းငှာ ထိုက်သော အတ္တမျိုး ဟုတ်၏လော မဟုတ်ပါဟုလျှောက်၏။

ဒုက္ခမျိုးစင်စစ်မှန်သည့်အတွက် ငါ၏ကိုယ်ဟု သိမ်းပိုက်ထိုက်သော အတ္တမျိုးမဟုတ်သော ထိုခန္ဓာငါးပါးကို ပုဂ္ဂိုလ်သတ္တဝါဟု ယူထိုက်မည်လော။ မယူထိုက်ပါဟုလျှောက်၏။

ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ပုဂ္ဂိုလ်သတ္တဝါ တခြား၊ ခန္ဓာငါးပါးတခြား ထိုခန္ဓာ ငါးပါး၌ ပုဂ္ဂိုလ်

သတ္တဝါ-တည်၍နေသည်ဟူ၍ရှင်း။ခန္ဓာငါးပါးမှ အလွတ်၌ တည်၍နေသည်ဟူ၍ရှင်း။ ယူထိုက်မည်လော- မယူထိုက်ပါ ၏ဟုလျှောက်၏။ခန္ဓာငါးပါးသည်လည်း။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်။ ခန္ဓာငါးပါးမှအလွတ် ပုဂ္ဂိုလ်သတ္တဝါ ဟူ၍လည်း မရှိ။ထိုသို့ပုဂ္ဂိုလ်,သတ္တဝါဟူ၍ အမှန်အားဖြင့် မရှိသည်သာ စင်စစ်ဖြစ်ပါလျှင် ရဟန္တာ ပုဂ္ဂိုလ်သေလျှင် မြတ်၏ဟု သင် ယူခြင်းသည်။ သင့်လျော်ပါမည်လောဟု မေးတော်မူရာ မလိမ္မာ၍ယူမိပါသည်။ယခုမှာ အရှင်ဟောသော တရားကို ကြားနာရ၍ ထိုမိစ္ဆာ၏ အယူလည်း ပျောက်ကင်းပါပြီ။ သစ္စာလေးပါး တရားကိုလည်း သိပါပြီဟု လျှောက်လေ၏။ ဘဖန်၊ရဟန္တာပုဂ္ဂိုလ်သေလျှင်အသို့ဖြစ်သနည်းဟု သူတပါး တို့က သင့်အားမေးခဲ့သော် အသို့ဖြေမည်နည်းဟုမေးတော် မူပြန်၏။ခန္ဓာငါးပါးသည်၊အနိစ္စမျိုးသာအမှန်ဖြစ်၏။အနိစ္စ မျိုးဟူသမျှသည်။ ဒုက္ခမျိုးအမှန်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၍ပင် မရှိလေရကား။ ရဟန္တာပုဂ္ဂိုလ် သေသည်ဟူ၍လည်းမရှိ။ သေသည်မှနောက်၌ ပြတ်သည်ဟူ၍ရှင်း။ မပြတ်သည်ဟူ၍ ရှင်း။ဆိုခွင့်မရှိ၊ ဒုက္ခမျိုးအမှန်ဖြစ်သော ခန္ဓာငါးပါးသည် သာချုပ်လေ၏။ ကွယ်ပျောက်ခြင်းကို ရောက်လေ၏ဟူ၍ ဖြေပါမည်ဟုလျှောက်လေ၏ (အရှင်သာရိပုတ္တရာ-သာဓု- သာဓု-သာဓုခေါ်တော်မူ၏။

## (၁၀၅) မိမိ၏အဇ္ဈတ္တဖြစ်၍နေသောစက္ခုမှာ

လယ်တီဆရာတော်ဘုရား နိဗ္ဗာနဒီပနီ (နံပါတ်-၁၇၂)
နိရောဓသစ္စာ ဝိဘင်းပါဠိတော်နှင့်အညီ

မိမိ၏အဇ္ဈတ္တ အင်္ဂါဖြစ်၍နေသော စက္ခုမှာ တွယ်တာသော တဏှာ၏ပြတ်ကင်းခြင်းသည်။ မိမိ၏စက္ခု၌ရအပ်သော နိဗ္ဗာန်မည်၏။ မိမိ၏အဇ္ဈတ္တ အင်္ဂါဖြစ်၍ နေကုန်သော သောတ- ဃာန-ဇိဝှာ ကာယတို့မှာ တွယ်တာ ကုန်သော တဏှာတို့၏ပြတ်ကင်းခြင်းတို့သည်။ မိမိ၏သောတ-ဃာန-ဇိဝှာ-ကာယ တို့၌ရအပ်ကုန်သော နိဗ္ဗာန်တို့ မည်ကုန်၏။

မိမိ၏အဇ္ဈတ္တ အင်္ဂါဖြစ်၍နေသော မနောမှာ တွယ်တာသော တဏှာ၏ပြတ်ကင်းခြင်းသည်။ မိမိ၏မနော၌ ရအပ်သော နိဗ္ဗာန်မည်၏။

## (၁၀၆) တလံမျှလောက်သော သညာရှိသော

လယ်တီဆရာတော်ဘုရား နိဗ္ဗာနဒီပနီ နံပါတ်-၁၇၃

တလံမျှလောက်သောသညာရှိသော စိတ်နှင့်တကွသော ဤအကောင်ပုပ်၌ ဒုက္ခသစ္စာဟူသော လောကကိုလည်း ငါဘုရား ပညတ်တော်မူ၏။ဒုက္ခသစ္စာဟု ဆိုအပ်သောလောက၏ ဖြစ်ပွါးကြောင်းကိုလည်း ငါဘုရား ပညတ်တော်မူ၏။ ဒုက္ခသစ္စာဟုဆိုအပ်သော လောက၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကိုလည်း ငါဘုရား ပညတ်တော်မူ၏။ဒုက္ခသစ္စာဟုဆိုအပ်သော လောက၏ချုပ်ဆုံးရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း ငါဘုရားပညတ်တော်မူ၏။

## (၁၀၇) နိဗ္ဗာန်စကားကိုပြောဆိုသောအခါ၌

လယ်တီဆရာတော်ဘုရား နိဗ္ဗာန ဒီပနီ နံပါတ်-၁၇၄
နိဗ္ဗာန်နှင့်နီးသူ

နိဗ္ဗာန်စကားကို ပြောဆိုသောအခါ၌ အမှန်ကိုပြောဆို မိသည်ဖြစ်စေ၊ မမှန်ကိုပြောဆိုမိသည်ဖြစ်စေ၊ ထိုအလုပ်ကို အားထုတ် ကြိုးစားသော သူဖြစ်ပေလျှင် ဟုတ်မှန်သော နိဗ္ဗာန်နှင့်တနေ့တခြားနီး၍ သွားသောသူမည်၏။သာသနာ တော်တွင်း၌ လူအဖြစ်ကိုရသော ယခုဘဝသည်။ နိဗ္ဗာန်၏ အနီးအပါးသို့ ဆိုက်၍နေသော ဘဝပေတည်း။

## (၁၀၈) ကောင်းစွာကျင့်သောသူသည်

နိဗ္ဗာန်အကြောင်း မိလိန္ဒပညာဝတ္ထု နံပါတ်-၃၇၆-၃၈၁

ကောင်းစွာကျင့်သောသူသည်။ နိဗ္ဗာန်ကို မျက်မှောက် အာရုံပြု၏။ ဖြစ်ဆဲနိဗ္ဗာန်ဟူ၍ငင်း။ ဖြစ်ပြီးနိဗ္ဗာန်ဟူ၍ငင်း။ ဖြစ်လတံ့ နိဗ္ဗာန်ဟူ၍ငင်း။ ကာလသုံးပါးနှင့် ယှဉ်၍ မျက်မှောက်မပြု၊စင်စစ်သော်ကား။ကောင်းစွာကျင့်သောပုဂ္ဂိုလ်သည်။အကြင်နိဗ္ဗာန်ဓါတ်ရှိ၏၊ထိုနိဗ္ဗာနဓါတ်ကိုမျက်မှောက်ပြု၏။**နိဗ္ဗာန်၏စုဝေး၍တည်ရာအရပ်သည်မရှိ၊** နိဗ္ဗာန်မည်သောတရားသည်။ထင်ရှားရှိသည်သာတည်း။ ကောင်းစွာကျင့်သောသူ၊ ယောနိသောမနသိကာယ၊ ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

## (၁၀၉) မီးပွတ်မည့်သူရှိ၍ပွတ်လျှင်

သေက္ခတောင် ဦးတိလောကပဏ္ဍိတဒေဒနိယ(နံပါတ်-၄၃၈)

မီးပွတ်မည့်သူရှိ၍ ပွတ်လျှင် ဘယ်အခါမဆို မီးရနိုင်ဖြစ်နိုင်ကြောင်း။ ဓလောက၌ မီးအမြဲရှိ၏ဟုဆိုရဘိသကဲ့သို့၊ သေမည့်သူရှိလာ၍သေလျှင် ဘယ်ခါမဆိုသေခြင်းဖြစ်နိုင်သောကြောင့် လောက၌ သေမင်းအမြဲရှိသည်ဟု ဆိုရဘိသကဲ့သို့ ဤနိဗ္ဗာန်၏အမြဲရှိနေပုံကို သိမှတ်ကြ။

## (၁၁၀) နိဗ္ဗာန်သည်၊ နိဗ္ဗာန်ကိုအာရုံပြု၍နေသော

သေက္ခတောင်ဦးတိလောက ပဏ္ဍိတဒေဒနိယ နံပါတ်-၃၄၈

နိဗ္ဗာန်သည်၊ နိဗ္ဗာန်ကို အာရုံပြု၍နေသော ပုဂ္ဂိုလ်ရှိရာအရပ်မျက်နှာမှာရှိ၏၊ ထိုပုဂ္ဂိုလ်နေသည့်နေရာရှိ၏။ ထိုပုဂ္ဂိုလ်၏။ မဂ်စိတ်၊ ဖိုလ်စိတ်၌တည်၏။

နိဗ္ဗာန်ဆိုတာ ဒုက္ခချုပ်ခြင်း၏ ရှေ့ကဆီး၍ နေမြဲ ရှိမြဲဓမ္မဘာတည်း။

(ပဏ္ဍိတဝေဒနိယ နံပါတ်-၄၄၁။)

## (၁၁၁) မြတ်စွာဘုရားသက်န်းတော်ပမာဏ

မုံရွေး ဇေတဝန်ဆရာတော် သမန္တစက္ခုဒီပနီ(နံပါတ်-၁၄၅)

မြတ်စွာဘုရား သင်္ကန်းတော်သည်၊ မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျား ကိုးထွာ၊ အနံခြောက်ထွာရှိ၏။ မဇ္ဈိမပုရိသအတောင်ဖြင့်ကား အလျားတဆဲ့သုံးတောင်ထွာ အနံကိုးတောင်ရှိ၏။ ပကတိလူတို့ အတောင်ဖြင့်ကား အ

လျား အတောင်နှစ်ဆယ်နှင့်ခြောက်သစ်၊အနံ တဆယ့်သုံး တောင်ထွာဖြစ်၏။ (ခုဒ္ဒသိက္ခာ ဋီကာဘဲ့လာ၏။)

ဗုဒ္ဓ ဝါဒီပုဂ္ဂိုလ်များ သိရှိကြည်ညိုတော်မူကြရန် ရည်ရွယ်ပါသည်။

(၁၁၂) မြတ်စွာဘုရား ရုပ်ထုတော်များမှာ အဘယ် အကြောင်းကြောင့် နားရွက်တော်ကို အလွန် ရှည်လျားစွာ ထုလုပ်လေသည်။ လက်တော် ချခြင်း၊ ပိုက်ခြင်း၊ လက်ကတော့ တင်ခြင်း၊ ခြေတော်ကို ဖေါ်၍ ထားခြင်းတို့ကို ထုလုပ် လေသနည်း။

(မုံရွေးဇေတဝန်ဆရာတော် သမန္တစက္ခုဒီပနီ နံပါတ်-၂၆၅)

ဘုရားမြတ်စွာ ရုပ်ထုတော်များမှာ အဘယ်အကြောင်း ကြောင့် နားရွက်တော်ကို အလွန်ရှည်လျားစွာ ထုလုပ်လေ သည်။လက်တော်ချခြင်း၊ပိုက်ခြင်း၊ လက်ကန်တော့တင်ခြင်း ခြေတော်ကို ဘော်၍ထားခြင်းတို့ကို ထုလုပ်လေသနည်း။ ဟူ၍မေးရာ။

အဖြေမှာ။ ။သက်တော်ထင်ရှားရှိသော ဘုရားကိုယ် တော်စစ်ကပင် နားရွက်တော်ရှည်သောအဖြစ်ကို အသီတာ နုဗျဉ္ဇနလက္ခဏာတော်အရာ၌။ အယတ၊ ရုစိကဏ္ဏ၊ ရှည်သော နားနှစ်လိုဘွယ်သောနားရှိသောအဖြစ်ဟုဆိုသည်။ ဤသို့ဆို သောလက္ခဏာနားတော်ကိုထောက်၍ရုပ်ထုတော်မှာလည်း

ကျမ်းဂန်နှင့် ညီအောင် နားရွက်တော်ကို အရှည်ထား၍ ထုလုပ်လေသည်။ဤလက္ခဏာတော်သည်။ဘုရားသခင်တို့မှာ သာ ပါလာသည်မဟုတ်။ စကြာမင်းတို့မှာလည်း ပါလာ သည်ဖြစ်၍ စကြာမင်း၏အရုပ်ကို ထုလုပ်သောအခါလည်း။ ရှည်သောနားရွက်နှင့်ပင် ထုလုပ်ခြင်းသည်သင့်ရာ၏။

မြတ်စွာဘုရားသခင် လက်တော်ချခြင်း။ ပိုက်ခြင်း။ လက်ကန်တော့တင်ခြင်း၊ ခြေတော်ကို ခွေဘော်ပြ၍ထားခြင်း တို့မှာ ကျမ်းဂန်ဆက်ဆက်အားဖြင့်မတွေ့ပေ"ရှေးဆရာတို့၏ စကားကိုကြားသိဘူးသည်မှာ ဘုရားသခင်ကိုယ်တော် ထင် ရှားရှိတော်မူသောကာလ ဗုဒ္ဓလက္ခဏာကို တတ်သိကုန် သော ရသေ့ပညာရှိ၊ပုဏ္ဏားပညာရှိတို့က အောင့်မေ့ကြံစီ သည်ကား။ရှင်ဂေါတမသည်၊ ဘုရားဟုဝန်ခံ၏။ ဘုရားလက္ခ ဏာရှိမှ ဘုရားမှန်ရာသည်။ ဘုရားလက္ခဏာနှင့် ပြည့်စုံအံ့ လောဟုမပြတ်လာ၍ရင်း။ တပါးသောသူတို့ကို စေလွှတ်၍ ရင်း။ ကြည့်ရှုစေသည်။ ဘုရားသခင်လည်း။ ဤသို့ဝေနေယျ တို့ကိုချီးမြှောက်လိုသည်ဖြင့် မိမိတို့၏ ယုံမှားခြင်းကိုပျောက် စေလို၍လက်တော်၌ရှိသော လက္ခဏာ-ခြေတော်၌ ရှိသော လက္ခဏာတော်စသည်တို့ကိုမြင်စေလို၍ ယခုထုလုပ်ကြသော ရုပ်ထုကဲ့သို့နေတော်မူသည်ဟူ၏။ လက်ဖမိုးတော်၏ ပြည့်ဖြိုး သောအဖြစ်-ရှည်သောလုံးသောလက်ချောင်းတော်ရှိသော အဖြစ်-နီသော လက်သည်းတော် ရှိသောအဖြစ်။ ဤသို့ ပြည့်စုံသော လက္ခဏာတော်တို့ကို မြင်စေလိုသောကြောင့်

လက်တော်ကိုချ၍ လက်ဖမိုးတော်ကိုပြလျက် နေတော်မူသည်။လက်ဝါးတော် အပြင်၌ နူးညံ့သောအဖြစ်–သန့်ရှင်းသောအဖြစ်ကိုသိစေလို၍ လက်ဝါးတော်တဘက် ပြလျက်နေတော်မူသည်။ကြီမည်သော သားကဲ့သို့ မြင်းခေါင်တော်၏-ပြည့်ဖြိုးသောအဖြစ် ဘမျက်တော်၏ မြင့်သောအဖြစ်ကိုသိစေလို၍ ခြေတော်ကိုတင်လျက် နေတော်မူသည်။စက်ဖြင့်မှုတ်အပ်သော ခြေတော်ရှိသည်၏အဖြစ်၊ ရွှေခြေနင်းကဲ့သို့ညီညွတ်သောအပြင်ရှိသည်၏အဖြစ်၊စသည်တို့ကိုမြင်စေလို၍ ဘဝါးကိုပြလျက် နေတော်မူသည်။ ရင်–ညှပ်ရိုး–ပခုံး–လက်ရုံးတည်းဟူသော ခုနစ်အားသောအရပ်၌ ပြည့်ဖြိုးသောအဖြစ်ကို မြင်စေလို၍ လက်ကန်တော့တင်လျက် နေတော်မူသည်။ဆဒ္ဒန်ဆင်မင်း၏နှာမောင်းနှင့်တူသော လက်ရုံးတော်ရှိသော အဖြစ်ကို မြင်စေလို၍ လက်ရုံးတော်ကို ဆန့်လျက်နေတော်မူသည်၊ ဤသို့စသည်တို့ကို မြင်ကုန်သော သူတို့သည်၊ လက္ခဏာတော်နှင့်ပြည့်စုံသော အဖြစ်ကိုသိလေ၏။ သိလေသဖြင့်လည်း၊ ကြည်ညိုခြင်းသို့ ရောက်လေသည်ဟူ၏။ ထိုစကားရပ်သို့ကို ရှေးဆရာကြီးတို့ ကြံဆ၍ပြောလေသလော-ကျမ်းဂန်တွင်ပင် အရိပ်အမြွက် ထင်ပါ၏လောဟုပြောအံ့ ထင်၏။ထင်ကြောင်းကား ပေါက္ခရသာတိပုဏ္ဏားသည်၊ အမ္ဗဋ္ဌလုလင်ကိုစေ၍ ကြည့်စေသည်။ နောက်အခါ ဆရာပေါက္ခရသာတိပုဏ္ဏားသည်။ ကိုယ်တိုင်လာ၍ ကြည့်ရှုလာသည်။ လက္ခဏာတော်အစုံကိုမြင်ရလျှင် ကြည်ညိုလှ၍

ဘုရားရှင် အထံတော်၌ သရဏဂုံ ယူလေ၏။ နောက် သောတာပန်ဖြစ်လေ၏။ သေလပုဏ္ဏားသည်လည်း တပည့် သုံးရာနှင့် ကိုယ်တိုင်လာ၍ကြည့်ရှုလာသည်။ နောက်အခါ ကြည်ညိုလှ ဘုရားရှင်ထံတော်၌ ရဟန်းပြုလျှင် ရဟန္တာ ဖြစ်လေ၏။ ဗါဂရီရသေ့ကလည်း အဇိတ အမှူးရှိသော တပည့်ကြီး ခြောက်ယောက်၊ တပည့်ငယ် ရသေ့ ပေါင်း တသောင်းခြောက်ထောင်တို့ကို စေလွှတ်၍ ကြည့်စေသည်။ နောက်အခါ ဧဟိဘိက္ခုရဟန္တာချည်းဖြစ်ကြလေ၏။ဗြဟ္မာ ယုပုဏ္ဏားကလည်း။ ဥတ္တရလုလင်ကို စေလွှတ်ကြည့်ရှုစေ သည်တွင်။ ဥတ္တရလုလင်သည်၊ ခုနှစ်လတိုင်တိုင်စောင့်နေ၍ ကြည့်ရှုသည်။ နောက်အခါကိုယ်တိုင်လာ၍ ကြည့်ပြန်သည် တွင် မြတ်စွာဘုရား။ ရုပ်လက္ခဏာတော်ကို မြင်လျှင် ကြည် ညိုလှသောကြောင့် ခြေမတော်ကိုခံတွင်းဖြင့် ငုံ၍ သရဏဂုံ ယူသည်။ ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးကိုပယ်၍ အနာ ဂါမိဖိုလ်၌တည်လေ၏။ အသက် တရာ့နှစ်ဆယ်ပြည့် သေ၍ အထက် ဗြဟ္မာပြည်တွင်ဖြစ်လေ၏။ထိုသူတို့သည်၊ကြည့်ရှုကြ သော်လည်း။ နှစ်ပါးသော လက္ခဏာမှတပါး ကြွင်းသော လက္ခဏာဘော်တို့ကိုသာမြင်ရ၏။ နှစ်ပါးသော လက္ခဏာကို မူကား မမြင်ရ၊ လျှာတော်ကို ယုံမှားခြင်းရှိသည်တွင် ရှည် သော လျှာတော်ရှိသည်၏အဖြစ်ကိုမြင်စေလို၍ နားတွင်း တော်သို့သွတ်သွင်းတော်မူ၏။နူးညံ့သော လျှာတော်ရှိသည် ၏အဖြစ်ကိုသိစေလို၍ နှာခေါင်းတွင်းသို့ သွတ်သွင်းတော်

မှုသည်။ ပြုန့်သောအဖြစ်ကို သိစေတော်မူလို၍ နဖူးတော်ကို အုပ်တော်မူသည်။ နိမိတ်တော်ကိုသိစေလို၍ တန်ခိုးတော်ဖြင့် ဖန်ဆင်း၍ပြသည်။ ထိုအကြောင်းများကို ဒီဃနိကာယ်အမှဋ္ဌ သုတ် မဇ္ဈိမ နိကာယ် သေလသုတ် ဗြဟ္မာယုသုတ် စသော ပါဠိအဋ္ဌကထာတို့၌လာသည်ကား ဒုမျိုးပင်ဖြစ်၏။ ဆရာ မြတ်တို့လည်း။ အတ္တနောမတိမဟုတ်-ပရမ္ပရာဘတဝါစနာ မဂ္ဂကောလည်း-ပရမ္ပရာဘတဝိနိစ္ဆယည်း ဖြစ်သော ဆရာ တို့၏။ လဒ္ဓဲါပဒေသပင် ဖြစ်ရာသောကြောင့်-ယမုနာနှင့် ဂင်္ဂါရေသည် မခြားမပြားသကဲ့သို့ ကျမ်းဂန်လာစကားနှင့် ဆရာမြတ်တို့၏ စကားသည်။ အလွန်ညီလှ၏ဟုမှတ်သင့်၏။ (သိကောင်းစရာ ဂုဏ်တော်များဖြစ်၍ တင်ပြပါသည်။)

## (၁၁၃) သုတ်ပါထေယျ လက္ခဏာသုတ်၌ လာသော မြတ်စွာဘုရား၏ ၃၂-ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီးများ

လယ်တီဆရာတော်ဘုရား သာသနသမ္ပတ္တိ ဒီပနီ (နံပါတ် ၁၇၀၊ ၁၇၁)

(၁) မြေ၌တညီတညွတ်တည်း တည်သော ခြေဘဝါး တော်အပြင်ရှိတော်မူခြင်း။

(၂) တင့်တင့်-တယ်တယ်၊ ရှည်သွယ်သော ဖဝေါင့်ရှိ တော်မူခြင်း။

(၃) အကန့်အကွက် တထောင်ရှိသော စက်လက္ခဏာ တို့ဖြင့်ပြည့်သော ခြေရှိတော်မူခြင်း။
(၄) ရှည်သွယ် ပြေ့ပျောင်းသော ခြေချောင်း-လက်ချောင်းရှိတော်မူခြင်း။
(၅) နူးညံ့ပျိနုသော ခြေဘဝါးအပြင်၊ လက်ဘဝါး အပြင်ရှိတော်မူခြင်း။
(၆) ရွှေပွတ်လုံး ကိုစီဘိသကဲ့သို့ အဆစ်ခြင်း၊ အဖျားခြင်း ညီသော ခြေချောင်း လက်ချောင်းအစွန်ရှိတော်မူခြင်း။
(၇) အထက်သို့စွင့်၍ မြင့်သော ဖမျက်ရှိတော်မူ၏။
(၈) ဈေးမည်သော သားကောင်၏သလုံး။ (စပါးဖုံး) ကဲ့သို့ လုံးချောင်း ချောပြေသော သလုံး မြင်းခေါင်း ရှိတော်မူ၏။
(၉) ကိုယ်တော်ကို မကိုင်းမညွတ်မူ၍ ပုဆစ်ဒူးဝန်းကို သုံးသတ်နိုင်အောင် ရှည်သွယ်သော လက်ရုံး၊ လက်မောင်း ရှိတော်မူခြင်း။
(၁၀) အအိမ် (အရေအိတ်)ဖြင့် ဖုံးလွှမ်း အပ်သော ပုရိသနိမိတ်ရှိတော်မူခြင်း။
(၁၁) ရွှေစင်ဇမ္ဗူရာဇ် လျှော်ဦးသစ်ကဲ့သို့ပြေပြစ်ထိန်ဝါသော အရေအဆင်း ရှိတော်မူခြင်း။
(၁၂) သိမ်မွေ့ နူးညံ့သော အသား၊ အရေတော် ရှိတော်မူ၏။

(၁၃) တခုတခုသော မွေးတွင်း၌ တပင်စီသာ ပေါက်သော မွေးညှင်းရှိတော်မူ၏။

(၁၄) အထက်သို့ ကော့ရရော့ မြော်သော အမွေးရှိတော်မူ၏။

(၁၅) ပြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ် ချောပြေသော ကိုယ်ရှိတော်မူ၏။

(၁၆) ခြေဖမိုးအစုံ-လက်ဖမိုးအစုံ ပခုံးစွန်း အစုံ-လည်ဂုတ်တော်ဟု ဆိုအပ်သော (၇) ဌာနတို့၌ ထက်ကြွဖြိုးမောက်သော အသားအရေ ရှိတော်မူ၏။

(၁၇) ခြင်္သေ့မင်း၏၊ ရှေ့ကိုယ်ထက်ဝက်ကဲ့သို့ ပြည့်ဖြိုး ကြံ့ခိုင်သော ကိုယ်ရှိတော်မူခြင်း။

(၁၈) ကျောရိုးကြောင်း မထင် တပြင်တည်း ဖြိုးသော လက်ပြင်ဇကျောသား ကျောရေရှိ တော်မူခြင်း။

(၁၉) ပညောင်ပင်၏ အဟန်ကဲ့သို့ အလံနှင့် အရပ်မျှသဖြင့် ပြည့်ဝန်းနှိုင်းညှိ တိတိညီမျှသော ကိုယ်ရှိတော်မူ၏။

(၂၀) ရွှေမရိုးစည်ကဲ့သို့ ညီညွတ် လုံးစည်းသော လည်ပင်း လည်တိုင် ရှိတော်မူခြင်း။

(၂၁) လည်ပင်း၌ ဆုံစည်း ကုန်လျက် ရသဓါတ်ဆီ ရသဓါတ်ညွန့် တို့ကို တကိုယ်လုံး နှံ့အောင် ဆောင်သည့် တထောင်သော အရသာကြော ရှိတော်မူ၏။

(၂၂) ခြင်္သေ့မင်း၏ အောက်မေးနှင့် တူသော မေးရှိတော်မူ၏။
(၂၃) လေးဆယ် အရေအတွက်ပြည့်သော သွားအစဉ်ရှိတော်မူ၏။
(၂၄) လွှဖြင့်တိသကဲ့သို့ ညီညွတ်သော သွား ရှိတော်မူ၏။
(၂၅) မကြဲမခေါ်မူ၍ အလွန်စေ့သော သွားအစဉ်ရှိတော်မူ၏။
(၂၆) သောက်ရှူး ကြယ်အတူ၊ ဆွတ်ဆွတ် ဖြူ သော အစွယ်လေးဆူရှိတော်မူ၏။
(၂၇) နှုတ်တော်ပြင်ကို ဖုံးလွှမ်း၍နှံ့ အောင်အလွန်ပြန့်ကျယ်သော လျှာရှိတော်မူ၏။
(၂၈) ဗြဟ္မာမင်း၏ အသံကဲ့သို့ ရှစ်တန် အင်္ဂါ-ပြည့်စုံစွာလျှင် သာယာချိုမြိန်သော အသံရှိတော်မူ၏။
(၂၉) ပိတုန်းတောင် ကဲ့သို့ အလွန် ညိုမှောင် သော မျက်နက်ဝန်းရှိတော်မူ၏။
(၃၀) နွားငယ်၏ မျက်ကွင်းကဲ့သို့ ပွင့်လင်း ရွှန်းကြည်သော မျက်ကွင်းရှိတော်မူ၏။
(၃၁) မျက်ခုံးနှစ်ဘက်တို့၏ အလယ်သောက်ရှူးကြယ် အသွင် ငွေနန်းချည် အမျှင် ကဲ့သို့-ဖြူစင်ဝင်းသစ် လက်ျာရစ်ရှိ-စိန်ကြယ်ပွင့် ပုံကဲ့သို့ ဥဏ္ဏာလုံမွေးရှင်တော်ခေါ်လည်း ရှိတော်မူ၏။

(၃၂) ရွှေပြားကိုပတ်သကဲ့သို့ နဖူးသင်းကျပ်ဖြင့် ချယ်လှယ်အပ်သော ဦးခေါင်းလည်းရှိတော်မူ၏။

## (၁၁၄) ဗုဒ္ဓပွင့်ပုံအကျဉ်း

ကပိလဝတ်ပြည် သုဒ္ဓေါဒန မင်းတြားကြီးနှင့် မိဖုရားကြီး မာယာဒေဝီတို့မှ သုံးလောက မှန်တင်း တရားမင်းဖြစ်တော်မူမည့် သိဒ္ဓတ္ထမင်းသားကို ဖွါးမြင်တော်မူခဲ့လေသည်။ ဖွါးမြင်ဘော် မူရာဌာနကား ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား၀ယ်၊ နှစ်ပြည်သားတို့အတွက် ပြုစု၍ထားအပ်သော အင်ကြင်း ဥယျာဉ်တော်ကြီးပေတည်း။ သက်တော် ၁၆–နှစ်အရွယ်သို့ အရောက်တွင် ခမည်းတော်က ဒေဝဒဟပြည်ရှင် သုပ္ပဗုဒ္ဓမင်းတြားကြီး၏ သမီးတော် ဘဒ္ဒကစ္စာနာ (ယခုသော်ခရာဗိမ္ဗာဒေဝီ) နှင့်စုံဖက်၍ ပေးတော်မူပြီးလျှင် ကြီးစွာသော မင်းစည်းစိမ်ကို ခံစားတော်မူစေလေသည်။ သက်တော် ၂၉–နှစ်အထိ၊ ၁၃–နှစ်တိုင်တိုင်ကြီးလှစွာသော မင်းစည်းစိမ်ကို ခံစားတော်မူ၍ သားတော် ရာဟုလာအား မွေးဖွါးတော်မူသည့်နေ့မှာပင် သူအို–သူနာ–သူသေ၊ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကို တွေ့မြင်တော် မူသောကြောင့် တရားအရကြီးရကာ သံသရာဝဋ်မှ ကင်းလွတ်သည့် နည်းလမ်းကို ရှာဖွေတော်မူရန်– ချစ်လှစွာသော ကြင်ယာတော်–ရင်သွေးတော်စသည်တို့နှင့်တကွ ပြည်ကြီးစည်းစိမ်ကို စွန့်လွှတ်တော်မူပြီးလျှင် တောထွက်တောမူခဲ့လေ၏။

ဥဒ္ဒုဝေလတော အတွင်း၌ ၆-နှစ်ပတ်လုံး ပြုကျင့်နိုင်ခဲ့သည့်အကျင့်ကို ကျင့်တော်မူပြီးနောက် (ဗုဒ္ဓဂယာ) ဟောဗောဓိပင်အောက်ဝယ် အမှန်လေးချက် တရားစက်ကို ခွဲခြက်သိမြင်တော်မူသည့်၊ ဗုဒ္ဓဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူလေသည်။

ဗုဒ္ဓဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးလျှင် သံသာရာဝဋ်မှ ကင်းလွတ်ကြောင်း ဖြစ်ခသော တရားတော်များကို (၄၅) နှစ်ပတ်လုံးဟောကြားတော်မူပြီးနောက်၊ ကုသိနာရုံပြည်အနီးရှိ အင်ကြင်းဥယျာဉ်အတွင်းဝယ်။ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပေရာ။ ယခုနှစ်ပေါင်း (၂၅၀၉) နှစ် ကြာခဲ့ပြီဖြစ်ပေကြောင်း။

# (၁၁၅)(က) စကြာဝဠာတခုပုံ




မှတ်ချက်။ ။မြင့်မိုရ်တောင်သည်၊ ရေထဲ၌ ယူဇနာ ၈၄၀၀၀-နစ်၏။ရေပေါ်၌လည်း ယူဇနာ-၈၄၀၀၀ မြင့်၏။ အသက်သိပ် မျက်နှာပြင် အလျားအနံသည်လည်း ယူဇနာ

၈၄၀၀၀-ပင်ဖြစ်၏။ လုံးပတ်မှာ ယူဇနာ ၂၅၂၀၀၁-ရှိ၏။ ပုံသဏ္ဍာန် မရိုးစည်ကဲ့သို့ရှိ၏။ မြင့်မိုရ်တောင်၏ ထိပ်တွင် တာဝတိံသာနတ်ပြည်တည်၏။ မြင့်မိုရ်တောင်၏ အောက် လုံလောက်သုံးချကြား၌ အသူရာပြည်တည်၏။ (၈ ယူဇနာ- ၁၃-မိုင်နှင့် နှစ်ပိုင်းတပိုင်းမိုင်။)

မှတ်ချက်-ပရမတ္ထစကၠူ၊ နံပါတ်-၂၆၉ မှ။

အရှေ့ခုနှစ်ရာ၊ အနောက်ငါးရာ၊မြောက်မှာတထောင် တောင်မှာမမြဲ လေးကျွန်းသူ-လူတို့ အသက်ကို မှတ်စွဲယူ၊

## (၁၁၅) (ခ) ဘုံသုံးဆယ်တစ် ရှင်းတန်း

(၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ် လေးဘုံ။

(၂) လူ့ဘုံ၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ တုသိတာ၊နိမ္မာနရတိ၊ပရနိမ္မိတဝသဝတ္တီ။

## ကာမသုဂတိ ခုနှစ်ဘုံ

၄။ ပဌမဈာန် ၃-ဘုံ။ ။ဗြဟ္မာပါရိသဇ္ဇာဘုံ၊ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၏ ၃-ပုံတပုံ အသက်ရှည်၏။

ဗြဟ္မပုရောဟိတာဘုံ။ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်၏ တဝက်အသက်ရှည်၏။

မဟာဗြဟ္မာဘုံ။ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၏ တကပ် လုံးအသက်ရှည်၏။

(၅) ဒုတိယဈာန်သုံးဘုံ။ ။ပရိတ္တာဘာဘုံ၊ အသင်္ချေယျ ကပ် လေးကပ်၊ တကမ္ဘာအသက်ရှည်၏။

အပ္ပမာဏာဘာဘုံ။ အသင်္ချေယျကပ်လေးကပ် ၄-ကမ္ဘာ အသက်ရှည်၏။
အာဘဿရာဘုံ။ အသင်္ချေယျကပ် လေးကပ် ၈-ကမ္ဘာ အသက်ရှည်၏။

(၆) တတိယစျာန်သုံးဘုံ။ ။ပရိတ္တာသုဘာဘုံ။ အသင်္ချေယျကပ်လေးကပ်။ ၁၆-ကမ္ဘာ အသက်ရှည်၏။
အပ္ပမာဏာသုဘာဘုံ။ အသင်္ချေယျကပ် ၃၂-ကမ္ဘာ အသက်ရှည်၏။
သုဘကိဏှာဘုံ။ အသင်္ချေယျကပ် ၆၄-ကမ္ဘာ အသက်ရှည်၏။

(၇) ရုပ်သာရှိ၍ နာမ်မရှိသည့် အသညသတ်ဘုံ။
အသင်္ချေယျကပ်လေးကပ်။ ၅၀၀-ကမ္ဘာ။ အသက်ရှည်။

(၈) ဝေဟပ္ဖိုလ်ဘုံ။ အသင်္ချေယျကပ် လေးကပ် ၅၀၀-ကမ္ဘာ အသက်ရှည်၏။

(သုဒ္ဓါဝါသ ၅-ဘုံ)

(၁) အဝိဟာဘုံ ၁၀၀၀-ကမ္ဘာအသက်ရှည်၏။
(၂) အာတပ္ပါဘုံ ၂၀၀၀-ကမ္ဘာ အသက်ရှည်၏။
(၃) သုဒဿာဘုံ ၄၀၀၀-ကမ္ဘာအသက်ရှည်၏။
(၄) သုဒဿီဘုံ ၈၀၀၀-ကမ္ဘာအသက်ရှည်၏။
(၅) အကနိဋ္ဌဘုံ ၁၆၀၀၀-ကမ္ဘာအသက်ရှည်၏

(နာမ်သာရှိသောအရူပလေးဘုံ)

(၁) အာကာသာနဉ္စာ ယတနဘုံ။ ၂၀၀၀၀-ကမ္ဘာ အသက်ရှည်၏။

(၂) ဝိညာနဉ္စာယတနဘုံ။ ၄၀၀၀၀-ကမ္ဘာ အသက်ရှည်၏။

(၃) အာကိဉ္စညာယတနဘုံ။ ၆၀၀၀၀-ကမ္ဘာ အသက်ရှည်၏။

(၄) နေဝသညာ နာသညာယတနဘုံ ၈၄၀၀၀-ကမ္ဘာ အသက်ရှည်၏။

(ဝတ္ထုဂိရိနိဗ္ဗာန်ဆိပ်ဦး နံပါတ်-၁၄၂။)

# (၁၁၆) ဘုံသုံးဆယ်တစ်

## ဘုံသုံးဆယ်တစ်

နေဝသညာ
နာသညာယတနာဘုံ

အာကိဉ္စညာယတနာဘုံ

ဝိညာနဉ္စာ ယတနာဘုံ

အာကာသာနဉ္စာ ယတနာဘုံ

အကနိဋ္ဌဘုံ

သုဒဿီ ဘုံ

သုဒဿာ ဘုံ

အာတပ္ပါ ဘုံ

အဝိဟာ ဘုံ

| | |
|---|---|
| ဝေဟပ္ဖိုလ် | အသညသတ် |

| | | |
|---|---|---|
| ပရိတ္တာသုဘာ | အပ္ပမာဏသုဘာ | သုဘကိဏှာ |
| ပရိတ္တာဘာ | အပ္ပမာဏာဘာ | အာဘဿရာ |
| ဗြဟ္မာပါရိသဇ္ဇာ | ဗြဟ္မာပုရောဟိတာ | မဟာဗြဟ္မာ |

ပရနိမ္မိတဝသဝတ္တီ

နိမ္မာနရတီ

တုသိတာ

ယာမာ

တာဝတိံသာ

စတုမဟာရာဇ်

မနုဿလူ့ဘုံ

| | | | |
|---|---|---|---|
| င-ရဲ | တိရိစ္ဆာန် | ပြိတ္တာ | အသူရကာယ် |

## (၁၁၇) ဘုံ(၃၁)၏ အနိမ့်အမြင့် အကွာအဝေး

လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံ ယူဇနာ ၄၂၀၀၀-ကွာ၏။ နတ်ပြည်ခြောက်ထပ်လည်း တထပ်နှင့်တထပ် ယူဇနာ ၄၂၀၀၀ စီ၊ အသီးသီး အမြင့်ကွာခြားကြလေ၏။

ထို့ကြောင့် လူ့ဘုံနှင့် ပရနိမ္မိတဝသဝတ္တီ၊ ယူဇနာ ၂၅၂၀၀-အမြင့်ကွာခြား၏။

ပရနိမ္မိတဝသဝတ္တီဘုံနှင့် ပဌမစျာန်သုံးဘုံ၊ ယူဇနာ ၅၅၈၀၀၀-အမြင့် ကွာခြား၏။ ကျန်သော ဗြဟ္မာဘုံတို့သည်လည်း။ တဘုံနှင့်တဘုံ ယူဇနာ ၅၅၈၀၀၀-ဆမြင့်ကွာခြား၏။ထို့ကြောင့် လူ့ဘုံနှင့် နေဝသညာ-နာသညာယတနဘုံသည်။ ယူဇနာပေါင်း ၇၁၈၅၀၀၀-ကွာခြား၏။

## (၁၁၈) လူ့အသက်နှင့်နတ်အသက်နှိုင်းယှဉ်ပုံ

မော်လမြိုင်တောင်လေးလုံးကျောင်း ဦးစက္ကိန္ဒ ရေး၊ သံသာရ ငွေဝိမောက္ခကျမ်း (နံပါတ် ၂၅၃-၂၅၆-၅၇)

(၁) လူ့ပြည်၌၊ နှစ်ပေါင်း ၅၀၊ စတုမဟာရာဇ်၌၊ တနေ့နှင့်တည။

(၂) လူ့ပြည်၌ နှစ်ပေါင်း ၁၀၀-တာဝတိံသာ၌ တနေ့နှင့်တည။

(၃) လူ့ပြည်၌ နှစ်ပေါင်း-၂၀၀၊ ယာမာ၌ တနေ့နှင့်တည။

(၄) လူ့ပြည်၌ နှစ်ပေါင်း ၄၀၀-တုသိတာ၌ တနေ့နှင့်တည။

(၅) လူ့ပြည်၌ နှစ်ပေါင်း ၈၀၀-နိမ္မာနရတိ၌ တနေ့ နှင့်တည်။
(၆) လူ့ပြည်၌ နှစ်ပေါင်း ၁၆၀၀-ပရနိမ္မိတဝသဝ တီ တနေ့နှင့်တည်။

(တယူဇနာ တဆဲ့သုံး နှစ်ပိုင်းတပိုင်မိုင်။)

## (၁၁၉) နတ်သက်တန်းနှင့် လူ့အသက် နှိုင်းယှဉ်ပုံ

မော်လမြိုင် တောင်လေးလုံးကျောင်း ဦးစက္ကိန္ဒရေး သံသာရ ဝဋ္ဋဝိမောက္ခကျမ်း နံပါတ် ၂၅၅-၂၅၆-၂၅၇

(၁) စတုံမဟာရာဇ်နတ်သက်-၅၀၀။လူ့အသက် အနှစ် ကိုးသန်း။
(၂) တာဝတိံသာ နတ်သက်-၁၀၀၀။ လူ့အသက် ၃-ကုဋေ၊ ၆-သန်း။
(၃) ယာမာနတ်သက်-၂၀၀၀။လူ့အသက် ၁၄-ကုဋေ ၄-သန်း။
(၄) တုသိတာ နတ်သက်-၄၀၀၀။ လူ့အသက်-၅၇ ကုဋေ၊ ၆-သန်း။
(၅) နိမ္မာနရတိနတ်သက်။ ၈၀၀၀၊ လူ့အသက် ၂၃၀ ကုဋေ၊ ၄-သန်း။
(၆) ပရနိမ္မိတဝသဝတီ နတ်သက်-၁၆၀၀၀။ လူ့ အသက်-၉၂၁ ကုဋေ၊ ၆-သန်း။

## (၁၂၀) ငရဲသက်နှင့် လူ့သက် နှိုင်းယှဉ်ချက်

ဒိပဲယင်းဆရာတော် ပရမတ္ထစက္ခုကျမ်း (နံပါတ်-၂၇၀)

(၁) သိဥ္စိုးငရဲ သက်တရာ၊ လူအသက် နှစ်ပေါင်း ၉-သန်း။

(၂) ကာလသုတ်-ငရဲသက်တရာ လူအသက်နှစ်ပေါင်း ၃-ကုဋေ၊ ၆-သန်း။

(၃) သင်္ဃာတငရဲသက် တရက်၊ လူအသက်နှစ်ပေါင်း ၁၄-ကုဋေ၊ ၄-သန်း၊ ၂၀၀၀။

(၄) ရောရုဝ ငရဲသက်တရက်၊ လူအသက် နှစ်ပေါင်း ၅၇-ကုဋေ၊ ၆-သန်း၊ ၄၀၀၀။

(၅) မဟာရောရုဝ ငရဲသက် တရက်။ လူ့အသက်နှစ် ပေါင်း ၂၃၀-ကုဋေ၊ ၄-သန်း၊ ၈၀၀၀။

(၆) တာပနငရဲသက်တရက်။ လူ့အသက် နှစ်ပေါင်း ၉၂၁-ကုဋေ၊ ၆-သန်း၊ ၁၆၀၀၀။

(၇) မဟာတာပန ငရဲသက်တရက်။ လူ့အသက် နှစ် ပေါင်း အန္တရကပ် ထက်ဝက်။

(၈) အဝီစိငရဲသက် တရက်။ လူ့အသက် နှစ်ပေါင်း အန္တရကပ်တကပ်။

## (၁၂၁) ဗုဒ္ဓသြဝါဒနှင့် သြဝါဒကြီး (၁၀) မျိုး

၁။ မြတ်စွာဘုရား သြဝါဒ၊ ချစ်သား၊ ချစ်သမီးတို့ မ ရမ့မလျော့ မပေါ့သော သတိတရားနှင့် ပြည့်ကြ စေကုန်လော့။

၂။ ရှင်သာရိပုတ္တရာ ဩဝါဒ၊ အကျိုးအကြောင်းနှင့် ရှေ့အစွန်း-နောက်အစွန်းကို သေချာစွာကြည့်။
၃။ ရှင်မဟာမောဂ္ဂလာန်ဩဝါဒ၊ တိရစ္ဆာန်ဘုံ၊ ငရဲရွာ၊ လူ့ရွာ၊ နတ်ရွာ၊ နိဗ္ဗာန်ပြည်တော်ကို ကြည့်။
၄။ အရှင်မဟာကဿဖကိုယ်တော်ဩဝါဒ၊ မိမိကိုယ်ကို ဝတ်သော အဝတ်အစုတ် အပြတ်တို့ကို ဖါထေး၍ ဝတ်ရခြင်း၊ မိမိစားသောအစာ၌ ဆင်းရဲငြိုငြင်စွာ စားရခြင်းသည်၊ ကောင်းလေစွ။
၅။ သားတော်ရာဟုလာဩဝါဒ။ နေ့စဉ်မိမိဦးခေါင်းပေါ်၌ သဲတထုပ်တင်၍ ဤသဲနှင့်အမျှ ဆုံးမည့်သူ ဆရာတွေ့ရလျှင် ကောင်းလေစွ။
၆ စက္ခုပါလ မထေရ်ဩဝါဒ။ တရားအားထုတ်ခြင်း၌၊ မျက်စိ နှစ်ကွင်းအလင်းမရ စုံလုံး ထွက်အောင် အားထုတ်ခြင်းက ကောင်းလေစွ။
၇။ အရှင်ပန္ထဝမထေရ်ဩဝါဒ။ တရားအားထုတ်ခြင်းသည်၊ ဝမ်းဗိုက်တည်းမှ အူတွေအခွေလိုက် ထွက်အောင် အားထုတ်ရလျှင် ကောင်းလေစွ။
၈။ အရှင်တိဿမထေရ် ဩဝါဒ တရား အားထုတ်ရသော် ကျွဲသားစားခံ၍ အားထုတ် ရခြင်းက ကောင်းလေစွ။
၉။ ရှင်မဟာကစ္စည်း မထေရ်ဩဝါဒ အဆင်းနှင့် အ

ရည်အချင်း ပြည့်စုံအောင် တရား နှလုံးသွင်းနိုင်က ကောင်းလေစွ။

၁၀။ အရှင်ယသ မထေရ်ဩဝါဒ နူးညံ့ ပျော့ပြောင်း ပြေပြစ်စွာ တရားတော်ကိုအားထုတ်နိုင်ကကောင်း လေစွ။

## (၁၂၂) ဆရာတော် ၂၅-ပါး၏ ဩဝါဒများ

၁။ ရွှေကျင်ဆရာတော်ဘုရားက၊ သီလနှင့်ပြည့်စုံလျှင် မဆင်းရဲနိုင်။

၂။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားက ယဉ်ကျေးမှုရှိ အောင်နေ။

၃။ ဆရာတော်ဦးသီလအရှင်ဘုရားက မမောက်၊မမော် မကြွားနှင့်။

၄။ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားက၊ သူတော် ကောင်းဖြစ်ခြင်လျှင် ကိုယ်ကျင့်ဘရား လက်မလွှတ် နှင့်။

၅။ ထွင့်ခေါင်ဆရာတော်ဘုရားက နိဗ္ဗာန် လိုချင်လျှင် သူများအတင်း မပြောနှင့်။

၆။ ဆရာတော်ဦးဗုဒ်က သူတထူးကဲ့ရဲ့မှာမကြောက်နှင့် မြတ်စွာဘုရား မျက်နှာတော်ကြည့်။

၇။ မန်လည်ဆရာတော်ဘုရားက ကြီးပွါးခြင်လျှင် ဂုဏ် မလုပ်နှင့်။

၈။ လယ်တီဆရာတော်ဘုရားက နှလုံးသွင်း ကောင်းအောင်နေ။

၉။ အုပ်ဖိုဆရာတော်ဘုရားက ကိုယ်ကကြူး ဒူးမျှမယုံရ

၁၀။ မဟာမြိုင်ဆရာတော်ဘုရားကြီးက ကံ၊ ဉာဏ်၊ ဝီရိယကို ယုံကြည်လျှင်မြူတိမ်ကင်းသောလအရောင်ကဲ့သို့ ထွန်းလတံ့။

၁၁။ အနောက်နိုင်ငံ အီတာလျံ အရှင် ဦးတိလောက နာထ၊ ဆရာတော်ဘုရားက ဗုဒ္ဓဘာသာတရားအာရသာသည်။ အလုပ်လုပ်ကြည့်မှ ကောင်းကြောင်း သိရလိမ့်မည်။

၁၂။ အရှင်အရိယာဝံသဆရာတော်က။ ကိုယ်မကြိုက်တာ မလုပ်နှင့်။

၁၃။ သီးလုံးဆရာတော်ဘုရားက ခန္တီတရားကို အရင်းထား၍ အလုပ်လုပ်။

၁၄။ ဒိပဲရင်းဆရာတော်ဘုရားက မေတ္တာတရားနှင့်ရင်းလျှင် အဘိုးမဆုံးနိုင်။

၁၅။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားက တော်ဖြောင့်-တည့်မတ်စွာနေ။

၁၆။ ရွှေရပ်းမာဆရာတော်ဘုရားက ချမ်းသာ ချင်လျှင် သူများပြောတိုင်းမယုံနှင့်။

၁၇။ ငါးခုံဆရာတော်ဘုရားက သူတော်ကောင်း ဖြစ်

လျှင်-ကိုယ်ကြောင့် သူတပါး စိယ်မဆင်းရဲစေနှင့်။
၁၈။ ကျိုက်ဒိုးဆရာတော်ဘုရားက ထူရာထပ်တော့လေးသည်။ ဖြူရာဖွတ်တော့ ဖွေးသည်။
၁၉။ မကျည်းတော ဆရာတော်ဘုရားက မကြောက်ရအောင် နေရစ်။
၂၀။ ရေငုံဆရာတော်ဘုရားက တယောက်တည်း တဲ့အောင်နေ။
၂၁။ အရိယာဝံသဆရာတော်ဘုရားက။ အလိုရှိတာလုပ်ရစ်။
၂၂။ သံယုတ်ဆရာတော်ဘုရားက ဘယ်ခါမဆို သေဝန့်အောင်နေ။
၂၃။ မန်းကျောင်း ဆရာတော်ဘုရားက နိဗ္ဗာန်လိုလျှင် ကိုယ်တွင်း-ကိုယ်ပ အရာရာသီးခံကြ။
၂၄။ ငါး သား ယောက် တော ရ ကျောင်း ဆရာတော်ဘုရားက ခုကျပ်မှ နောင်ချောင်မည်။ခုချောင်လျှင် နောင်ကျပ်မည်။
၂၅။ ပခုက္ကူတိုက်ကျောင်းဆရာတော်ဘုရားက ဖသေခါမှ အရှက်ကွဲကြမနေ့ဲ။

## (၁၂၃) ချစ်သား ရဟန်းတို့ ငါဘုရားသည်

စတုဂီရိ နိဗ္ဗာန်ဆိပ်ဦး ရှုဘွယ်နံပါတ်(၁၈၂-၁၈၃)

ချစ်သားရဟန်းတို့၊ငါဘုရားသည်၊ ဤသို့သိစေခြင်းငှါကြားပါလျက် ပြပါလျက်၊ သိစေပါလျက်၊ ဖွင့်၍ဟောပါ

လျက်၊ ဝေဘန်၍ဟောပါလျက်၊ မှောက်သည်ကိုလှန်သကဲ့သို့ ဖုံးအုပ်၍ထားသည်ကို၊ ဖွင့်လှစ်သကဲ့သို့ မြှုပ်၍ထားသည်ကို ဖေါ်ထုတ်သကဲ့သို့ ပြပါလျက်၊ အကြင်သူသည် မသိခဲ့အံ့။ မမြင်ခဲ့အံ့။ ချစ်သားရဟန်းတို့၊ မိုက်သည်ဖြစ်၍။ ကိလေသာ အာဒရကြီးသည်ဖြစ်၍ ပညာစက္ခု ကန်းသည်ဖြစ်၍။ ပညာ စက္ခုမရှိသည်ဖြစ်၍ အနိစ္စကို၊ အနိစ္စဟုမသိနိုင်။ ဒုက္ခကို ဒုက္ခဟုမသိနိုင်။ အနတ္တကိုအနတ္တဟု မသိနိုင်သော။ အနိစ္စကို အနိစ္စဟုမမြင်နိုင်၊ ဒုက္ခကို–ဒုက္ခဟုမမြင်နိုင်၊ အနတ္တကို–အနတ္တ ဟုမမြင်နိုင်သော။ ထိုသူကို ငါဘုရားသည်၊ အသို့ပြုနိုင်တော့ အံ့နည်း။ ငါဘုရားအဘယ်သို့မျှ ထိုသူကိုသနားတော် မူခြား သော်သည်း။ ပြုခြင်းငှါ မတတ်နိုင်ပြီ။

ဤသို့မိန့်ချက် ရှေ့နှုတ်ထွက်ကို ထိပ်ထက် တင်ထား၍သိ စေခြင်းငှါ လွန်စွာအားထုတ်သင့်လှပေသည်ဟု သတိကြပ် ကြပ်ရစေ။

## (၁၂၄) အစိန္တေယျဘုရား သနားတော် မူလှသောကြောင်း
စတုဂိရိ ဓမ္မဝိယန္တဘွယ် (နံပါတ်–၅၃၄–၅၃၅)

အစိန္တေယျဘုရား သနားတော်မူလှသောကြောင့် အဆုံး စွန်မသသော လျှောင်းခြင်းဖြင့် ချောင်းတော်မူလျက်အဆုံး စွန်သော ဩဝါဒပေးဖြင့် ပေးတော်မူသော။ ရှေ့နှုတ်လာ ဒေသနာပါဠိ၏ အနက်ကို ပေထက်အက္ခရာ တင်ထား၍။

နေ့ဘက်သားတို့၏အကျိုးကို။ဖွံ့ဖြိုးအောင် ရှက်ဆောင်လိုက် ပေအံ့။ ငါ၏ချစ်သားတို့။ ငါ၏အရွယ်တော်သည်။ အသက် (၇၀)ပြည့်ပြီးဖြစ်၍ အိုမင်းပြီ။ ငါ၏ အသက်တော်သည်။ အရှက်တက်ရှိမျှသာ နေရတော့မည်ဖြစ်၍ နည်းလှပြီ။ ငါ၏ သားဖြစ်ကုန်သော သင်တို့ကို။မေ့မှခန့်အစစ်။ အဘဖြစ်သော ငါသည်။စွန့်ပစ်ထားခဲ့၍ ယခုနေ့သွားရတော့အံ့။ ကြွတော် မူရတော့အံ့။သင်တို့၏ဆရာငါသည်။ငါ၏ကိုးကွယ်မှီခိုရာဖြစ် သော နိဗ္ဗာန်ကိုရပြီ။ သမုဒ္ဒရာပင်လယ်၌ကာလ မြင့်ရှည်စွာ နစ်ရသောသူသည်။ ထိုသမုဒ္ဒရာပင်လယ်မှတက်၍ ကမ်းထိပ် သို့ရောက်သည့်ပမာ။ ချစ်သားတို့၏ဆရာ ငါဘုရားချမ်းသာ ရတော်မူပြီ။ ဤသို့ တပည့်သံဃာတော် အပေါင်းတို့အား နှလုံးငြိမ်ဆေး ပေးတော်မူခဲ့ပေသည်။

စတုဂီရိ သဉ္ဇောဇနဝိစ္ဆေဒရှုဘွယ် (နံပါတ်-၃၃၇)

## (၁၂၅) ပျော်ပျော်-ပါးပါး စားသောက် သုံးဆောင်၍နေခြင်း

ပျော်ပျော်-ပါးပါး စားသောက်သုံးဆောင်၍နေခြင်း ဝဘ်စားတန်ဆာဆင်ရင်ပြုပြင်၍နေခြင်း။လူ့ပြည်,နတ်ပြည် ကို တောင့်တ၍ ရဟန်း,ရှင်,လူ,ဒါန-သီလ စသည်ကိုပြုခြင်း ဤသို့သော တဏှာပွါးကြောင်း သံသရာရှည်လျားကြောင်း ကိုပြု၍နေသောသူသည်။သစ်ပင်ကို ရည်ပင်လိုသောကြောင့် လုံ့လပြု၍ ရေဓလောင်းသကဲ့သို့သစ်ပင်ကိုပွါးအောင် လုံ့လ ပြုသည်မည်၏။

## (၁၂၆) အစိန္တေယျ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော

စတုဂ်ိရိ သညောဇနဝဂ္ဂဒ္ဒေဒ္ဒ္ရှုဘွယ် (နံပါတ်-၂၃၉)

အစိန္တေယျမြတ်စွာဘုရားသည်၊ ဟောတော်မူအပ်သော ကျင့်ဝင့်တရားတော် အမှုဝန်ကို ရွက်ဆောင် ထမ်းခြင်းငှါ မငဲ့သောသူသည်။ မိမွယုတ်ဖြစ်လေရာ၏။ ယောကျ်ားယုတ် ဖြစ်လေရာ၏။ ငါကဲ့သို့သော အမျိုး-သမီးသည်၊ အဘယ် ကြောင့်လျှင် ကျင့်ဝင့်တရားတော်ဝန်ကို မထမ်းဝန့်သော မိမွယုတ်ဖြစ်အံ့နည်း။ ငါကဲ့သို့သော အမျိုးကောင်းသား သည်။ အဘယ်ကြောင့် တရားတော်အမှုဝန်ကို မထမ်းဝန့် သော ယောကျ်ားယုတ် ဖြစ်တုန့်အံ့နည်း။ ဤသို့ သူတော် ကောင်းတို့၏။ကြုံးဝါးခြင်းဖြင့် ကြုံးဝါး၍ တရားအမှုတော် မြတ်ကို ချမ်းသာသုခရလိုသော သူတော်အပေါင်းတို့သည်။ မငြိုးမငွေ့ ပျော်ခမွ့စုံမက် နှစ်သက်ဝမ်းသာ သုထက်ငါ သဒ္ဒါတရားကို ပွါးတတ်စေလျက်။ လုံ့လပြုခွင့်သင့်မြတ်လှ တော့သည်။

## (၁၂၇) တဏှာ,ရာဂအလိုသို့ တော်တော်လိုက်ကြကုန်

စတုဂ်ိရိ သညောဇနဝိဂ္ဂဒ္ဒေဒ္ဒ္ရှုဘွယ် (နံပါတ်-၃၄၄)

တဏှာ-ရာဂအလိုသို့ တော်တော်လိုက်ကြကုန်။ တဏှာ ရာဂအလိုသို့လိုက်၍ ဟိုက်လည်းဟိုက်ဘူးလှလေပြီ။ ယခုပန်း

မောအောင်ဟိုက်ဟိုက်ရသည်လည်း။ ရှေးရှေးသော က လ တကျာ ရာဂအလိုသို့လိုက်၍ မိုက်မိသော အပြစ်ကြောင့်သာ ဖြစ်ရသည်ဟု သတိရကြစေကုန်။ ယခုတဖန် တကျာ-ရာဂ အလိုသို့လိုက်၍ စိတ်ကြိုက် စိတ်ထင်ပြုခြင်းတိုင်းပြုပြန်ကြလျှင် ကိလေသာနွံနှာအုံ့လုံးကြွ၍အဆုံးအစမထင်မမြင်နိုင်အောင် ဘေးဆင်းရဲအပေါင်းကိုခံကြရတော့မည် အငြိုးသာမှတ်။

## (၁၂၈) ဝဋ်ဒုက္ခမှလွတ်ကင်းလိုလျှင်

စတုဂိရိ နိဗ္ဗာန်ဆိပ်ဦး ရှုဘွယ်နံပါတ်(၁၂၂)

ဝဋ်ဒုက္ခမှ လွတ်ကင်းလိုလျှင် ယထာဘူတဉာဏ် သံလုက် ကိုအမြဲလက်စွဲသင့်တော့သည်။ ယထာဘူတဉာဏ်ကိုမရသမျှ ကမ္ဘာအဆက်ဆက်ပင် အတိုင်းမသိ ဒါန-သီလ စသည်ကို ပြုသော်လည်း။မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်မည်မဟုတ်။ ယထာ ဘူတဉာဏ်နှင့် ပြည့်စုံမှသာလျှင် မဂ်,ဖိုလ်,နိဗ္ဗာန် ရလတ္တံ့ သည်။ငါတို့မြတ်စွာဘုရား သာသနာတော်၌လည်း။ ယထာ ဘူတဉာဏ်နှင့်ကင်း၍ ဘစုံတယောက်မျှ။ မဂ်,ဖိုလ်,နိဗ္ဗာန်ရ ဘူးသည်မရှိ ဤသို့သတိရစေ။

## (၁၂၉) ပညာမျက်စိမရှိသောသူသည်

စတုဂိရိ နိဗ္ဗာန်ဆိပ်ဦး ရှုဘွယ် နံပါတ်(၁၃၀)

ပညာမျက်စိ မရှိသောသူသည်၊ သူတို့သည် လောက၌ မင်းဒါက် ရာဇဝတ်ကိုသာ လွန်ကဲစွာ ကြောက်ကုန်သည်။ ဗုဒ္ဓကိစ္စကိုမူကား ပမာဏမပြုကြကုန်။ ဤသို့ဖြစ်ခြင်းကား

အကြားအမြင်မရှိသော လူမိုက်ပုထုဇဉ်တို့၏ အလေ့ဓမ္မတာ ပင်တည်း။

## (၁၃၀) ဦးခေါင်း မီးလောင်သောသူသည်
စတုက္ကနိပါတ် နိဗ္ဗာနဲဆိပ်ဦး ရှုဘွယ် နံပါတ်-၁၃၂

ဦးခေါင်း မီးလောင်သောသူသည်။ ပေါ့ပေါ့-လျှော့လျှော့နေသော်လည်း နေသင့်၏တထောင်ငါးရာကီလေသာ မီးလောင်သောသူသည်။ ပေါ့ပေါ့-လျှော့လျှော့မနေသင့်။ အဘယ်ကြောင့် ဆိုသော် ဦးခေါင်းကို မီးလောင်သောကြောင့်၊ အပါယ်လေးပါးသို့ သွားရမည်လည်း မဟုတ်။ သံသရာ၌လည်း ကမ္ဘာအဆက်ဆက် မွန်းနစ် ရမည်လည်း မဟုတ်။ တထောင်ငါးရာ မီးလောင်သောကြောင့်မူကား အပါယ်လေးသို့လည်း အကြိမ်ကြိမ်-အဖန်ဖန်၊ အတန်တန် အခေါက်ခေါက်ရောက်ကြကုန်ပြီ။ သံသရာဝဲ၌လည်း ကမ္ဘာ အဆက်ဆက် မရေတွက် မချင့်တွက်နိုင် မွန်းနစ်ကြလေပြီ ထို့ကြောင့် ဦးခေါင်းကို မီးလောင်သူ၏ လုံ့လဥဿာဟထက် အဆအရာအဆအထောင်မက သိန်းသန်းကုဋေ မရေတွက် နိုင်အောင်။ တထောင်ငါးရာ မီးလောင်သော သူမြတ်တို့သည်။သတိရရ၊ လုံ့လကို လွန်စွာ မနေမနား ကိုယ်အသက်ကို စွန့်စား၍ အားထုတ်သင့်လှသည်ဟူလို။

## (၁၃၁) အကြွင်းသူသည် လောကီစည်းစိမ်

စတုက္ကနိပါတ်ဆိုင်ဦး ရှုဘွယ် နံပါတ် ၁၄၆

အကြွင်းသူသည်၊ လောကီစည်းစိမ် လောကီချမ်းသာမျှကိုသာ တောင့်တ၍။လွန်ကဲစွာပင် ဒါန-သီလကိုအားထုတ်၏။လုံ့လပြု၏။ထိုသူသည်၊ကိုယ်ကိုကိုယ် ရှင်သံသရာ ဝဋ္ဋဒုက္ခ၌ ရောင်းစား ပေါင်နှံသော သူမည်၏။ အဘယ်ကြောင့်တုံနည်း။ သံသရာ၌ ကမ္ဘာအဆက်ဆက် ပဋိသန္ဓေနေခြင်းမကင်း၊ သေခြင်းမကင်း ဆင်းရဲခြင်းမကင်း။ မငြိမ်းနိုင်အောင်ပြုသောကြောင့်တည်း။

## (၁၃၂) ဆေးတွေ့လျှင် ရှင်မည့်သူဖြစ်ပါလျက်

စတုက္ကနိပါတ်ဆိုင်ဦး ရှုဘွယ် နံပါတ်-၁၃၈

ဆေးတွေ့လျှင် ရှင်မည့်သူဖြစ်ပါလျက် ဆေးမတွေ့သောကြောင့် သေရလိမ့်မည်ကို။ သနားသောကြောင့် ချစ်ခင်လေးမြတ်သော သူတို့သည်။ သမားရှာ၍ ဆေးပေးကုန်သကဲ့သို့ ထိုနည်းတူစွာ မဂ်,ဖိုလ်ရထိုက်ပါလျက် သမားတော်ကြီး၏၊ အနိစ္စ-ဒုက္ခ-အနတ္တဟူသော မဟာသြသထဓမ္မဆေးတော်ကိုမသိ မမြင်၊ မတွေ့ မရသောကြောင့်။ သံသရာဝဋ္ဋဒုက္ခ၌ နစ်မွန်းရလိမ့်မည်ကို နှစ်မြော စုံမက်သောကြောင့် သမားတော်ကြီး၏ အနိစ္စ-ဒုက္ခ-အနတ္တဟူသော ဝိပဿနာမဟာသြသထဓမ္မဆေးတော်ကိုက ကရုဏာ တည်းဟူသော ခွက်ငယ်၌ မေတ္တာတည်းဟူသော ရေချမ်းဖြင့်ဖျော်၍ စတုက္ကနိပါတ်ဆရာသည်။နောင်လာသူတို့အကျိုးငှာ ထားခဲ့သည်။

## (၁၃၃) လောကရေး၌ ချွတ်ယွင်း မှားချေသည်ဖြစ်လျှင်

စတုဂ်ရိ ဓမ္မောသထ ရှူဘွယ် နံပါတ်-၆၅၂

လောကရေး၌ ချွတ်ယွင်းမှားချေသည်ဖြစ်လျှင် အသက်စည်းစိမ် ပျက်စီးရုံမျှသာဖြစ်၍ အပါယ်လေးပါးသို့ လည်း မလားမကျစေနိုင်။ သံသရာ၌လည်း၊ မနစ် စေတတ်သောကြောင့်။ အနည်းငယ်မျှသော ပျက်စီးခြင်းတည်း။ ဓမ္မကံရေး၌ ချွတ်ယွင်း မှားချေသည်ရှိသော် အပါယ်လေးပါးတို့သို့ လားရမည်လည်း။အခါခါပင် သံသရာ၌ ကမ္ဘာ့သင်္ငုတ်ကဲ့သို့ မပြုတ်နိုင် မကျွတ်နိုင်ဘဲလျက် ဆင်းရဲကြီးစွာခံရမည်။ မှုချကောန်ဖြစ်သည်။ ထို့ကြောင့် လောကရေးထက် ဓမ္မကံရေးကို စူးစူး-စမ်းစမ်းပညာရှိထက် ပညာရှိတို့နှင့် တိုင်ပင်ညှိ၍သဘော မိမိတတ်အပ်သည်အောင် ပြုပြီးမှ စိတ်ချချကျင့်ဆောင်ခြင်း ဩဝါဒပေးခြင်းကို ပြုသင့်သည်ဟူလို။

## (၁၃၄) စိတ်ကိုဆုံးမခြင်းသည်ကောင်း၏

စတုဂ်ရိ စာယဉ်ပန်းရှူဘွယ် (နံပါတ်-၉၀)

စိတ်ကိုဆုံးမခြင်းသည်ကောင်း၏၊ ကောဝဲးမြတ်၏ အရာကျကျဆုံးမပြီးသော စိတ်သည်။ ချမ်းသာကို ဆောင်ပေ၏။ ကိုယ်၏ချမ်းသာစိတ်၏ချမ်းသာ။မိမိ၏ချမ်းသာ၊ သူတပါးတို့၏ချမ်းသာ။ပစ္စုပ္ပန်ချမ်းသာ။လောကီချမ်းသာ။ လောကုတ္တ

ရာချမ်းသာ။ မဂ်ချမ်းသာ။ ဖိုလ်ချမ်းသာ။ နိဗ္ဗာန်ချမ်းသာ။ ခပ်သိမ်းသော ချမ်းသာသုံးပါးတို့ ချမ်းသာပါစေ။ ဆောင်ပေတတ်၏။

## (၁၃၅) အစိန္တေယျ သုံးလူ့အထွဋ် သဗ္ဗညု မြတ်စွာဘုရားနှင့် တူသော

စတုဂီရိ စာယဉ်ပန်းရှုဘွယ် (နံပါတ် ဂ၉-၉၀)

အစိန္တေယျ သုံးလူ့အထွဋ် သဗ္ဗညုမြတ်စွာဘုရားနှင့် တူသော စိတ်ကိုဆုံးမပြီးသောသူသည်မရှိ။ အစိန္တေယျ သုံးလူ့အထွဋ်သဗ္ဗညု မြတ်စွာဘုရားနှင့်အတူ၊ စိတ်သည်ယဉ်ကျေးသောသူသည်လည်းမရှိ။ အစိန္တေယျ၊ အပ္ပမေယျ ဖြစ်တော်မူသော။ မြတ်စွာဘုရား၏ကျေးဇူးတော် ဂုဏ်တော်ဟူသမျှသည်။ စိတ်တော် ယဉ်ကျေးခြင်းကြောင့် ရတော်မူသော အကျိုးတည်း။ စိတ်တော်ကို ဆုံးမတော် မူခြင်းကြောင့် ရတော်မူသော ကျေးဇူးတော်ဂုဏ်တော်တည်း။

## (၁၃၆) သာသနာတော် နေဝန်း တက်ထွန်း စည်ကာလ

စတုဂီရိ ယထာဘူတ ရှုဘွယ် နံပါတ်-၆၂

သာသနာတော် နေဝန်းတက်ထွန်း စည်ကာလလူဖြစ်ရ ကျိုးရှိသည့်ဟု။ ဆိုထိုက်အောင် ယထာဘူတဉာဏ်ကို၊ မရရ ကြောင်း၊ မသေသမျှ လုံ့လ မလျှော့မူ၍ ခဲလေ။ ။မဂ် ဖိုလ်ရမှ လူဖြစ်ကျိုးရှိ၏ဟု မှချဆိုထိုက်မည် မှတ်ပါလေ။

## (၁၃၇) သံတုံးကိုအမှီပြု၍ဖြစ်သော သံချေးသည်

စတုဂ္ဂရိ ပကိဏ္ဏက ရှုဘွယ် နံပါတ် -၅၁၇

သံတုံးကိုအမှီပြု၍ဖြစ်သော သံချေးသည်၊ သံတုံးကိုပြုန်းတီးစေသကဲ့သို့ရင်း။ ဝါးပင်၌ဖြစ်သော ဝါးသီးသည်။ဝါးပင်ကိုသေစေဘိသကဲ့သို့ရင်း။ ကျူပင်၌ဖြစ်သော ကျူသီးသည်။ကျူပင်ကိုသေစေဘိသကဲ့သို့ရင်း။ ပေပင်၌ဖြစ်သော ပေသီးသည်။ ပေပင်ကို သေစေဘိ သကဲ့သို့ရင်း။ ငှက်ပျောပင်၌ဖြစ်သော ငှက်ပျောသီးသည်။ ငှက်ပျောပင်ကို သေစေဘိသကဲ့သို့ရင်း။မြဲမ၏ဝမ်း၌ဖြစ်သော သားကိုယ်ဝန်သည်။ မြဲမကို သေစေဘိ သကဲ့သို့ရင်း။ ထိုအတူ ကိုယ်၌ဖြစ်သော လောဘ-ဒေါသ-မောဟတို့သည်၊ကိုယ်ကိုနှစ်သောကြောင့် သူအ-ငါက သံသရာ၌ ကမ္ဘာအဆက် ဆက်နစ်ကြရချေကုန် သည်သာဖြစ်ရလေကုန်၏။

## (၁၃၈) အကျိုးယုတ်မည်အမှုကို မပြုစေခြင်းငှာ ဆုံးမခြင်းသည်ရင်း

စတုဂ္ဂရိဓမ္မပီယ ရှုဘွယ် နံပါတ်–၅၇၁

အကျိုးယုတ်မည်အမှုကိုမပြုစေခြင်းငှာ ဆုံးမခြင်းသည် ရင်း။အကျိုးရှိမည် အမှုကိုပြုစေခြင်းငှာ။ဆုံးမခြင်းသည်ရင်း နတ်သူဘို့အား သနားတော်မူသော ငါဘုရား၏ကိစ္စဖြစ် တော့သည်။ အကျိုးယုတ်မည်အမှုကိုမပြုကြဉ် ရှောင်ခြင်း သည်ရင်း။ အကျိုးရှိမည် အမှုကို လုံ့လ ပြုခြင်းသည်ရင်း။

နတ်လူတို့၏ကိစ္စဖြစ်တော့သည်။ ငါတို့၏ကိစ္စကို ငါတို့သည် ပြီးအောင် ရွက်ဆောင်ကုန်ပြီ။ သင်တို့၏အမှုကို သင်တို့ပြီးအောင် ရွက်ဆောင်ကြ သင့်ပါကုန်သည်။ သင်တို့ကိစ္စကိုမျှ သင်တို့ မရွက်မဆောင် နေကြကုန်သည် ဖြစ်ခဲ့ကြလျှင် ငါဘုရားသနားတော် မူသော်လည်း ဆုံးမပဲ့ပြင် သွန်သင်သည့်မှ အခြားတပါး ကျင့်၍ကိုယ်စားပေးတော်မူခြင်းငှာ။ တတ်နိုင်တော်မမူပြီ။ ငရဲသို့ကျသော်လည်း။ ပညာတော်စက္ခုဖြင့် ရှု၍သာနေရတော့မည် ဖြစ်သည်ဟု မိန့်တော်မူချက်ကို သတိပြုပါလေ။

## (၁၃၉) အာဗိဿဒါနကြောင့် ရသော လူ့နတ်တို့၏ စည်းစိမ်ကို

စတုဂိရိ ဓမ္မပိယရှုဘွယ် နံပါတ်–၅၇၆

အာဗိဿဒါနကြောင့်ရသော လူ့နတ်တို့၏ စည်းစိမ်ကို တကျော့ဖြင့် နှစ်သက်၍ ရာဂဖြင့် တတ်စွမ်းလျှင် သံသရာ၌ ကာမ္မာအဆက်ဆက်နစ်တတ်လှသောကြောင့် ယုတ်မာသော စည်းစိမ်မှတ်။ ထို့ကြောင့် အရနှင့်အကျမတန်သောကြောင့် အာဗိဿဒါနကို အကျိုးကြီးပေစွဟု ဆိုလိုသော်လည်း၊ မဆိုထိုက်ဟူလေ၊ မရှိလျှင်မကောင်း၊ မကောင်းသော်လည်း မကောင်းတာဟု သကဲ့သို့။ အပါယ်လေးဘုံသို့ရောက်သည်ကို သောက်သျှင် လူ့ရွာ၊ နတ်ပြည်သို့ရောက်ခြင်းသည်၊ ကောင်းစွဟုလို့။

## (၁၄၀) အရှေ့သို့သွားချေစေပါသည်ကိုအနောက်သို့သွားသောသူကဲ့သို့ရှင်း

စတုဂိရိ အမတသောပါန ရှုဘွယ် နံပါတ်–၃၅၉

အရှေ့သို့ သွားချေစေပါသည်ကို အနောက်သို့သွားသောသူကဲ့သို့ရှင်း။ ထပါဆိုသည်ကို အိပ်သောသူကဲ့သို့ရှင်း။ ထိုအတူ တဏှာကုန်ကြောင်း ကောင်းစွာ ကျင့်ကျကုန်ဟု ဟောတော်မူပါသည်ကို မနာမယူအမိန့်တော်ကိုကျော်နင်း၍ တဏှာကိုပွါးစေလျက် လူ့ရွာ့နတ်ပြည်ကို တောင်းတ၍ အသက်ရှည်ခြင်း။ အဆင်းလှခြင်း။ စသည်ကိုတောင်းတ၍ တဏှာကိုပွါးစေခြင်းသည်။ ဘုရားသခင်ကို သူ၏ကျင့်ခြင်းဖြင့် ကျင့်သောဘုရား ရန်သူတော်မည်၏။

## (၁၄၁) သုတကျမ်းဂန် အသိဉာဏ် ဘယ်လိုပင် သန်သန်

ပရမတ္ထစက္ခုကျမ်း နံပါတ်–၁၂၂ (ဒိပဲရင်းဆရာတော်)

သုတကျမ်းဂန် အသိဉာဏ် ဘယ်လိုပင်သန်သန် ဘယ်လိုပင်နှပ်နှပ် လိုရင်းအချုပ်မှာ အယုတ်ဆုံးအား သီလဖြူစင် စိတ်ကောင်းဝင်မှမဂ်မျိုးသိုသွင်း–အသေရှင်းအပါယ်လည်းကင်းကြမှ ယခုခေတ်မှာ အကောင်းဆိုရမည်။ဉာဏ်ပင်ထက်သော်လည်း။ သဒ္ဒါဘက်မှ သဒ္ဒါပင် ထက် သော် လည်း။ ဉာဏ်ဘက်မှ ကောင်းတတ်သည်။

## (၁၄၂) ကာမချမ်းသာကား တယောက်ထဲနှင့် မချမ်းသာ

ပရမတ္ထဓမ္မကျွေကျမ်း (နံပါတ်-၂၂၈၊ ဒိပဲရင်းဆရာတော်)

ကာမချမ်းသာကား တယောက်ထဲနှင့် မချမ်းသာ စိုးရိမ်ဘွယ်၊ ကြောင့်ကြဘွယ်၊ ပူဘွယ်၊ ပင်ဘွယ်၊သိမ်းဆည်းစောင့်ရှောက်ဘွယ်၊ အပေါင်းအဖက်နှင့် မကင်းရ၊ များစွာသော အာရုံတွေနှင့် မကင်းရ၊ အပေါင်းအဖက်နှင့် ဖက်စပ်ရမှ သူတပါးကို ခယမှ များစွာသော အာရုံတွေနှင့် ဖက်စပ်ရမှ ချမ်းသာရလေသောကြောင့်၊ လူ့ဝိတ္တာ၏ ချမ်းသာနှင့်တူ၏။ ဈာန်ချမ်းသာ-ပြဟ္မာ ချမ်းသာကား အပေါင်းမပါ။ တယောက်တည်း။ သူတပါးနှင့် မဖက်စပ်ရ၊ မစိုးရိမ်ရ၊ မကြောင့်ကြရ၊မပူပင်ရ၊သူတပါးကို မခယဘဲ ကြည်ကြည်-လင်လင်၊ ရှင် ရှင်-ပြပြ ဆိမ့်ဆိမ့်-လေးလေး၊ ဧေ-မြမြ စိတ်ချ-လက်ချ ချမ်းသာရ၏။

## (၁၄၃) ကာမဂုဏ်တို့၏အကြား ကိုယ်နားတွင် နိဗ္ဗာန်ကိုမမြင်နိုင်သည်ကိုပြခန်း

ပရမတ္ထဓမ္မကျွေ (နံပါတ်-၂၆၈၊ ဒိပဲရင်းဆရာတော်)

ဝတ္ထုကာမဂုဏ်-ကိလေသာ ကာမဂုဏ်တို့သည်။ ကွယ်ကာ ဖုံးလား အပ်သည် ဖြစ် ၍ ကွယ်ကာ ဖုံးထားသော ကြောင့် ကာမဂုဏ်တို့၏ အကြားနိုက် ကာမဂုဏ်တို့၏ အလယ်၌ နိဗ္ဗာန်တရားကို မမြင်နိုင်ကြကုန်။ အကယ်မလွဲ

သဖြင့် ထိုကာမဂုဏ်တို့၏အကြား ကိုယ်အနားတွင် ရှိသော နိဗ္ဗာန်ကိုမြင်သောပုဂ္ဂိုလ်သည်။ဆင်းရဲကင်းဘို့ ချမ်းသာဘို့ ရန်၊ အားထုတ်ရသော အလုံးစုံသော ကိစ္စတို့၏ အဆုံးသို့ ရောက်ရလေ၏။ထို့ကြောင့် ကိလေသာကာမဂုဏ်အဖုံးကိုချက် ဆီးရာ၏။နိဗ္ဗာန်ဟူသည်တခြားမှာရှိသည်မဟုတ်၊ ကာမဂုဏ် တို့၏အကြား ကာမဂုဏ်တို့၏အလယ်၊ကိုယ့်အနားတွင်ပင် ရှိသည်ဆိုလိုသည်။

## (၁၄၄) ရုပ်နာမ်တို့ အကြောင်းကို တနည်းပြဦးအံ့

ပရမတ္ထစက္ခု (နံပါတ်-၂၄၅ ဒီပဲရင်းဆရာတော်)

တဦးသော ပရဗိုဇ် ရဟန်း ဆွမ်းခံလမ်းတွင် ဘုရားကို တွေ့မြင်၍မလင်းသောအရာတခုသောပုစ္ဆာကိုမေးလျှောက် ပါရစေဘုရားဟု လျှောက်ထားလေလျှင် အလေးပြုစေလို၍ ခွင့်မပေး။ များများကြီးမမေးပါ။ အနည်းငယ်မျှ မေးပါရ စေဘုရားဟု သုံးကြိမ်လျှောက်ထားမှ မေးတော့ဟု ခွင့်ပြု တော်မူ၍ လျှောက်ထား ဟောကြားသောအရာမှာ-။

အရှင်ဘုရား သုခ-ဒုက္ခကို ကိုယ့်ဟာကို ပြုပါသလား ဘုရား။ ကိုယ်ဟာကိုယ်ပြုသည်ဟူ၍ ငါမဟော သူတပါးပြု ပါသလားဘုရား။သူတပါးပြုသည်ဟူ၍ ငါမဟော။ဤကဲ့သို့ မဟောလျှင် သုခ-ဒုက္ခသည်၊ အကြောင်းမရှိဘဲ ဖြစ်ပါသ လားဘုရား။ အကြောင်းမရှိဘဲ ဖြစ်သည်ဟူ၍လည်း။ ငါမ ဟော၊ အရှင်ဘုရားသည်၊ သုခ-ဒုက္ခကို သိပုံမရ။ နားလည် ကျွမ်းကျင်ပုံမရပါတကားဘုရား။ပရဗိုဇ် သုခ-ဒုက္ခကို လော

ကအလုံးမှာငါ့အသိဆုံး၊ငါနှုံးအလည်ဆုံး၊ငါအကျွမ်းကျင်ဆုံး၊ ငါ့ထက်သိနိုင်သောသူမရှိ။နှုံးလည် ကျွမ်းကျင်သောသူမရှိဟု မိန့်တော်မူလျှင် သူ့ဖြစ်ဘိက အရှင်ဘုရား၏ သုခဒုက္ခကို ဟောကြားတော်မူပါဘုရားဟု လျှောက်ထားသောအခါမှ အဝိဇ္ဇာပစ္စယာသင်္ခါရာ။သမုဒယောဟောတိ၊ဟုဤသို့ဟောတော်မူလိုက်သောအခါ။ဟုတ်လှပါပေ၏။အဟုတ်ကိုသိတတ်ပါပေ၏။ အရှင်ဘုရား။အမှန်ကို သိတတ်ပါပေ၏ အရှင်ဘုရား။ အလွန်ကောင်းပါပေ၏အရှင်ဘုရား။ အလွန်နှစ်သက်ဘွယ်ရှိပါပေ၏အရှင်ဘုရား။ မှောက်မိုက်ကြီးထဲ၌မီးတောက်ကြီးညှိထွန်းလိုက်သကဲ့သို့ရှိပါပေ၏အရှင်ဘုရား။ ရဟန်းအဖြစ်ကိုလည်းခွင့်ပြုတော်မူပါဘုရား။ဤသို့လျှောက်ထားလျှင် ထုံးစံ၍သည့်အတိုင်းပြုတော့ဟု ခွင့်ပေး၍ ရဟန်း၏အဖြစ်ကို ရောက်ပြီးနောက် ကိစ္စပြီးမြောက် အသိဉာဏ်အဆုံးသို့ရောက်လေ၏။ပရိုဇ်က သတ္တဝါ အကောင်အထင်နှင့်လျှောက်သည်။ ဘုရားကား-သတ္တဝါအကောင် အတ္တဟူ၍ ငါဟောလေ့မရှိ။ ကြောင်း-ကျိုး ဆက်လက်ဖြစ်ပျက်ခြင်းမျှ။ အနတ္တဖြစ်သော ဆင်းရဲအစုကြီးသာဟု ငါဟောလေ့ရှိသည်။ ဤသို့တိုတို ဘုရားအလိုတော်ကိုမှတ်လေ။

## (၁၄၅) ငါဟုသမုတ် အကောင်းပုတ်ကြီး၏

နိဒ္ဒာနမဂ္ဂဒီပနီ နံပါတ်-၄၃

ငါဟုသမုတ် အကောင်ပုပ်ကြီး၏ စက်ဆုပ်ရွံရှာဘွယ်ရှိသော သုံးရာသောအရိုးစုကို တစုံတခုသော မြို့ရွာဒေသ

အရပ်ဌာနဌ် နေ့ရက်မရွေး မနေးလျှင်မြန် ကေန်စင်စစ် စွန့်ပစ်ရအံ့ပါတကား။

## (၁၄၆) သူတပါးနားချင်းသာအောင်
နိဗ္ဗာနမဂ္ဂဒီပနီ (နံပါတ်-၄၄)

သူတပါးနားချမ်းသာအောင်၊ ကောင်းသောစကားကို ပြောဆိုခြင်းသည်။ ဝစီကံ၊မေတ္တာမည်၏။ သူတပ ါးကို စိတ်ဖြင့် ရှိခိုးခြင်း။စိတ်ဖြင့်မေတ္တာပို့ခြင်း။သူတပ ါးကို ချမ်းသာစေလိုသောစိတ်ရှိခြင်းသည်။ မနောကံ မေတ္တာမည်၏။

## (၁၄၇) ကိုယ်ကိုကိုယ်ရှင်း သံသရာဝဋ်မှ လွတ်အောင်ပြုရမည်ကို
စတုဂီရိ ဓမ္မပီယရှုဘွယ် (နံပါတ်-၅၇၃)

ကိုယ်ကိုကိုယ်ရှင်း သံသရာဝဋ်မှ လွတ်အောင်ပြုရမည်ကို သံသရာဝဋ်မှ လွတ်အောင် မပြုနေချေလျှင်ပင် မိုက်ရာမဝင်သလော၊ သံသရာ၌ နစ်မည်အကြောင်းကိုသာ အခါမပြတ် မကြားတတ် မသောက်တတ်၊ မအိပ်တတ်၊ မနေတတ်၊ လုံ့လပြု၍နေခြင်းသည်။ မိုက်ရာသို့ မဝင်သေးလော။ မောဟထူသော လူမိုက်မဟုတ်သေးလော။လူ၏အဖြစ်သို့ ရောက်ပါပြီးမှ။ မိမိကိုယ်ကိုမိမိသည်ပင် အပါယ်လေးဘုံသို့ ရောက်မည်အကြောင်း။ မနေမနား ကိုယ့်အသက်ကို စွန့်စား၍ အားထုတ်လုံ့လ ဥဿာဟပြုခြင်းသည်။ လူမိုက်ဒုရှုးထက် အဆဆမရှူးတုံသေး၊ မမိုက်တုံသေးလော။

## (၁၄၈) ဆုံးမရှုပြီးသော ယဉ်ကျေးသော စိတ်သည်သာလျှင်

စတုဂ်ရိ ပကိဏ္ဏ ကရှုဘုယ် (နံပါတ်-၄၁)

ဆုံးမရှုပြီးသော ယဉ်ကျေးသော စိတ်သည်သာလျှင် အပါယ်လေးပါးသို့မလား မရောက်စေမူ၍ ဒိဋ္ဌေမှုပဇ္ဇကွ နိုက်ပင်လျှင်။ ကိုယ်၏ချမ်းသာခြင်း။ စိတ်၏ချမ်းသာခြင်းသို့ ရောက်ဆဲသော ဘေးဥပဒ်တို့၏လည်းပျောက်ခြင်းမရောက် သေးကုန်သော ဘေးဥပဒ်တို့၏လည်း။ မလားမရောက်နိုင် ခြင်းအကျိုးနှင့်တကွ။လူ့ပြည်၊နတ်ရွာ၊ ချမ်းသာအတန်တန် ပျော်စံ၍နိဗ္ဗာန်သို့ ထုတ်ဆောက်မြန်မြန်ရောက်စေတတ်သော အကျိုးအာနိသင် ဖြစ်သောအထူးရှိသည်။ ထိုသို့မိမိ၏စိတ်ကို ကြပ်ကြပ်ဆုံးမခြင်းသည်။ ချမ်းသာအကျိုး ဖွံ့ဖြိုးကြီးမားသည် ဖြစ်၍၊စိတ်ကိုကြပ်ကြပ်ဆုံးမစေခြင်းငှာ ဟောတော်မူသည်။

## (၁၄၉) နိဗ္ဗာန်ချမ်းသာကြီးသည်၊အချမ်းသာဆုံး အကောင်းဆုံးပင်တည်း

သေက္ခတောင် ဦးတိလောက ပဏ္ဍိတဝေဒနီယ ဒီပနီကျမ်း (နံပါတ်-၄၄၁)

နိဗ္ဗာန်ချမ်းသာကြီးသည်၊ အချမ်းသာဆုံး။ အကောင်း ဆုံးပင်တည်း။ ဤကဲ့သို့အကောင်းဆုံး၊ အချမ်းသာဆုံးပင် ဖြစ်ငြားသော်လည်း။ ဘဝကို စက်ဆုပ်ရှုမုန်းဘဲ။ ရုပ်နာမ် ခန္ဓာကို စက်ဆုပ်ရှုမုန်းဘဲ။ဒုက္ခထင်မြင်ဘဲ။ ပညာရှိယောဂီ ပုဂ္ဂိုလ်-အရိယာပုဂ္ဂိုလ်တို့မှာသာလျှင်ဟုတ်မှန်သောအတိုင်း

ကောင်းသည်။ချမ်းသာသည့်ဟု နှစ်ခြိုက်စွာ သံနိုင် ထင်မြင်နိုင်သည်။ဘဝကိုမစက်ဆုပ်မရှုံမုန်းဘဲ။ဒုက္ခမထင်ဘဲ၊ဘဝနှင့်နှစ်ခြိုက် ပျော်မွေ့တဲ့ ရုပ်နာမ်ခန္ဓာကို မရှုံမုန်းဘဲ၊ ဒုက္ခမထင်ဘဲ။ ရုပ်နာမ်ခန္ဓာ သခ်တနှင့် နှစ်ခြိုက်ပျော်မွေ့တဲ့။ အန္ဓဗာလ ပုထုဇဉ်တို့မှာကား ဤနိဗ္ဗာန် ချမ်းသာကြီးကို ချမ်းသာမဟုတ် ဘာမှမသိရ၊ ဘာမှ မခံစားရ၊ ဆေးလိပ်ကလေးမှ မသောက်ရ၊ ဘာကောင်းသလဲတဲ့။ ဘာချမ်းသာသလဲတဲ့။သက်သက်ရှုံစရာကြီး။ ကြောက်စရာကြီး။ ဒုက္ခကြီးတည်းဟု ထင်မှတ်ပြုလုပ် သမုတ်ခေါ်ဆိုကြ၏။

(၁၅၀) ဗကဗြဟ္မာဆိုသည်ကား ပထမဈာန်ဗြဟ္မာဘုံ၌ ကမ္ဘာကြီး၏ အကြီးအမှူး ဦးစီး ဦးကိုင်ဖြစ်သော မဟာဗြဟ္မာ မင်းကြီးပင်တည်း။

## လယ်တီဆရာတော်ဘုရား သာသနာသမ္ပတ္တိ ဒီပနီ(နံပါတ်-၁၂၁)

ဗကဗြဟ္မာဆိုသည်ကား ပထမဈာန်ဗြဟ္မာဘုံ၌ ကမ္ဘာကြီး၏အကြီးအမှူး ဦးစီးဦးကိုင်ဖြစ်သော မဟာဗြဟ္မာမင်းကြီးပင်တည်း။ ထိုမဟာဗြဟ္မာ မင်းကြီးအား ဤသို့သော ထင်မြင်ချက်သည်ဖြစ်၏။ ကြီးမြတ်သော ဗြဟ္မာသည်ဖြစ်၏။ အလုံးစုံသော လောကကို လွှမ်းမိုးနိုင်၏။ တစုံတဦးသော သူ့ချငါ့ကိုမလွှမ်းမိုးနိုင်။စင်စစ်သိမြင်နိုင်၏။ အလုံးစုံသော သတ္တဝါတို့ကို ငါ၏ အလိုသို့လိုက်စေနိုင်၏။လောကကို အစိုး

ရ၏ လောကကိုပြုပြင် တည်ထောင်နိုင်၏။ လောကကို ဖန်ဆင်းနိုင်၏၊အလုံးစုံသော လောကထက် ကြီးမြတ်၏။ အလုံးစုံသော လောကကို စီရင်နိုင်၏။ တန်ခိုးအရာ၌ ဝသီဘော်ပြောက်၍နိုင်နင်း၏။ ဤသို့ မိမိကိုယ်ကို မိမိအထင်ကြီးနေသော ဗကပြဟ္မာသည်။ တန်ခိုးနှင့်ပြည့်စုံသော အမည်အားဖြင့် မထင်ရှားသော ရဟန်းတပါးသည်။ ပြဟ္မာဘုံသို့သွား၍များသော ပြဟ္မာပရိသတ်၏အလယ်၌ မဟာဘုတ်ရုပ်ဓါတ်ကြီး လေးပါးတို့၏ ချုပ်ရာဌာနကို မေးသောအခါ ထိုဗကမဟာပြဟ္မာသည် ပင်လျှင် ထိုရဟန်းကို လက်ရုံး၌ ကိုင်၍အချပ်တပါးသို့ ဆောင်သွားပြီးလျှင် ဤသို့ တီးတိုး စကားပြောကြားလေ၏။ ရှင်ရဟန်း ဤပြဟ္မာအပေါင်းတို့သည်။ ဤမဟာပြဟ္မာကြီးအား မသိသောအရာ၊ မမြင်သောအရာ မထင်ရှားသောအရာ၊ မျက်မှောက် မပြုနိုင်သောအရာဟူ၍ တစုံတရာမျှမရှိ၊အလုံးစုံကိုသိမြင်၏ဟူ၍ ကျွန်ုပ်တို့ မှတ်ထင်၍နေကြပါသည်။ ထိုကြောင့်အကျွန်ုပ်သည်၊ ထိုပြဟ္မာတို့၏မျက်မှောက်၌ ရှင်ရဟန်း မေးသောအရာကို မသိပါဟူ၍ မပြောကြားဘဲနေပါသည်။ အမှန်အားဖြင့် ကျွန်ုပ်မသိပါ။ မြတ်စွာဘုရားထံသို့သွား၍ မေးလျှောက် ပါချေလော့ဟူ၍ ပြောကြားလေ၏။ ဤကဲ့သို့ ရဟန်းကို မှန်သောအတိုင်းဖွင့်၍ပြောသည်မှာ မြတ်စွာဘုရား ယဉ်ကျေးအောင် ဆုံးမပြီးဖြစ်၍ ယဉ်ကျေးသောကြောင့် ပြောခြင်း ဖြစ်လေသည်။ ပြဟ္မာတို့အပေါ်မှာ မိမိကြွားဝါပြီး အချက်ကို မပျက်စေလို

သောကြောင့်ရဟန်းကိုအခြားသို့ ခေါ်၍ပြောဆိုလေသည်။ ထိုဗကဗြဟ္မာကြီးသည်၊ ယဉ်ကျေးပြီး မဟုတ်လျှင် တနည်းနည်းအားဖြင့် ထိုရဟန်းကို ကြွားဝါ၍ ပရိယာယ်စကားပြောကြားမည်သာ ဖြစ်လေ၏။ (ထိုဗကဗြဟ္မာကြီးကဲ့သို့ မိမိဘို့ကိုယ်ကို အထင်မကြီးရန် သတိပြု ဆင်ချင်သင့်ပါ၏။)

## (၁၅၁) ဤဝိဿနာဖြေဟောစဉ်မှတ်စု ရေးသူ၏အာသီသ

အားထုတ် လုံ့လ ဆည်းပူးသမျှသော ဤကောင်းမှုကုသိုလ် စေတနာ၏-အာနုဘော်ကြောင့် ခပ်သိမ်းသော သူတို့သည်၊နှစ်သက်မြတ်နိုးဘွယ်သော လောကီ-လောကုတ္တရာကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းကို ပြီးစေတတ်သော သူတော်ကောင်း အပေါင်းဘို့၏။ နှစ်သက်မြတ်နိုး၍ ဆည်းပူးနိုင်သည်။ဖြစ်ပါစေသတည်း။နှစ်သက်မြတ်နိုးဆည်းပူးနိုင်သောကြောင့်-မဂ်,ဖိုလ်,နိဗ္ဗာန် ဟူသမျှသော လောကုတ္တရာ ချမ်းသာအထွဋ်သို့ ရောက်ပါစေကုန်သတည်း။

## (၁၅၂) ဉာဏစာရီ ဆရာတော်၏ ဗုဒ္ဓ-ဓမ္မ-သံဃ ရှိခိုးဂါထာ

သံဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ၊ သဟဿကေ၊ ပဉ္စသတသဟဿာနိ၊ နမာမိသိရသာမဟံ၊ အပ္ပကာ၊ ဝါလုကာ၊ ဂင်္ဂါ အနန္တာ နိဗ္ဗုတာဇိနာ၊ တေသံမ္မေဉ္စ သံဃဉ္စ၊ အာဒရေန၊ နမာမဟံ၊ နမက္ကာရာ၊ နုဘာဝေန၊ ဟိတွာသဗ္ဗေ၊ ဉပဒ္ဒဝေ အနေက အန္တရာယာပိ၊ ဝိနဿန္တု၊ အသေသတော။

အင္ဂဝိသံ၊ သုံးပါးဘဝ၊ သုံးလောကဥ္စ။ ညာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော သမ္ဗုဒ္ဓေစ ဂုဏ်ရောင်မဟာ ညာဏ်ရောင်ဝါဖြင့် သမ္မာထိန်လင်း ဘုရားမင်းတို့ကိုရှင်း။ဒွါဒသဥ္စသဟဿကေ၊ သုံးပါးဘဝ သုံးလောကဥ္စ ညာဏ်ရောင်ဖိတ်၊ အောင်ဘိသိက် ပေါင်း တသောင်းနှစ်ထောင်ကုန်သော၊ သံဗုဒ္ဓေစ၊ သစ္စာလင်းထိန်-ဝေဇိန်သို့ မမှိန်ထင်လင်း ဘုရားမင်းတို့ကိုရှင်း။ ပဥ္စသတ သဟဿန်၊ သုံးပါးဘဝ၊သုံးလောကဥ္စ။ ညာဏရောင်ဟိန်း ငါးသိန်းကုန်သော။ သံဗုဒ္ဓေစ၊ ဉာဏ်ယှဉ်ငါးတန်၊ တရားမှန်ကို။ ကေန်ဒိဌ တွေ့မြင်ရ၍ ဘဝရောင်လင်း ဘုရားမင်းတို့ကိုရှင်း။ ဒဟာ၊ ညာဏစာဂီ တသာဂီဟု၊ ပါရမီရင့် မုံအာပင့်၍ ဒကျင့်ဟောဖေါ် တပည့်တော်သည်၊သိရသာ ဥတ္တမင်္ဂဦးသိသဖြင့် နမာမိ၊ဘေးရန်ကင်းပ၊ လိုတိုင်းရအောင်-ဦးချဝန္ဒနာ ရှိခိုးပါ၏အရှင်ဘုရား။ ဝါလုကာ ဂင်္ဂါသဲပုဒ်မြစ်ထဲ ကျောက်သလဲတို့သည်။အပ္ပကာ ပွင့်တော်မူမြဲ ပုံစံနှဲသဖြင့်၊ နည်းလှပါကုန်၏။ နိဗ္ဗုတာပရိနိဗ္ဗာန် အမိဋ္ဌာန်ဖြင့် စံတော်မူကြကုန်သော။ဇိနာ၊ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်။အနန္တာ အတိုင်းမသိများလှကုန်ဘိ၏။ တေသံ ထိုဂင်္ဂါဝဲ လု သဲစုကော ပွင့်ကုန်ကြတဲ့ ဘုရားရှင်တို့နှင့်တကွ ငါးသိန်း တသောင်း ၂-ထောင်၊ ၂-ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်ကြီးတို့၏။ ဓမ္မဥ္စ၊မဂ်လေး၊ ဖိုလ်မှန်-မြတ်နိဗ္ဗာန်ဟု ကိုးတန်သောတရားတော်ကိုရှင်း။သံဃဥ္စ၊ မဂ္ဂဋ္ဌာန်-ဖလဋ္ဌာန်-ရှစ်တန်ပိုင်းခြား။

သံဃာတော်များကိုဒင်း။ ဝါ-သိက္ခာကာမ၊ သံဝရနှင့်လုလ္လကြိုး ကုဘ်-ခေါ်သမုတ်အပ်သော သမုတ်သံဃာတော် အပေါင်းကိုဒင်း။အဟံ၊ဉာဏစာဂီတွဲအမည်နှင့် ပြည်ပြည်-ထင်ပေါ် တပည့်တော်သည်။အာဒရေန၊လေးမြတ်လုစွာ ရှိသေပါသဖြင့်။ နာမာမိ၊ ဘေးရန်ကင်းပ လိုတိုင်းရအောင် ဦးချဝန္ဒနာချီခိုးပါ၏အရှင်ဘုရား။နမက္ကာရာနုဘာဝေန၊ရှိခိုးကြမ်ကြိမ် သဒ္ဒါချိန်ဖြင့်(နှင့်) မနိုင္ဒြ-အာနုဘာဝကြောင့်။ သဗ္ဗေကျွ်းမဲ့ဥဿုံ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ တဆဲ့ခြောက်ပါး ဘေးရန်များတို့ကို။ ဟိတွာ၊ မြူမျှမကပ် ချိုးနှိမ်သတ်၍အနေကအန္တရာယာပိ၊ တပါးမက များလှသောင်းသောင်းအန္တရာယ်အပေါင်းတို့ကိုလည်း။ အသေသတော၊ ကျွင်းကျန်တစိ၊မရှိသောအားဖြင့်။ ဝိနသန္တု၊ ကင်းစင်လွင့်ပ ဘေးမခရအောင် ပျောက်ပျက်ကြပါ စေကုန်သတည်း။

## ရင်းသံဗုဒ္ဓဂါထာ ပါဠိတော်ကိုရွတ်ဆိုခြင်း၏ အကျိုးများမှာ

၁။ ကွမ်းစားသော်-ကွမ်းကို (၇)ခေါက်။ သံဗုဒ္ဓေကိုရွတ်ပြီးမှစားပါ။

၂။ ခေါင်းလျှော်သော်-လျှော်ရေကို (၁၀) ခေါက်ရွက်ပါ။

၃။ ထမင်းစားသော(၃)ခေါက်။ ဆီလိမ်း(၅)ခေါက်လှေစီး (၈) ခေါက်။ ပန်းပန်၊ နံ့သာလိမ်း (၉)ခေါက်။ အိပ်ယာဝင် (၉)ခေါက်။ ရန်သူတွေ့လျှင်

(၁၁)ခေါက်။ စစ်ထိုးသောအခါ (၈) ခေါက်။ မီးမဖွါးနိုင်လျှင် (၉)ခေါက်။ ရေမန်းသောက်ပါ။ ခရီးသွားသောအခါ ပန်းကို(၂)ခေါက် မန်းရှုပန်ပါ။ နေ့စဉ်ရွတ်လျှင် ရောဂါပျောက်၏။ အချုပ်အနှောင်ခံရလျှင် အခေါက်တထောင်ရွတ်ပါ။

ဂျပန်နှင့် အင်္ဂလိပ်တို့ရန်ဖြစ်တုန်းက မိုးညှင်းဆရာတော်ဘုရားအရာမ်၌ ခိုလှုံကြသော လူပေါင်း (၄၀၀၀)ကျော် သံဗုဒ္ဓေဂါထာတော် တန်ခိုးကြောင့်ချမ်းသာရဘူးကြောင်း။ (နှစ်သက်လိုလားသူတို့ လွယ်ကူစေရန် ရည်ရွယ်ပါသည်။)

## (၁၅၃) သံဗုဒ္ဓေဂါထာတော်၌ ပါရှိသော ၅၁၂၀၂၈-ဆူကုန်သောဘုရားရှင်များ ပွင့်တော်မူပုံရှင်းလင်းချက်

မန္တလေးတောင်ပြင် ဘုံကျော်ကျောင်းတိုက် အသျှင်သောဘိတမထေရ်နှင့် ဦးပညာဝံသမထေရ်မြတ်တို့ စီစဉ်ပြုစုသောကျမ်း။ ဗုဒ္ဓပဝေဏီကျမ်းမှ။နံပါတ်-၁၈၊၁၉၊၄၁ အထိ။

၁။ ဂေါတမဘုရားအလောင်း စိတ်တော်ဖြင့် ဘုရားဆုတောင်းခြင်း၊ ခုနှစ်သခ်ျေတို့၏အမည်နှင့် ပွင့်တော်မူသောဘုရားပေါင်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(၁) နန္ဒအသင်္ချေ၌ ဗြဟ္မဒေဝ စသော ဘုရားပေါင်း ၅၀၀၀-ပွင့်တော်မူ၏။
(၂) သုနန္ဒအသင်္ချေ၌ ဗြဟ္မဒေဝ စသောဘုရားပေါင်း ၉၀၀၀-ပွင့်တော်မူ၏။
(၃) ပထဝီအသင်္ချေ၌ဗြဟ္မဒေဝ စသော ဘုရားပေါင်း ၁၁၀၀၀-ပွင့်တော်မူ၏။
(၄) မဏ္ဍအသင်္ချေ၌ ဗြဟ္မဒေဝ စသော ဘုရားပေါင်း ၁၁၀၀၀-ပွင့်တော်မူ၏။
(၅) ဓရဏီအသင်္ချေ၌ ဗြဟ္မဒေဝ စသော ဘုရားပေါင်း ၂၀၀၀၀-ပွင့်တော်မူ၏။
(၆) သာဂရအသင်္ချေ၌ ဗြဟ္မဒေဝ စသော ဘုရားပေါင်း ၃၀၀၀၀-ပွင့်တော်မူ၏။
(၇) ပုဏ္ဍရိက အသင်္ချေ၌ ဗြဟ္မဒေဝ စသော ဘုရား ၄၀၀၀၀-ပွင့်တော်မူ၏။

ခုနစ်သင်္ချေအတွင်း ပွင့်သောဘုရားပေါင်း ၁၂၅၀၀၀။

၂။ ဂေါတမဘုရားအလောင်း နှုတ်မြွက်၍ ဆုတောင်းခြင်း ကိုးသင်္ချေတို့၏ အမည်နှင့် ပွင့်တော်မူသော ဘုရားပေါင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) သဗ္ဗဘဒ္ဒအသင်္ချေ၌ ပေါရာဏ ဂေါတမ အစရှိသော ဘုရားပေါင်းမှာ ၅၀၁၀၀-ပွင့်တော်မူ၏။
(၂) သဗ္ဗဖုလ္လအသင်္ချေ၌ ၆၀၀၀၀-ပွင့်တော်မူ၏။
(၃) သဗ္ဗရတနအသင်္ချေ၌ ၇၀၀၁၀-ပွင့်တော်မူ၏။

(၄) ဥသဘက္ခန္ဓအသင်္ချေ၌ ၈-၀၀၀၀ပွင့်တော်မူ၏။
(၅) မာနိဘဒ္ဒအသင်္ချေ၌ ၉၀၀၀၀-ပွင့်တော်မူ၏။
(၆) ပဒုမအသင်္ချေ၌ ၂၀၀၀၀-ပွင့်တော်မူ၏။
(၇) ဥသဘအသင်္ချေ၌ ၁၀၀၀၀-ပွင့်တော်မူ၏။
(၈) ခန္ဓုတ္တမအသင်္ချေ၌ ၅၀၀၀-ပွင့်တော်မူ၏။
(၉) သဗ္ဗပါလအသင်္ချေ၌ ၂၀၀၀-ပွင့်တော်မူ၏။

၉-သင်္ချေ၌ ပွင့်တော်မူသော ဘုရားပေါင်း ၃၈၇၀၀၀။

၃။ လေးသင်္ချေတို့၏အမည်နှင့် ပွင့်တော်မူသော ဘုရားပေါင်းမှာ-

(၁) သေလအသင်္ချေ။ (၂)ဘာသအသင်္ချေ။ (၃) ဇေယျအသင်္ချေ။(၄)ဂုစိယအသင်္ချေ။ ပေါင်းလေးသင်္ချေ။

လေးသင်္ချေအတွင်း ပွင့်တော်မူသော ဘုရားများမှာ-။

တဏှင်္ကရာ။မေဓင်္ကရာ။သရဏင်္ကရာ။ဒီပင်္ကရာ၊ကောဏ္ဍည မင်္ဂလ၊ သုမန။ ရေဝတ။ သောဘိတ။ အနောမဒဿီ။ ပဒုမ။ နာရဒ အားဖြင့် (တကျိတ်နှစ်ဆူ။)

(၄) ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူ သောဘုရားပေါင်းမှာ-။

ပဒုမုတ္တရ၊ သုမေဓါ၊ သုဇာတာ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ဝေဿဘူ၊ ကောဏ္ဍသန်၊ ကောဏဂုဏ်၊ ကဿပ၊ ဂေါတမ အားဖြင့် (တကျိပ်-ခြောက် ဆူ။)

## အားလုံးဘုရားပေါင်းမှာ အောက်ပါ အတိုင်းပင်

၁။ စိတ်တော်ဖြင့် ဘုရားဆုတောင်းစဉ် (၇) သင်္ချေ၌ ၁၂၅၀၀၀-ပွင့်တော်မူ၏။

၂။ နှုတ်ကော်ဖြင့် ဘုရားဆုတောင်းစဉ် (၉) သင်္ချေ၌ ၃၈၇၀၀၀-ပွင့်တော်မူ၏။

၃။ လေးသင်္ချေ၌ပွင့်သောဘုရားပေါင်း ၁၂-ပွင့်တော်မူ၏။

၄။ ကမ္ဘာတသိန်းထက်၌ ပွင့်သော ဘုရားပေါင်း-၁၆ ဆူပွင့်တော်မူ၏။

သင်္ချေ(၂၀)နှင့် ကမ္ဘာတသိန်းအတွင်း၌ ၅၁၂၀၂၈။ ဤကား သောတ္တကိနိဒါန်း၊ တထာဂတုပ္ပတ္တိကျမ်းတို့၌ လာ ဖြစ်၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော ဉာဏစာဂိမဟာထေရ် စီရင်ရေးသားအပ်သော ဝိပဿနာသင်ဘန်းကြီး။ ပဌမတွဲမှ။

### (၁၅၄) အမြစ်ဖြတ်ဒေသနာ နံပါတ်-၂၁၀

သစ်ပင်တပင်ကို သတ်လိုလျှင် ၎င်းအပင်၏၊ မူလရေသောက်မြစ်က ဖြတ်တောက်လျှင် အပြန်မရှိဘဲ၊ သေဆုံးပျက်ပြုံးရသလို။ လူ,နတ်,ဗြဟ္မာ, ဆိုတဲ့၊ သံသရာကောင်းအပင်ကြီးတွေရဲ့။ ရေသောက်မြစ် ဖြစ်သော(၁)အဝိဇ္ဇာမြစ်မကြီး။

(၂)တဏှာမြစ်မကြီး။ အဲဒီမြစ်မကြီး ၂-ခုကို ဖြတ်တောက်နိုင်ရင်။လူ နတ် ဗြဟ္မာတည်းဟူသော ဒီသစ်ပင်ကြီးတွေသေရောတဲ့။ လူ-နတ်-ဗြဟ္မာတို့ကို သုံးဆဲ့တဘုံ၌ မကျင်လည်ရအောင်။အဲဒီ အဝိဇ္ဇာမြစ်မကြီးနှင့် တဏှာမြစ်မကြီး ၂-ခုကို ပြတ်အောင် (ဝိပဿနာတရားကို ပြသနိုင်သော ဆရာကို) ရှာကြံ၍ အားထုတ်ပါ။

## (၁၅၅) အဝိဇ္ဇာအမြစ်မကြီးကို စစ်ဆေး၍ပြပုံ (မေး-ဖြေ)

အဝိဇ္ဇာအမြစ်မကြီးကို စစ်ဆေး၍ပြပုံ(အမေး-အဖြေ) (နံပါတ်-၂၁၀ မှ၊ ၂၁၇-ထိ။)

(၁) မေး၊ ဘာကြောင့် အဝိဇ္ဇာ ခေါ်သလဲ။

(ဖြေ) ရုပ်လဲမသိ၊နာမ်လဲမသိ၊ခန္ဓာလဲမသိ၊အာယတနလဲမသိ၊သစ္စာလေးပါးလဲမသိ၊ ဒီလိုမသိတတ်၊ မိုက်မဲတွေဝေတတ်သောကြောင့်။ ၎င်းမောဟကို အဝိဇ္ဇာလို့ ခေါ်ရပါတယ်။ (တနည်းကား) ဒါနလဲမရ၊ သီလလဲမရ၊ သမထလဲမရ၊ ဝိဇ္ဇာလဲမရ၊ အဘိညာဉ်လဲမရ၊ သမာပတ်လဲမရ၊ ဈာန်လဲမရ၊မဂ်ဖိုလ်နိဗ္ဗာန်လဲမရ၊ဒီလိုမရသောကြောင့် မောဟကို အဝိဇ္ဇာလို့ခေါ်ပါသည်။

(ဥပမာ) လှုဂုဏ်၊ ချောဂုဏ်၊ မျိုးဂုဏ်၊ ရိုးဂုဏ်နှင့်ပြည့်စုံသော ဘုရင့်သမီးတော်သည်။ နူနာရှိသည့်အတွက်ကြောင့်

တပင်တိုင်နန်းကိုလဲမရ၊မိဖုရားလဲမဖြစ်၊ခင်ပွန်းလဲမရ၊သူခလဲမရ၊ ကောင်းတာတွေကို မရတာဟာ နူနာရှိနေလို့ ပါဘဲ။ လူ နတ် ဗြဟ္မာ၌လဲ မောဟ၊ အဝိဇ္ဇာ၊ နူနာရှိနေလျှင် မဂ်ဖိုလ်၊ နိဗ္ဗာန်ဆိုတာ မရနိုင်ပါ။ မဂ်ဖိုလ် နိဗ္ဗာန်ရအောင် အဝိဇ္ဇာကိုပြွတ်အောင် ဖြုတ်ပါ။

(၂) မေး၊ အဝိဇ္ဇာဆိုတာ ဘယ်လိုသဘော ရှိသလဲ။

(ဖြေ) သိထိုက်သောအရာ ဌာနတို့ကို မိမိကိုယ်တိုင်လဲ မသိတတ်။မိမိနှင့်ယှဉ်တွဲလျက်နေသော စေတသိက်စိတ်တို့ကိုလည်း။ မသိတတ်၊ မိမိကိန်းအောင်ရာဖြစ်တဲ့ လူ နတ် ဗြဟ္မာကိုလဲ မသိစေတတ်သော သဘောရှိ၏။

(ဥပမာ) ညှို့ဖျင်းသော ဘုန်းတော်ကြီး တပါးသည်။ မိမိကိုယ်တိုင်လည်း ရုပ်နာမ် ဓမ္မ သင်္ခါရတို့ကိုသိ၍ မထားတရားလိုချင်တဲ့ တပည့် ဒါယကာတွေကိုလဲမပြနိုင်။ ပြသနိုင်သော ဆရာ့ထံသွားမည် ကြံသော်လည်း။ ဟိန်းဟောက်ဖုံးလွှမ်း၍ နည်းပရိယာယ်ဖြင့် တားဆီးသကဲ့သို့တည်း။

(၃) မေး။ အဝိဇ္ဇာရဲ့ အလုပ်ဟာဘာလဲ။

(ဖြေ) မိ မိ ကိန်း အောင်းရာ သတ္တဝါကို မသိရလေအောင် ဖုံးဖိရသောအလုပ်ဝတ္တရားဖြင့် လုပ်ကိုင်၍သာနေရလေသည်။ဒုက္ခသစ္စာကိုလဲမသိစေရ။သမုဒယသစ္စာကိုလဲမသိစေရ။နိရောဓသစ္စာကိုလဲမသိစေရ။ မဂ္ဂသစ္စာကိုလဲမသိစေရ။ လုံလဲအောင် ဖုံးလွှမ်းခြင်း လုပ်နေပေ၏။ ရုပ်နာမ်၊ ခန္ဓာ၊

ဓါတ်၊ သစ္စာ၊ အာယတန၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို သုခဘဲဟု ထင်မှတ်အောင် တွေဝေအောင်လုပ်နေပါသည်။ ပဋိစ္စသမုပ္ပါဒ်တရား ဓါတ်ကိုပင်ငါဖြစ်သည်။ သူဖြစ်သည်။ ငါ့ကြောင့်ဖြစ်သည်။ သူ့ကြောင့်ဖြစ်သည်။ စသည်ဖြင့် အမှတ်မှား၊အထင်မှားအောင် အယူမှားအောင် တွေဝေစေခြင်း။ ဖုံးဖိခြင်းသည်။ အဝိဇ္ဇာ၏လက်ချက်ပင်တည်း။ အလုပ်ပင်တည်း။

(အဝိဇ္ဇာသည်၊ မျက်လှည့်ဆရာနှင့် လုံးငတူလှ၏။)

(၄) မေး။ အဝိဇ္ဇာကို ဘယ်သူမြှောက်ထိုး ပင့်ကော် လုပ်သလဲ။

ဖြေ။ ကာမါသဝ-ဘဝါသဝ-ဒိဋ္ဌာသဝ-အဝိဇ္ဇာသဝ၊ ဟူသော အာသဝ(၄)ပါးက မြှောက်ထိုး ပင့်ကော် နှိုးဆော်တိုက်တွန်းသောကြောင့်၊ အဝိဇ္ဇာ လူမိုက်ကြီးအား ရှိနေရသည်။ စိုးမိုးချုပ်ချယ် နေနိုင်ပေသည်။

(၅) မေး။ အဝိဇ္ဇာကို ဘာကြောင့် မူလခေါ်သနည်း။

ဖြေ။ မူလဟူသော (မာဂဓ)ပါဠိစကားကို မြန်မာဘာသာပြန်သော် (အရင်းအမြစ်)ဟာ မူလဘဲဟုပြန်ရမည်။သစ်ပင်များ၌ အရင်းအမြစ်ဟု ခေါ်ထားသော နေရာဌာနကို သတိပြုပါ။အရင်းအမြစ်ကျသည့်နေရာကို အမြစ်ဟု ခေါ်သလို ပဋိစ္စသမုပ္ပါဒ်၌လည်း သင်္ခါရစသော အကျိုးတရား၌လည်း ဖြစ်ပေါ်ရန်အထူးတလယ် အရင်းကျသော

အဝိဇ္ဇာကို ပဋိစ္စလို(မူလ)မြန်မာလို အရင်းအမြစ်ဟု သမုတ်ခေါ်ဆိုရလေသည်။ ထို့ကြောင့် အဝိဇ္ဇာကိုမူလဟုခေါ်ပါသည်။

(၆) မေး။ အဝိဇ္ဇာကို တိုက်ဖျက်နိုင်သော တရားမရှိဘူးလား။

ဖြေ။ ကမ္ဘာ့ထိပ်ဆုံးအတန်းကဘုန်းကံအကြီးဆုံးနှင့် လွတ်မြောက်၍ လာခဲ့သော ဘုရားရှင်ကြီးက အချစ်ဆုံးဖြစ်သည်ဟု လောက ဝေါဟာရဖြင့် သုံးစွဲထိုက်သော သားတော် ရာဟုလာအား အမွေပေးထားခဲ့သော ပထဝီဓါတ်ဝိဇ္ဇာဖြင့် အဝိဇ္ဇာဆိုတဲ့ ကမ္ဘာ့ရန်သူကြီးကို အပြတ်တိုက်နိုင်သည်။ အသေသတ်နိုင်သည်။ အပြန်မရှိ သတ်နိုင်ပါသည်။

(၇) မေး။ အဝိဇ္ဇာမရှိလျှင် ဘယ်လို ချမ်းသာမှာလဲ။

ဖြေ။ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တဆဲ့တမီး ငြိမ်းရတော့၏။ ချမ်းသာတော့၏။ သူ့အတန်းနှင့်သူလိုက်အောင် ငြိမ်းရတော့၏။ ချမ်းသာရတော့၏။ သောတာပန်နှင့် သကဒါဂါမ်မှာ အပါယ်နှင့်ဆိုင်ရာပဋိစ္စသမုပ္ပါဒ် ပြတ်၍ အပါယ်နှင့်ဆိုင်ရာ မီးဆဲ့တပါး ချုပ်ငြိမ်းနေ၏၊ ချမ်းသာ၏။အနာဂါမ်မှာ အပါယ်လေးဘုံ ကာမဆဲ့တဘုံနှင့်ဆိုင်ရာ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်၍ ရင်း နှင့် ဆိုင်ရာမီးဆဲ့တပါးချုပ်ငြိမ်း၍နေ၏။ချမ်းသာ၏။ရဟန္တာမှာ(၃၁)

ဘုံနှင့်ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်ပြတ်၍ (၃၁) ဘုံနှင့်ဆိုင်ရာ မီးဆဲ့တပါးချုပ်ငြိမ်းရတော့၏။ ချမ်းသာတော့၏။

(ဂ) မေး။ အဝိဇ္ဇာရှိလျှင် ဘယ်လို ဒုက္ခရောက်မှာလဲ။

ဖြေ။ မိမိတို့ ကိုယ်၌ရှိသော အဝိဇ္ဇာကို မပယ်နိုင်လို့ မသတ်နိုင်လို့ အဝိဇ္ဇာရှိနေလျှင် အပါယ်ဆင်းရဲ လူဆင်းရဲ၊နတ်ဆင်းရဲ၊ဗြဟ္မာဆင်းရဲတွေ တပြုံကြီးခံ၍ သံသရာလည်ဦးမည်ဖြစ်သည်။

## (၁၅၆) တဏှာမြစ်မကြီးကို စစ်ဆေး၍ပြပုံ (မေး-ဖြေ)

(၁) မေး။ ဘာကြောင့် တဏှာခေါ်သလဲ။

ဖြေ။ အာရုံခြောက်ပါး၌ ရေငတ် ယောကျ်ားရေငတ်အလား ကဲ့သို့ များများကြီး မွတ်သိပ် ငယ်တတ်၏။ ထို့ကြောင့် တဏှာဟု ခေါ်ပါသည်။

(၂) မေး။ တဏှာဆိုတာ ဘယ်လိုသဘောရှိသလဲ။

ဖြေ။ ထိုထိုလောက၌ ဆင်းရဲရ ခြင်း၏။ မုချအကြောင်းတရားကို ရှာသော်။ တဏှာမှတပါး အခြားကို ရှာမရတော့ချေ။သို့ကြောင့်တဏှာကို ဒုက္ခဖြစ်ဘို့အကြောင်းသဘောရှိသည်ဟူ၍ မြဲမြဲ-စွဲစွဲကြီး မှတ်သားအပ်၏။

တဏှာတပိဿာရှိလျှင် ဒုက္ခတပိဿာ ရောက်ရမြဲတည်း။ တဏှာကြီးလျှင် ဒုက္ခကြီးတော့၏။ တဏှာနည်းလျှင် ဒုက္ခနည်းတော့၏။

(၃) မေး။ တဏှာ၏ အလုပ်ဟာဘာလဲ။

ဖြေ။ တဏှာသည် မိမိလည်း အာရုံခြောက်ပါးကို နှစ်သက်၏။ သူနှင့်ယှဉ်ဖေါ်ယှဉ်ဖက် သမ္ပယုတ္တဖြစ်သော စိတ်-စေတသိက် ၂၃-ပါးကိုလည်း၊ အာရုံ ခြောက်ပါး၌ နှစ်သက် စေတတ်အောင်လုပ်၏။ ဘိန်းစား ကစားသမားများသည်။ လူရိုး-လူကောင်းများကို မိမိနှင့် ပေါင်းမိလျှင် ဘိန်းစား-ကစားသမားဖြစ်သွားအောင် ပြုသကဲ့သို့ တဏှာသည်လည်း။မိမိသဘောကို သူတပါးအား အမွေပေးသကဲ့သို့ပြုလုပ်၏။

(၄) မေး။ တဏှာကိုမည်သူက မြောက်ထိုးပင့်ကော်လုပ်သလဲ။

ဖြေ။ ထိုထိုအာရုံကို ခံစားမှု ဝေဒနာ သည်ပင်လျှင် တဏှာဖြစ်ဘို့ရန် အလွန်နီးကပ်သောအကြောင်း ဖြစ်လေသည်။ ထိုထို အာရုံကို ခံစားမှုမရှိလျှင် တဏှာဖြစ်ပေါ်ရန် အကြောင်းမရှိပေ။ ထို့ကြောင့် တဏှာကို ခံစားမှုဝေဒနာသာလျှင် မြောက်ထိုးပင့်ကော် လုပ်ပါသည်။

(၅) မေး။ တဏှာကို ဘာကြောင့် မူလလို့ ခေါ်သနည်း။

ဖြေ။ အဝိဇ္ဇာနှင့်တဏှာသည်အခြားသောတရားများ၏ ဥက္ကောင်းပမာ အလွန် အရေးကြီးသော တရား ၂-ပါးသာ ဖြစ်ကြ၏။သစ်ပင်တို့၏ ရေသောက်မြစ်နှင့်လည်း

တူ၏။အနည်းငယ်မျှရှင်းပြဦးအံ့၊ ထိုထိုကုသိုလ်သင်္ခါရ-အကု
သိုလ်သင်္ခါရတို့ကို ပြုလုပ်ရာ၌ အဝိဇ္ဇာက မသိအောင် ဖုံးလွှမ်း
ရှိပေးရော၊ တဏှာကလက်ရောပါရော။ ထိုအခါ-ကုသိုလ်
အကုသိုလ်ပြုနိုင်၏။ အဝိဇ္ဇာနှင့်တဏှာ ယင်း ၂-ပါးမရှိပါက
ဘယ်ကုသိုလ်၊ ဘယ်အကုသိုလ်မှ မဖြစ်တော့ပါ။ ဤကဲ့သို့
ဥကတွင်းပမာ အရေးကြီးသောကြောင့်(တဏှာ)ကို မူလ
လို့ခေါ်ပါသည်။

(၆) မေး။ တဏှာကို အပြတ်တိုက်နိုင်တဲ့ တရားမရှိ
ဘူးလား၊

ဖြေ။ တဏှာကိုအပြတ်တိုက်လိုလျှင်ဒိဋ္ဌိကိုအပြတ်
တိုက်ရမည်။ဒိဋ္ဌိပြတ်သွားလျှင် ရင်းနှင့်တွဲ၍နေသော တဏှာ
လည်း ပြတ်သွားရတော့၏။ ဒိဋ္ဌိတဏှာကိုအပြတ်ဘို့ရန် ငါတို့
ဘုရားရှင်ကြီးက သားတော်ရာဟုလာအား ပေးထားခဲ့သည့်
ပထဝီဓါတ်ကိုခန္ဓာထဲမှတွေ့လျှင် ဒိဋ္ဌိရော တဏှာရော ၂-ပြူး
တွဲကြီး ပြုကိုကွာရရှာတော့၏၊ ပထဝီဓါတ်ကြီးသည်။အပြတ်
တိုက်နိုင်သော တရားပေတည်း။

(၇) မေး။ တဏှာမရှိလျှင် ဘယ်လို ချမ်းသာမှာလဲ။

ဖြေ။ တဏှာမရှိလျှင် ငရဲဘုံသို့ရင်း။ တိရစ္ဆာန်ဘုံ
သို့ရင်း။ပြိတ္တာဘုံသို့ရင်း။အသူရကာယ်ဘုံသို့ရင်း။ဘယ်တော့
မှမရောက်နိုင်တော့ ပ တသံသရာလုံးအပါယ်တံခါးပိတ်ပြီး
ဆင်းရဲသံသရာ ပြတ်၍၊ဘုံ၃၁စုံ၊ သိဒ္ဓိကြီးကိုးတန်ရ၍၊၆၇-ပါး
သော သုခကြီးကိုကိုရနိုင်မည်။ချမ်းသာမည်။

(ဂ) မေး။ တကျောခွဲလျှင် ဘယ်လိုဒုက္ခ ရောက်မှာလဲ။
ဖြေ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးပါး၊ တံခါးမပိတ်၊ ဆင်းရဲသံသရာ မပြတ်၊ ဘုံစဉ်မစံရ၊ သိဒ္ဓိကိုးတန် မရကြခြင်းမှာ တကျောခွဲနေသော ကြောင့်ဖြစ်ပါသည်။ ဤလိုဒုက္ခရောက်ရပါမည်။

## (၁၅၇) အဝိဇ္ဇာနှင့် တကျောမူလ၂-ပါးကို သူ့ အဆင့်နှင့်သူပယ်သတ်ပြီး၍

အဝိဇ္ဇာနှင့်တကျောမူလ ၂ ပါးကို သူ့အဆင့်နှင့်သူ ပယ်သတ်ပြီး၍ တရားရကြသော သောတာပန် တည်ငြိမ်းတော့လင်ယူနေတဲ့ ဝိသာခါ၊မုဆိုးမယားနှင့် မယားယူနေကြတဲ့ ဝိသာခါသူဌေး၊ဗိမ္ဗိသာရမင်း၊သိကြားမင်းတို့နှင့်ပဉ္စာယုဉ်ရမည်၊ ၎င်းတို့ကို တွေး၍ ဘယ်အဝိဇ္ဇာ ပယ်တယ်၊ ဘယ်တကျောပယ်တယ်လို့ သိသွားရမည်။ သို့မဟုတ်လျှင် တရားအားဆုတ်ပြီး။ ဘီ-အေ ပေါင်းနှင့် မဟာဖလာနှင့် ဒုတ်ကောက်နှင့်သွားခြေပြောဇ်ဘိနပ်နှင့်နေသူ ဘုရားရှင်ကိုဉာဏ်း။ သနပ်ခါး၊ပေါင်ဒါတို့ကို ဖုံထအောင်လိမ်းပြီး။ စိန်နား ကပ်တပြောင်ပြောင်နှင့်နေသောဘုရားရှင်ကိုရှင်း၊ အထင်သေးတတ်သည်။ ဂါရဝပျက်တတ်သည်၊ အရှိအသေကင်းတတ်သည်။ မင်္ဂလာဘုရားပျက်ပြားတတ်သည်။ ပျက်သလောက်နစ်နာ၍ဆုံးရှုံးတတ်၏။

## (၁၅၀) ကာမဂုဏ်ငါး ခံစံစားပျက်ပြားမရှိပါ

ဉာဏစာရီမဟာထေရ် စီရင်ရေးသားတော်မူအပ်သော ဝိပဿနာသင်တန်းကြီး ပဌမတွဲ

ကာမဂုဏ်ငါး ခံစံစား ပျက်ပြားမရှိပါ။နံပါတ်-၂၂၆။ သံယုတ် ပါဠိတော်အတိုင်း ချစ်သားရာဟုလာ ပထဝီဓါတ်ကိုတွေ့ရ အနိစ္စပါတွေ့ရ ကိုယ်တိုင်တွေ့ရ ဉာဏ်ပါတွေ့ရ မြင်ခဲ့သော် သက္ကာယဒိဋ္ဌိနှင့်တွဲ၍နေသော အောက်ထစ်ကတရားကိုပါ။ပယ်နိုင်၏။အဲဒါ-သောတာပန်လောင်း တရားပယ်ပုံ။ဒိဋ္ဌိပယ်ပုံတည်း။ ဤတရားမျိုး ဤဒိဋ္ဌိမျိုးလောက်ကိုပယ်ရုံနှင့် အကြွင်းအဝါ မပယ်သေးပါ။ လင်ယူ-မယားယူ မပယ်သေးပါ။ ကာမဂုဏ်ငါး ခံစံစားခြင်း မပယ်နိုင်သေးပါ။ ကာမဂုဏ်ငါးနှင့် ပျော်တုန်း ပါးတုန်း၊ ခံစံစားတုန်းပင် ရှိသေး၏။ တရားရတာလဲမှန်၏။ သောတာပန်တည်တာလဲမှန်လှ၏။အဝိဇ္ဇာနှင့်တရား မူလ၂-ပါးကို ပယ်နိုင်တာလဲမှန်လှ၏။သောတာပန်အဆင့်အတန်းလောက်နှင့်မှန်တာမို့။ (သကဒါဂါမ် အနာဂါမ်၊ ရဟန္တာလောက်က ကြည့်ပြီး မပြစ်မှားနှင့်) သူ့အဝိဇ္ဇာနှင့်သူ သူ့တရားနှင့်သူ ပယ်နိုင်တာပါ။ သတ်နိုင်တာပါ။ သတိမူကြပါကုန်။

## (၁၅၉) အချို့ အကြည့် မလိမ္မာသူများက ဉာဏစောင်ဆရာတော် ဝိပဿနာသင်တန်းကြီး ပဌမတွဲ နံပါတ်(၂၃၂)

ဟိုမှာကြည့်စမ်းပါအုန်း။ ကိုယ်လူရ (၇)ရက်ဘုန်းက ကမ္မဋ္ဌာန်းကျောင်းမှာ ငြိမ်းခဲ့ပြီး နေလိုက်ထာ ရှိငြိမ်းသွားသား-မဃာားကိုပင် စွန့်သွားတော့ မလိုလိုနှင့် ယခုတော့ တရားရပြီဆိုလျက်နှင့် အရေးပိုင်လို၊ ဝန်ထောက်လို၊မြို့ပိုင်လို ဝတ်စားပြီး နေလိုက်ထာ ငါမယုံနိုင်ဘူးကွဲ့။ ဟိုဟာမကို ကြည့်အုံးတော့ တလလောက်က ယောဂီဝတ်နှင့် ယခုတော့ မျက်နှာမှာ ဖုံသုံ့ထပြီး စိန်နားကပ် တဝင်းဝင်းနှင့် ယုံစရာ မရှိဘူး။ ဒီဟာမျိုးဟာ သာသနာတော်ကြီးကို စော်ကားတာဘဲဟု၊အထင်လွဲတတ်သည်၊ဝိသာခါလင်ယူပုံ၊ သူဌေးသမီး မဆိုးနှင့်ညားပုံ။ ဝိသာခါသူဌေးဇနီးနေပုံကြည့်ကြ။ တရားရပြီးမှနေပုံပါဘဲ။

## (၁၆၀) သောတာပန်ဖြစ်လျှင် နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း

လယ်တီဆရာတော်ဘုရား ရေးသားတော် မူသော ဒေသာမနသာ ဒီပနီကျမ်း နံပါတ်-၂၄၊ စာပိုဒ်-၁၀။ (နံပါတ်-၅၂။ စာပိုဒ်-၂၃ မှ။)

သောတာပန်ဖြစ်လျှင် နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း။ ဘုံစဉ်စံသောတာပန်တို့သည်။သံသရာဘေးအပေါင်းတို့တွင် အဆိုးဝါးဆုံး၊အညစ်ညမ်းဆုံး။ အကြမ်းဘမ်းဆုံး၊ အယုတ်

မာသုံး၊ ဘေးကြီးစုဖြစ်သော သဏ္ဍာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော။ ကိလေသာဝဋ်ဆိုးကြီးတပါး ဒုစရိုက်ဆယ်ပါးဟူသော ကမ္မဝဋ်ဆိုးကြီးတပါးမှ အပါယ်ကျဖို့ဟူသော ဝိပါကဝဋ် ဆိုးကြီးတပါး။ ဤဝဋ်ဆိုးကြီး ၃-ပါးမှငြိမ်းကုန်၏။ ဝဋ်ဆိုးကြီးငြိမ်းမှုကြောင့် နိဗ္ဗာန်ခေါ်သည်၊ ဝဋ်ကောင်တွေ ကျန်ရှိသေးသောကြောင့်။ သဉပါဒိသေသ ခေါ်သည်ဟူ၍။ ယခုအခါ နတ်ပြည်(၆)ထပ်လုံးသည်။ ဘုံစဉ်စံ သောတာပန် အရိယာတို့ဖြင့် ပြည့်လျက်နေ၏။ ဗိမ္ဗိသာရမင်း အနာထပိဏ်သူဌေး။ အစရှိသော မြတ်စွာဘုရား၏ သားတော်ကြီးတွေ၊ သိကြားမင်း တေမဟာရာဇ် နတ်မင်းကြီး၊ နေနတ်မင်း၊ လနတ်မင်း၊ အစရှိသော သားတော်ကြီးတွေ အသင်္ချေအနန္တရှိကုန်၏။ သခေါသုပ္ပိယာ စသော မြတ်စွာဘုရား သမီးတော် ကြီးတွေ။ လာဇာနတ်သမီး။ သူရိယဝစ္ဆသာ နတ်သမီး အစရှိသော မြတ်စွာဘုရား၏ သမီးတော်ကြီးတွေ။ ယခုအခါ နတ်ပြည် (၆)ထပ်မှာ အသင်္ချေယျအနန္တ ရှိကြကုန်၏။ ယေဘုယျအားဖြင့် အထက်ကောင်းကင်တရိုး၌ ဘုန်းတန်ခိုး ကြီးကြကုန်သော၊ နတ်မင်းကြီး။ နတ်မိဖုရားကြီး။ နတ်သမီး နတ်သားတို့ မြတ်စွာဘုရား၏သားတော်ကြီး၊ သမီးတော်ကြီးတို့ချည်းသာ ဖြစ်ကြကုန်၏။ နတ်ပြည် ခြောက်ထပ်မှ မြတ်စွာဘုရား၏သားတော်မြတ်အပေါင်းတို့သည်။ ဤလူ့ပြည်၌ ဥပါသကာ-ယောကျ်ားတို့ကိုမျှော်လင့်လျက်ရှိကြကုန်

၏။ သမီးတော်မြဘ်အပေါင်းတို့သည်လည်း။ ဤလူပြည်၌ ဥပသိကာမတို့ကို မျှော်လင့်လျက် ရှိကြကုန်၏။ တလလျှင် လေးကြိမ် ဇမ္ဗူဒိပါသို့ စာရင်းယူလာကြောင်းကို။ စတုက အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူ၏။

ပဋိဝေဓသာသနာတော်မြတ်ကြီးသည်။ ယခုအခါ နတ်ပြည်မှာ လှိုင်လှိုင်ထွန်းတုန်းထွန်းဆဲပင်တည်း။ စတုမဟာရာဇ်နတ်ပြည်မှာ သာသနာတော်အသက် နတ်တို့ ရက်နှင့် အချက်ငါးဆယ်ခန့်ရှိသေးသည်။ နေခင်လူတို့အရေအတွက် အနှစ်ကိုးသန်းတိုင်အောင် မဂ်ဘံခါး။ ဖိုလ်တံခါး။ နိဗ္ဗာန်တံခါး။ ဟင်လင်းပွင့်လမ်းရှိ၏။

တာဝတိံသာ နတ်ပြည်မှာ သာသနာတော် အသက် နတ်တို့ရက်နှင့် ၂၅-ရက်ခန့်ရှိသေးသည်။ နေခင်လူတို့အရေးအတွက် အနှစ်ပေါင်း(၃)ကုဋေ။ (၆)သန်း တိုင်အောင်။ မဂ်ဘံခါး။ ဖိုလ်တံခါး။ နိဗ္ဗာန်တံခါး။ ဟင်းလင်းပွင့်လမ်းရှိ၏ ဤနည်းအတူ လေးဆ- လေးဆဘက်၍ အထက်-အထက် နတ်ပြည်တို့မှလည်း။ သာသနာတော် အသက်တိုး တက်ရှည်များသွားပုံကိုသိလေ။

ယခုအခါ လူ့ပြည်မှာ ဘာဝနာမနသိကာရ၌ စူဋ္ဌသောတာပန် အနေလောက်ပေါက်ရောက်အောင် အားထုတ်ကြ၍ သေလွန်သည့်နောက် နတ်ပြည်(၆)ထပ်တွင် ဖြစ်လေရာ နတ်ပြည်မှာ မဟာသောတာပန် အဖြစ်သို့ ရောက်ကြ၍ ဘုရားသားဘော်ရင်းကြီး၊ သမီးတော်ရင်းကြီးတို့နှင့် ဘုံစည်စံ

အရိယာအဖြစ်ဖြင့် ဇာတ်ပေါင်းနိုင်ကြကုန်၏။ ယောကျ်ား ဖြစ်သူရှင်လူအပေါင်းတို့သည်။ဗိမ္ဗိသာရမင်း၊ အနာထပိဏ် သူဌေး အစရှိသောသူတို့နှင့် ဇာတ်ပေါင်း နိုင်ကြကုန်၏။ ဒါယကာမဖြစ်သူကား၊ ဝိသာခါ၊ သုပ္ပိယာ အစရှိသော သူဘို့နှင့်ဇာတ်ပေါင်းနိုင်ကြကုန်၏။

## (၁) ဝိပဿနာတရားကို အားထုတ်တော့

ဥက္ကာစာဂီဆရာတော်ဘုရားရေးဟော်မူသောဓါဘုဋ္ဌိကာ-ဒုဇီယ တွဲမှ၊ (နံပါတ်-၃၁၊ စာပိုဒ်-၁၉၃)

ဝိပဿနာတရားကိုအားထုတ်တော့ မိမိ၏ခန္ဓာကိုယ်ထဲမှ ပူသိနှင့်အေးသိနှင့်၊ အကုသိုလ်များကိုရင်း။ ကိလေသာကိုရင်း။ ဈာပနပြာကျနေစေပါသည်။တစက္ကန့်မှာပင် ကုဋေ့ဘသိန်း လောက် အကုသိုလ် ကိလေသာတွေဟာ ပြာကျသွားရပါ သည်။ ကုဋေတသိန်းလောက်ပင် ကုသိုလ်ပါရမီများဝင်ဝင် လာရသည်။ဥပမာ တကျပ်သား အကုသိုလ်ထွက်သွားတော့ တကျပ်သားကုသိုလ်ပါရမီများ ဝင်ဝင်လာရပါသည်။ ကိုယ် တွေမှာ ပူသိ၊ အကုသိုလ်ကိလေသာ ထွက်နေပါသည်။ အေး အကုသိုလ်ကိလေသာများ ထွက်နေပါသည်။ ကုသိုလ်ပါရမီ များလည်း ၎င်းအတူ ဝင်ဝင်နေကြပါသည်။ သတိပြုပါ။ ဘာဘဲပေါ်ပေါ်ရှုလျှင် အကုသိုလ်ထွက်ပြီး၊ ကုသိုလ်ဝင် တာပါဘဲ။

## (၂) ဓါတ်တရားများဟာ

ဉာဏစာဂီဆရာတော်ဘုရား ရေးတော်မူသော ဓါတုဋီကာ
ဒုတိယတွဲမှ (နံပါတ်-၁၁၇၊ စာပိုဒ်-၂၈၄)

ဓါတ်တရားများဟာ ဘယ်လောက်ထက်မျက်စူးရှပါသလဲဆိုတော့လူတဦးဟာ(၁)အုပ် ၂-ယားတူသောတိုက်ခမ်းထဲမှာ။ (၂)ပျဉ်ကာတဲ့နေရာမှာ။ (၃)ခြင်ထောင်ချ။(၄)အပေါ်က အညာစောင်ခြုံ၍။ (၅)ရင်းဒ တွင်းက သိုးမွှေးစောင်ခြုံထား ရင်းအတွင်းက ဖျင်နူ။ (၆)ရင်းအ တွင်းက အပြင်အင်္ကျီ။(၇)ရင်းအတွင်းကရှပ်အင်္ကျီ။(၈)ရင်းအတွင်းက စွပ်ကျယ်အင်္ကျီ။ (၉) အပေါ်ရေ။ (၁၀) အတွင်းရေ (၁၁)အသား။(၁၂)အကြော။(၁၃)အရိ။တဆဲ့သုံးမျိုးကိုဖေါက်၍ ဆောင်းတွင်း ဟေမန္တဥတု ပြာသိုလ်လဆုပ်တွင် ကျနေသော ဆီးနှင်းမှ အဓေါတ်ဟာ ရိုးတွင်းချင်ဆီထဲသို့ ရောက်၍ ဆန့်ရင်းအိပ်နေသောလူဟာ ကွေးကွေးကြီးနှင့် မေးများပါ။ တုံခိုက်၍ ဧေ-မြမြဓါတ်များ ငင်ရောက်ကာ နေတော့သည်။ (အဲဒါဓါတ်သဘောတရားများ စူးရှထက်မျက်ပုံတည်း။)

## (၃) ဒါနပြုလျှင် မြေပြင်မှ

ဉာဏစာဂီဆရာတော်ဘုရား ရေးတော်မူသော ဓါဟုဋီကာ
ဒုတိယတွဲမှ (နံပါတ်-၁၅၈၊ စာပိုဒ်-၂၇၀)

ဒါနပြုလျှင် မြေပြင်မှ ဘဝဂ်အထိပုံ၍လှူပါ။ ဤဒါနဟာ လျှပ်တပျက်မျှ ရှုတဲ့ဓါတ်ပျက်တခုကို မမှီပါဘူးတဲ့။

သီလစောင့်ကြတဲ့သူများမှာလဲ အနှစ်ပေါင်း သိန်းသောင်း လုံခြုံစွာ သီလကျင့်ပေမဲ့။ ၎င်းအကျိုးဟာ လျှပ်တပျက်မျှ ခါတ်ပျက်ကို ရှုခြင်းကိုမမှီတော့ပါ။ ကမ္ဘာပေါင်း(၈၄၀၀၀) မျှ၊ သမထကို ကျင့်တဲ့အကျိုးဟာ လျှပ်တပျက်မျှ ရှုပွါးနေတဲ့ ဓါတ်ပျက်တခုကိုမမှီတော့ပါဘူးတဲ့။ ဓါတ်ပျက်ကား ဧရမတ်မို့၊ လောကုတ္တရာမို့၊ ဝိပဿနာမို့၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၏ မိခင်မို့၊ ဘယ်တရားကမှလာပြီးမတုနိုင်ကြပါ။ (၃၁) ဘုံမှာ ဓါတ်ပျက်ရှုရတာအမြတ်ဆုံးပါဘဲ။

## (၄) မီးရထားစီးသွားကြတာကို အာရုံပြုလျှင်

ညာဏ၊ာဂီဆရာတော်ဘုရား ရေးတော်မူသော ဓါတုဋ္ဌကာ ဒုတိယတွဲမှ နံပါတ်-၆၉၊ စာပိုဒ်-၂၈၄

မီးရထား စီးသွားကြတာကို အာရုံပြုလျှင် လူ့ပြည်မှာ တအိမ်ထောင်စုရုံးကာဖြစ်လာတာနှင့်တူညီလှ၏။ တူညီပုံမှာ မီးရထားကြီးဟာ ဘူတာ၌ တွဲထိုးထားပြီးသား ဖြစ်နေသည်။ ထွက်ခွါရန်အချိန်ကလဲ နီးကပ်နေပါပြီ။ အဲဒီအခါမှာ မီးရထားစီးမည့်လူတွေဟာ ပလူများထွက်နေသလို ရှုရှု ရှုရှုနှင့်ဖြစ်၍နေတော့၏။ ဟိုတွဲသို့ပြေးတက်ကြ၊ ဒီတွဲသို့ပြေးတက်နှင့် နှုတ်ဆက်ကြ၊ လိုက်ပို့ကြနှင့် ဆူညံ၍နေတော့၏။ အချိန်စေ့တော့ ရထားကြီးထွက်လျှင် ပါလာသော သူတို့ဟာ အမျိုးမျိုးနှင့်နေလာကြသည်။ အချို့ ဆေးလိပ်သောက်ငြိုး လိုက်ကြတယ်။ အချို့ ကွမ်းစားငြိုး။ အချို့ ကာဖီသောက်၍ အချို့ အိပ်၍။ အချို့ စကားပြော၍။ အချို့ ကား ရန်ဖြစ်၍

လိုက်ကြသည်။ ဘူတာရုံတခုသို့ရောက်သော် ဆင်းသူကဆင်း နှင့် တက်သူကတက်နှင့် ခွဲသူကခွဲ၍ပေါင်းသူက ပေါင်းပြန် သည်။ တလမ်းလုံး ဒီနည်းပါဘဲ။ ရွာတည်ထောင်ပြီး အိမ် တဆောင် မီးတပြောင်နှဲ့နေထိုင်ကြသော အိမ်ထောင်သည် များမှာလဲ ခုဘဲ သားရလာ၊ ခုဘဲ သမီးရလာ၊ အခုဘဲမြေးရလာ ခုဘဲမြစ်ရလာ၊ ခုဘဲ မိတ်ဆွေရလာ၊ ခုဘဲဆရာရလာနှင့် တသသသောနေလာကြသည်၊ ဇာတိရထားပေါ် တက်စီး ဇရာရထားကြီးပြေးသွားနေ။ မရဏဘူတာရုံသို့ရောက်တော့ ငါးလနှင့်ခွဲ၊ ၁၂-လနှင့်ခွဲ စသည်ဖြင့် မရဏကြသည်၊ (သေကြ သည်၊) အချို့လဲ ပဋိသန္ဓေနေကြသည်။ ဒီတွဲတက် ဒီအမိထံ၌ ပဋိသန္ဓေနေကြသည်။ ဟိုတွဲတက် ဟိုအမိထံမှာ ပဋိသန္ဓေနေ ကြသည် တွဲတိုင်း-တွဲတိုင်း လူတက်ကြသည်ကား အမိတိုင်း အမိတိုင်း၌ ပဋိသန္ဓေတည်နေကြတာနှင့်တူ၏။ ဘူတာတိုင်း ဘူတာတိုင်း၌ဆိုက်သော် လူတွေဆင်းကြသည်ကား ကံကုန် လို့ သေကြရတာနှင့်တူ၏။ ဗမာပြည်ဟာ သံသရာကြီးပါ။ ဘူတာတွေဟာ ကံကုန်ရာ ပဋိသန္ဓေနေရာ ဌာနတွေပါ။ စထွက်တာ ဇာတိပါ။ ရထားသွားနေတာ ဇရာပါ။ ရထား ဘူတာ၌ ဆိုက်၍ ဆင်းကြတာဟာ မရဏပါ။ ဒီပုံဥပမာ ဥပမေယျနှင့် သိကြပါစေ။

# (၅) ဝိမုတ္တိယုဂခေတ်မှာ

ဉာဏစာရီဆရာတော်ဘုန်း ရေးတော်မူသော ဓါတုဋ္ဌိကာ ဒုတိယတွဲမှ နံပါတ်-၁၇၇၊ စာပိုဒ် ၂၈၆။

ဝိမုတ္တိယုဂခေတ်မှာ ဝိပဿနာတရားကို အားထုတ်ကျင့်ကြံတော့ ယခုပြု၊ ယခုရတဲ့ ပုညကုသလ ထင်ပ်ဆုံးကံပါဘဲ။ အကြောင်းကား ဓါတ်ပေါ်အောင်ရုပ်နာမ်တွေရအောင်ဟု မတွေ့ရမမြင်ရသေးမှီ အားထုတ်နေလို့ ယောဂီမှာအာစာရ အရိယာဆိုတဲ့ ဘွဲ့ဘော်ကြီးကိုရနေပါပြီ။ထိုးတိုင်းပေါက်တဲ့ ထိပေါ့နေဘ်။ ဗလာမရှိတဲ့ထိပေါ့နေဘ်။ သတိ-သမာဓိကြီး ရင့်လာတော့ ရုပ်၊သိနာမ် ၂ ပါး မြင်တွေ့ရတော့ ဒဿန အရိယာဘွဲ့တော်ကြီးကိုရသွားပါပြီ။ရှုရင်း-ရှုရင်းစိတ်ဓါတ် ပြောင်း သဘောပြောင်းလာတော့ လိင်္ဂအရိယာ ဘွဲ့တော်ကြီးကိုရသွားပါပြီ။ ဖြစ်ပျက်တရားချုပ်သွားတော့ ပဋိဝေဓ အရိယာဆိုတဲ့ ဘွဲ့တော်ကြီးကိုရသွားပါပြီ။ ရုပ်နာမ်ကဲ့ပြီး သိမြင်တော့ ပထမ စူဠသောတာပန် ဘွဲ့ကြီး ကို ရသွားပါပြီ။ ကာမ-ရာဂ-ဗျာပါဒ၊ အကြမ်းစားကို ခွါနိုင်တော့ သကဒါဂါမ်ဘွဲ့ကြီးကို ရသွားပါပြီ။ ကာမ-ရာဂ-ဗျာပါဒ အနုစားကို ခွါနိုင်တော့ အနာဂါမ်ဘွဲ့တော်ကြီးကို ရသွားပါပြီ။ ကျွင်းကျန်နေသော အကုသိုလ် ကိလေသာတို့ကို အားလုံးခွါနိုင်တော့ ရဟန္တာဘွဲ့ဘော်ကြီးကို ရသွားပါပြီ။

ချုပ်-ခုရအဆင့်ဆင့်ရပါပြီ။အရိယာဘွဲ့ကိုရနေလျှင် အပါယ်
တံခါးပိတ်နေပါပြီတဲ့။ အရိယာပုဒ်ကိုဘဲ ကြည့်ကြစမ်းပါ။
(၁)အရိလေးပါးရန်သူများ၊(၂)ယာလွတ်မြောက်ပါပြီတဲ့၊
(၂)ခုပေါင်းစပ်တော့ အရိယာ အပါယ်လေးပါး ရန်သူ
များမှလွတ်မြောက်နေပါပြီဟုဆိုလိုပါသည်။အရိယာပုဒ်ဘဲ
ကြည့်ပါလေ။

## (၆) စာတလုံးမှမတတ်ဘဲနှင့်

ဉာဏစာဂီဆရာတော်ဘုရားရေးသားတော်မူသောဘုရားဗျာဒိတ်
တော်ကြီးကျမ်းမှ နံပါတ်-၃၉၊ စာပိုဒ်-၇၉ မှ

စာတလုံးမှမတတ်ဘဲနဲ့ ပညာရှိခေါ်ပုံကား။(မူလပဏ္ဏာသအဋ္ဌကထာ ဒုအုပ် နံပါတ်-၂၄၊ စာကြောင်းရေ-၃၀ ဇုံမှ။, လက္ခဏာရေးသုံးပါးကိုတင်၍ဆင်ခြင်သောသူသည်။ ဝိပဿနာ အစဉ်အတိုင်း ဉာဏ်စဉ်ရနေသဖြင့် ယနေ့လား နက်ဖြန်လား ရဟန္တာ ဖြစ်ရတော့မည်ဟု အားထုတ်၏။ ဤလိုလူမျိုးကိုတော့ ဝိပဿနာ ဉာဏ်ပညာ ရပြီးသားမို့ ပညာရှိဘဲခေါ်ရမည်။ စာမတတ်လို့ ပညာမဲ့ဟု မခေါ်ရတော့ပါ။

## (၇) အပြင်တရားရှုလျှင်ကြာ၏

ဉာဏစာဂီဆရာတော်ဘုရားရေးသားတော်မူသောဘုရားဗျာဒိတ်
တော်ကြီးကျမ်းမှ နံပါတ်-၄၃၊ စာပိုဒ်-၆၅ မှ

အပြင်တရားရှုလျှင်ကြာ၏။ အတွင်းတရားရှုလျှင်မြန်၏။ သီဟာဠထေရိမ၊ ထေရိဂါထာ၊ အဋ္ဌကထာ နံပါတ်-၈၇၊

ကြောင်းရေ-၅၊ ဇမ္မူ။) သီဟာထေရီမ အလောင်းသည်။ ရဟန်းပြု၍ ဝိပဿနာကိုပွါးပါသော်လည်း။ အမြင်တရားများစွာ၌ အာရုံတိုင်းပြေးပြေးနေရကား စိတ်ကိုတည်ခြင်းငှါမစွမ်းနိုင်ခဲ့တော့ သို့အတွက်(၇)နှစ်ပတ်လုံး မိစ္ဆာဝိတက်များဖြင့် နှိပ်စက်၍နေရကား စိတ်၏သက်သာခြင်းကိုမရရှာပေ။သို့အတွက် ငါသည်၊ဤသို့သော ယုတ်မာသောအသက်ရှင်ခြင်းဖြင့် ဘာအကျိုးရှိအုံးမှာလဲ၊ ဆွဲချ၍သေတော့အံ့ဟု ကြေ့ကွင်းကိုကိုင်၍ သစ်ခက်၌ဆွဲ၏ ထိုကြေ့ကွင်းကို မိမိလည်ပင်း၌စွပ်ပြီးရပ်တည်၏။ထိုအခါ ရှေးရှေးက လေ့လာဘူးသော ဝိပဿနာဖြင့် စိတ်ကိုဆောင်ထားသည်။ ပစ္ဆိမဘဝိကဖြစ်၍နေတဲ့အတွက်ကြေ့ကွင်းဟာ လည်ပင်း၌စွပ်၍ တည်လျှင်ပင် ဉာဏ်များရင့်ကျက်လာပြီ။ထိုကြောင့်ပင် ဝိပဿနာအတွင်း၌ ရှုပွါးသော်။ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်တော့၏။ အပြင်ရှုမိတော့ကြာလှ၏။ အတွင်းရှုမိတော့ ချက်ချင်းရဟန္တာဖြစ်သွားပါသည်။ ပစ္ဆိမဘဝိကများဘောင် အပြင်ရှု၍ ကြာမြင့်နေသေးရာ ပစ္ဆိမဘဝိကမဟုတ်သောသူများဆိုလျှင် ပြောစရာပင် မလိုတော့ပါ။

## (၈) နာမရူပ နိရောဓ နိဗ္ဗာန်ကား

ဉာဏစာရီဆရာတော်ဘုရားရေးသားတော်မူသော ဘုရားဗျာဒိတ်တော်ကြီးကျမ်းမှ နံပါတ်-၁၂၊ စာပိုဒ်-၁၇၇ မှ

နာမရူပနိရောဓနိဗ္ဗာန်ကား။ဝိသုဒ္ဓိမဂ်ဝိဘင်းအဋ္ဌကထာ

စသော(၆၄)ကျမ်းလာ ပါဠိစုတည်း။ ။နာမရူပပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိနေသော ယောဂီမှာ (မနုဿဂတိ ဒေဝဂတိ၊နိရယဂတိ၊ပေတဂတိ၊ တိရစ္ဆာနဂတိ။) ဆိုဘဲ့။ ဂတိငါးပါးတို့တွင် အပါယ်ဂတိသုံးပါး ချုပ်ငြိမ်း သွားသဖြင့် (မနုဿဂတိနှင့်ဒေဝဂတိ။) ၂-မျိုးသာ နေ၍ သွားရတော့မည်။ အပါယ်သို့မပြန်လာတော့ပါ။ အနုပ္ပါဒ နိရောဓဖြင့် ချုပ်ငြိမ်းသွားလေပြီ။

## (၉) မြတ်စွာဘုရားရှင်

စတုဂီရိရှုဘွယ်

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးမိန့်တော်သည်မှာ ငါဘုရားကို ပူဇော်သက္ကာရ အပေါင်းအတွင် ငါဘုရား အလိုတော်အကျဆုံး၊ အနှစ်သက်ဆုံးဖြစ်သည့်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အားထုတ်ခြင်း နည်းဖြင့် ပူဇော်ခြင်း ထက် မြတ်သော ပူဇော်ခြင်းမည်သည်မရှိဟူ၍ ဟောတော် မူချက်ရှိပါသည်။

## (၁၀) ဘုရားရှင်ကိုယ်တော်မြတ်ကြီးက

မိုးကုဘ်ဆရာတော်ဘုရားဟောတော်မူသော ဝိပဿနာ လုပ်ငန်းစဉ် တရားအမှတ်စဉ် (၅)မှ။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက တရားနဲ့ ပူဇော်တာ အနှစ်သက်ဆုံး၊ အကျေနပ် ဆုံး။ တိဿရဟန်းကြီး ဥပမာ။ ဘုရားက သုံးလရှိယင် ပရိနိဗ္ဗာန် စံတော့မယ်ဆိုတော့ တိဿရဟန်းကြီးက ၃-လ အစာကနေပြီး ဘုရားဆံမှာ ကမ္မဋ္ဌာန်းယူပြီး တောသွား

ကမ္မဋ္ဌာန်းအားထုတ်တယ်။ ဘုရားသခင် သွေးဝမ်းလာနေတဲ့အချိန်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနားမှာ ရဟန်းတွေပြုစုနေကြတာ တပုံကြီးပေါ့။ ပြုစုတဲ့ ရဟန်းတွေထဲက တောသဲသွားပြီး ဘုရားရှင်ရဲ့ရောဂါခံစားနေရပုံအကြောင်းပြောပြပြီး တိဿရဟန်းကို ၃-ခါသွားခေါ်ရာ မလိုက်ဘဲနေတဲ့အကြောင်း။ ဘုရားကိုလျှောက်ထားရာ။ ဘုရားရှင်က ငါ့အမိန့်နဲ့ တိဿ၊ သွားခေါ်ချေလို မိန့်တော်မူပြီး သွားခေါ်တော့ တိဿရဟန်းလိုက်လာပြီး အနားရောက်တော့ ဘုရားသခင်က ငါ့မှာဝေဒနာပြင်းထန်နေတယ်ဆိုတာ မသိဘူးလား၊ ဘယ်နှယ်ကြောင့် သင်ဝေယျာဝစ္စတွေ လာပြီး မပြုသတုန်းလို့ မေးတော်မူသောအခါ။ တပည့်တော်ဘုရားအရှင်ဘုရားဆီက တရားကိုယူထားပါတယ်။ ဒီတရားတွေကိုအရှင်ဘုရားရှိတုန်း ဒုထမြောက်ချင်လို့။ ဒါနဲ့ပူဇော်မယ်လိုကြိုးစားနေပါတယ်လို လျှောက်တော့ သူ့ကိုဘုရားက သာဓု ၃-ကြိမ်ခေါ်ပါတယ်။ ပြုစုနေတဲ့ရဟန်းတွေကို သာဓုမခေါ်ဘူး။ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မိမိကိုပူဇော်သက္ကာယ အပေါင်းတို့တွင် (တရားနဲ့)ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို အားထုတ်ခြင်းဖြင့် ပူဇော်ခြင်းသည်အနှစ်သက်ဆုံး ဖြစ်တော်မူကြောင်း ထင်ရှား၏။

## (၁၁) ပရမတ္ထသရူပဘေဒနိကျမ်းကို

ပရမတ္ထသရူပဘေဒ ဒီပနီကျမ်းကို စီရင်တော် မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးက ပရမာဏမြို့ကို

အစိပ်ပေါင်း(၅၀)စိပ်၍ တစိပ်စာသည်။ ပထဝီဓါတ် တခု ဖြစ်သည်ဟု ရေးသားဆုံးဖြတ်တော်မူ၏။

လူတယောက် နံနက်နှင့်ညစာအတွက် တပိဿာအလေးချိန် စားသည်ဖြစ်အံ့။ တပိဿာကို ငါးပုံပြု၊ တပုံ ၂၀-သားရှိ၏။ ငါးပုံတွင် တပုံမှာဝမ်းတွင်းက ပိုးတွေစား၊ တပုံမှာ ပါစကဓါတ်မီးလောင်၍ကုန်၊ တပုံမှာကျင်ကြီးဖြစ်၊ တပုံမှာ ကျင်ငယ်ဖြစ်။ တပုံမှာသွေးသား(ရုပ်တွေ)ဖြစ်၏။ တနေ့စားလိုက်သော တပိဿာခန့်အစာသည် (၂၀)သား သာလျှင် သွေးသား(ရုပ်တွေ)ဖြစ်လျှင် တနေ့နှင့်တည ၂၄-နာရီတွင် တနာရီအဘို့ ရုပ်တွေသုံးမတ်တပဲ နှစ်ရွေးသားခန့် ရှိ၏။ တနာရီအဘို့ကို(၆၀)ပုံ တပုံသည်၊ တမိနစ် အချိန်ကာလအတွက် ရုပ်စုမှာ တရွေးတခြမ်းသာသာခန့် ပမာဏရှိ၏။ တမိနစ်အဘို့ ရုပ်တွေကို(၆၀)ပုံ တပုံသည်၊ တစက္ကန့်အချိန်ကာလအတွက် ရုပ်စုမှာ-မှန်းခြေအားဖြင့်။ မုံညင်းစေ့ခန့်မျှလောက်သာ ရှိတော့သည်။ တစက္ကန့်နှင့် လက်ပစ်တတွက်သည်။ အချိန်တူမျှလောက်ပေ၏။ လျှော့လျှင် သာလျှင်လည်း အနည်းငယ်မျှသာဖြစ်မည်။ စာမဖွဲ့လောက်ပါ။ ထို့ကြောင့် လက်ပစ်တတွက် အချိန်တွင် ရုပ်တွင်ရုပ်တွေမုံညင်းစေ့ခန့် ပမာဏ ပျက်၏။

ရုပ်အရေတွက်အားဖြင့် ၅၇၇၂၂၃၅၂၆၄၁၁- ပျက်၏။ နာမ်တရားသည်။ ရုပ်တခုပျက်လျှင် ၁၇-ခုပျက်သောကြောင့် လက်ပစ်တတွက် အချိန်တွင် နာမ်တရားသည်။ ၉၉၉၉၉၉၉၉

ဇဇဂဂု-ချက်ပျက်၏။ ။ဘုရားရှင်ဉာဏ်တော်၏ အရာသာဖြစ်၏။ ယောဂီများ ဗဟုသုတတိုးပွါးရန် ရည်ရွယ်ပါ၏။ (နိဒါနဝါရ အဋ္ဌကထာ ဃ.ဃ ချုပ်၌ဟောထားပါ၏။)

## (၁၂) အရိယာဝိဇ္ဇာကိုပေါက်ရောက်အောင်

လယ်တီဆရာတော်ဘုရား ရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂ ဒီပနီကျမ်းမှ နံပါတ်-၄ မှ၊ ၈-အထိ။

အရိယာဝိဇ္ဇာကိုပေါက်ရောက်အောင် အောက်ပါအင်္ဂါငါးပါးနှင့်ပြည့်စုံရမည်။

(၁) ဘုရား၌ ယုံကြည်ခြင်း၊ အင်္ဂါတပါး။

(၂) ကိုယ်လက်အင်္ဂါကျန်းမာ ခိုင်ခံ့ခြင်းသည်၊အင်္ဂါတပါး။

(၃) ဝမ်းတွင်းနှလုံးဖြောင့်စင်ခြင်းသည်၊အင်္ဂါတပါး။

(၄) ဝီရိယ ထက်သန်ခြင်းသည်လည်း၊ အင်္ဂါတပါး။

(၅) ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပွါးမှု။ ချုပ်ကွယ်မှုတို့၌ ဉာဏ်၏စူးရှခြင်းသည်၊ အင်္ဂါတပါး။

အထက်ပါ အင်္ဂါငါးပါးတွင် ဒုတိယအင်္ဂါ ဖြစ်သော ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းသည်။အရေးကြီးသော အင်္ဂါရပ်တပါး ဖြစ်ပါသည်။

ကိုယ်လက်အင်္ဂါကျန်းမာခိုင်ခန့်စေခြင်းငှါ။(အဘိဓါဒ နှ သီလိသာနိစ္စံ ဝဓူပစာယိနော၊ စတ္တာရောမ္မောဝဍ္ဍန္တိ

အယုဝဏ္ဏောသုခံဗလံ။) ဟူ၍ ထားတော်မူခဲ့သော မြတ်စွာဘုရား၏။ (အာယုဝဍ္ဎန) ဆေးတော်ကြီးကိုလည်း။ အမြဲမှီဝဲရလိမ့်မည်။

ရှင်းပြင် (သက္ကတော ဇရာယပဋိကမ္မံကာတုံ။) ဟူ၍ နေ့တွိပါဠိတော်၌ ဘုရားဟောသား၏။အဓိပ္ပါယ်မှာ၊ မအိုရအောင် တတ်နိုင်ကောင်း၏ဟု ဟောတော်မူသဖြင့် မနာရအောင် တတ်နိုင်ကောင်း၏ ဟူသော အနက်သည်သည်း၊ တချက်ဘည်း ပါလေ၏။ တဖန် (ရသာယန ဘေသဇ္ဇံပန သုစိရံ ဝိကာသံ ဇီဝိတံ၊ ပဝတ္တေတုံသက္ကောတိယေဝ။) ဟူ၍ ဝိသုဒ္ဓိမဂ်မဟာဘာဋီကာ၌ ဟောသားပြန်၏။ ဒုဓိပ္ပါယ်မှာ ရသာယိန ဆေးမျိုးသည်ကား၊ အနှစ်တရာ တန်းမှာပင် ငါးရာ ဘထောင် မကသော နှစ်ကာလပတ်လုံး အသက်ကို တည်စေခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။ ရသာယန ဓါတ်ဆေးဆိုသည်မှာ သံဓါတ်၊ ပြဒါးဓါတ် စသော အနှစ်ဓါတ်သီမျိုးတို့ကို အစိမ်းဇာတိ ပြောင်းအောင် စီရင်၍ အဇ္ဈတ္တဓါတ်နှတို့နှင့်မိဿကဖြစ်နိုင်သော (ရသာယန)ဓါတ်ဆေး၊ ဓါတ်သီများကိုချီသောသူမှာ ဓါတ်မီးနှစ်ပါး ငြိမ်သက် ယဉ်ကျေးလှသည်ဖြစ်၍ရောဂါဥပဒ်ကင်းရှင်းကြောင်းများကို ပဒါနိယင် ဒုတိယအင်္ဂါတွင်ဆိုခဲ့ပြီ။

ထိုမှတပါးလည်း တောင်ပိုင်းရှမ်းပြည် စကားမြို့ စော်ဘွားကြီး ၏ ကျေးဇူးတော်ရှင် မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီးထံလျှောက်လွှာ။

လန်ဒန်ပါဠိဒေဝီ(            )က လယ်တီဆရာတော်ဘုရားထံ လျှောက်ထားသော စာအုပ် နံပါတ်-၂၂၃ မှ။ ကမ္မဝါဇ ပုတ္ထာအဖြေမှ လူများသည်။ မည်သည့် အတွက်ကြောင့် အိုရကြောင်း အမေးကို လယ်တီဆရာတော်အဖြေမှာ--။

သတ္တဝါတို့၌(၁)သန္တပ္ပနတေဇော။(၂)ဒါဟတေဇော။(၃)ဇိရဏတေဇော။ (၄)ပါစကတေဇော ဟူ၍ တေဇောဓါတ် ၄-ပါးတို့တွင် ဇိရဏတေဇောသည်၊ ဆံဖြူခြင်း။ သွားကျိုးခြင်း၊ အရေတွန့်ခြင်း။ မျက်စိ၊ နား စသောအင်္ဂါတို့၏ ဆုတ်ယုတ်ခြင်း အားခွန်ဗလလျော့ပါးခြင်း။ အိုချိန်ကျလျှင် အိုရပ်ပေါ်အောင် လောင်တတ်ခြင်းသည်။ဇိရဏတေဇော၏ လောင်မှုပေတည်း။ ဇိရဏတေဇောကို အဘယ်ဆေးဝါးဓါတ်စာများနှင့်ကွယ်ကာထားနိုင်ပါသနည်းဟူမူ။ငွေဓါတ် ရွှေဓါတ်၊ သံဓါတ်၊ ပြဒါးဓါတ်တို့ကို ဝိဇ္ဇာမယ လုပ်ရတ်လမ်းတို့ဖြင့် ကောင်းစွာစီရင်အောင်မြင်ထမြောက်ပြီးသော ဓါတ်ပြာဆေးဝါးများသည်။ ထိုဇိရဏတေဇော ကို ကါးဆီးကာကွယ်နိုင်၏။ ထို့ကြောင့် နေတ္တိပါဠိတော်၌ (သတ္တတေဝဇရာယပဋိကမ္မံကာတုံ။)ဟု၊ လာ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း။(ရသာယန ဘေသဇ္ဇပန၊ သုစိရံ ဝိကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကောတိ။) ဟူ၍လည်းလာ၏။ အဓိပ္ပါယ်များကို အထက်မှာရေးထားပြီးပြီ။

ဒဗ္ဗဂုဏဆေးကျမ်းများ။သာရကောမုဒီဆေးကျမ်းများ တွင်လည်း။(ရသာယန)ဆေးအမျိုးမျိုးတို့ လာရှိ၏။

ဓါတ်ပြာကြီးလုပ်ငန်းများသည်။ သာသနာတော်ထမ်း ရဟန်းတော်များ၏ လုပ်ငန်းမဟုတ်၊ ကံရိုး၊ ဉာဏ်ရိုး၊ ဝီရိယ ရိုးများ၏အလုပ်မဟုတ်။ ကံထူး၊ ဉာဏ်ထူး၊ ဝီရိယထူးများ၏ အလုပ်ပေတည်း။

## (၁၃) (က) အာယုဝဍ္ဎနကို အမှုစိုက်မှုသည်

လယ်တီဆရာတော်ဘုရား ရေးသားတော်မူသော ဝိဇ္ဇာမဂ္ဂဒီပနီ ကျမ်းစာမျက်နှာ ၇-မှ၊ အချို့ဆရာတို့ကား

အာယုဝဍ္ဎနကို အမှုစိုက်မှုသည်၊ အသက်ခန္ဓာ၌ တွယ် သော ဥပါဒါန်မှုဖြစ်၏။ အသက်ခန္ဓာကို ငြီးငွေ့ရာဘူးဟူ၍ မြတ်စွာဘုရား၏ သြဝါဒတော်နှင့်လည်း ဆန့်ကျင်၏ဟု အယူရှိကြကုန်၍ အသက်ခန္ဓာကို မငြီးငွေ့သဲ။အစားအစာကို ခြိုးခြံမှု၊ အဝတ်အရုံကို ခြိုးခြံမှု အရိပ် အာဝါသတို့ကို ခြိုးခြံမှုတို့ကို အားထုတ် ကြကုန်၏။ ထိုသို့အားထုတ်ကြ သော ခြိုးခြံမှုများသည်။ ထိုဥပါဒါန်ကို တဒင်္ဂပဟာန်ဖြင့် ပယ်မှုမျှသာဖြစ်၏။ ထိုဥပါဒါန်ကို လွန်မြောက်နိုင်သော အလုပ်မျိုးပင်မဟုတ်။သစ်ပင်တောခြုံ လူထပ်သော နေရာ၌ ယခုနှစ်မြေပေါ်တွင် ခုတ်ထွင်ရှင်းလင်းမှုသည်။ နောက်နှစ် ၌ ထိုနေရာတွင် သစ်ပင် တောချုံ စည်ကားရန်မျှဖြစ်သကဲ့သို့ နောက်ဘဝ၌ ထိုဥပါဒါန်တရား စီကားရန်ဘို့ ပြုသကဲ့သို့ သာရှိ၏။ ထိုဥပါဒါန်ကို လွန်မြောက်နိုင်သော အလုပ်မှာ

မှုကား ဝိပဿနာ ဉာဏ်ဘည်းဟူသော မြဲမြဲ ထက်သော ပေါက်တူးဖြင့်မိမိကိုယ်ခန္ဓာ၊သူတပါးကိုယ်ခန္ဓာ၊ ယခုပစ္စုပ္ပန် ခန္ဓာ၊ နောက်အနာဂါတ် ခန္ဓာတို့ကို မှုန့်မှုန့်-ညက်ညက် တူးဖြိုမှုသည်သာလျှင် အသက်ခန္ဓာ၌ တွယ်တာသော ဥပါဒါန်ကိုလွန်မြောက်နိုင်သော အမှုမှန်ဖြစ်ပေသတည်း။ထိုထို သော တူးဖြိုမှုကိုပြုလုပ်အားထုတ်ပေါက်ရောက်ထမြောက် နိုင်ရာသောအင်္ဂါစုတွင် အနာရောဂါကင်းရှင်းခြင်းဟူသော ဤဒုတိယအင်္ဂါသည်။ ပါရှိသည်ဖြစ်၍ ထိုဥပါဒါန်ကိုလွန် မြောက်ခြင်းငှါ။ အရိယာဝိဇ္ဇာလမ်းကိုကြိုးပန်း အားထုတ် လိုသော ဇော်ဂျိပုဂ္ဂိုလ်သည်။ အရိယာဝိဇ္ဇာလမ်းဆုံး ကမ်း တိုင်ရောက် ထမြောက်သည်တိုင်အောင် အနာရောဂါ ကင်း ရှင်းခြင်းဟူသော ဤဒုတိယအင်္ဂါကို ကောင်းစွာအားထုတ် အပ်သတည်း။

(၁၃) (ခ) သံလျှင်တောရ မေဓါဝီရေး အရိယာတံ သွားဉာဏ်လေ့ခါးကျမ်း နံပါတ်-၈၁၇၊ ၈၁၈ မှ။ ၈၊ နိရောဓသမာပတ္တိ နိဗ္ဗာန်မှ မှတ်ဖွယ်။

ဤနိရောဓသမာပတ္တိသိဖြင့်နိဗ္ဗာန်ကိုသိခြင်းသည်။အချိန် အကြာဆုံး သိခွင့်ရသော နိဗ္ဗာန်ပင်ဖြစ်လေသည်။

(၁) လူပြည်၌ ရိုးရိုးအစာကို စားပြီး နိရောဓသမာ ပတ်ကိုဝင်စားလျှင် ၇-ရက်နေ၍ (အဖန်နှင့်ဩဇာခါတ်များ

သောအစာကို စားပြီးဝင်စာ လျှင်)၁၄–ရက်ခန့်ထိ နေနိုင်ပြန်၏၊

(၂) ထို့ပြင် ရသာယနဆေးများနှင့်ပြဒါးပြာ၊သံပြာ ရွှေပြာများ ဂန္ဓ းထူးဆေးများကို(ဂန္ဓာရီနည်းဖြင့် စီမံစား ခဲ့လျှင်)ရက်ပေါင်း-၃၀။၄၀-ရက်မျှအထိဝင်စားနိုင်သည်ဟု ဆရာများဆိုကြသည်။

(၃) ဖြုဟ္မာပြည်မှာကား အာဟာရကိစ္စ လွန်ငြိမ်းနေသဖြင့် နှစ်ပေါင်း ထောင်–သောင်းမက ဝင်စားနေနိုင်တော့သည်ဟူ၏။

## (၁၄) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနော

ကြောင်ဘန်းဆရာတော်ရေးတော်မူသော ဝိဝဋ္ဋဒီပနီကျမ်းမှ အာရုံ(၆)ပါး ရှဲသေးပွဲကပြပုံ ဥဒါဟရုဏ်

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနောတို့သည်။ ပွဲကသော (၆)ဦး ရုပ်စက္ခုစင်ကဲ့သို့ သူ့စခမ်း သူထွက်က ဖြစ်ချုပ်ပြီးဝင် သူ့စခမ်းကျလျှင်ထွက်၍။ ကစခမ်းကုန်လျှင် ဝင်။ ဤကဲ့သို့ကပြနေစဉ်။ နေထွက်လျှင် ပွဲသိမ်းတော့၏။ အဓိပ္ပါယ် လိုရင်းမှာ ရူပါရုံမှန်သမျှကို စက္ခုဝိညာဉ်စိတ်က မြင်မှု့အစဉ်မျှ ဖြစ်၍ချုပ်၏။ ကျန် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ၊ မနောအာရုံကိုက ဆိုင်ရာအသီးအသီး အာရုံ ယူကြပြီး၍ ချုပ်ကြရကုန်၏။ ပရမတ်ဆတ်ဆတ် ဖြစ်သော ရုပ်ခါတ်စု၊ နာမ်ခါတ်စု ဖြစ်ပျက်မှု့အစဉ်သည်။ ပညိန္ဒြေ၊

နေမင်း ထွက်ပေါ်သောအခါမှ လူ-နတ်-ဗြဟ္မာ-သတ္တဝါ ခပ်၊ ငရဲဥဿုံ အလုံးစုံအကုန် သုံးဆဲ့တဘုံ ဇာတ်မြုံ-ဇာတ် ကုန်သိမ်း၍ ငြိမ်းကြရသည်ကို နိဗ္ဗာန်ဆိုသည်။ ယခုလူများ ပွဲထဲ ကရုပ်သေး သစ်သားနှင့် ကြိုးဆွဲပြီး ပွဲကြည့်ပရိသတ်ကို အာရုံဆွဲပြီး မဟုတ်ဘဲအဟုတ်ဖြစ်လေဟန်ပြသင်း အာရုံကို တည်လုံးဆွဲဆောင်ပြသနေရာ နေထွက်လျှင် ပွဲသိမ်းသကဲ့သို့ ဥပမာ-ဥပမေယျမိအောင် ဟပ်၍ယူပါ။ (ပရမတ်စစ်နှင့် ပရမတ်မှားကို ခွဲခြား၍သိပါ။)

ကြောင်ဘန်းဆရာတော်ရေးသားတော်မူသော (ပြီးပြီ) ဝိဝဋ္ဋဒီပနီကျမ်းမှ (ပ-အုပ်မှာရေးထားပြီးပြီ။) ဒါနပြုပါ။ ဒါနပြုရာတွင် ယခု၌ သမုတိသံဃာတော်များကို အရိယာ သံဃာတော်ဟု သဘောထားပြီးလှူပါ။ (ဥပမာ) အဘော သေ၍ ဆွမ်းသွတ်ဘုန်းအခါရောက်လာကြသော ဧည့်သည် များထဲမှ သေသူအဘောနှင့် တူသောလူကိုမြင်လျှင် ဝမ်းသာ အားရနှင့်ကျွေးမွေးပေးကမ်းလှူဒါန်း၏။ ဧည့်သည်ကလည်း ကျွေးသမျှ ပေးသမျှ **လက်**လှမ်းယူပြီး စားသောက်ပေ၏။ သို့သော်ပေးလိုက်သောဝတ္ထုမှာ သေသူ အဘောကိုသာပေး နေသည်။ပေးရာကျသည်။ဥပမာ-ဥပမေယျ ဟပ်၍ပြရသော် ကား ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော အရိယာ သံဃာတော်မြတ်များက သေသော အဘောနှင့်တူ၏။ ယခု ကာလ၊ ပုထုဇဉ်သံဃာတော်မြတ်တို့က ဧည့်သည်အဘောနှင့် တူ၏။ဤအရာမှာ ဧည့်သည်ကြီးက ဖုံထဲပြာထဲမှာ လူးလိုလူး

ဤ္ဓါန်းထိုးလိုထိုး၊သေသော အစေ့မှာ ဖုံပြာမလူး၊ဂူမ်း‌ထိုးပါ။ သတိပြုလေ။

## (၁၅) ဝန်ကြီးချုပ်ဦးနု၏ မေးခွန်း

သံလျင်တောရ ဓမ္မဝါဒီရေး ဝိပဿနာဘုံသွား
ဉာဏ်လှေကား ကျမ်းမှ (နံပါတ် ဘ၊ မှ ဒ၊ ထိ)
မျက်နှာ ဘ၊ ဝန်ကြီးချုပ်ဦးနု၏မေးခွန်း။

မဟာစည်ဆရာတော်လောင်း အရှင်သောဘန၊ အား ဝန်ကြီးချုပ်ဦးနုက မေးခွန်း ထုတ်သည်မှာ သောတာပန် အဖြစ်ကို(၇)နှစ်၊ အရွယ်ရှိမှ ဖြစ်နိုင်သည်။ထိုအောက်ငယ် လျှင် မဖြစ်နိုင်ဆိုတဲ့ အချက်ကို ဦးနု သဘောမကျနိုင်ပါဟု ဒဲ့ဒိုး မေးလျှောက်လေ၏။

ထိုအမေးကို မဟာစည်ဆရာတော်လောင်း အရှင်သောဘန မဖြေဘဲ။သံလျင်တောရ ဓမ္မဝါဒီဆရာတော်က ဒကာနု ဥပမာ၊ လူတယောက်၏ အလေးဝန်ကို ခံနိုင်ရေးအတွက် ဝါးဖေါင်ဟာ(၁၀)လုံးမျှဖြင့် ခံနိုင်သော်လည်း။ သံ သံချပ် ကာ ကားကြီး၏ အလေးချိန်အတွက်မှာ ဝါး (၁၀) လုံးမျှ ဖြင့်၊ မရနိုင်၍ (ဝါးတသိန်း) မျှရှိသော ဖေါင်ဒုကြီးနှင့် ခံလိုက်လျှင် ၎င်း သံချပ်ကာကားကြီးကို ခံနိုင်ပုံကို သဘော အရင်ပေါက်ပါ၊ ထိုနောက်သဘောတခုထဲ သဗ္ဗညုတဉာဏ် တော်ကြီး တည်ကိန်းလာမည့် ပုထုဇဉ် ဘုရားလောင်း၏ ကိုယ်အလေးချိန်ကို ဗောဓိပင်အောက်ရှိ ပလ္လင်နေရာပေါ်

တွက်တို့ နင်းတဲ့အခါမှာ အရပ်ရှစ်မျက်နှာလုံးဘက်က နင်းလျှင် မခံနိုင်လို့ အရှေ့နှင့် အရှေ့မြောက်ဒေါင့် အရပ်က နင်းမှ မြေကြီးကပင်မကျွံမစောင်းဘဲခံနိုင်လာတယ်ဆိုတာကို ဒုတိယအခြေခံအနေ ထားပြီးလျှင် အခံနိုင်နှင့် အဖိအရ အခံ(နှစ်လုံးအား)နှင့်အဖိ(ဉာဏ်အား)တို့ ညီမျှမှုကို အသိမှာ ရှင်းလာသော် ကမ္ဘာအဆက်ဆက်က ပါလာတဲ့ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာအနုသယ ကိလေသာဆိုးကြီး ၂-ခုကိုအမြစ်ပါ ပြုတ်ထွက်သွားအောင် ပယ်ဖျက်ပစ်နိုင်တဲ့ (သောတာပတ္တိမဂ်ဉာဏ်မြတ်ကြီး)တည်ကိန်း လာရမည့်၊ လူသား၏ နှလုံးသွေးဟာ (၇)နှစ် အရွယ်အောက်ဝယ် နေနုနေလျှင် (အခံ ဓါတ်အား နည်းနေသေး၍) (၇)နှစ်ရွယ်ကို မူတည်ခြင်းဟာ လောကဓါတ်နည်းနှင့် ကြည့်လျှင်ပင် သဘာဝကျပေသည်ဟု ဖြေရှင်းပြလိုက်မှ ကြေနပ်ပါသည်ဟု ဝန်ကြီးချုပ်ဦးနုက ဝန်ခံလာတော့သည်။

## (၁၆) အနုသယဟူသည်

သံလျှင်တောရ ဓမ္မဝါဒီရေး ငံပသဃနာဘုံသွါးဉာဏ်
လေ့ကားကျမ်းမှ မှတ်စု (နံပါတ်-၁-မှ။၁၃-ထိ။)
စာအုပ် နံပါတ်-၉၀-မှ၊ ၁၀၁-ထိ။)

အနုသယဟူသည်၊ သတ္တဝါတိုင်းမှာ အရိယာမဂ်ဉာဏ်စုံကိုမရမှီအတွင်း စိတ်ဖြစ်တိုင်း၊ဖြစ်တိုင်းမှာ တနည်းနည်းဖြင့် အမြဲစွက်ဖက်လျက် ပါနေလျှက်ရှိသည်ကို (အနုသယ) ဟု

ဆိုသည်။ လောကသားတို့ စိတ်မှာ သူမပါအောင် အပယ် ရ၊ အဖြုတ်ရ၊ ခက်လို့လည်း (အနုသယ)ဟု ခေါ်သည်။ အချုပ်ကတော့ သူမပါအောင် ပယ်ဖြုတ်ဘို့ ခဲယဉ်းတဲ့ ကိလေသာ၏ သတ္တိထူးကို (အနုသယ)ဟု ဆိုသည်။

အနုသယတရားကို လောဘ- ဒေါသ- မာန- ဒိဋ္ဌိ- ဝိစိကိစ္ဆာ-အဝိဇ္ဇာဟု(၆)ပါး ရှိ၏။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ၊ အနုစ်ဘးကို သောတာပန်မှပယ်နိုင်သည်။ ဒေါသနှင့်မာန၊ အလတ်စားကို အနာဂါမ်မှ ပယ်နိုင်သည်။ လောဘနှင့်အဝိဇ္ဇာ အထက်စား ကို ရဟန္တာမှပယ်နိုင်သည်။

ပယ်နိုင်သောအခိုက်မှာ ဝိပဿနာဉာဏ်အခိုက် မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်အခိုက်နှင့် သမာပတ်ဝင်စား ခိုက်တို့မှာသာဖြစ်သည်။ ကျန်အချိန်နှင့်အခိုက်တို့မှာ ရဟန္တာ မှလွဲ၍ ကျန်အရိယာ သုံးဦးနှင့် ပုထုဇဉ်တို့မှာ မဂ်ဖြင့်မပယ် သတ်ရသေးသော(အနုသယ)ဟူသမျှတို့က စိတ်ဖြစ်တိုင်းမှာ ပစ္စယသတ္တိခေါ် အကြောင်းအမျိုးချိုးနှင့်စွက်ဖက်လျက် ရှိ နေတုန်းပင်။

## အနုသယ ၂-မျိုး

(၁) အပုညာဘိသင်္ခါရခေါ် အကုသိုလ်စိတ်(၁၂)ပါး အနက်တခုခုသော အကုသိုလ်ဖြစ်တိုင်းမှာ ပေါ်လာပါလာ သော အသက်ပါ(အနုသယ)(၆)ပါးသည်။ (အနုသယ) သစ်မည်၏။

(၂) ဘဝအဆက်ဆက်က ကိန်းဝပ်ပါလာသော ဖြစ်ပေါ်ဆဲနာမ်ခန္ဓာစဉ်၏လက်သည်။ (ထာမဂတကိလေသာ) ခေါ်၊ အကုသိုလ်မျိုးစေ့ဓါတ်သတ္တိထူးသည်။ (အနုသယ) ဟောင်းမည်၏။

## ရှင်း လင်း ချက်

အနုသယဟောင်းအရ သိအလွန်ခက်သည်။ ထင်လာအောင် ပြောပြဘို့လည်း မလွယ်လှပေ။ အနုသယဟောင်းဆိုသည်မှာ ကံတရားကဲ့သို့ ခဏတ္တယိခေါ် ဥပါဒ်၊ ဌီ၊ ဘင်လဲမရှိပေ။ ရုပ်သဲ့မဟုတ်၊ နာမ်အစစ်လဲမခေါ်သာပေ။ သင်္ခါရခေါ် သံသရာမပြတ်စေမှုကို ဖန်တည်းပေးသောဝါ၊ ဖန်ဆင်းပေးနေသော သံသရာမျိုးစေ့ သတ္တိကို (အနုသယ) ဟောင်းလို့ခေါ်သည်။

ဥပမာဆိုသော်၊ မီးလောင်စရာ ရေနံကြီးရှိ၏။ ၎င်းမှ ရေနံဆီ၊ ရေနံဆီမှဓါတ်ဆီ၊ ဓါတ်ဆီမှ အရက်ပြန်၊ ဆင့်ကဲဆင့်ကဲပေါ်လာသကဲ့သို့ ၎င်း။ ထိုပေါ်လာသမျှ၌ မီးလောင်ရန် သတ္တိသည်၊ အရက်ပြန်ဓါတ်ဆီ၊ ရေနံဆီ၊ ရေနံကြီး၊ ၄-မျိုးလုံးအထိ ဖျောက်မရပါ၊ နေသလို-လိုက်နေသလို ၎င်းအဟောင်း အနုသယဆိုတဲ့ သဘောသည်ဖြစ်ပေါ်ဆဲ အကုသိုလ်ဆိုတဲ့ ဥပါဒ်၊ ဌီ၊ ဘင် ရှိလာသော သင်္ခါရတရားစုရေနံ ၄-မျိုးတွေကို အကောင်အထည် ပေါ်လာစေသလို မူရင်းမီးလောင်စာ အဆီသတ္တိသည်၊ ဖျောက်မရပါနေ၏။ ၎င်းမူရင်းသတ္တိကိုပင် အနုသယဟောင်းဟုဆိုသည်။

## တနည်း အနုသယ လေးမျိုး

(၁) ဖြစ်ပြီး အနုသယ  အတိတ်။
(၂) ဖြစ်လတံ့ အနုသယ  အနာဂါတ်။
(၃) ဖြစ်ဆဲ အနုသယ  ပစ္စုပ္ပန်။
(၄) မဖြစ်ရမည် ချုပ်သောအနုသယ  ကါလဝိမုတ်။

## ရှင်းလင်းချက်

ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်၍ ၂-ပါးတို့သည် ဖြစ်ပြီးနှင့်ဖြစ်လတံ့။ အနုသယတို့ကို မရှိတော့မရှိသေး၍ ပယ်ရန်မလိုဘော့ပြီ။ ဖြစ်ဆဲ အနုသယသည်။ အကုသိုလ်မျိုး ဖြစ်၍ဉာဏ် ၂-ပါးသည်။ကုသိုလ်မျိုးဖြစ်ရာ၊ တချိန်တည်း၌ အကုသိုလ်နှင့်ကုသိုလ် ၂-မျိုးရောမဖြစ်နိုင်၍ ထိုပစ္စုပ္ပန် အနုသယကိုလည်းမပယ်နိုင်။နံပါတ်-၄၊အနုသယကိုသာဉာဏ် ၂-ပါးကပယ်သည်။ပယ်ပုံကား ကိလေသာ၏ထင် အာရုံဖြစ်သောပညတ်အာရုံကို ကျော်လွန်၍ ဉာဏ်၏ထင် အာရုံဖြစ်သောရုပ်နာမ်နှင့် နိဗ္ဗာန်ကိုထင်နေခိုက်၌ အနုသယ မဝင်လာနိုင်အနုသယနေရာမှ ဉာဏ်ဝင်နေသည်။ဉာဏ်ဝင်နေ၍ အနုသယဖြစ်ခွင့်မရ။ ခါတိုင်းဆက်တိုက် ဒလစပ် စိတ်ခဏတိုင်းမှာကိန်းနေပေါ်နေတဲ့ အနုသယသည်။ဉာဏ်ဝင် ခုလိုက်သဖြင့်ခဏချုပ်စဲသွား၏။ထိုချုပ်စဲခိုက်၌ မရပါ။မစဲရလျှင် ဖြစ်ရမည့်အနုသယသည်။(မဖြစ်ရဘဲနှင့်ပင်မဖြစ်တော့သဖြင့်) ဖြစ်ပြီးပြီဟူ၍ မခေါ်နိုင်။ ဖြစ်ဆဲလဲ့ခေါ်တတ်ပြန်။ ဖြစ်လတံ့ဆိုရန်

မှာလဲ ဖြစ်ရမည့်အခွင့်မရခင် ကုန်ဆုံးသွားသဖြင့် ထိုအခွင့် ဆုံးရှုံးခဲ့ရာဖြစ်လတံ့ဟုလဲ မဆိုနိုင်ဘော့ဘဲ။ (မဖြစ်မှီချုပ်သော)ကာလဝိမုတ်၊အနုသယ ဟုဆိုရသည်။ ။ရင်းကာလဝိမုတ် အနုသယမျိုးကိုသာ ဉာဏ်၂-ပါးက 'နေရာယူသောအနေမျိုး-သဘောမျိုးဖြင့်)ပယ်သည်ဟု ဆိုရသည်။

ဥပမာသည်းရသော်။ မသီးရသေးသော သင်ပင်ငယ်ကို ဖျက်ဆီးပစ်လိုက်သော်။ ထိုအပင်ငယ်နှင့် စပ်ရာ အဖူးအပွင့် အသီးတို့သည်။(မဖူး၊မပွင့်၊မသီးရဘဲနှင့်)ပျက်စီးသွား၊ သလိုမှတ်ရာ၏။ ရင်းအပင်ငယ်၏အသီးဟု (တင်စားပြောသော အသီးတို့သည်။)အသီးမလာခင် မရှိခင်မှာပင် ပျက်စီးရသဖြင့် ကာလသုံးပါးတွင်မပါဝင်နိုင်၍ (ကာလဝိမုတ်အသီးများ)ပျက်စီးသွားသည်ဟု ဆိုရသတည်း။

### ကံနှင့်အနုသယ

(၁) ကံဟူသည် စေတနာက အသွင် ပြောင်းသွားသောအရာဖြစ်သည်။မူလတွင် စေတနာကအလျှင်ဖြစ်သည် စေတနာဖြစ်ပေါ်နေခိုက် ခဏတ္တယမှာ ကံမဖြစ်သေးချေ။ စေတနာအခိုက် ဥပါဒ်၊ ဌီ၊ ဘင်ရှိသည်။ ထိုခဏတ္တယချုပ်သွားပြီးနောက် ထိုစေတနာ၏သတ္တိသည်။(ကံ)ဟု အမည်ယူကာ အသွင်တမျိုး ပြောင်းသွားတော့၏။ စေတနာအခိုက်မှာ ဥပါဒ်-ဌီ-ဘင်ရှိသည်။ ကံအဖြစ် ရောက်သွားခိုက်မှာ ဥပါဒ်-ဌီ-ဘင် ကင်းလေပြီ။ ထိုကံသည်၊ နောင်ဖြစ်ပေါ်လတံ့သော ကံသစ်တို့အား ရှိချိန်မှာ တစခန်းထ

ကာ၊ကံဟောင်းနှင့်ကံသစ်ပူးပေါင်း၍ ဝိပါက်ခေါ်အကျိုး တမျိုးမျိုးကို ပေးလေတော့သည်။ (ဤကား ကံ၏သဘော တည်း။)

(၂) အနုသယဟူသည်။ (ကံ၏ အကြောင်းပင် ဖြစ်သည်။) အနုသယသည်၊ အာသဝ တို့ကို ဖြစ်ပေါ်စေ၏။ အာသဝတို့သည်၊အဝိဇ္ဇာကိုဖြစ်ပေါ်စေပြန်၏။ အဝိဇ္ဇာသည် ကံအမည် ယူမည့်စေတနာကို ဖြစ်ပေါ်စေ၏။ စေတနာက ကံဖြစ်သွား၏။ကံက ဝိပါက်ခေါ်အကျိုးကို ဖြစ်ပေါ်စေ၏။

ရှင်းဦးအံ့။ ။လောဘ-၈ မျိုး။ဒေါသ ၂-မျိုး၊မောဟ ၂-မျိုး။ ပေါင်း ၁၂-မျိုးတို့ကို အကုသိုလ် စိတ်ဟူ၍၎င်း။ အကုသိုလ် ဇောဟူ၍၎င်း။ အကုသိုလ်စေတနာ ဟူ၍၎င်း။ ခေါ်သည်။ ၎င်းအကုသိုလ် ၁၂-မျိုးတို့သည်၊ အကုသိုလ် သဘောနှင့် ဖေါ်လာဘို့ရန် အကြောင်းဗီဇ ရှိရပြန်သည်။ ဒွါရ ၆-ပါး။ အာရုံ ၆-ပါး ပေါင်းဆုံမိရန်နှင့် အကုသိုလ် ဇော၊ အကုသိုလ်စိတ်၊ အကုသိုလ်စေတနာဟု မိုးပေါ်မှ အလိုလိုကျလာသလို ဖြစ်လာနိုင်သည် မဟုတ်သေးပေ။

တခုခုက(ဆေးဆိုးပေး)လိုက်၍ ဝိညာဉ်ရိုးရိုးက အကုသိုလ်ဇော ဝိညာဉ်ဟု ဖြစ်လာရန် ပေသည်။ ထိုဒွါရအာရုံ ပေါင်းဆုံ၍ ပေါ်လာသောဝိညာဉ်ကို အကုသိုလ်ဟူ၍၎င်း ကုသိုလ်ဟူ၍၎င်း။အဗျာကတဟူ၍၎င်း။အသီးသီး(ဆေးဆိုး ပေးနေသောသတ္တိထူးစာချိုးရှိနေသည်။)

တဆင့်ရှင်းဦးအံ့။ ။အကုသိုလ်ဇောစိတ်ဖြစ်ပေါ်လာအောင်။သံသရာဗီဇ(အနုသယကဆေးဆိုးပေးလိုက်သည်။) ကုသိုလ်ဇော်စိတ်ဖြင့်ဘို ဝိဇ္ဇာဉာဏ်က ဆေးဆိုးပေးလိုက်သည်။ ဝိပါက်အဗျာကတဖြစ်ဘို့ ကံကဆေးဆိုးပေးလိုက်သည်။ရဟန္တာနှင့်ဘုရားရှင်တို့၏။ ကြိယာအဗျာကတဖြစ်ဘို့ မဟာဝိဇ္ဇာဉာဏ်ကဆေးဆိုးပေးလိုက်သည်။ ပုဂ္ဂိုလ်အားလုံးမှာဖြစ်နိုင်သော ပဥ္စဒွါရာဝဇ္ဇန်းနှင့်၊မနောဒွါရာဝဇ္ဇန်းခေါ်အာဝဇ္ဇန်း ၂-ခုဆိုတဲ့ အဟိတ်ကြိယာ အဗျာကတဖြစ်ခွင့်ရဘို့ ဝိပါက်၊ဝိညာဏ်ကအနီးဆုံးကပ်၍ ဆေးဆိုးပေးသည်။ မူလလက်သည်မှာကား အဝိဇ္ဇာမျိုးနွယ် (အနုသယပင်) ဖြစ်တော့သည်။

## အရှောင်အတိမ်းခက်ပုံ

ဖေါ်ပြပါအတိုင်း အနုသယသည်၊ ကံထုတ်ပင် ရှေးကျသဖြင့် အသိရလဲခက်သည်။ သူမှလွတ်နိုင်တဲ့စိတ်၊ ဝိညာဉ်ဖြစ်နိုင်ဘို့လဲ အရှောင်အတိမ်း ခက်လှသည်။.(ဉပမာတင်သော်) အလွန် အသက်ရှည်လှသော သူရဲကြီး၊ နတ်ကြီးဖြဟ္မာကြီးများနှင့် တူနေတော့၏။ ထို့ကြောင့် ရှေးအကျလွန်း။ အနယ်ထိုင်လွန်းသော နာမ်သတ္တိဟောင်း သဘာဝဓါတ်ထူးသည်။ အနုသယပင်ဖြစ်တော့သည်။ ရဟန္တာမဖြစ်မခြင်း။ အနုသယနယ်က မည်သူမျှမလွတ်ကြပေ။ အနုသယနယ်မှာနေခိုက် အနုသယလွတ်ချိန်မှာ ဝိပဿနာဉာဏ်စစ်ဖြစ်နေချိန်နှင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဖြစ်နေချိန် ပင်တည်း။

## အနုသယနယ်ကျယ်ပုံ

(၁) အိပ်ပျော်နေခိုက်။
(၂) အမှတ်မဲ့ အဖြစ်ဖြင့် နိုးနေခိုက် ပကတိနေခိုက်။
(၃) ဒါနကုသိုလ်ပြုနေခိုက်။
(၄) သီလရိုးရိုးဆောက်တည်နေခိုက်။
(၅) သမထ ဘာဝနာမျှကို ပွါးများနေခိုက်။

ဤငါး ၅-ခိုက်လုံးမှာပင် အနုသယသည်၊ ကာယကံရှင် တွေမသိကြဘဲ၊ စီမံလျက်ပါလျက် ရှိနေတော့သည်။

## ရှင်းလင်းချက်

အနုသယ(၆)ပါး၏ လုပ်ငန်းကား သံသရာ စက်ထဲက မထွက်နိုင်တဲ့(မှိုင်းဆေး) ကြီးပင်ဖြစ်၏။ အနုသယမှိုင်းမိနေသေးသောသူဟူသမျှသည်။ (သံသရာထဲမှာ နေရဘို့ဖြစ်တဲ့) ကိုယ်အလုပ် နှုတ်အလုပ်၊စိတ်အလုပ်တခုခုကို လုပ်နေမိတုန်းပင်ဖြစ်သည်။ ကာယကံရှင်ကိုယ်တိုင် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ရိပ်မိသည်ဖြစ်စေ၊ မရိပ်မိသည်ဖြစ်စေ၊ သံသရာထဲမှာ လည်စေတတ်တဲ့အလုပ်တခုခုကို လက်လွှန်မိနေသေးလျှင်။ သံသရာထဲမှာ မနေလိုဟု ရွာကျော်-ရင်ကျော်-အော်ဟစ်ပြောနေလို့လဲ လွတ်သွားသည်မဟုတ် လွတ်ပြီဟုထင်နေရုံနှင့်လဲ လွတ်သွားမည်မဟုတ်၊ လွတ်အောင် လုပ်တတ်မှ လုပ်မိသာ လွတ်တော့သည်။

## အထက်ပါအခိုက် ၅-ကို စစ်ဆေးကြည့်ကြပါစို့

(၁) အိပ်ပျော် နေခိုက် အမှတ်တမဲ့ နိုးနေခိုက်၊ ပကတိ နေခိုက်တို့မှာ အနုသယခေါ်တဲ့ ငါ ၃-မျိုးနှင့်မသိမှု စသည်။ တို့ဝင်ဧဝင်၊ မသိမှုဆိုရာ၌ အမှန်ရုပ်နာမ်ကိုရှင်း။ အမှန်ရုပ်နာမ်၏ လက္ခဏာနှင့် အချင်းအရာ အမှန်ကိုရှင်း။ သစ္စာလေးပါး ခေါ်တဲ့ အမှန် လေးချက် ကိုရှင်း။ မသိ လိုက်မှုကိုဆိုသည်။ ထိုဖေါ်ပြပါ၊ ၁-၂ အခိုက်၌ ဖေါ်ပြ ပါ၊ သိမှုမျိုးမရှိပေ။ မရှိလျှင် မသိမှုရှိနေသည်။ မသိမှုသည် အဝိဇ္ဇာပင်ဖြစ်သည်။ အဝိဇ္ဇာသည်။ (အနုသယက)ပင် ဖြစ် သည်၊ ထို့ကြောင့် ထိုအခိုက်မှာလဲ (အနုသယ)က လွတ် သေး။ ဝင်နေသေးသည်ဟုမှတ်။

(၂) ဒါနကုသိုလ်ပြုခိုက်မှာ။ ။အနုသယလွတ်မလွတ် နိဗ္ဗာန်လိုချင်လို့ ဒါနပြုရာမှာ နိဗ္ဗာန်ကို အာရုံပြုကာ လှူလိုက် ပါသည်ဆိုရာ၌ ပြောသံကြား နိဗ္ဗာန်နှင့်စိတ်မှန်း နိဗ္ဗာန်ကို သာ အာရုံပြုသလော၊မဂ်ခဏမှာပေါ်တဲ့ နိဗ္ဗာန်အစစ်ကိုသဲ အာရုံပြုပါသလော-ဟု၊ တိတိ-ကျကျစစ်ရပေမည်။

အဖြေ။ ။နိဗ္ဗာန်အစစ်ကို ဂေါတြဘူဏာနှင့် မဂ်,ဖိုလ်, ခဏတို့မှာသာ အာရုံလဲပြု မျက်မှောက်လဲပြုနိုင်သည်။ ကျန် အချိန်မှာကား မှန်ပြုဟုခေါ်သည်။ဝါ၊ပြောသံကြားအတွေး နှင့်မှန်းဆသော မှန်ပြုဟုခေါ်သည်။ တဇ္ဇာပညတ်နိဗ္ဗာန်ကို သာ မှန်း၍ အာရုံပြုသည်ဟုခေါ်သည်။ ဤလိုပညတ်မစင် သေးလျှင် အနုသယနယ်ကမလွတ်ဘဲရှိသေးသည်၊ထို့ကြောင့်

နိဒ္ဒါနကိုတောင့်တပြီးပြုတဲ့ဒါနမျိုးမှာပင်လျှင် ၀ ကဲ့နိဒ္ဒါန်
ကို အာရုံပြုနိုင်သဖြင့် အနုသယလွှမ်းမိုးမှုမှလွတ်တော့ရာ
ဒါနပြုခိုက် အနုသယ ဝင်နေသည်ဟူသော စကားကို ဉာဏ်
သက်ဝင်နိုင်ကြပါလော။

**အတိုချုပ်မှတ်ဘွယ်ကား။** ။အနုသယလွတ်မလွတ်
မှတ်ရန်ကား အနုသယ(မလွှတ်သေးသူတို့) ပြုသမျှမှာ။ဝါ၊
ပြုသမျှဆိုတဲ့ကောင်းမှုအဝဝမှာပင် အနုသယမလွတ်မှုကသါ
များသည်ဟု ဆိုလိုရင်းမှတ်ရာ၏။

သီလရိုးရိုး ဆောက်တည်ခိုက်မှာလည်း။အနုသယမလွတ်
ပုံကို အသက်ပါအလားတူ မှီး၍သိပါကုန်။

(၃) သမထ ဘာဝနာမှုကို ပွါးများနေခိုက်မှာ အနု
သယမှ ဝါ၊ ကိလေသာမှ လွှတ်မလွတ် ဘောန်ကြဦးစို့။
သမထအာရုံသည်၊ကမ္မဋ္ဌာန်း(၄၀)ဖြစ်သည်။ ၎င်း(၄၀)လုံး
ပင် ပညတ်အာရုံတွေ ဖြစ်ကြသည်။ ပညတ်အာရုံဟူသည်။
အနုသယ၏လက်သက်ပွါးမျှသာဖြစ်ကြ၏။ သို့ဖြစ်၍ သမထ
ဘာဝနာပွါးနေခိုက်မှာလည်း အနုသယမှ၊ဝါ၊ကိလေသာမှ
မလွှတ်သေးဟုမှတ်၊

အနုသယ ကိလေသာမှ မလွှတ်သော သီလ၊ သမာဓိမျှ
ဖြင့် မပယ်သတ်နိုင်။ ဝိပဿနာဉာဏ် ခေါ် ပညာနှင့် မဂ်ဉာဏ်
ခေါ် ပညာတို့ဖြင့်သာ ပယ်သတ်နိုင်တော့၏။ သို့သော်
(သီလ-သမာဓိ-ပညာ) သုံးပါးလုံးစုံမှသာ အနုသယကိုပယ်
သတ်နိုင်တော့သည်။

## (၁၇) ဗလ္လမင်းသား ပုက္ကုသလှုဆက် သွားသည်

သံလျင်ဒေတာက ဓမ္မဝါဒီရေး၊ ငပဿနာ ဘုံသွား ဉာဏ်လေ့ခါးကျမ်းမှ (နံပါတ်–၂၆၂) မဟာပရိ နိဗ္ဗာနသုတ် ပါဠိတော်အဓိပ္ပါယ်။

ဗလ္လမင်းသား ပုက္ကုသလှုဆက်သွားသည့် ရွှေအဆင်းရှိ သော ထိုဝတ်စုံကို ဝတ်ရုံတော် မူလိုက်သော ဘုရားရှင်၏ ကိုယ်တော်သည်။အလျှံပြောင်လှသည့် မီးကျီးခဲ့အနေ ထင် ပေါ်လာ၏။ထိုအခါ အရှင်အာနန္ဒာက ဘုရားရှင်ကိုလျှောက် ထားသည်မှာ အရှင်ဘုရား အံ့ဘွယ်ရှိပေစွ။ မဖြစ်စဖူးဖြစ် တော်မူပေစွတကား။အရှင်ဘုရား။အရှင်ဘုရား၏ကိုယ်အရေ အဆင်းသည်။ကြည်လင်လှပါတကား။တဖြတ်ဖြတ်တောက် ပလှပါတကား။ အရှင်မြတ်ဘုရား။ ရွှေအဆင်း ရှိပေသော အသစ်ချုပ်ချွတ်မဟုတ်သည့်၊ ဤဝတ်စုံကို ဘုရားရှင်၏ကိုယ် တော်သို့ ဝတ်ရုံလိုက်ရာအလျှံပြောင်လှသည့် မီးကျီးခဲ့အသွင် ထင်သာပေစွတကားဟု လျှောက်ထားလေ၏။

အိုအာနန္ဒာ၊ ဒီအတိုင်းဟုတ်ပေ၏။ ဒီအတိုင်းပင်မှန်ပေ ၏၊အချင်း အာနန္ဒာ အချိန် ၂–ချိန်တို့မှာ ငါဘုရား၏ ကိုယ် ခန္ဓာသည်။ အလွန့်အလွန် ကြည်လင်တော့၏။ ငါဘုရား၏ ကိုယ် ရအဆင်းသည်။ တဖြတ်ဖြတ် တောက်ပလှတော့၏၊

ဘယ်အချိန် ၂–ချိန်လဲဟု မေးလျှောက်ခဲ့သော် အချင်း အာနန္ဒာ ငါဘုရားရှင်သည့်။ အတုမရှိသစ္စာလေးပါးတို့ကို

ကိုယ်တော်တိုင်း ထိုးတွင်းရှိသီတော်မူသော ညသည်တချိန် ဖြစ်သည်။ ခန္ဓာငါးပါးတို့ပါ အကြွင်းမရှိ ငြိမ်းချုပ်သော ပရိနိဗ္ဗာန်ပြုမည့်ညကတချိန်ဖြစ်သည်။အို....အာနန္ဒာ ဤညွှန် ပြအပ်သော ၂-ချိန်းတို့မှာ ဘုရားရှင်၏ ကိုယ်ခန္ဓာသည်။ အလွန်အလွန် ကြည်လင်တော်မူပေ၏။ ငါဘုရား၏ကိုယ်ရေ အဆင်းသည်လည်း၊တဖြတ်ဖြတ်တောက်ပလှတော့၏။

## (၁၈) အနာထပိဏ်သူဌေးမကျန်းမမာစဉ်

မိုးကုတ် ဆရာတော်ဘုရား ဟောတော်မူသော ဝိပဿနာ လုပ်ငန်းစဉ်တရား။ (အမှတ်စဉ်-၁) အနာထပိဏ္ဍိ ဝါဒ သုတ် (နံပါတ်-၄၃၀-မှ၊ ၄၇၆ ထိ။)

အနာထပိဏ်သူဌေးမကျန်းမမာစဉ် အရှင်သာရိပုတ္တရာ ဟောသော ဥပရိပဏ္ဏာသအနာထပိဏ္ဍိကသုတ်ပါဠိတော်မှာ အနာထပိဏ် သူဌေးထံသို့ အရှင်သာရိပုတ္တရာနှင့် ညီတော် အာနန္ဒာသွားရောက်ပြီး ရောဂါဝေဒနာကို စုံစမ်းမေးမြန်း ပြီး ရှင်သာရိပုတ္တရာက အနာသပိဏ်သူဌေး၏ရောဂါဝေဒနာ ကိုအကဲခတ်ကြည့်တော့ ပျောက်မဲ့ဝေဒနာ မဟုတ်မှန်းသိ၍ အောက်ပါအတိုင်း တရားဟောပါသည်။

၁။ ပဌမ ရူပက္ခန္ဓာ မစွဲလန်းယင်- နောက် ရူပက္ခန္ဓာ မရဘူး။

၂။ ပဌမ ဝေဒနက္ခန္ဓာ မစွဲလန်းယင် နောက် ဝေဒနက္ခန္ဓာကိုမရဘူး။
၃။ ပဌမ သညက္ခန္ဓာမစွဲလန်းယင် နောက်သညက္ခန္ဓာကို မရဘူး။
၄။ ပဌမ သင်္ခါရက္ခန္ဓာ မစွဲလန်းယင် နောက်သင်္ခါရက္ခန္ဓာကို မရဘူး။
၅။ ပဌမ ဝိညာဏက္ခန္ဓာကို မစွဲလမ်းယင်- နောက် ဝိညာဏက္ခန္ဓာကိုမရဘူး။
၆။ နောက်-အာယတနတွေလဲ မစွဲလန်းအောင် ပြော လိုက်သေးတယ်။
၇။ ဤဘဝမစွဲလမ်းယင် ဟိုနောက်ဘဝလဲမရဘူး။
၈။ ကြားဘူးတာလဲမစွဲနဲ့၊ တွေ့ဘူးတာလဲမစွဲနဲ့၊ စားဘူးတာလဲမစွဲနဲ့၊ ဒိဋ္ဌ၊ သုတမုတလဲမစွဲနဲ့၊ အဲဒီလိုမစွဲယင် ကိစ္စပြီးနိုင်တယ်လို့ပြောလိုက်တယ်။ ဒီအခါ၊အနာထပိဏ်သူဌေးကြီးငိုတယ်၊ ငိုတဲ့အကြောင်းကဘုရား နှစ်ပေါင်း(၄၀)ကျော်နေခဲ့တယ်။ သည့်ပြင် သာဝကတွေနဲ့လဲ တပည့်တော်လောက်ရင်းနှီးတဲ့၊လူမရှိဘူး။တပည့်တော်ကိုဒါနကထာသီလကထာချည်းဘဲပြောနေတယ်။ သည်လိုအရဟတ္တဖိုလ်ဆိုက်တဲ့တရားကို ဘယ်သူမှမပြောလို့ ငိုတာလို့ ရှင်အာနန္ဒာအမေးကို ဖြေလိုက်တယ်။ အရှင်သာရိပုတ္တရာက ဒကာကြီး။ ဘယ်ဟာမှ မစွဲလမ်းနဲ့ဆိုတဲ့ တရားဟာ အရဟတ္တဖိုလ် ဆိုက်တဲ့တရား။ လူတွေကိုပြောလို့ တော်ပါမည်လားလို့ အရှင်သာရိပုတ္တရာ

က မေးတော့ အနာထပိဏ်သူဌေးက အရဟတ္တဖိုလ်ဆိုက်တဲ့ တရား ဘယ်ဟာမှမစွဲလန်း။ ရမဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသစ္စာ ရှုရမည့်တရားကို အရှင်ဘုရားတို့ မဟောလို့ရှိယင် ကျွတ်ထိုက်လျက်သားနဲ့ မကျွတ်ဘဲနေရမဲ့ ပုဂ္ဂိုလ်တွေကို တပြည့်တော် ငဲ့ပြီးတာ။ ပစ္စည်းဥစ္စာတွေကို စွန့်ရမည်အတွက် ငိုတာမဟုတ်ပါ။

ဘုရားက ဘယ်နေရာမဆိုဖြစ်ပြီးပျက်တာတွေဘဲ။ ဖြစ်လဲ ဒုက္ခသစ္စာ၊ ပျက်လဲဒုက္ခသစ္စာ၊ ဒုက္ခဖြစ်တာနဲ့ ဒုက္ခချုပ်တာမှ တပါး၊ ခန္ဓာကိုယ်ထဲမှာ ဘာမျှမရှိပါ။ ဖြစ်ခြင်း၊ ချုပ်ခြင်း။ ဒုက္ခသစ္စာ ဒီလိုသိယင်(သစ္စာဉာဏ်)ခန္ဓာငါးပါး ဟူသမျှမှာ ဒုက္ခသစ္စာချည်းဘဲလို့ သိနေယင် (သစ္စာဉာဏ်)သစ္စာဉာဏ် အပြီးမှာ(ကတဉာဏ်)ပေါ်လာမယ်။ ဒုက္ခသစ္စာချည်းဘဲလို့ သိတဲ့ဉာဏ်က (သစ္စဉာဏ်) ဒုက္ခတွေ ရှာမတွေ့ အောင်ဘဲ ပျောက်ပျက်သွားပါကလားလို့ သိတဲ့ဉာဏ်က (ကိစ္စဉာဏ်) ပျောက်ပျက်သွားတဲ့အခါကျတော့သည်နေရာမှာ ဒုက္ခနိရောဓ ပေါ်လာတော့ ဒုက္ခ ချုပ်ပြီးကောလို့ သိတဲ့ ဉာဏ်ဟာ (ကတဉာဏ်။)

၁။ ဒုက္ခသစ္စာကို သစ္စဉာဏ်။ ကိစ္စဉာဏ်။ ကတဉာဏ်နဲ့ပြီး လို့ရှိယင်။
၂။ သမုဒယသစ္စာလဲ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်နဲ့ ပြီးတာဘဲ။

၃။ နိရောဓသစ္စာလဲ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်နဲ့ ပြီးတာဘဲ။

၄။ မဂ္ဂသစ္စာလဲ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်နဲ့ပြီး ပြီးတာဘဲ။

ဒုက္ခသစ္စာတခုကိုအားထုတ်လို့ပြီးယင်ကျန်သစ္စာ အားလုံးပြီးပါတယ်။ဝေဒနာကို ဝေဒနာမှန်းသိယင်(သစ္စဉာဏ်) ဝေဒနာတို့၏ ခဏ-ခဏပျောက်တာ မြင်လို့ရှိယင် (ကိစ္စဉာဏ်။)ဝေဒနာလုံးဝမလာတော့ဘူးသိယင် (ကတဉာဏ်။) ခြေသောက်နဲ့သွားတဲ့ သတ္တဝါတို့၏ ခြေရာများသည်။ဆင်ခြေရာမှာသာလျှင် ဝင်သကဲ့သို့ အားလုံးသော တရားများသည်။ ဆင်ခြေရာနဲ့တူတဲ့ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့ထဲမှာ အကုန်ဝင်ရမယ်။

## (၁၉) ကိုယ်ခန္ဓာက ပြတဲ့သစ္စာနဲ့

မိုးကုတ် ဆရာတော်ဘုရား ဟောတော်မူသော ဝိပဿနာ လုပ်ငန်းစဉ် တရားအမှတ်စဉ် (၂)မှ သစ္စာလေးပါး တရားတော် (နံပါတ်-၁၆ မှ၊ ၁၇-ထိ။)

ကိုယ့်ခန္ဓာကပြတဲ့သစ္စာနဲ့ ကိုယ်ဉာဏ်နဲ့သွားတွေ့မှသစ္စာသိတယ်။ကိုယ်ခန္ဓာက ဒုက္ခသစ္စာနှင့်ကိုယ်ဉာဏ်နှင့် သွားတွေ့တော့မှ သစ္စာဉာဏ်ဖြစ်သွားတယ်၊ခန္ဓာကဒုက္ခသစ္စာ။ဉာဏ်က ဉာဏ်ပေါ့။ သစ္စာနှင့် ဉာဏ်ပေါင်းလိုက်တော့ သစ္စာဉာဏ်ဖြစ်သွားတယ်။

စာထဲမှာရေးထားတာ ခန္ဓာမှတ်တမ်းပါ။ စ´ က ဘယ်လို ဆိုတယ်။ဆိုယင် ဒီလူ-လူအလို့ မှတ်ပေတော့။ ခန္ဓာကိုဘယ် လိုဆိုတယ်၊ဆိုယင်ကြိုက်ပြီ။ ခန္ဓာ၏မှတ်တမ်းကို ဘုရားဟော ထားတယ်။ ခန္ဓာ၏မှတ်တမ်းနှင့် အကျင့်မှတ်တန်း နှစ်မျိုး တွင် အကျင့်မှတ်တမ်းကို အတည်ပြုရမည်။ အကျင့်မှတ်တမ်း သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ငါဘုရား ဘယ်တော့မှ မဟောဘူး။ သစ္စာမသိဘဲနှင့်ငါ သောတာပန်တည်ခဲ့တယ်။ နိဗ္ဗာန်ရခဲ့ဘယ်ဆိုတာ ဘယ်တော့မှမယုံနဲ့။ ဥပမာ၊ ငါးဖြူ ရှက်နဲ့မင်းခမာလို့ သောက်ရအောင် ငါရေထုတ်လာခဲ့တယ် ဆိုသလိုဖြစ်၏။ ကြာဖက်နဲ့ ရေထုတ်လာခဲ့တယ်လို့ ဆိုတဲ့ ဥစ္စာက သစ္စာသိတဲ့ပုဂ္ဂိုလ်မို့ ငါနိဗ္ဗာန်ရခဲ့တယ်ဆိုလို့ ရှိယင် ယုံသာယုံပါတဲ့။ ဒီပြင်လုံလောက်သော အကိုးအကားမှာ (သံယုတ်ပါဠိတော်မှာ) အကြောင်းအခါမှာ သစ္စာကို ငါမသိ သေး။ထိုအခါဘုရားဟူ၍မကြော်ညာသေး။ ဘုရားဆိုဘော့ သောတာပန်မှ စတက်ရမှာ-ဘုရားမျိုးကတမျိုးမဟုတ်ဘူး။ သစ္စာမသိ သေးလို့ရှိယင် ဘာလုပ်လုပ် အဝိဇ္ဇာနဲ့လုပ်တာ ချည်းဘဲမှတ်။အဝိဇ္ဇာနဲ့လုပ်သမျှ ပဋိစ္စသမုပ္ပါဒ်လယ်မှာချည်း ဘဲမှတ်။ တရားနာတာ၊ ကုသိုလ်ဖြစ်အောင် မနာချင်နဲ့ သစ္စာသိချင်လို့ နာတာဖြစ်ပါစေ။ ကုသိုလ်ဖြစ်တာက ကံ ဆက်တာ။ သစ္စာသိတာက ကံဖြတ်တာ။

ဘုရားဟာ ဝေဿန္တရာမင်း လက်ထက်မှာ သိပ်လှူတယ် တိုင်းပြည်ပါလှူဘယ်။ဒီကံတွေအကျိုးပေးမှာစိုးလို့၊ ဗောဓိ

ပင်နဲ့ ရွှေပလ္လင်မှာ မဂ်ဒ လုပ်လုပ်ရတယ်။ သူလူဆိုးကြီးဘ၀ တုန်းက လုပ်ခဲ့တဲ့ အကုသိုလ်တွေ၊ကုသိုလ်တွေ၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာဖြတ်တယ်။ ဂ်ဖြတ်လို့ ဘုရားဖြစ်တာ။

မဂ်ကံကိုကြိုးစားပါ။မဂ်ကံက ကုသိုလ်ကံနဲ့ အကုသိုလ်ကံ တွေကိုဖြတ်တဲ့ကံ၊ဒီကံမျိုးလုပ်ကောင်းတယ်။ ကုသိုလ်ပြုယင် ခန္ဓာဝန်ထဲမှာရှိတဲ့ ဒုက္ခသစ္စာကို ဒုက္ခဝဋ်မှကျွတ်ရပါလို၏ဟု ဆုတောင်းယင် သိပ်အဘိုးတန်တယ်။

## (၂၀) ခန္ဓာမှာ ဖြစ်-ပျက်ကို

မိုးကုတ်ဆရာတော်ဘုရားဖဟာစဉ် အမှတ်(၃)မှ သံခ်တဒုက္ခမှ အသံခ်တနိဗ္ဗာန် ပေါ်လာပုံ တရားတော် (နံပါတ်-၂၇၃ မှ၊ ၃၂၈-ထိ။) သံခ်တ သံခါရ အတူတူဘဲ။

ခန္ဓာမှာဖြစ်ပျက်ကို မဂ်(၅)ပါးဖြင့် ရှုဖန်များ၍ ရင့်လာသောအခါ။ သံခ်တဉာဏ်မှ မဂ္ဂင်ရှစ်ပါးပြည့်ပြီး၊ အသံခ်တ နိဗ္ဗာန်ဘက်သို့ အလိုလိုကူးသွားမယ်။ သံခ်တနယ်မှာ ဖြစ်ပျက်ကို နာနာရှုပွါးဘို့အရေးကြီးသည်။ ပဋိစ္စသမုပ္ပန္နတရားနှင့် သံခ်တတရားဟာ အတူတူဘဲ။

မဂ်ငါးပါးမှာ (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ သမ္မာသတိ၊ သမ္မာသမာဓိ။)

# (၁) သတိပြုရန်

သည်အာရုံ-စရိုက်ဆိုးနှင့် ကာမဂုဏ် အမိုက်မျိုးတွေကို မဖျက်ချိုးနိုင်သေးလျှင် ငါသည်မရဏနှင့် အဆက်ပြတ်လိမ့်ဦးမည်မဟုတ်ပေ။ ပုထုဇဉ်တို့၏နယ်နိမိတ်သတ်မှတ်ရာ၊ ဒုက္ခတံတိုင်းအတွင်းမှ၊ အပြီးအပိုင် ထွက်ခွါမှ သည်မရဏနှင့် အဆက်အသွယ်ပြတ်တော့မည်။ ယနေ့တိုင် ပုထုဇဉ်တို့နယ်မှ မထွက်ခွါနိုင်သေး ယခုဆိုလျှင် ငါ့ဘဝ ထွက်ခွါရေးအတွက် လမ်းပေါက်တွေ မြောက်များစွာရှိသည်။ သည်ထွက်ပေါက်များမှ အင်းအားအပြည့်သုံးကာ ကျုံး၍ ပြေ လိုက်လျှင် လွတ်ကောင်းစရာ ရှိ၏။ အကယ်မလွတ်သည်တိုင် ဆိုးသွမ်းသော အပါယ်မရဏတို့နှင့်တော့ ကင်းလွတ်ရဦးမည်။ယင်းသို့မပြေးဘဲနေလျှင်မူ။ပုထုဇဉ်လူသားအဖြစ်နှင့် အာရုံစရိုက်ဆိုးတို့၏အကြားတွင် မရဏ (၄)မျိုး (ငရဲ-တိရစ္ဆာန်၊ပြိတ္တာ အသူရကာယ်။)တို့တွင် တမျိုးမျိုးသော မရဏဖြင့် တွေ့၍ ငါသေခဲ့သော်။ ဘုရား-ဘုရား။

# (၂) လာခြင်းကောင်းသော ဘုရားရှင်သည်

## မိလိန္ဒပဉှာဝတ္ထု(နံပါတ်-၂၅၀)ဣဒ္ဓိပါဒ်၏ အစွမ်းသတ္တိကိုပြခြင်း

လာခြင်းကောင်းသော ဘုရားရှင်သည်၊ ဣဒ္ဓိပါဒ်-လေးပါးတို့ကို ပွါးစေကုန်သော်။အလိုတော်ရှိကုန်သော်-တကပ်ဖတ်လုံးသော်လည်း တည်တော်မူရာ၏။ ကပ်၏အကျွင်းကိုသော်လည်း တည်တော်မူနိုင်ရာ၏ဟု ဟောတော်မူ၏။

တဖန်လည်း၊ ဤလမှ ၃-လတို့၏ လွန်သဖြင့် လာခြင်းကောင်းသော ငါဘုရားရှင်သည်။ ပရိနိဗ္ဗာန် ပြုလတံ့ဟု ဟောတော်မူအပ်သော စကားသည်ရှိပြန်ခဲ့၏။ အသို့နည်းဟုမေး။

ဘုရားရှင်သည်၊လေးပါးသော ဣဒ္ဓိပါဒ်ကို ပွါးများစေသည်ရှိသော်။ အာယုကပ်တကပ်ပတ်လုံးလည်း အသက်တော်တည်ရာ၏။ အာယုကပ်အကျင်းတိုင်အောင်လည်း တည်ရာ၏ဟု ဟောတော်မူအပ်သည်လည်းမှန်၏။

ဤလမှ ၃-လလွန်သဖြင့် လာခြင်းကောင်းသောဘုရားရှင်သည်။ ပရိနိဗ္ဗာန် ပြုလတံ့ဟု ဟောတော်မူအပ်သောစကားသည်လည်းမှန်၏။

ဘုရားရှင်သည်၊ အာယုကပ်တကပ်ပတ်လုံး အသက်ရှည်တော်မူလို၍ ဆိုတော်မမူ။ ဣဒ္ဓိပါဒ်တရားလေးပါး၏အစွမ်းသတ္တိကို ထင်ရှားစွာ ကြွားတော်မူလို၍ ပြတော်မူအပ်သောစကားဖြစ်သည်ဟုဖြေ။

## (၃) ဘုရားရှင်သည် ချစ်သား ရဟန်းတို့

မိလိန္ဒပဉှာဝတ္ထု(နံပါတ်-၃၃၇)တန်ခိုးနှင့်ကံ
အားနှစ်တန်

(က) ဘုရားရှင်သည်၊ ချစ်သားရဟန်းတို့ တန်ခိုးနှင့်ပြည့်စုံကုန်သော ငါ၏တပည့် သားတော်တို့တွင် အကြင်မောဂ္ဂလာန်သည်ရှိ၏။ ဤမောဂ္ဂလာန်သည်၊ မြတ်၏ ဟုတေဒဂ်ထားတော်မူ၏။

(ခ) တဖန်လည်း၊ ထိုရှင်မောဂ္ဂလာန်ကို ဆောက်ပုတ်တို့ဖြင့် ရိုက်ခတ်အပ်သည်ဖြစ်၍ ကွဲသော ဦးခေါင်း ရှိလျက် မှုန့်မှုန့်-ညက်ညက် အရိုး အသား အကြောကျေသော ကိုယ်တော်ရှိ၍ ပရိနိဗ္ဗာန်ပြုရ၏ဟု ကြားရခဲ့၏တကား။ မေး။

အထက်ပါ (ကနှင့်ခ) အချက် နှစ်ရပ် စလုံး တို့ သည်။ မှန်ကန်၏၊မှန်ကြောင်းကား ထိုရှင်မောဂ္ဂလာန် မထေရ်ကို အကုသိုလ်နှိပ်စက်အပ်လေသောကြောင့်တည်းဟု ဆိုလေ၏။

ဣဒ္ဓိအစိန္တေယျ၊ ကမ္မဝိပါက အစိန္တေယျ နှစ်ပါးတို့တွင် ကမ္မဝိပါက အစိန္တေယျသာလျှင် အလုံးစုံသောသူတို့ကို နှိပ်စက်၍ အာဏာကို ဖြစ်စေတတ်၏။ ကံနှိပ်စက်သော ပုဂ္ဂိုလ်အား ကြွင်းသော အမှုအရာတို့သည်။ အခွင့်ကို မရနိုင်ကုန်ဟု။ (ဖြေ)

## (၄) ဘုရားလောင်းနှင့် ယစ်ပူဇော်ပွဲ

မိလိန္ဒပဉ္စာဝတ္ထု နံပါတ်-၄၉၆ မှ၊ ၃၉၉-ထိ

(က) ဘုရားရှင်သည်၊ ချစ်သားရဟန်းတို့၊ ငါသည်၊ ရှေးသံသရာဘဝလူဖြစ်သော ကာလသတ္တဝါတို့ကို မညှင်းဆဲသောသဘောရှိသည်ဖြစ်၏ဟု ဟောတော်မူ၏။

(ခ) တဖန်လည်း လောမသကဿပ ရသေ့ဖြစ်သော ကာလ တပါးမက များလှစွာသော သတ္တဝါတို့ကို သတ်၍ ထက်စွာသော အဟာရအစာတို့ကို စွားသောက် ရစ်မူး၍ ကြီးစွာသော ယစ်ပူဇော်ခြင်း ပူဇော်ခဲ့၏တကားဟု (မေး)

အထက်ပါ(ကနှင့်ခ)အချက်များကို ဘုရားရှင် ဟော တော်မူသည်မှန်၏။ ထိုလောမသက သပ ရသေ့ သည်။ စန္ဒာငတီမည်သော မင်းသမီးကိုမြင်၍ ကြိုက်နှစ်သက်ခြင်း မိန်းမောခြင်းဖြင့် ပြင်းသောရာဂ၏ အစွမ်းဖြင့် ယစ်မူးဇော် ခြင်းကို စီရင်အပ်သည်။ ဒေါသစိတ်စေတနာဖြင့် သေစေလို သော အကြောင်းကြောင့် စီရင်အပ်သည်မဟုတ်ဟူ၊(မြေ)

လောမသက သပရသေ့သည်။ စန္ဒာငတီ မင်းသမီးကို မြင်သည်နှင့်တကွ၊ ရာဂစိတ်၊ ပျံ့လွင့်သောစိတ်၊နှလုံးနှောက် သော စိတ်ဘို့ဖြင့် သဗ္ဗဝါတို့ကိုသတ်၍ ယစ်မူးဇော်ခြင်းကို ပြု၏။ပျံ့လွင့်သောစိတ် ရှုးသောစိတ်ရှိသော သူတို့ပြုသော မကောင်းမှုတို့သည်။ ဤပစ္စုပ္ပန်ဘဝ၌ရင်း။ တမလွန်ဘဝ၌ ရင်း။ မကောင်းကျိုးကြီးစွာ မဖြစ်ဟူ၍ (မြေ)။ အရှူးနှင့် အပြစ်။

## (၅) တပြိုင်နက်တည်း ဘုရားနှစ်ဆူမပွင့်နိုင်

မိလိန္ဒပဉှာ နံပါတ်-၄၂၇ မှ၊ ၄၃၂-ထိ

ဘုရားရှင်သည်။ဤလောကဓါတ်၌ နတ်လူတို့၏ ပူဇော် အထူးတို့ကိုခံတော်မူထိုက်ကုန်သော သဗ္ဗညုဘုရားနှစ်ဆူတို့ သည်'မရှေးမနှောင်းဝ ပြိုင်နက်ဖြစ်ရာကုန်၏ဟူသောစကား သည် အခွင့်အရာမဟုတ်ဟု ဟောတော်မူပါသည်။

အလုံးစုံသောဘုရားတို့၏ဒေသနာတော်သည်တူမျှသော စကားတော်။တူမျှသောအကျင့်၊တူမျှသောအဆုံးအမတော်

ရှိလျက် အဘယ်အကြောင်းကြောင့် နှစ်ဆူသော ဘုရားတို့သည်၊ဘုံပိုင်နက်ဖြစ်တော် မမူကြကုန်သနည်း။ ဘုရားနှစ်ဆူအဘယ်၍ဖြစ်ပါအံ့။နှစ်ဆူသောဘုရားတို့၏ ။အရောင်ကော်ဖြင့် လောကသည် အတိုင်းထက် အလွန် ပြောင် ပြောင်တောက်သည် ဖြစ်ရာ၏ဟု။ (မေး)

အဖြေကား။ ဤဘသောင်းသော လောကဓါတ်သည်၊ တဆူသောဘုရားရှင်၏ကျေးဇူးကိုသာဆောင်နိုင်၏၊ဆောင်ရွက်နိုင်၏။ နှစ်ဆူသောဘုရားတို့သည် ဖြစ်တော် မမူကုန်အံ့။ ဤဘသောင်းသော လောကဓါတ်သည်။ဂုဏ်ကျေးဇူးတော်ကိုမဆောင်နိုင်ရာ၊တုန်လှုပ်ရာ၏။ ယိုင်ညွတ်ရာ၏။ ဖရိုဖရဲရှိရာ၏၊ပျက်စီးရာ၏၊တည်ရာအဖြစ်သို့မရောက်နိုင်လေရာ။ ဘုရားနှစ်ဆူတို့သည်။ဘုံပိုင်နက်ဖြစ်တော်မမူကုန်အံ့။ ထိုဘုရားရှင်တို့၏။ပရိဿဘ်ဘို့သည်။ အငြင်းအခုံဖြစ်ရာ၏။

လောကဓါတ်မှာ တဦးသာ။ ဘုရားသည်၊ လောက၌မြတ်၏။အထူးသဖြင့်ကြီး၏။ အထူးသဖြင့်မြတ်၏။ လောကထက်လွန်၏။ အပြားအားဖြင့် မြတ်၏။ မျှသောသူမရှိ၊ တူသောသူမရှိ။ ဘုရားချင်းသာတူကြ၏။ တုဘက်မရှိ ပြိုင်ဘက်မရှိ။ ကြီးမြတ်သောတရားသည်၊ တခုသာလျှင်ဖြစ်၏။)မြေကြီးလည်းတခုသာ၊ သမုဒ္ဒရာလည်းတခုသာ၊ တစင်းသာမြင့်မိုရ်တောင်လည်းတလုံးသာ။ကောင်းကင်လည်းတခုသာသိကြားမင်းလည်း တယောက်သာ။ ဗြဟ္မာ မင်း လည်း

တယောက်သာ။ ဘုရားလည်း တဆူသာဖြစ်တော်မူကုန်၏။ နှစ်ဆူဘက်ပြိုင်နက်ဖြစ်တော်မမူ။

## (၆) ရဟန္တာအဖြစ်နှင့်ဝတ်ကြောင်း
မိလိန္ဒပဉှ(နံပါတ်-၄၇၇)

ဘုရားရှင်တို့သည်၊ အကြင်သူသည်။ လူဖြစ်လျက်၊ အရဟတ္တဖိုလ်သို့ရောက်၏ ထိုပုဂ္ဂိုလ်အား ထိုနေ့၌ ရဟန်းသော်လည်းပြုရာ၏။ ပရိနိဗ္ဗာန်သော်လည်းပြုရာ၏။ထိုနေ့ကို လွန်အံ့သောငှါ၊ မတတ်နိုင်ရာဟုဆို၏။ (မေး။)

လူ၏အသွင်သည်၊ မညီမညွတ်ဖြစ်၏၊ မညီမညွတ်သော အသွင်သည် အားနည်း၏။ သည်၏အဖြစ်ကြောင့် အရဟတ္တဖိုလ်သို့ရောက်သောသူသည်။ ထိုနေ့၌ပင်လျှင် ရဟန်းသော်လည်းပြုရာ၏။ပရိနိဗ္ဗာန်သော်လည်းပြုရာ၏။ ထိုသို့ ဖြစ်သည်။ အရဟတ္တဖိုလ်တရား၏အပြစ်မဟုတ်။ လူ၏အသွင် အားနည်းသည်၏ အဖြစ်ကြောင့်ဖြစ်သော အပြစ်တည်း။ (ဖြေ)

(ဥပမာ) အစွမ်းသတ္တိမရှိ၊အမျိုးယုတ်သောယောကျ်ားနှင့် မင်းအဖြစ်။

# (၇) နိဗ္ဗာန်ရောက်ချင် ခန္ဓာစဉ်ဖြတ်ရန် တရားတော်

မိုးကုတ်ဆရာတော်ဘုရား ဟော တော် မူသော ဝိပဿနာလုပ်ငန်းစဉ် တရား အမှတ်စဉ် (၃)မှ နိဗ္ဗာန်ရောက်ချင် ခန္ဓာစဉ်ဖြတ်ရန် တရားတော် (နံပါတ်-၃၂၉ မှ၊ ၃၇၄-ထိ။)

နိဗ္ဗာန်ရတယ်ဆိုတာ မိမိခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို ဆိုသည်။ နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန်အာရုံ ပြုနိုင်တယ်။ ခန္ဓာ ဆုံးပြီး နိဗ္ဗာန်သို့ ရောက်သွားတယ်ဆိုတာ ပစ္စုပ္ပန်၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပြတ်လို့မှတ်ပါ။

ဒီဘဝခန္ဓာစဉ်။ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီဘဝခန္ဓာစဉ်ကို၊ နောက်ဘဝခန္ဓာဖြစ်ကြောင်းနဲ့ ဖြတ်ရလိမ့်၊ နောက်ဘဝခန္ဓာဖြစ်ကြောင်းက တဏှာ၊ ဥပါဒါန်၊ ကံ။ ပဋိစ္စသမုပ္ပါဒ်တွင်၊ ဝေဒနာနှင့် တဏှာအစပ်ကို ဝေဒနာမှ တဏှာသို့ မကူးစေဘဲ။ ဝေဒနာဖြစ်ပျက်၊ အနိစ္စ ရှုတာကမဂ္ဂ၊ ဤကဲ့သို့ ရှုပွါးလိုက်လျှင် ဝေဒနာနှင့် တဏှာ ကြား မဂ်ဝင်လိုက်သဖြင့် တဏှာသို့ မကူးဘဲ။ ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ်ပြတ်သွားသဖြင့်၊ တဏှာချုပ်၊ ဥပါဒါန်ချုပ် ကံချုပ်သွားသောကြောင့်။ တဏှာနိရောဓေါ၊ နိဗ္ဗာန်ပင်။

ဝေဒနာနှင့် တဏှာပြတ် သောကြောင့် သောတာပန်၊

သကဒါဂါမ်၊ ရဟန္တာတိုင်အောင် (ဝေဒနာနှင့်တကွသာ)ပြတ် ကြရပါသည်။ဘုရားရှင် ကိုယ်တော်မြတ်ကြီးလဲ ဒီဝေဒနာနှင့် တကွသာပြတ်တော်မူသောကြောင့် ဘုရားဖြစ်တော်မူပါသည်။

ပဌမရှေးစွာ-ဝေဒနာဖြင့်ပယ်ကိုမဂ် (၅) ပါးဖြင့် ပွါးပါ။ပွါး၍ရင့်လာသောအခါ။ တရားကဆောင်၍ ဇဂ္ဂင် ရှစ်ပါးပြည့်ပြီး၊လောကုတ္တရာမဂ်သို့ကူးလိမ့်မည်။လောကုတ္တ မဂ်သည်။ တကြိမ်သာဖြစ်၍ မပွါးရတော့ပါ။

ဤနည်းအတိုင်း လောကုတ္တရာ မဂ်(၄) ကြိမ်ကူးလျှင် ရဟန္တာဖြစ်၍ ကိစ္စပြီးပါတော့သည်။ (အပြောသမားနှင့်မရ ပါ၊ အလုပ်သမားမှ ရပါသည်။)

## (၈) လူမိုက်နဲ့ ပညာရှိ ခွဲပုံတရားတော်

မိုးကုတ် ဆရာတော်ဘုရား ဟောတော်မူသော ဝိပဿနာလုပ်ငန်းစဉ်တရား အမှတ်စဉ် (၄) မှ လူမိုက်နှင့်ပညာရှိ ခွဲပုံတရားတော်(နံပါတ်-၃၆၅-မှ ၄၁၈-ထိ။)

မိမိတို့ရရှိထားသော ခန္ဓာကြီးသည်။ အမြဲတမ်း သေရွာ ကိုသွားနေပါတယ်။ သေတဲ့ဆီ ပြေးတဲ့အလုပ်ဟာ။ ခန္ဓာရဲ့ ဝတ္တရား။လမ်းခွဲရွာဘို့က ဉာဏ်၏ဝတ္တရား၊ ခန္ဓာ၏ဝတ္တရားက သေရာသွားတဲ့အလုပ် ဉာဏ်၏ ဝတ္တရားက အသေရှောင်တဲ့ အလုပ်။

(စာဘုကနိပါတ်အဋ္ဌကထာ၌ ရှိမှာ) ဇာနုသောဏိ ပုဏ္ဏားက ဘုရားရှင်အား တပည့်တော်အယူကတော့၊ သေမည့်လမ်း ခရီးကိုမကြောက်တဲ့ ပုဂ္ဂိုလ်မရှိဘူးလို့ တပည့်တော်ယူလေ့ ရှိပါတယ်။ ဒါအရှင်ဘုရားက ဘယ်လိုအမိန့် ရှိမယ်ဆိုဘာ တပည့်တော်ကို သနားသောအားဖြင့် ချီးမြှောက်ပါဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်က ပုဏ္ဏားဒီလိုမယူနဲ့ကွ။ သေ ရာသွားသို့ ကြောက်တဲ့ပုဂ္ဂိုလ်ကတမျိုး၊ မကြောက်တဲ့ပုဂ္ဂိုလ် ကတမျိုးကွသို့ ဘုရားက နှစ်မျိုး ဟောလိုက်တယ်။

သေရာသွားဘို့ကြောက်တဲ့ ပုဂ္ဂိုလ်က (၄) မျိုးရှိတယ်။

၁။ သားသမီးနဲ့ပစ္စည်းခင်ဘွယ်တဲ့ ပုဂ္ဂိုလ်များ သေခါ နီး ကြောက်ပါတယ်။

၂။ ကိုယ်ခန္ဓာကြီးကို ခင်နေတဲ့ ပုဂ္ဂိုလ်များ သေခါနီး ကြောက်ပါတယ်။

၃။ ကုသိုလ်တွေဘော့မလုပ်ရသေးဘူး။ အကုသိုလ်တွေ တော့ မှိုလို ပေါက်နေပါပေါ့ကလား လို့ ဆိုတဲ့။ ကုဏ္ဍုစ္စတွေဖြစ်လာတဲ့ ပုဂ္ဂိုလ်လဲသေခါနီးကြောက် ပါတယ်။

၄။ ပဋိစ္စသမုပ္ပါဒ်ကြီးကို နားမလည်ဘဲနဲ့၊ ဝိစိကိစ္ဆာရှိ နေသူ သေခါနီး ကြောက်တယ်။

သေတယ်ဆိုတာ ရှေ့စိတ်ချုပ်ပြီး၊ နောက်စိတ်မလာတာ ကို သေဘယ်ပေါ့။ ဝိပဿနာလုပ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့

နေ့တိုင်းလိုလိုဘဲ၊ပဋိစ္စသမုပ္ပါဒ်ခန္ဓာအစဉ်ကြီးပြပြီးနေတော့ ခြေဒ်....တခုချုပ်တခုဖြစ်၊ တခုဖြစ်တခုပျက်ဘဲဆိုပြီး သိနေတော့ သဘောသည်။ အထူးပါလားမှတ်တယ်။ (ရှေ့စိတ်ချုပ်ပြီး၊ နောက်စိတ် မပေါ်လာတာဆိုတာကိုး။)

ဒါဖြင့် သေချင်းကို စွဲစွဲ-မြဲမြဲ မြင်ထားလို့ရှိယင် (ရှေ့စိတ်သေတာကို နောက်စိတ်နဲ့မြင်လို့ရှိယင်) နံပါတ်-၁-၂-၃-၄ တို့မှသေခြင်း။ သေခါနီး၊ကြောက် ခြင်းမှလွတ်၏။

သေမှာမကြောက်တဲ့ ပုဂ္ဂိုလ်လဲလေးမျိုး။

၁။ သား၊သမီး ပစ္စည်းလဲမခင်သူ သေရာမကြောက်ပါ။

၂။ ခန္ဓာထဲ ဝိပဿနာဉာဏ် ရောက်နေတဲ့ ပုဂ္ဂိုလ်သေရာမကြောက်ပါ။

၃။ သံသယ ကုက္ကုစ္စ သိမ်းသူ၊ သေရာမကြောက်ပါ။

၄။ ဝိစိကိစ္ဆာကလဲ ဖြစ်ပျက် မြင်နေကတည်းက၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာကြီးအကြောင်းဖြစ်လို့ အကျိုးဖြစ်တယ် အကြောင်းချုပ်လို့ အကျိုးချုပ်တာတွေကို။ မှန်မှန်-ကန်ကန် သိထားတဲ့ပုဂ္ဂိုလ်မျိုးကျတော့ တခါတည်း။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်တွေ ဒုက္ခလို ပိုင်းခြားမြင်ပြီး။ ဆုံးသွားပြီး နိဗ္ဗာန်မြင်ထားတဲ့ပုဂ္ဂိုလ်များကျတော့ ဒီခန္ဓာဝန်ကြီး၊ စောစော-စီးစီး ချချင်တယ်။ သူ့မှာသေရတော့မယ်။ ခန္ဓာဝန်ထုပ်ကြီး ချရတော့မယ်ဆိုယင်၊ သူ့စိတ်ထဲဝမ်းသာပါတယ်။

# (၉) ဉာဏ်သုံးဆင့်တက်၊ ဝဋ်မှထွက် တရားတော်

မိုးကုတ်ဝိပဿနာ ဒိဋ္ဌဓမ္မသနာပဋ္ဌမတွဲမှ ဓမ္မရတနာ
မာတိကာ(နံပါတ်-၁၆၀ မှ၊ ၁၇၉)

## (ဉာဏ်သုံးဆင့်)

၁။ 'သစ္စာနုလောမိကဉာဏ်-ဟုတ်တိုင်းမှန်စွာ သိတတ်သည်။
(ရုပ်နာမ်ကိုသိတဲ့ဉာဏ်)

၂။ နိဗ္ဗိန္ဒာဉာဏ်-ခန္ဓာကို ငြီးငွေ့ မုန်းခသာ ဉာဏ်။

၃။ မဂ်ဉာဏ်-မလိုချင် ကိလေသာကို ဖြတ်သောဉာဏ်။

(ဒီဉာဏ်သုံးချက်ဟာ အနတ္တလက္ခဏာသုတ် ပါဠိတော်မှာဟောတော်မူတဲ့ ၃-ချက်ဘဲ၊) ဘုရားရှင်အဆူဆူ ဒီအတိုင်းဟောတော်မူသည်။ဘုရားရှင်အဆူဆူမစွန့်တဲ့ဉာဏ် ၃-ချက် ဘုရားအဆူဆူဟာ ဒီဉာဏ်သုံးဆင့်နှင့် တက်ထာ ဒီဉာဏ်သုံးဆင့်ဖြင့် ပွင့်တော်မူကြတာ။ ကြိုးစား အားထုတ်ပါ။ ခန္ဓာကကန့်လန့်သမား ကိုယ်လိုသလိုဘယ်တော့မှမသွားဘူး ဒါကိုအနတ္တလို့ခေါ်တာဘဲ။ ကိုယ်ကအလုပ်ကလေးတခုလုပ်ဘို့ စိတ်ကူးခါရှိသေး။ ဟောသူက ဖေါက်လာ လိုက်ပြီ။ ခေါင်းကိုက်လို့ လေနာထလို့၊အအေးမိလို့၊ အပူငုတ်လို့ မလှုပ်ချင် မရှားချင် ဖြစ်နေဘီ။ ဒီကန့်လန့် သမားများ။ နောက်ထပ် ပေါင်းချင်သေးသလား၊ မပေါင်းချင်ယင်။ (၁)ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်။ (၂)ငြီးငွေ့တဲ့ဉာဏ်။(၃)

မဂ်ဉာဏ်" (မလိုချင်တဲ့ဉာဏ်။ အလုပ် ၃-လုပ်၊ ဒီ ၃-ခုကနဲ့ လုပ်ဂ ။)

## (၁၀) ဘဝရှိတည်နိုင်မှု ရှာလေသော်

အသက်ခြောက်ဆယ်ကျော်၊ ယောဂီအညိုရောင် ဝတ်ဆင်ထားသော ဘိက္ခုနီအမယ်အိုသည်။ သူကိုယ်တိုင် လက်တွေ့ခံစားနေရသော မျက်မှောက်အတွေ့ကြုံ၊ ဆင်းရဲဒုက္ခများအပေါ်တွင် မှုတည်၍ သိုလော၊ သိုလော သံသယဖြစ်နေ၏။

တခုသော ကမ္မဋ္ဌာန်း ကျောင်းအတွင်း၌ အမယ်အိုသည်။ကျုံ့ကျုံ့ထိုင်လျက် ပုတီးစိပ်ရန်အားထုတ်နေ၏။ သို့သော် အမယ်အိုကား၊ ကိုင်ထားသော ပုတီးကိုမျှ သတိမရ တငိုင်ငိုင် တငေးငေးနှင့် တွေနေ၏။ ပုတီးမစိပ်ဖြစ်လေ၊ ကွဲကွာနေသော သား၏မျက်နှာကို တရေးရေး မြင်ယောင်-မြင်ယောင်လာသည်။ သားကို သတိရနေယင်းမှ မျက်ရည်များစို့စို့လာသည်။ စို့ထွက်လာသော မျက်ရည်များကို သိမ်းယင်း အမယ်အို ကောက်ချက်ချမိသည်ကား ငါ့သားမှတပါး ငါ့ဘဝချမ်းသာအောင် မည်သူမျှ မတတ်နိုင်။ငါ့သားသည်သာ ငါ့ဘဝ၏ မီးရှူးတန်ဆောင် အလင်းရောင်ဖြစ်သည်။ ငါ့ကိုချမ်းသာအောင် ဖန်တီးပေးနိုင်သူကား ငါ့သားဆိုမှ ငါ့သား။ ခုနေခါမျိုး ငါ့သားနှင့်တွေ့လိုက်ရယင် သူ့ရင်ထဲ၌ ခံစားနေရသော အပူလုံးကြီးကျသွားလိမ့်မည်။ သောကတွေ အားလုံး အေးငြိမ်း သွားလိမ့်

မည်ဘု။ အမယ်အိုက တွက်ဆထားသည်။ ၁၂-နှစ်ကြာမျှ သားနှင့်ကွဲ၍ဆင်းရဲနေ့ရသော သူ့ဘဝသည်၊ သားနှင့်တွေ့လိုက်က သီတာရေစင်နှင့် ဖြန်းလိုက်သလို ချက်ချင်း လန်းဆန်း အေးမြလာလိမ့်မည်ဟု ထင်စားမိနေသည်။

ထိုအမယ်အိုကား၊ အရှင်ကုမာရကဿပ (ရဟန္တာ)၏။ မွေးမေမာဘာဘိက္ခုနီမကြီးပေတည်း။ သူသည်၊ငယ်ရွယ်စဉ်အိမ်ထောင်ကျပြီးခါစ အချိန်က တရားအာရုံ၌ ဝါသနာထုံလေသည်အလျောက် ခင်ပွန်းသည်၊လင်ယောကျ်ားထံခွင့်ပန်ပြီး ဝတ်ကြောင်ကိုပယ်လျက် ကိုယ်လေးလက်ဝန်နှင့်ပင် ဘိက္ခုနီဘောင်သို့ ဝင်လာခဲ့သည်။ ဘိက္ခုနီဘဝသို့ရောက်မှ သား(ကုမာရကဿပ)ကို၊ ဖွါးမြင်သည်။အရွယ်ရောက်လာသောအခါ သားသည်။ သက်န်းဆီး၍ သူနှင့် ဝေးရာသို့ ထွက်ခွါသွားလေသည်။ ထိုအခါမှစ၍ သားနှင့် ကွေကွင်းရခြင်း။ ဆင်းရဲဒုက္ခကို အမယ်အိုမျာ အလူးအလဲ ခံစားလာခဲ့ရသည်မှာ။ ၁၂-နှစ်တာမျှ ကြာလေပြီဖြစ်၏။

ရာဇဂြိုဟ်၏ မြို့လမ်းမကြီးတခွင်၌ ဆွမ်းခံကြွဝင်လာကြသော ရဟန်းတို့၏သင်္ကန်းရောင်များ၊တခြောင်ခြောင် ဝင်းထိန်နေ၏။ သပိတ်ကိုပိုက် စက္ခုန္ဒြေချလျက်တခုသော လမ်းမပေါ်က ကြွလာသော ကိုယ်တော်အားဘိက္ခုနီ အမယ်အို၏။သားလှရွှေသွေး အရှင်ကုမာရကဿပကိုယ်တော်ကလေးဖြစ်ပါပေသည်။

အမယ်အိုသည် မျက်စောင်းထိုး၍မကမ်းမလှမ်းမှ ဖြတ်သန်းကြွသွားသောသားရဟန်းကိုရိပ်ခနဲမြင်လိုက်လျှင် ကပိုကရိုနှင့် သားနောက်ကို အတင်းပြေးလိုက်သွားသည်၊ ပါးစပ်ကလည်း တကျော်ကျော်အော်ခေါ်သည်။ သား–သား–သား၊ ကွဲအက်ဆို့နင့် အသံကြီးနှင့် တကျော်ကျော် ခေါ်လိုက်သောကြောင့် သားရဟန်းသည် တန့်သွားပြီး ရပ်၍ကြည့်နေစဉ်တွင် မိခင်ကြီး ဒရောသောပါးနှင့် ရောက်လာပြီး သား၏ခြေသလုံးကိုကျုံး၍ဖက်ခါ ရက်စက်လှချည့်လားသားရယ် ၁၂–နှစ်လုံးလုံး အမေ့ဆီလာပြီး တခါမှလူလုံးပြဘော်မရဘူး။

အမယ်အိုသည်ဝမ်းနည်းငမ်းသာ ပြုံးရောင်၊ငိုရောင်ဖြစ်နေသည်ပြုံးမျက်ရည်များကြားမှသား၏သင်္ကန်းစကိုဆွဲကာဆွဲကာ၊ သလုံးသားကို ပွတ်သတ်ခါ သည်းစွာ ငိုကြွေးလေ၏။ ။အရှင်ကုမာရကဿပသည် မိခင်၏ဒုက္ခကိုကြည့်ယင်းရပ်လျက်မှအကြံဖြစ်ပေါ်လာ၏။ ငါ့ထံမှချိုသာသောစကားကိုကြားရချေက ငါ့မယ်တော်သည် စွဲလမ်းမှု ဥပါဒါန်ကြီးသည်ထက်ကြီးကာပျက်စီးရှာချိမ့်မည်ဟုတွေးကာသူနားမခံသာအောင် ခက်ထံမာကျောကျောလေသံဖြင့် အို ဒါကာမကြီး၊ ဖယ်လေ့ရှားလေ့ဟု အမယ်အို ဆွဲဖက်ထားသောခြေနှစ်ဘက်ကိုယုတ်လိုက်ပြီးနောက်ဆက်၍သင်သည် ၁၂နှစ်တိုင်တိုင်ဘာတွေလုပ်ကိုင်နေသနည်း၊ သလုံးမြင့်ခေါင်းခြေနှစ်ချောင်းဖြင့် ဘယ်လိုလျှောက်၍ အညောင်း ဆန့်နေသ

နည်း။ ချစ်ခြင်းသံယောဇဉ်ကြိုးမျှင်မျှင်လေးတဖချောင်းကိုမျှ ပြတ်အောင် သင်မဖြတ်တောက်နိုင်၊ သူတော်စဉ်တို့၏ဝတ်ရုံ ကိုခြုံလွှမ်းလျက်တရားကိုမကြည့်ဘဲနေဘိသည်ကားရှက်ဖွယ် ကောင်းလေစွ။

သားကိုတွေ့လျှင် ချမ်းသာလိမ့်မည်၊ သား၏နှုတ်ဖျားမှ ချိုသာသော စကားကလေးများကြားလိမ့်မည်ဟု၊ အမျှော် ကြီးမျှော်ကိုးလာခဲ့သော အမယ်အိုအဘို့ ယခုသော်သား၏ စကားကြောင့်ရှေ့ရင်ဆို့ရလေပြီ၊ အံ့အားကြီးသင့်ကာမျက် ရည်အရွှဲသား မျက်လုံးနှင့် သားဖုန်းမိုကို မော့ကြည့်လိုက် သည်၊ အိုအမေ့သားအမေ့ကိုမည်သို့ဆိုပြောလိုက်သနည်း၊ ရက်စက်လှချည့်လားသားရယ်၊ တုန်ရီသောအသံဖြင့် သား ထံ အသနားခံနေစဉ်မှာပင်၊ သားရဟန်းကား ဒ မယ်အို အပါးမှခွါသွားရှာလေသောကြောင့်အမယ်အိုအဘို့ ဒုတိယ အဆင့် ရင်နင့်ရပြန်လေပြီ။ အမယ်အိုသည် ရက်စက်သော သားရဟန်းသွားရာသို့ မျက်ရည်မှုန်းသော မျက်လုံးများဖြင့် မျက်စိတဆုံးကြည့်၍ ကျန်ခဲ့လေ၏။ သူ့မျက်စိ အောက်က သူ့သား လူလုံးပျောက်သွားသောအခါတွင်မူ သူ၏မျက်နှာ မှာ နီရဲလာပြီး တင်းမာခက်တရော်လာသည်၊ တစုံတခုကို လေးအနက်ပြုကာသူတွေးနေလေသည်။

ငါအထင်လွဲခဲ့လေပြီ၊ ကိုယ့်ကိုယ်ကိုအားမကိုးဘဲ သူတ ပါးကိုအားကိုးခဲ့မိလေသမျှမှားလေစွ၊ ငါ့သားသည် ငါ၏ ကိုးကွယ်ရာ၊ အားထားရာ၊ ရပ်တည်ရာ ဖြစ်လိမ့်မည်အထင်

နှင့် သားကို အားကိုးခဲ့သည်မှာ ငါ့အမှားစင်စစ်၊ ငါ့သားက ငါ့အားချမ်းသာအောင်မလုပ်နိုင်၊ ဖန်တီး၍ မပေးနိုင်၊ ငါ့ဘဝသာယာဖြောင့်ဖြူးမှုအတွက် အစစအရာရာစီမံဖန်တီးပေးနိုင်သူကား ငါ့သားမဟုတ်၊ ငါ-ငါ၊ ငါသာလျှင် ငါ့ဘဝကောင်းကျိုးကိုဖန်တီးနိုင်သူဖြစ်သည်။ ငါ့စွမ်း ငါ့ဧဖြင့် ငါ့ဘဝကို ငါထူထောင်အံ့၊ ဆင်းရဲညွန်ဗွက်မှ ထွက်မြောက်အောင်ငါရုန်းကန်အံ့၊ ငါမှတပါး ငါ့မှာအားကိုးစရာမရှိ၊ ငါ့ကိစ္စငါ့လုပ်ငန်းကိုယခုအခါ ချိန်မှစ၍ဘယ်သူ့ကိုမျှအားမကိုးတော့ဘဲ၊ ငါ့ကိုယ်တိုင်လုံးပန်းတော့အံ့၊ ကြိုးစားတော့အံ့။ အမယ်အိုသည်သားအပေါ်၌စွဲလမ်းလာခဲ့သောသံယောဇဉ်ကြိုးကို(ထောင်းကနဲ)ပြတ်အောင်တခါတည်းဖြတ်တောက်ဖြစ်လိုက်တော့၏။ ထိုသည့်နောက်ပိုင်းတခုသောအခါ ချိန်တွင် သံဃလောကကြီး အတွင်း၌ အရှင် ကုမာရ ဂ ဿပ၏မယ်တော်ကြီး ရဟန္တာဖြစ်သွားပြီတဲ့၊ ဟူ၍စကားလက်ဆုံအံ့ဩ၍မကုန်နိုင်အောင်ဖြစ်လာသည်ကို အကြောင်းပြုလျှက်၊ ဗုဒ္ဓရှင်တော်ဘုရားက (အတ္တာဟိ-အတ္တနောနာထော) အစရှိသောဂါထာကို ဓမ္မပဒ၌ဟောတော်မူ၏။ (အဓိပ္ပါယ်မှာ) အို-ချစ်သားတို့၊ မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ ကိုယ့်အားကိုယ်ကိုးရာ၏၊ သူတပါးသည် မိမိ၏အားကိုးရာမဟုတ်၊ ကိုယ်စွမ်း ကိုယ်စ ကိုယ်လုံ့လဖြင့် ကိုယ့်ဘဝကို ထူထောင်ရာ၏။ အို-ချစ်သားတို့၊ မိမိကိုယ်ကိုကောင်းစွာဆုံးမခြင်းအားဖြင့် ကုမာရကဿပ၏မယ်တော်သည်၊ ရခဲလှစွာ

သော နိဗ္ဗာန်တည်းဟူသော ကောင်းကျိုးချမ်းသာကို လက်တွေ့အားဖြင့်ခံစားရလေပြီ။

သူတပါးကို အားမကိုးလေဘဲ၊ ကိုယ့်အားကိုယ်ကိုးလေသောကြောင့် ၁၂-နှစ်တို့ပတ်လုံး သားအတွက်မျက်ရည်နှင့်မျက်ခွက် နေလာခဲ့ရသော အမယ်အို၏ မျက်ရည်စမ်းပေါက်များသည်၊ ယခုအခါခမ်းခြောက်သွားပါလေပြီတည်း။

(ဒဂုန်-မောင်စံသူ) အတွဲ-၉၊ အမှတ်-၃။ ၁၃၂ဂ-ခုနှစ် ပဥ္စမဝါဆိုလဆန်း ၁၃-ရက်(၁-၇-၆၆) (မှတ်ပုံတင်အမှတ် ၁၆၉) ရှေ့သို့စာစောင်မှ။

## (၁၁) သာသနာတွင်းမှာကြုံခဲ့ဗွာတရားတော်

မိုးကုဘ် ဝိပဿနာ-ဒုတိယတွဲမှ ဓမ္မရတနာမာတိကာ
(နံပါတ်-၁၁ မှ ၁၇-ထိ)

### ဒါနအရာမကိုးသာ

(၁) မသ္လိကာမှာ၊ ဒါနရာ၊ လူ့ရွာပြိုင်ဘက်ကင်း။
(၂) သစ္စာမသိ၊ သေဘုံဘိ၊ စီစိပါယ်လက်ငင်း။

### သီလလည်းကျိုးမငြိး

(၁) ကဿဖရှင်၊ လက်ထက်တွင်၊ လွန်ခင်သီလရင်း
(၂) နှစ်-နှစ်သောင်းတိုင်၊ ကျင့်မျိုးပိုင်၊ ကျော်လှိုင်ရနံ့သင်း။
(၃) သစ္စာမမြော်၊သေလွန်သော်၊ပိန်းပျော်နဂါးလင်း

## သမာဓိပင်ကျူးမထင်

(၁) ဈာန၊ ဘိညာ၊ တန်ခိုးပြ၊ တေဇောရှားဘိခြင်း။
(၂) ရှေ့နောက်ကမ္ဘာ၊လေးဆယ်မှာ၊ ဉာဏ်ဝါကျော် ပေါက်ထွင်း။
(၃) သမထတန်ဘိုး၊ မြေကိုလျှိုး၊ ထက်မိုးနဘ နှင်း။
(၃) သစ္စာဉာဏ်တုံး၊ သေလွန်ဆုံး၊ ရုပ်သုန်ပင္ဓနံချုပ်ငြိမ်း။

သာသနာတွင်းမှာ သာသနာပ အလုပ်မျိုး လုပ်နေရင်း တင်းတိန်နေရင်း၊ သာသနာတွင်းမှာလူဖြစ်ရပေမဲ့၊ သာသနာ တွင်းသားမဖြစ်ဘူး၊ သစ္စာလေးပါးကို ထိုးထွင်း မသိသေးရင်၊ မသိသေးသမျှ သာသနာတွင်းသားမဟုတ်သေး ဘူး။ ဆရာကောင်းတွေလို့ အကြောင်းအင်္ဂါနဲ့ ညီညွတ်ရင်၊ ခဏလေးနဲ့ရနိုင်ပါတယ်။ (မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ) ဗောဓိရာဇ ကုမာရကို ဟောတော်မူခဲ့တာ အထင်အရှားရှိတယ်။ ည့က အားထုတ်ရင်၊ မနက်မှာ အရဟတ္တဖိုလ် ရနိုင်သည်။ မနက်ကအားထုတ်ရင် ညမှာရနိုင်တယ်လို့ရှိပါတယ်။

## (၁၂) ရှေ့ကဖြစ်ပျက်နောက်ဉာဏ်မင်္ဂတရားတော်

မိုးကုတ် ဝိပဿနာ ဓမ္မရတနာ မာတိကာ(နံပါတ်-၁၀၀ မှ ၁၉၁-ထိ) တတိယတွဲမှ

တရားနာတဲ့ ဒကာ၊ဒကာမတွေမှာ တရားနာတဲ့စိတ်ဖြစ် ပေါ်နေတယ်၊ ဒီစိတ်နောက်က သောတဝိညာဏ်စိတ်စသည်

ပေါ်နေတယ်။ ဒီလို ပေါ်နေဆဲ စိတ်အစဉ် ပဋိစ္စသမုပ္ပါဒ် အစဉ်ကိုမှန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင်ဟောနိုင်မှ ဓမ္မကထိက အစစ်ဘဲလို့ဆိုရမည်။ ဒကာ-ဒကာမတွေကလဲ အားထုတ်ချင်လို့၊ ကျင့်ချင်လို့၊ နာတဲ့တရားမျိုးဆိုပီး နာကြမှ၊ နာယူကြမှ၊ တရားနာအစစ်အမှန်ဆိုနိုင်တယ်။ တရားနာတာ နာလို့ကောင်းလို့ နာတာမျိုးမလိုဘူး၊ တရာနာ အစစ်မဟုတ်ဘူး။ နောက်ပီး တရားကိုကျင့်တဲ့အခါမှာလဲ၊ တရားတခုထဲကို လက်ကိုင်ထားပြီး မှန်းအောင်၊ မလိုချင်အောင်၊ ဆုံးအောင်ကျင့်မှ အမှန်ကျင့်ဘဲလို့ မှတ်ကြ။ ဆရာကဟောလို့ တပည့်ကလဲဒီနည်းအတိုင်း နာယူကျင့်ကြံမှလမ်းမှန်ကြမယ်။ အဲဒါမှအဟောနဲ့အနာနဲ့ညီညွတ်မယ်၊ ဆရာဒကာညီညွတ်မှသာ ဒိဋ္ဌဓမ္မနိဗ္ဗာန်ရနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်မယ်လို့ (သံယုတ်ပါဠိတော်မှာဟောတော်မူတယ်)။

## (၁၃) ခန္ဓာသဘောဉာဏ်စောကြော တရားတော်

မိုးကုတ်ဝိပဿနာ ဓမ္မရတနာမာတိကာ (နံပါတ်-၇၉ မှ ၉၄-ထိ) စတုတ္ထတွဲမှ

ဒကာ-ဒကာမတွေ ရှေးက အိုးနာ၊သေါမွဲ၊ ကွဲဘေးတွေနဲ့နေခဲ့ကြရတယ်။ အိုးနာ၊သေါမွဲ၊ ကွဲဘေးကလွတ်ရအောင် (သံယုတ်ပါဠိတော်မှာ) ဘုရားရှင်က မဂ်လမ်းဘာခုထဲရှိတယ်၊ မဂ်လမ်းကို လိုက်ကြလို့ ဟောတော်မူခဲ့တယ်၊ မဂ္ဂင်ရှစ်ပါး အလုပ်လုပ်ကြရမယ်။ ဒကာ-ဒကာမတွေက ဒါန၊သီလ၊သမ

ထတွေဟာ လမ်းဖြောင့်လမ်းမှန်ဘဲလို့ ထင်ကြတယ်၊ ဒီလမ်းတွေက လမ်းတလျှောက်လုံးမှာ ခလုပ်တွေ၊ ကံသင်းတွေ၊ ညှောင့်တွေ၊ ကျင်းတွေအများကြီးတွေ့ရမယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာစတဲ့ခလုပ်ကံသင်း၊ ညှောင့်တသင်းတွေဘဲလို့ မှတ်ကြ။ အုံ၊ နာ၊ သေ၊ မွဲ၊ ကွဲဘေး အမျိုးမျိုးတို့ လွတ်ရာ၊ နိဗ္ဗာန်သွားလမ်းဟာ တဖြောင့်တည်း၊ တတန်းတည်းပြင့် မဂ္ဂင်ရှစ်ပါး အကျင့်တရားဆိုတဲ့ လမ်းတခုတည်းသာ ရှိတယ်လို့ ဆိုလိုတယ်။ (မေမ္မပဒမှာလဲ ဟောတော်မူတယ်)၊ (သတိပဋ္ဌာန်ပါဠိတော်မှာလဲ ဟောတော်မူတယ်) မဂ္ဂင်အလုပ်တခုသာ နိဗ္ဗာန်သွားရာ လမ်းကောင်း အစစ်အမှန်ဘဲလို့ မှတ်လိုက်ကြ။ ခန္ဓာ့အဖြစ်မြင်မှ မဂ်လမ်းပေါ်မယ်၊ ခန္ဓာအဖြစ်မမြင်ရင်၊ မသိရင် ဝိပဿနာ လုပ်နေပေမဲ့ ခရီး မရောက်နိုင်ဘူး၊ မမြန်နိုင်ဘူး။ ခန္ဓာအတွက်လှချင်။ ပချင်၊ ဆင်ချင်၊ ပြင်ချင်၊ ကျွေးချင်၊ မွေးချင်။ အဲဒီလောဘ၊ ဒေါသ၊ မောဟတွေဖိစီးပြီး သေရင် အပါယ်သွားမှာသေချာတယ်။ သေပြီးနောက် သူကသူ့သာသန်သွား၊ ကိုယ်ကအပါယ်သွားဘဲ။ ခန္ဓာကပြုတဲ့၊ စုတဲ့၊ ကျွေးတဲ့၊ မွေးတဲ့သူက အပါယ်သွား၊ ငါကခေါင်းထဲဝင်ပြီး သုသာန်သွားမယ်လို့ ဆိုသလိုပါဘဲ။

တနေ့သောအခါ၊ အရှင်အာနန္ဒာမထေရ်က ဘုရားထံ လျှောက်ထားမေးမြန်းတယ်။ အရှင်ဘုရားသေတဲ့အခါဘယ်နည်းနဲ့သေတာ အကောင်းဆုံးပါလဲ၊ သေနည်းအကောင်းဆုံးကိုမိန့်တော်မူပါဘုရားလို့ လျှောက်ထားတယ် ဒီအခါမှာ

ဘုရားရှင်က အာနန္ဒာ အကောင်းဆုံးဖြစ်တဲ့ သေနည်းဟာ လက်ရှိခန္ဓာမခင်တွယ်ဘဲ၊ လက်မဲ့ခန္ဓာမတောင့်တဘဲ သေရတာက အကောင်းဆုံးဘဲလို့ ဖြေကြားတော်မူတယ်။ ဒို့ ဒကာ ဒကာမတွေလက်ရှိခန္ဓာမခင်တွယ်ဘဲ၊ လက်မဲ့ (နောက်ခန္ဓာ) မတောင့်တဘဲသေတာဟာ အကောင်းဆုံးသော သေနည်း ဘဲလို့ မှတ်လိုက်ကြ။

## (၁၄) ဝေဒနာကုန်ပျောက် နိဗ္ဗာန်ပေါက် တရားတော်

မိုးကုဘ်ဝိပဿနာဓမ္မရာနာမာဇိကာ (နံပါတ်-၂၁၀ မှ ၂၄၀ ထိ) (ပဥ္စမတွဲမှ)

လွန်ခဲ့တဲ့ဘဝက မိမိတို့လိုချင်၍ တောင်းတခဲ့တဲ့ ယခုရရှိနေတဲ့ လူ့ဘဝဟာ နေ့စဉ်နဲ့အမျှသေဘက်ကိုသာ သွားနေတာ၊ နောက်အိုရ၊ နာရ၊ သေရမှာက မလွဲတော့ဘူး။ ယခုလိုချင်လို့ ရထားတဲ့ လူဘဝကိုတော့ဘယ်မှ မတတ်နိုင်တော့ဘူး။ ဒုက္ခတွေဗလဘွေနဲ့ဘဲအချိန်ကုန်ရတော့မှာဘဲ၊ ဘယ်လိုမှသပ်မံပြုပြင်လို့မရတော့ဘူး၊ အလုပ်ကလွန်ကုန်ပြီးနောက်ဘဝမဆက်ရအောင်၊ ယခုဘဝနဲ့ပင် ခန္ဓာဝန်လက်စ သိမ်းရအောင်၊ ခန္ဓာမှာပေါ်တဲ့ဖြစ်ပျက်ကိုပင် ဝိပဿနာဉာဏ်ဖြင့် တခုဂ်၊ တဖိုလ်ဆိုက်အောင် ကြိုးစားအားထုတ်ရန်သာလျှင် အားကိုးအားထားရန်ရှိတော့၏။ ပဂ္ဂုဏ္ဏမထေရ်သေခါနီးမှာ ကာ်ပြီးအနာဂါမ်တည်သွားဟာ ဝေဒနာအနိစ္စကို ပိုင်

ပိုင် နိုင်နိုင်သိမြင်သွားလို့ဘဲလို့ (အင်္ဂုတ္တိုရ်မှာလာတယ်ဆို တာ မှတ်လိုက်ကြ)။ ပဂ္ဂုဏာဟာ ဘုရားကြွမလာခင်ကဝေဒ နာ၊ ငါနဲ့ရောနေတယ်၊ ဘုရားကြွလာတော့မှ သမ္မာဒိဋ္ဌိနဲ့ ရောဘို့ဟောပြလိုက်လို့၊ ဒီအတိုင်းကျင့်ကြံတော့မှ အနာ ဂါမ်တည်သွားဒါဘဲလို့မှတ်ကြ။

## ပုထုဇဉ်တို့သေနည်းသုံးနည်း

၁။ ဘုရားဟောနဲ့ သက္ကာယပြုတ်တရား၏ ကြားနာပြီး ဝေဒနာနဲ့၊ ငါနဲ့ မရောအောင်ရှုပွါး၍သေခြင်း။

၂။ ငါဘုရား၏ တပည့်သား ဟောတဲ့သက္ကာယပြုတ် တရားကိုကြားနာပြီး ဝေဒနာနဲ့၊ ငါနဲ့ ရောအောင် ရှုပွါး၍ သေခြင်း။

၃။ ငါဘုရားနှင့် တပည့်သားဘို့ထံမှ ကြားနာရသည့် တရားအတိုင်း ဝေဒနာနဲ့၊ ငါနဲ့ မရောအောင် ကိုယ်တိုင် ရှု မှတ်ပွါးများ၍သေခြင်း။

အထက်ပါသေနည်း၃-နည်းမှာ(ဆက္ကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်မှာ လာတယ်လို့မှတ်ကြ။) ဘုရားရှင်ကိုယ်တော် မြတ်ကြီးက အင်မတန်အရေးကြီးဟဲ့ အချက်မို့ နှုတ်တော်နဲ့ ဖွင့်ပြီး ဟောတော်မူခဲ့ဒါ အရေးမကြီးရင် ပြုံးဘောင်ပြုံး တော်မမူဘူး။

ဘုရားက သူသတ်ယောကျ်ား တဏှာ လက်သမားလို ဟောတော်မူခဲ့တယ်။တဏှာရဲ့ဒါဏ်ချက်ဟာ ဘယ်အထိတာ သွားသလဲဆိုတာ ယသော်ဓရာ မိဖုရားဟာ တ သ ခေါ် နဲ့

ကမ္ဘာတသိန်းရှိတော့ သူပါရမီပြည့်နေပြီ။ ဒါပေမဲ့ မောင်ဘောဘ်နဲ့ တွဲချင်တော့ လေးသင်္ချေနဲ့ ကမ္ဘာသသိန်းတောင် ကြာမနေရတယ်။ ကိုယ်စိတ်အတွင်းလူ၊ တကျော-ဒိဋ္ဌိပြောစကါး မယုံကြနဲ့ ဘုရားပြောနဲ့ ဘုန်းကြီး ခပြောစကားကို ယုံငြီး လိုက်နာကြ။ ဒါမှ အောက် သံသရာနဲ့အဆက်ပြတ်မယ်။

## (၁၅) သင်္ခါရကုန်ပျောက်နိဗ္ဗာန်ပေါက်တရားတော်

မိုးကုတ်ဝိပဿနာ ဓမ္မရတနာမာတိကာ နံပါတ်-၁၁း မှ၊
၂၁၁-ထိ ဆဋ္ဌမတွဲ

ခန္ဓာမှာက၊ ရုပ်ပျက်ရင် ရုပ်အစားထိုး၊ ဝေဒနာပျက်ရင်လဲ ဝေဒနာ အစားထိုး၊ သင်္ခါရပျက်ချင် သင်္ခါရ၊ စိတ်ပျက်ရင်လဲ၊ စိတ်တခုအစားထိုးပြန်ဒါဘဲ။ ပျက်သွား ဒါက အနိစ္စအစားထိုး။ ဒါကသင်္ခါရ၊ ဒီသဘောဟာ ခန္ဓာက ပြောဒါ-သူခပြော လူပြောမဟုတ်ဘူး။ ခန္ဓာကိုစောင့်ကြည့်ရင်း၊ အနိစ္စတချက်၊ သင်္ခါရတချက်၊ ဒီနှစ်ချက်ကိုမြင်ရမယ်။

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကျင့်လို့ရတဲ့ ဉာဏ်နဲ့ ဟော ထား ခဲ့ တာက ဤခန္ဓာကိုယ်၊ ရုပ်နာမ်တရားကို ဉာဏ်နဲ့ဟောထါးခဲ့တာက ဤစောင့်ကြည့်ကြ။ အဖန်ဖန်စောင့်ကြည့်ပေးကြ၊ စောင့်ကြည့်ရင် ခန္ဓာငါးပါးရဲ့ သဘောကို သိလာလိမ့်မယ်၊ ပျက်တာရယ်၊ အစားထိုးတာရယ်။ ဒါဘဲရှိဒါကိုသိရမယ်။ ဒီလိုခန္ဓာပြောတာကို အမှန်သိရရင် နိဗ္ဗာန်ရမယ်တဲ့။ ခန္ဓာငါးပါး ကား

တရား၌၊ သဘောမှန်ကို အနိစ္စနဲ့၊ သင်္ခါရသာရှိတယ်လို့သိရခြင်းကြောင့်။ ဒုက္ခဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပေလိမ့်လတ္တံ။ ပဌမဒီအနိစ္စနဲ့ သင်္ခါရကိုတွေ့ဘို့ ဒိန္နစ်ခုကိုအစအဆုံးလိုက်သွား လိုက်ရလို့ဆုံးရင် နိဗ္ဗာန်ရောက်တာဘဲ။ သူတို့နှစ်ခုဆုံးသွားတော့ နိစ္စနဲ့အသင်္ခတကို တွေ့ရတော့တာဘဲ။ အနိစ္စဆုံးတော့ နိစ္စကိုတွေ့တယ်။ သင်္ခါရဆုံးတော့ အသင်္ခတကိုတွေ့တယ်။

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင်ကျင့်ပြီး။ သူကိုယ်ရောက်ပြီးမှ ဟောတော်မူခဲ့တဲ့ တရားဘဲ။ ယုံမှားစရာမလိုတော့ဘူး။ ကြိုးစားလိုက်နာကြ၊ နိဗ္ဗာန်ဉာဏ်ရင့်လာပြီးနောက် သေထယ်နဲ့အသေကိုစွန့်နှစ်ခုက လွတ်သွားပြီးနောက်။ ပစ္စဝေက္ခဏာဝီထိကျ သိပ်သဘောကျပြီး ဝမ်းမြောက်သွားတော့တယ်။ အဲဒါနိဗ္ဗာန်မျက်မှောက်ပြုသွားဒါကိုဆိုဒါလို့မှတ်ကြ။ (ဘုရားကသံယုတ်ပါဠိတော်မှာဟောတော်မူခဲ့တယ်။) အကြင်သူသည် ဖြစ်မှုကို တောင်းတ၏။ ထိုသူသည်။ရောဂါအနာနဲ့အသေဆိုကို တောင်းသည်မည်၏။

## သံယုတ်ပါဠိတော်မှာ ဘုရားရှင်ဟောတော်မူခဲ့တာက

အနိစ္စာဝတ၊ သင်္ခါရာ ဥပ္ပါဒဝယဓမ္မိနော ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။

အဓိပ္ပါယ်က၊ ရုပ်နာမ်ခန္ဓာငါးပါးဆိုတဲ့ သင်္ခါရတရားတို့ဟာ အမှန်မုချ ခိုင်မြဲခြင်းမရှိကြကုန်။ ထိုသင်္ခါရတရားတို့

ကား။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘော သဘာဝမျှသာရှိကြပေကုန်၏။ ထိုသည့် သင်္ခါရ ရုပ်နာမ်တရားတို့သည်။ အကြောင်းတိုက်ကာဖြစ်ပေါ်လာပြီး ရှဘ်တရက်သာ ချုပ်ပျက်ကြရရှာကုန်၏။ ထိုသည့်ရုပ်နာမ်ဖြစ်ပျက် ဒုက္ခစက်တို့၏၊ ချုပ်ရာနိဗ္ဗာန်တရားသည်သာ ချမ်းသာခြင်း စင်စစ်မှန်လှပါပေ၏။

(အဲဒီဂါထာ ပါဠိတော်ထဲမှာ)

၁။ အနိစ္စနဲ့ သင်္ခါရဆိုတဲ့ဖြစ်ပျက်သဘောကဒုက္ခသစ္စာ။
၂။ သူတို့ကို ဖြစ်ပေါ်စေတဲ့ အကြောင်းက သမုဒယသစ္စာ။
၃။ နိဗ္ဗာန်ချမ်းသာက နိရောဓသစ္စာ။
၄။ သိမြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ။

## (၁၆) နိဗ္ဗာနကထာ မဂ်ကနိဗ္ဗာန်ကို အာရုံပြုပုံ

ဉာဏစာရီ ဆရာတော်ဘုရား ရေးသားတော်မူသော နိဗ္ဗာနကထာ မဂ်ကနိဗ္ဗာန်ကို အာရုံပြုပုံ။ ရခိုင်တိုင်း အရိယာဝိဇ္ဇာကျမ်းမှာ။

(၁)မဂ္ဂ။ (၂)ဒုက္ခ။ (၃)သမုဒယ။ (၄)နိရောဓသစ္စာကျုံ့စံ၍ မဂ္ဂအရ၊ မဂ္ဂင်ရှစ်ပါးတို့ပင်တည်း။ မဂ္ဂ၌ ခေါင်းဆောင်နေသော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဖြင့် အမှန်ကိုဓါတ်မီးဆိုးပြသောအခါ။ ဆန့်ကျင်ဘက်သုခမိစ္ဆာခေပျောက်၍ ဒုက္ခသစ္စာကိုတွေ့ရပါသည်။ သုခမှားပျောက်၍ ဒုက္ခအမှန်ကိုတွေ့ရသော

အခါ၊ သမုဒယတဏှာ အလိုလိုချုပ်၏။ အဲဒါသမုဒယကို ပယ်ခွါစွန့်ပြစ်ထားပါဘဲ။ သမုဒယသစ္စာကို ခွါနိုင်စွန့်နိုင်ဘော့။ (ဒုက္ခအကျိုးနှင့်သမုဒယအကြောင်းပြတ်၍ ကြောင်းကျိုးမဆက်မိကြတော့ဘဲ။) ထိုဒုက္ခနှင့် သမုဒယတို့ဟာ ပြန်၍ မဖြစ်နိုင်တော့ပါ။ (ပြန်၍ မဖြစ်ထာဟာ နိရောဓသစ္စာ၊ နိဗ္ဗာန်ဘဲ။) (ပဝတ္တ သင်္ခါရာ အပဝတ္တ နိဗ္ဗာနံ။) ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့်ညီညွတ်လှပါ၏။ (ဘဝနိရောဓေါ နာမ၊ ဘဝဿ၊ အပ္ပဝတ္တနိရောဓော။) ဟူသော သံယုတ် အဋ္ဌကထာ အဖွင့်နှင့်ကိုက်ညီလှပေ၏။

## (၁၇) ဘုရားရှင်၏ဂုဏ်တော်အသီးသီးကို အစွဲပြု၍

၁။ သက္ကျ သာကီဝင်မင်းမျိုးမှ ဘုရားဖြစ်ခြင်းကြောင့် (သက္ကျမုနိ) ဟုရင်း။

၂။ သက္ကျသာကီဝင်မင်းမျိုးမှဆင်းသက်၍ ခြင်္သေ့မင်းကဲ့သို့ ရဲရင့် တည်ကြည်သော ဂုဏ်သတ္တိ အစွမ်းကြောင့် (သက္ကျသီဟ) ဟုရင်း။

၃။ ကမ္ဘာဦး မဟာသမတ မင်းမှ ဆင်းသက် ပြန့်ပွါးသော သာကီဝင်မင်းမျိုးမှ ဘုရားဖြစ်ခြင်းကြောင့်၊

အနွယ် ဆက်ကို ပြတတ်သော ဂေါတမ ပုဒ်ဖြင့် (ဂေါတမ) ဟုရင်း။

၄။ ကောင်းသောစကားကိုဆိုတတ်သောသတ္တိဂုဏ်ထူး (သုဂတ) ဟုရင်း။

၅။ လူ့မင်း၊နတ်မင်း၊ဗြဟ္မာမင်းဘို့ထက် ကြီးမြတ်သော ဂုဏ်သတ္တိကြောင့် (သေဋ္ဌ) ဟုရင်း။

၆။ ခပ်သိမ်းသောတရားအပေါင်းတို့ကို အကြွင်းမရှိသိ ခြင်းကြောင့် (သဗ္ဗညု) ဟုရင်း။

၇။ တရားမင်းဖြစ်ခြင်းကြောင့် (ဓမ္မရာဇ) ဟုရင်း။

၈။ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူခြင်း ကြောင့် (ဘဂဝါ) ဟုရင်း

၉။ မရ်ငါးပါးကို အောင်မြင် ခြင်းကြောင့် (ဇိန) ဟုရင်း။

၁၀။ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ကိုးကွယ်ရာ ဖြစ်ခြင်းကြောင့် (လောကနာထ) ဟုရင်း

၁၁။ လောက သုံးပါးကို သိမြင်တော် မူခြင်းကြောင့် (လောကဝိဒူ) ဟုရင်း။

ဤသို့အစရှိအောဂုဏ်တော်အသီးသီးကိုအစွဲပြု၍အမည် ဖော်အမျိုးမျိုးနှင့်ပင် ခေါ်ဝေါ်အမှတ်ပြုကြသည်ကိုလည်း အထူးအားဖြင့်နှလုံးသွင်း၍မှတ်သားအပ်သတည်း။

# (၁၈) မြတ်စွာဘုရား၏ ဝါဆိုစဉ်အကျဉ်းအားဖြင့်

(တြိပါဒစေတီယပကာသနီကျမ်း မာတိကာ နံပါတ်
(၁၆-မှ ၂၃-ထိ)

၁။ ပဉ္စဝါကို မိဒါဝုန်တောမှာပင် နန္ဒိယမည်သော ဥပသ ႏ ာ ဆောက်လှူအပ်သောကျောင်း၌ဆိုတော်မူသည်။

၂။ နှစ်ကြိမ်မြောက်ဝါကို သုံးကြိမ်၊ လေးကြိမ်မြောက်ပါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ပင် ကပ်ဆိုတော်မူသည်။

၃။ ငါးကြိမ်မြောက် ဝါကို ဝေသာလီပြည် မဟာဝုန်တောဝယ် စုလစ်မွန်းချွန်တတ်သောဇရပ်ကျောင်း၌ ကပ်ဆိုတော်မူသည်။

၄။ ခြောက်ကြိမ်မြောက်ဝါကိုရာဇဂြိုဟ်မြို့နှင့်မနီးမဝေးဖြစ်သော မကုလတောင် ချရားတော၌ကပ်ဆိုတော်မူသည်။

၅။ ခုနှစ်ကြိမ်မြောက် ဝါကို တာဝတိံသာ နတ်ပြည်၌ ကပ်ဆိုတော်မူသည်။

၆။ ရှစ်ကြိမ်မြောက် ဝါကို သဂ္ဂတိုင်း သံသုမာဂီရိပြည် ဘေသကဠ မိဂဒါဝုန်တော၌ကပ်ဆိုတော်မူသည်။

၇။ ကိုးကြိမ်မြောက်ဝါကို ဥတေနမင်းနေရာကောသမ္ဘီပြည်၌ ကောသမ္ဗကသူဌေးဆောက်လှူအပ်သောဃောသိတာရုံကျောင်း၊ ကုက္ကုတသူဌေးဆောက်လှူအပ်သော ကုက္ကုတာရုံကျောင်း၊ ပါဝါရိတာရုံသူဌေး ဆောက်လှူအပ်သော ပါဝါ

ရိတာရုံကျောင်း ထိုကျောင်းသုံးရပ်၌ ကပ်ဆိုတော်မူသည်။

၈။ ဆယ်ကြိမ်မြောက်ဝါကို ပလလေယျကတောအုပ်၌ ပလလည်းဆင်မင်း၏အလုပ်အကျွေးကိုခံ၍ကိုယ်တော်တည်း ပင်လျှင်အင်ကြင်းပင်ရိပ်၌ကပ်ဆိုတော်မူသည်။

၉။ ဆဲ့တကြိမ်မြောက်ဝါကို နာဠမည်သော ပုဏ္ဏားရွာ၏အနီးဒက္ခိဏာဂိရိ ကျောင်းတော်၌ကပ်တော်မူသည်။

၁၀။ ဆဲ့နှစ်ကြိမ်မြောက်ဝါကို ဝေရဉ္စပုဏ္ဏား ပင့်ဘိတ်သည်ဖြစ်၍ ဝေရဉ္စပြည်၏အနီး ကြီးစွာ ပေါက်ရောက် အပ်သော တမာပင်ရင်း၌ကပ်ဆိုတော်မူသည်။

၁၁။ ၁၃–ကြိမ်မြောက်ဝါကို စာလိယတော၌ ကပ်ဆိုတော်မူသည်။

၁၂။ ၁၄–ကြိမ်မြောက်ဝါကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကပ်ဆိုတော်မူသည်။

၁၃။ ၁၅–ကြိမ်မြောက်ဝါကိုကပိလဝတ်ပြည်နိဂြောဓါရုံကျောင်းတော်၌ကပ်ဆိုတော်မူသည်။

၁၄။ ၁၆–ကြိမ်မြောက် ဝါကို၊ အာဠဝီပြည်၏ အနီး မဟာဝုန်ကျောင်းကြီး၌ ကပ်ဆိုတော်မူသည်။

၁၅။ ၁၇–ကြိမ်မြောက်ဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကပ်ဆိုတော်မူသည်။

၁၆။ ၁၈–ကြိမ် တဆဲ့ကိုးကြိမ်မြောက် ဝါ ကို ကား စာလိယတောင်၌ ကပ်ဆိုတော်မူသည်။

၁၇။ အကြိမ်နှစ်ဆယ်မြောက် ဝါကိုး ရာဇဂြိုဟ် ပြည် ဝေဠုဝန်ကျောင်းတော်၌ ကပ်ဆိုတော်မူသည်။

၁၈။ နှစ်ဆယ့်တကြိမ်မြောက် ဝါမှစ၍ လေးဆယ် လေးကြိမ်မြောက် ဝါတိုင်အောင် သာဝတ္ထိပြည်ကို မှီ၍သာ လျှင် အနာထပိဏ်သူဌေး ဆောက်လှူအပ်သော ဇေတဝန် ကျောင်းတော်၌၎င်း။ ဝိသာခါ ဒါယိကာမ ဆောက်လှူအပ် သော ပုဗ္ဗာရုံကျောင်း၌၎င်း။ အလှည့်အလည်အားဖြင့်အမြဲ နေ၍ ဝါဆိုတော်မူသည်။

ပရိနိဗ္ဗာန် စံချိန်နီးအခါ၌ အဆုံးစွန် ဖြစ်သော (၄၅)ကြိမ်မြောက် ဝါကိုကား ဝေသာလီပြည်နှင့်ရာဇာဂြိုဟ် ပြည်၏အကြား ဂင်္ဂါမြစ်နားခြံ၌တည့်သော ဗေဠုဝရွာ၌ ကပ် ဆိုတော်မူသည်။

## (၁၉) သုံးဆယ့်တဘုံထဲမှာဖြင့်

မိုးကုတ် ဆရာတော်ဘုရား ဟောတော်မူသော ဝိပဿနာ လုပ်ငန်းစဉ်ကရား အမှတ်စဉ် (၅) မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသန ဘုရားတော် (နံပါတ်–၂၀၃ မှ၊ ၂၅၄–ထိ။)

၃၁–ဘုံထဲမှာဖြင့် အသေလွတ်ရာရှာလို့ရှိယင်တွေ့ ကြမှာ မဟုတ်ပါဘူးဆိုတဲ့ ဥစ္စာ သေသေ–ချာချာ မှတ်ထားရမယ်။

မိမိခန္ဓာထဲမှာ ဝိပဿနာ မဂ်ဉာဏ်ဖြင့် ရှာလိုရှိယင် အသေလွတ်ရာကို တွေ့ရမည်။

အချုပ်မှာ။ ။ဇရာ့ မရဏ ဘယ်ကလာသတုန်း၊ ခန္ဓာငါးပါးက လာပါတယ်။ ခန္ဓာငါးပါး ဘယ်ကလာသလဲ၊ တဏှာကလာပါတယ်။ တဏှာဘယ်က လာသလဲ၊ ခင်စရာ မင်စရာကလာပါတယ်။ ခင်စရာမင်စရာကို ခင်စရာ မင်စရာ မဟုတ်အောင် ရှုတတ်တဲ့ဉာဏ် မလာသေးသဖြင့် တဏှာ မသေသေးဘူး" တဏှာမသေသေး၍ ခန္ဓာရမယ်။ ခန္ဓာလာယင် အိုးဘေး၊ နာဘေး၊ သေဘေးတွေက ကိုယ်ပိုင်ပစ္စည်း ဖြစ်ရမယ်။

## (၂၀) ဆင်းရဲထဲမှာ

သံလျှင်တောရ ဓမ္မဝါဒီရေး ဝိပဿနာ ကုံသွား
ဉာဏ်လှေခါးကျမ်း(နံပါတ်-၁၈၂-မှ)

ဆင်းရဲထဲမှာ ခန္ဓာငါးပါး၌ ပေါ်လာ ခံယူရသော ဆင်းရဲသက် ဆိုးဝါး ပြင်းထန်သော အခြားဆင်းရဲမရှိပြီ။ ခန္ဓာငါးပါးမှာ ပေါ်လာသော ဆင်းရဲသည်သာအကြီးဆုံး အဆိုးဝါးဆုံးဟုဆိုလိုသည်။

ချမ်းသာထဲမှာလဲ ဆင်းရဲခံယူရာ ခန္ဓာငါးပါးကိုမှ လွတ်မြောက်နေ၍ ဆင်းရဲအားလုံးမှ လွတ်ငြိမ်းရာ နိဗ္ဗာန်သည်သာ အမြင့်မြတ်ဆုံး၊ အထွဋ်အထိပ်အကျဆုံး ချမ်းသာဟူး ဖြစ်သည်ဟု ဟောညွှန်တော်မူသည်။

## (၂၁) ဆုတောင်းနှင့်အလုပ်၊ စာနှင့်အလုပ်

သံလျင် တောရဓမ္မဝါဒီရေး ဝိပဿနာဘုံသွား
ညာဏ်လေ့ခါးကျမ်း(နံပါတ်-၄၇၃)

အလုပ်လုပ်လျှင် အလုပ်ထဲသို့ဆုတောင်းသည်၊ အလိုလို ဝင်လာသည်။ သို့ရာတွင် ဆုတောင်းနေရုံနှင့် ဆုတောင်းထဲသို့ အလုပ်ကအလိုလိုမဝင်လာနိုင်ပေ အလားတူပင်-

အလုပ်လုပ်လျှင်၊ အလုပ်ထဲသို့ စာသည်အလိုလိုဝင်လာသည်။ သို့ရာတွင်စာကိုဖတ်နေရုံနှင့် စာထဲသို့အလုပ်ကအလိုလို ဝင်မလာနိုင်ပုံကိုသဘောပေါက်ပြီးအလုပ်ကိုသာပေါက်အောင်လုပ်ကြကုန်လော့။

## (၂၂) ဝေဿန္တရာမင်း

လယ်တီဆရာတော်ဘုရားရေးသားတော်မူသော
ပဋိစ္စသမုပ္ပါဒ်အကျဉ်းမှ

ဝေဿန္တရာမင်း၊ မဒ္ဒီဒေဝီ၊ ဇာလီ၊ ဂဏှာဇိန် တို့သည်၊ ဝင်္ကာဂိရိယသို့သွားကြ၏။ သံရောဇဉ်ဟူသမျှ ဖြတ်တောက်ကာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကြံရန်ရည်ရွယ်၏။ စင်စစ် ကျွန်ုပ်တို့သည်၊ လောကတွင်းသို့ တဦးချင်း လာကာ တဦးချင်းပင်ထွက်ခွါသွားရပေမည်။ ချစ်ခြင်းဟူသည် တဒင်္ဂပမာ ယာယီတွယ်တာမျှသာဖြစ်၏။

## (၂၃) ကျေးဇူးအထူးတင်ရှိခြင်း
## မခေမ့်နိုင်တော့ပါ

ဉာဏာစာဂိမဟာထေရ်စီရင်ရေးသော အပ်သော ဗျာဒိတ်တော်ကြီး
ကျမ်းမှ (နံပါတ်-၂၉၊ အပိုဒ်-၃၅)

၁၂၅၂-ခုနှစ်ကစ၍ ၁၂၉၉-ခုနှစ်ထိ များစွာသောနှစ်လပရိစ္ဆေဒအတွင်း၌ ဝိပဿနာ သာသနာကို ဒ.ထူးအားပေးလျက် သာသနာပြုကြကုန်သော လယ်တီ၊မာန်လည် မြဝတီ၊ ဓမ္မ စေတီ၊ သစ်ချတောင် အင်းမကြီး၊ ကြောင် ပန်းဦးတိက္ခိန္ဒြိယ၊ ညောဝ်လွန်း၊ စွန်းလွန်း၊ မိုးညှင်း၊ မင်းကွန်း အစရှိကုန်သော ဆရာတော်ကြီးများသည်၎င်း။ ဆရာကြီး ဆရာသက်၊ ဆရာညို၊ ဆရာရွှေ အစရှိသောလူပညာရှိ ပဏ္ဍိတ သာသနာနုဂ္ဂဟပုဂ္ဂိုလ်မြတ်ကြီးတို့သည်၎င်း။ ဝိပဿနာ သာသနာပြုကြရာ၌ ခဲခဲယင်းယင်းနှင့် တောရိုင်းကြီးကိုရှင်းပြီး ခြုံများကို ဆောဆွဲ ပုံနေလှမ်း မီးရှို့ အငုတ်ကို နုတ်ပယ်၊ ခြံနယ်ကိုသတ်မှတ်ခြံကာထွန်ယက်ပျိုးချကြလျက် သာသနာကိုပြုကြပါသည်။ အားလုံးတို့ နောက်ပိတ်ဆုံးမှ အသီးများအောင်မြင်အောင်မိုးရွာသကဲ့သို့ ဉာဏာစာဂိက စုဆည်းရုံးစုပြီး ဝိပဿနာအဖွဲ့ဖွဲ့ရာ (ဓါတုဒ္ဒီကာတရားတော်ကြီး ဒုတိယတွဲ၊ နံပါတ်-၁၆။ စာကြောင်းရေ ၇-မှ) ၁၃၀၀-ပြည့်နှစ်၊ တော်သလင်း လပြည့်နေ့ကစ၍ အဖွဲ့ကြီး လက်ငယ်ပေါင်း (၄၀၅)ဖွဲ့၊ စာအုပ်ပေါင်း (၁,၂၇၀,၅၅၀) စာရွက်ပေါင်း (၁,၄၀၁,၅၅၁) ယောဂီပေါင်း (၆) သန်းနှင့် ငါးသိန်း

ကျော်မျှ ကုသလပညာ ရရှိခဲ့ပါကြောင်း၊ အောင်ကြောင်း မင်္ဂလာ အောင်ဇေယျာနှင့်ကြေညာပါသည်။

## (၂၄) မြတ်စွာဘုရားမာရ်နတ်ကိုဆိုတော်မူရာမှ

လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော သောတပန္နသပေက္ခာ ဒီပနီကျမ်း ပဓါနသုတ် ပါဠိနိဿယ ၁၄၅-မှ

(က) ယခုကာလ သူတို့ကား သဒ္ဓါမရှိ၍ မိမိကိုယ်ကို၊ တိဟိတ်သား ဟုတ်မည်မဟုတ်မည်၊ ပါရမီပြည့်ပြီးဟုတ်မည် မဟုတ်မည်၊ မဂ်ဖိုလ်ရထိုက်သောခေတ်ရှိသေးမည်၊ မရှိမည် ဟု စိတ်နှလုံး နောက်ကျိလျက်၊ မိမိတို့ကိုယ်ကို မိမိတို့ ဖျက်ကြ၏။

(ခ) သဒ္ဓါတရား ရှိသော သူမှာကား၊ ဘုရားတရား ဘော်ကိုကောင်းကောင်း ကြားနာရသောအခါမှစ၍၊ ယခု ဘဝ ထမြောက်အောင် အားထုတ်မည်ဟူသောစိတ်တခုသာ ရှိ၏၊ တိဟိတ်သားဟုတ်မည်မဟုတ်မည်၊ ပါရမီပြည့်ပြီးဟုတ် မည်မဟုတ်မည်၊ ခေတ်သမယ ဟုတ်မည်-ဟုတ်မည်ဟူသော နှလုံးနောက်မှု မရှိပေ။ ကုသိုလ်ကို လိုချင်မှု ဥကြကဲ့ သို့နှလုံး နေစက်မှုသည် မဂ်ဖိုလ်၏ပီလာတည်း။

## (၂၅) တေမိမင်းသားကို

ပရမတ္ထစက္ခုကျမ်း နံပါတ်-၂၅၇၊ အပိုဒ်-၁၂၀

တေမိမင်းသားကို ရှားမီးခဲအပူတို့ဖြင့်ကပ်၍ အလိုစမ်း ကြလျှင် အဖူးအလုံးသာ၊ အလွန်ပူလှသောအခါ အမောင် တေမိ၊ ငရဲမီးပူကို ကြောက်လျှင် ရှားမီးပူကိုအောင့်၍ခံ၊

စကားမပြောနှင့်ဟု စိတ်ကိုဆုံးမ၍၊ တေမိမင်းသား ရှားမီး ပူကိုအောင့်အည်းသည်းခံသကဲ့သို့၊ထို့ အတူ ငရဲဘေး၊ပြိတ္တာ ဘေး၊ သံသရာဘေးကြီးတွေကို ကြောက်လျှင် အနည်းငယ် မပြောပလောက်သော အညောင်း၊ အညာ၊ အပူအအိုက်၊ အဓေအကျင်စသော ဆင်းရဲကိုအောင့်အည်း သည်းခံရသည်။

## (၁) စာကမပြဘဲ ဆရာကမပြဘဲ ခန္ဓာကတရား ပြသွားပုံ

ဉာဏစာရီ ဆရာတော်ဘုရား ရေးသားတော် မူ သော အပါယ်တံခါးပိတ်စာစောင်မှ ဉာဏစာရီ ဆရာတော်ဘုရား၏ကိုယ်တွေ့ စာကမပြဘဲ၊ ဆရာ ကမပြဘဲ၊ ခန္ဓာက တရားပြသွားပုံ နံပါတ်-၁၁ မှ၊ ၁၃-ထိ။

### ပဌမလုပ်ငန်း

စိတ်ဟာ သမာဓိရအောင် ခေါင်း၌ ဒင်္ဂါးတကွက်စာ မျှ တနေရာ၌ သတိထား၍ လှုပ်ရင်သိမယ်။ ပူရင်သိမယ်။ ဇ လျှင်သိမယ်ဟု စိတ်ကိုထားရမည်။ စိတ်ဟာတခြားသို့ရောက် သွားပြန်လျှင် ပြန်၍ခေါင်း၌ထားပါ။ အာစာရ အရိယာ လက်မှတ်ရပါပြီ။

### ဒုတိယလုပ်ငန်း။

သမာဓိရ၍ ခန္ဓာကိုယ်တနေရာကပူပေါ်သိနေ။ ပေါ် သိနေ။ ခါတ်အပေါ်ပျောက်သွားလျှင် စိတ်ကိုခေါင်း၌ပြန်

ရှိထား၊ ဓါတ်ပေါ်လှုပ်ပေါ်ရာ၌ရှု၊ ပျောက်လျှင်ခေါင်း၌ စိတ်ထားပါဒသာနအားရိယာ လက်မှတ်ရ၍နေပါပြီ။

### တတိယလုပ်ငန်း။

ဥပမာ။ ပူ၍ပေါ်သဖြင့် သိနေတုန်း တနေရာက ပေါ်၏လိုက်၍သိပါ။ တနေရာက ရှပေါ်ပြန်၏လိုက်၍သိပါ။ကျွဲလိုနှစ်သူ့ဟာသူ တဆင့်တက်၍တက်၍ပြ၏။ တရားက ခေါ်၍ပြ၏။ပေါ်ပသိကောပင်တည်း။မှန်၌အရိပ်လာ၍ ထင်သလို ပါရမီအရိပ် ထင်လာရ၏။

### စတုတ္ထလုပ်ငန်း။

တကိုယ်လုံး၌ ဟိုကပေါ်၊ ဒီကပေါ်နှင့် အမျိုးမျိုး အထွေထွေပေါ်၍နေခြင်းကို တရားကပင်ပြ၍နေ၏။၎င်းအထဲတွင် စိတ်ကအကြာနပ်ဆုံး အကြီးအကဲဆုံး၊ အဓိပတိ ပစ္စည်းအနေနှင့်ပေါ်တဲ့ ခေါင်းဆောင် ဓါတ်ပေါ်မှုတခုကို သာရှုပါဟုတရားကပင်ပြလာ၏။ဘုန်းကံအလျောက် စကြာ ရောက်လာ၏။အလောင်းမှန်လျှင် ရထားဆိုက်လာ၏။အဓိပတိ တခုကိုသာရှုလေ။ဓါတ်တခု၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွင် တခု ဘဲရှုပါ။

### ပဥ္စမတန်းလုပ်ငန်း။

ဓါတ်ပေါ်မှု၌ကြမ်းကြမ်းပေါ်ရာမှ နုနုလာ၏။ ထမင်း စားသလို ဝခါနီးလာသဖြင့် နှေးကန်၍လာ၏။ တခါတခါ ဓါတ်ပေါ်မှုပျောက်သွားတတ်၏။အဲဒါကို အချို့ကသမာဓိ

လျှော့သွားလို့ဘဲ။အကုသိုလ်ဝင်လို့ဘဲ။ တရားပျောက်ရသည်ဟု၊ ထင်တတ်ကြသည်။ ထင်တိုင်းမဟုတ်ပါ။ရုပ်အတွက်လုံလောက်၍ နာမ်ပေါ်ဘက်သို့ ကူးတော့မည်ဟု တရားကနိမိတ်ပြထားပါဘဲ။ ထိုအခါကမ္မဋ္ဌာန်းစာအုပ်များကို များစွာဖတ်၍ အသိဉာဏ်ဖြည့်စွက်ပေးပါကုန်။(ပိုလျှင်လျှော့တဲ့ လျှော့လျှင် ဖြည့်တဲ့။) ၎င်းအတိုင်း ရုပ်တရား၊ နာမ်တရား ဉာဏ်စဉ်တရားများကို နာကြား၍ဖြည့်ပါ။ အားထုတ်လျှင် မပေါ်ဘဲ။ အားမထုတ်မှ ပေါ်နေတတ်၏။ ရုပ်အပေါ်မှ နာမ်အပေါ်သို့ ပြောင်းတော့မည်ဟုတရားကပင် နိမိတ်ပြ၍နေပေ၏။

## ဆဋ္ဌမတန်းလုပ်ငန်း။

တကိုယ်လုံးမှာ တဖြန်းဖြန်းနှင့်ဓါတ်ပေါ်တတ်၏။သူတပါးက ရုပ်နာမ်အကြောင်း ပြောပြလျှင် ဓါတ်ကူး၍ ပေါ်တတ်၏။၎င်းဖြန်းဖြန်းစသည်တို့၏မမြဲပုံအနိစ္စ။ သေပျက်ဒုက္ခ သူ့သဘော သူဖြစ် အနတ္တတို့ကို ရိပ်မိ လာတတ်တော့၏။ အလိုလိုငြိမ်းငွေ့၍နေတော့၏။ အားကျစရာမြင်လျှင် အားမကျဘဲ-အပြစ်မြင်၍နေတော့၏။ သူတပါးကိုသနား၍လာတတ်၏။ ပြောချင်ဟောချင်ရှိ၏။ လိင်္ဂအရိယာ ပင်တည်း။

## သတ္တမတန်းလုပ်ငန်း။

ဓါတ်ပေါ်စဉ်လန့်သလိုနှင့်ထွန်းထိုးဖြစ်သော အနုသယကို မဂ်ဗီဇကသိသဖြင့် မြွေကိုထိတော့တွန့်သကဲ့သို့၊ဝိထိယတို့တွန့်၏။ စူဋ္ဌသောတာပန် လက်မှတ်ရ၏။ တဖန်၊ ခန္ဓာထဲမှ

ရှုရှု-မှုမှုတွေနေတော့၏။ စိတ်ထဲ မျက်စိထဲမှာတော့ ဝိုးဝိုး ဝင်းဝင်းတွေတတ်၏၊ရှုရှု-မှုမှု မဂ်မှန်တည်း။ ပရမတ်တည်း မဂ်ဘာရားတည်း။ ဝိုးဝိုး-ဝင်းဝင်း စသည်ကား-မဂ်မှားတည်း ပညာတည်း။အမဂ္ဂတည်းဟု သူ့အဆင့်မို့ သူ့တရားကပြနေ၏။ မဇ္ဈိမသောတာပန်ဖြစ်ပြန်ပြီ။ တဖန်၊ ၁-ရက်၊ ၂-ရက် အတွင်းတွင် စိတ်အာရုံ တမျိုးစီခြားနားလျက် တကိုယ်လုံး ဖြစ်ပျက်တွေသိသိသာသာကြီးဖြစ်ပြီးမှုပြုံးကနဲချုပ်ပျောက် ရပ်စဲသွားတတ်၏။ဖြစ်ပျက်ကာသင်္ခါရတည်း။ သိသိနေတာက ဝိပဿနာတည်း။ချုပ်ပျောက်ရပ်စဲသွားတာက နိရောသစ္စာ နိဗ္ဗာန်တည်း။သိတာကမဂ်တရားတည်း။ မဟာသောတာပန် ဖြစ်ပြန်ပြီ။ဤ ၇-ဆင့်စလုံးကား စာကပြောတာလဲမဟုတ် ဆရာကပြောတာလဲမဟုတ်။ ခန္ဓာက တရားပြသ နေတာမို့ တရားတော်၏ဂုဏ်တော်ခြောက်ပါး။ခန္ဓာ၌ ဌာပနာပြီးဖြစ်ပါသည်။

## (၂) ဒေါ်ရူပနန္ဒာ အမှူးပြုသော တရားစာမှ

ညာဏစာရီဆရာတော်ဘုရား စီရင်ရေးသားအပ်သည့်
ဒေါ်ရူပနန္ဒာ အမှူးပြုသော တရားစာမှ
နံပါတ်-၁၃၊ ကြောင်းရေ-၁၄

သုက္ကာထေရီမ အလောင်း။ ပုဏ္ဏာထေရီမ အလောင်း။ အရှင်ပေါ်ဦလအလောင်း၊၃-ပါးဟာ ဘုရား(၇)ဆူတို့ထံ၌ ပိဋကတ် ၃-သွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ဓမ္မခန္ဓာ ပေါင်း(၈၄၀၀၀)တို့ကိုဆောင်ရွက်၍လာခဲ့ပါသည်။ သိသာ

သိရှ် ပရမတ္ထသဘောကို မမိ၊ မထိ၊ မရှိလေသောကြောင့် ၉၁-ကမ္ဘာပေါင်း ပုထုဇဉ်ဘဝနဲ့သာ စုံမျောမျော၍ လာခဲ့တာကို သတိပြုကြပါ။ ဤ ၃-ဦးသော ပိဋကတ်ဆောင်ကြီးများကိုထောက်လျှင် စာသိ-ပေသိ-ကျမ်းဂန်သိ-ပရိယတ်သံသုတမယသိ၊ စိန္တာမယသိတို့ဟာ အပါယ်တံခါးလဲမပိတ်နိုင်သေးပုံ၊ ဆင်းရဲသံသရာလဲ မဖြတ်နိုင်သေးပုံ၊ သိဒ္ဓိကြီးကိုးတန်လဲမရနိုင်ကြပုံ၊ ဘုံစဉ်စံဘဝလဲမရနိုင်ကြပုံ၊ (၆၇) ဆင့်ဖြင့် မြင့်တက်ဘို့ရာလဲ မရကြသေးပုံ အလုံးစုံကိုနားလည်ကြပါလေ နားလည်မှ အထက်ခမ်း-လက်လှမ်းနိုင်ကြပေမည်။ တသံသရာလုံးဒုက္ခနဲ့မုချတွေ့ကြုံမှာစိုးရိမ်လို့သာဖေါ်ပြခြင်း ဖြစ်ပါသည်။ မေတ္တာ အစစ်ပါတဲ့ သူတော်ကောင်းအပေါင်းတို့။

## (၃) နတ်ပြည်၌ ၄-ဝ၊ ၄-၅ာနစ၍ နေကြပုံ

ဉာဏာစာရီဆရာတော်ဘုရားရေးသားတော်သော
ဝိပဿနာတန်ခိုးပြကျမ်းမှ နံပါတ်-၂၂

(၁) ဒါနသက်သက်ဖြင့် တက်နေသော နတ်သားနတ်သမီးများမှ ကိုယ်ရောင်ကိုယ်ဝါမီးချစ်ဆံမျှသာအရောင်ထွက်၏ (ဥပမာတည်း)။

(၂) သီလ သက်သက်နှင့် တက်သွားသော နတ်သားနတ်သမီး များကား ဓါတ်မီး ရောင်မျှ အရောင် ထွက်၏ (ဥပမာတည်း)။

(၃) သမထသက်သက်ဖြင့်တက်၍သွားသောနတ်သားနတ်သမီး များသည် ဘား လ၏အရောင်ကဲ့သို့ အရောင်ထွက်၏ (ဥပမာတည်း)။

(၄) ဝိပဿနာသက်သက်ဖြင့် တက်၍သွားသော နတ်သား နတ်သမီးများမူကား နေအစင်းပေါင်း ရှစ်ထောင်မျှ အရောင်လင်းပေ၏ ဝိပဿနာ၏တန်ခိုးကား ဤမျှကြီးကျယ်လှ၏။

## (၄) ဒိဋ္ဌေ ဒိဋ္ဌ မတ္တ စသော ဒေသနာတော်ကို

သံလျှင်တောရခမ္မဝါဒီရေး အရိယာတို့သွားညာဏ်လှေခါး ကျမ်းမှ နံပါတ်-၅၈၃

ဒိဋ္ဌေ၊ ဒိဋ္ဌ၊ မတ္တ စသော ဒေသနာတော်ကို ဟောချိန်က စ၍ ဗုဒ္ဓဂေါတမ ဘုရားရှင် တလက်ထက်လုံးမှပင်ရင်း၊ ဒေသနာတော်ဖြင့် ကျင့်သုံးခဲ့၍ ဝိပဿနာ ညာဏ်ကုန် ပေါ်ပြီး မဂ်ညာဏ်၊ ဖိုလ်ညာဏ်တိုင်အောင် ပေါက်မြောက် အောင်မြင်ခဲ့သောပုဂ္ဂိုလ်အရေအတွက်မှာ ၂-ဦးတည်းသာ ရှိခဲ့ဘူးလေသည်။ ထိုထက်ပိုလွန်ကြောင်းကျမ်းဂန်မှာမတွေ့ရပေ။

## အောင်မြင်ခဲ့သူ ၂-ဦးမှာ

(၁) ဗာဟိယ ပရဗိုဇ် ပုဂ္ဂိုလ်မှာ တထိုင်အတွင်းမှာ ဝိပဿနာ ညာဏ်ကိစ္စ ၄-ဆင့်၊ မဂ်ညာဏ် ၄-ဆင့်၊ ဖိုလ်ညာဏ် ၄-ဆင့် ကိစ္စတို့ပါ ပေါက်မြောက် အောင်မြင် သွားသဖြင့် ရဟန္တာအဖြစ်သို့ တရားနာရုံ တထိုင်တည်းနှင့်ပင် ရောက်ရှိသွားလေသည်။ ဤတွင်မက ပဋိသမ္ဘိဒါ ၄-ပါးကိုပါ ပူးတွဲရရှိ

သွားပြန်သေးသည်။ ။ထိုကြောင့် ဘုရားရှင်သည် ၎င်း၊ ဗာဟိယ ပရိုဇ်အဖြစ်မှ ပဋိသမ္ဘိဒါ ၄-ပါး၊ ရဟန္တာ ဗာဟိယအား ခိပ္ပာဘိညာခေါ် သစ္စာ ၄-ပါးသိမျှ၊ ဒါမဂ်ဉာဏ် ရမှုဖြစ်သူတို့ အထဲမှာ အမြန်ဆုံး နံပါတ် (၁) ဟု (တေဒဂ် ဘွဲ့ထူး)ကို ချီးကျူးမိန့်ဟလိုက်လေပြီ။

(၂) မာလုကျပုတ္တ ရဟန်းကြီးမှာကား၊ ယောကြား စဉ်မှာ ဒေသနာ၏သဘာဝကိုအကျယ်တဝင့်သဘောပေါက် လိုက်မှုသာရှိ၍ ၎င်းအတွက်ဘုရားရှင်၏ (သာဓုဘွဲ့) မျှသာ ရရှိလိုက်သည်။ တေဒဂ်ဘွဲ့ထူးမျိုးကို မရလိုက်ပေ၊ နာခစဉ် မှာလည်း သောဘာပန်ပင်မဖြစ်ခဲ့ပေ။

**တေဒဂ်ဘွဲ့ရစာရင်းချုပ်**

| | | |
|---|---|---|
| (၁) | ရဟန်းယောကျ်ားတေဒဂ်ဘွဲ့ရ | ၄၁-ပါး |
| (၂) | ရဟန်းမိန်းမတေဒဂ်ဘွဲ့ရ | ၁၃-ပါး |
| (၃) | လူယောကျ်ားတေဒဂ်ဘွဲ့ရ | ၁၁-ဦး |
| (၄) | လူမိန်းမတေဒဂ်ဘွဲ့ရ | ၁၁-ဦး |
| | ပေါင်း.... | ၇၅-ဦး |

## (၅) ခက်မှုနှင့်မဖြစ်နိုင်မှုခြားနားပုံ

သံသျှင်တောရခမ္မဝါဒီရေးအရိယာတို့သွားဉာဏ်လေ့ခါး
ကျမ်းမှ နံပါတ်–၆၀၃

အလုပ် ကိစ္စတိုင်းမှာ အခက်နှင့် အလွယ်ဟူ ၂-မျိုးတွဲ လျှက်ရှိသည်၊ တမျိုးတည်းဟု ရှိခဲ့သည်။ ဘုရား ဖြစ်ရေးအ

တွက် ဗုဒ္ဓစာမေးပွဲခေါ် ပါရမီသင်ခန်းစာတို့ကို လေ့လာယူရာမှာပင့်အခက်နှင့်အလွယ်ရှိပြန်၍ အချိန်အတိုနှင့်အရှည်ဟုလာပြန်သည်မှာ–

(၁) ကမ္မာပေါင်း(၄)သင်္ချေနှင့်တသိန်းက ပညာဓိက
(၂) ကမ္ဘာပေါင်း(၈)သင်္ချေနှင့်တသိန်းက သဒ္ဓါဓိက
(၃) ကမ္ဘာပေါင်း (၁၆) သင်္ချေနှင့်တသိန်းက ဝီရိယဓိကဟု အခက်စား၊ အလတ်စား၊ အလွယ်စားဟု ဘုရားလုပ်ငန်း ၃–မျိုးနှင့်ပင်ရှိလာသေးသည်။

ပုံစံတခုရှင်းရသော်။ ။သတ္တဝါဖြစ်လိုသည်၊ သို့ရာတွင် မသေလိုဟုဆိုက–မဖြစ်နိုင်ပေ။ ဖြစ်နိုင်သည်ကား သတ္တဝါဖြစ်လာလျှင် သေရမည်။နောက်တနည်းကား၊သတ္တဝါမဖြစ်ပေါ်လျှင်–မသေရ၍ မသေချင်လျှင်– သတ္တဝါမဖြစ်အောင်လုပ်ရသည်။ လုပ်သို့လည်းရသည်။ ဤကားခက်မှုကို ဝါ၊ မလွယ်မှုကို မဖြစ်နိုင်ဟု မယူမိရန် ရှင်းလင်းချက်ပေတည်း။

## (၆) မိမိကိုယ်၌ စွဲကပ်နေသော ဒုက္ခကြောင့်

သံလျှင်တောရမဠ္ဍာဝါဒီရေး အရိယာဘုံသွား ဉာဏ်လှေခါး ကျမ်းမှ နံပါတ်(၆၄၇)

မိမိကိုယ်၌စွဲကပ်နေသော ဒုက္ခကြောင့် ဝိပဿနာ အားထုတ်ခွင့်မရသဖြင့် မိမိကိုယ်ကို ဓါးဖြင့် သတ်သေလိုက်ကြသော(ဆန္နမထေရ်၊ဝက္ကလိမထေရ်၊ဂေါဓိကမထေရ်တို့သည်။ မိမိကိုယ်၌ စွဲကပ်နေသော ဒုက္ခဝေဒနာကို သက်သာစေရန်

ဓါးဖြင့်လှီးဖြတ်လိုက်ရာ (သွေးကြော၊ လေကြောပြတ်သွားသဖြင့်။)မူလဒုက္ခ ဝေဒနာတွေ-လျော့ဆင်းသွားစဉ် ယခင်ရှုပ်ခါးနေကျ-ကမ္မဋ္ဌာန်းကိုဆက်၍ရှုပွါးရာ ရဟန်းကိစ္စလည်းပြီးဆုံး။ ရုပ်နာမ်တို့လည်း နိဂုံးသပ်သွားကြသော(တချက်ခုတ်၊ ၂-ချက်ပြတ်)သော လုပ်ငန်းထူးတရပ်ပင်ဖြစ်ပေတော့သည်။ ဓါးဖြင့်လှီးဖြတ်ခါ (သေခြင်းဆိုး) မဟုတ်ကြဘဲ။ သေခြင်းကောင်းဖြင့်သေကာ) ရဟန္တာအဆင့် တိုင်အောင်ကူးတက်သွားပြီး။ ပရိနိဗ္ဗာန် စံဝင်ကြလေသည်။

## (၇) အများနှင့်မတဲသောနိဗ္ဗာန်

သံလျှင်တောရ ဓမ္မဝါဒီရေး အရိယာဘုံသွား ဉာဏ်လှေခါး
ကျမ်းမှ နံပါတ်(၁၁၉)

နိဗ္ဗာန်အစစ်သည်၊ အမှန်ပြောရလျှင် လူများစုနှင့်မတဲ့ပေ။ ဗုဒ္ဓါဝါဒီခေါ် ဗုဒ္ဓဘာသာဝင်တိုင်း၏ (ပါးစပ်တွင်)၊ နိဗ္ဗာန်ဟူသောစါပိုဒ်ကို(များများကြီးပြောကြသလောက်) များများကြီးမင်နေကြောက်နေကြလေသည်။

နိဗ္ဗာန်ကို ချက်ခြင်းသွားဘို့ရာ လူတရာမှာ(၁၀၀)လုံးလိုလို ကြောက်နေကြလျက်ရှိသည်။ နတ်တွေလဲ အလားတူပင် ကြောက်နေကြသည်။

## (၈) ဇူဠပန်မထေရ်၏အလောင်းသည်

ဉာဏစာဂိ ဆရာတော်ဘုရား ရေးသားတော် မူသော ဇိနဗျာဒိတ်တော် ကျမ်းမှ နံပါတ်-၈၃၊ စာပိုဒ်-၁၀၆ မှ။

ဇူဠပန်မထေရ်၏အလောင်းသည်၊ဗာရာဏသီပြည်၌ မင်းဖြစ်၏။ နံနက်ခင်းကိုးနာရီ အချိန်လောက်၌ တိုင်းပြည်ကို ဆင်စီးပြီး လှည့်လည်ရာ နေရှိန်ခ၍ချွေးများကျ၏။ ပုဆိုးစဖြင့်သုတ်တော့ ပုဆိုးစ၌ ညစ်နွမ်းတာကိုမြင်၍ အနိစ္စထင်လိုက်ဘူး၏။ ထိုအနိစ္စသညာကြောင့်ပင် အန္တရကပ်တခုလုံး အပါယ်တံခါးပိတ်ပြီး၊ နတ်ပြည်မှသာ ကြာခဲ့ရပါသည်။ ဘုရားပွင့်တော့ သူဌေးသားဖြစ်၍ သာသနာ၌ ရဟန်းပြု၍နေရာ ဉာဏ်ထိုင်းလှသဖြင့်တဂါထာ ကိုပင် လေးလနှင့်မရနိုင် ဘုရားက ပုဝါစုတ်ကိုပေးပြီး (ရဇောဟရဏံ)ဟု စီးဖြန်းခိုင်းရာ ခဏချင်း ပဋိသမ္ဘိဒါပတ္တထိပ်တန်း ရဟန္တာကြီးဖြစ်သွားပါသည်။ အဲဒါအနိစ္စသညာ၏ တန်ခိုးဘဲဟု ဗျာဒိတ်တော်ပေးခဲ့ပါသည်။

## (၉) ဗာဝရီပုဏ္ဏားအလောင်းနှင့်တပည့်ငါးသောင်း

ဉာဏစာဂိဆရာတော်ဘုရား ရေးသားတော်မူသော ဇိနဗျာဒိတ်တော်ကျမ်းမှ နံပါတ်(၈၄) စာပိုဒ် ၁၀၇-မှ

ဗာဝရီပုဏ္ဏားအလောင်းနှင့် တပည့်ငါးသောင်း တို့ဟာ ရှေးအခါးတုန်းက ကဠဝါဟနပြည်မှာ မင်းနှင့် အခြံအရံ

များဖြစ်ကြပါသည်ဘုရား။ ပွင့်ပြီဟုကြားသဖြင့် လိုက်လာကြရာ။ ဘုရားပရိနိဗ္ဗာန်စံပြီး၍ တေဇောဓါတ် လောင်နေတုန်းကျမှ ဗာရာဏသီပြည်သို့ ရောက်လာကြ၏။ ဘုရားအကြောင်း မေးကြတော့ ဟောဟိုက မီးခိုးတွေ ထနေတာ မြတ်စွာဘုရား၏ အလောင်းတော်ကို သဂြိုဟ်ကြခြင်းပါတဲ လို့ပြောပြကြ၏။ ၎င်းတို့သည်၊ သံဝေဂဖြစ်ပြီး။ ခြေဒ်.... အစိန္တေယျ၊ အပ္ပမေယျ ဘုရားကြီးများတောင်မှ မရဏ အနိစ္စဘေးက မလွတ်ကြသေးပါ တကားဟု အနိစ္စသညာ ရကြ၏။ ထိုအနိစ္စသညာကြောင့် အန္တရကပ်ကြီး တခုလုံး အပါယ်တံခါး ပိတ်ပြီး နတ်ပြည်၌သာ ဖြစ်ကြရပါသည်။ ဘုရားပွင့်တော့ ထိုငါးသောင်းတို့ရောက်လာကြပြီး။ ပုစ္ဆာ မေးရာ ဘုရားကဖြေပြလို့မှ ပဋိသမ္ဘိဒါပတ္တာရဟန္တာကြီးတွေ ဖြစ်ကြရပါသည်။အနိစ္စသညာများ ဤမျှလောက်ကယ်ဆယ် နိုင်ပါသည်ဟု ဗျာဒိတ်တော်ထားခဲ့ပါသည်။

## (၁၀) ခန္ဓာငါးပါး ဆိုတာ

ညာဏစာဂီဆရာတော်ဘုရား ရေးသားတော်မူသော ဇိနဗျာ ဒိတ်တော်ကျမ်းမှ နံပါတ်-၈၈ စာပိုဒ်-၁၁၄

ခန္ဓာငါးပါးဆိုတာ အတုံးအတစ်အစိုင်အခဲမရှိပါ။

(၁) ဖေါက်ပြန်တတ်တဲ့ သဘော။ (၂) ခံစားတဲ့ သဘော။ (၃) မှတ်သားတဲ့သဘော။ (၄) ပြုပြင် စီမံတဲ့

သဘော။ (၅)အာရုံကို သိတဲ့သဘော ထိုငါးခုကို ပရမတ္ထ ခန္ဓာငါးပါးလို့ ခေါ်ပါတယ်။ ထိုခန္ဓာငါးပါး သဘော တရားလောက်ကိုသာတွေ့တော့။ အဲဒီသဘောတရားငါးပါး ဟာ ငါနဲ့လဲမဆိုင်ပါကလား။ ငါပိုင်လဲ မဟုတ်ပါလားဟု သက္ကာယဒိဋ္ဌိကွာပြီး၊ အမှန်အကန် သိပါတယ်။ ဝိဇ္ဇာဖြင့် အမှန်သိတော့ အတ္တဆိုတဲ့ ငါဘဲ သူဘဲ လူဘဲ၊ နတ်ဘဲ။ ဗြဟ္မာ ဘဲဟုထင်မှားနေတဲ့အတ္တတွေကွာပြီး။အနတ္တအနေအားဖြင့် ပေါက်ပြန်ခြင်းသဘော။ ခံစားခြင်းသဘော၊ မှတ်သားခြင်း သဘော။ စီမံခြင်းသဘော။ သိခြင်းသဘောမျှသာ ရှိပါ တကားဟုသိတယ်။ ထိုသူကို ဥပမာပြရလျှင် သိမ်မွေ့သေး ငယ်လှသော သားမြီးဖျားကို မျှားဖြင့် အလယ်ဗဟို လျှို အောင်ပြစ်ခတ်နိုင်တဲ့ ဝါလဝေဓိ လေးသမားကဲ့သို့တည်းဟု ဗျာဒိတ်ပေးပါတယ်။

## (၁၁) ခန္ဓာကိုယ်ထဲက

ဉာဏစာဂီ ဆရာတော်ဘုရား ရေးသားတော် မူ သော ဇိနဗျာဒိတ်တော် ကျမ်းမှ နံပါတ်-၁၆၃ ဝိဘင်းအဋ္ဌကထာ။

ခန္ဓာကိုယ်ထဲက ဖြစ်ပျက်သင်္ခါရကိုရှုပွါးတည်နေတဲ့ သူဟာ (၁) သာသနာ ရေသောက်မြစ်ကြီး တွယ်ပါပြီတဲ့။ (၂)) တသံသရာလုံး သက်သာယာကြီး ရရှိသွားပါတော့ မည်တဲ့။ (၃) တသံသရာလုံး ထောက်တည်ရာ မှီခိုရာ-ပုံး

အောင်းရာ။လည်းလျှောင်းရာကြီးကို ရ၍သွားပါတော့မည်တဲ့။(၄)တသံသရာလုံး လူ,နတ်,ဗြဟ္မာ,မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ဘို့ရန် ဂတိမြဲပါတော့သည်တဲ့။ (၅)စူဠသောတာပန်ဘဝရပြီတဲ့ဗျာ။

(ဇိနဗျာဒိတ်တော်။)

## (၁၂) မာန်လည်ဆရာတော် မဃဒေဝလင်္ကာသစ်

ညာဏစာဂီဆရာတော်ဘုရားရေးသားတော်မူသော
ဇိနဗျာဒိတ်တော်ကျမ်းမှ နံပါတ်-၂၁၁၊ စာပိုဒ်-၂၁၄

ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊လူတွင်စကြာ၊ နတ်မှာသကြား မိုးဗျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖေါက်လွဲပါယ်ရွာ၊ ရောက်မြဲတာတည်း။ ။

## (၁၃) မြွေဆိပ်ခဲ ဝိပဿနာတန်ခိုးကြောင့် အဆိပ်ကျ ရဟန္တာဖြစ်ပုံ

ညာဏစာဂီဆရာတော်ဘုရားရေးသားတော်မူသော
ဇိနဗျာဒိတ်တော်ကျမ်းမှ နံပါတ်-၂၁၉၊ အပိုဒ်-၂၁၉

[မူလပဏ္ဏာသအဋ္ဌကထာကျမ်း၌ လာပုံကား]

ရဟန်းတော်တပါးသည် ဝိပဿနာတရားကိုအားထုတ်လေ၏။အဆိပ်ပြင်းထံလှသောမြွေတကောင်သည် မထေရ်၏ခြေ၌အရိုးကွဲအောင်ပင် ပေါက်လေသည်။ မထေရ်သည် ငါ

ကား ထိုမြွေဆိပ်ကြောင့် သေရတော့အံ့၊ မသေမီကြိုးစား၍ ဝိပဿနာ အားထုတ်တော့အံ့၊ ဝိပဿနာ အားထုတ်ရင်း အသေခံအံ့ဟု ဆုံးဖြတ်ပြီး ပေါ်သောရုပ်ကို နာမ်ဖြင့်ရှုပွါး သောအခါ ဝိပဿနာ၏တန်ခိုးတေဇော်အာနုဘော်ကြောင့် အဆိပ်ကျတော့၏။ ဤပုံနှင့်ရှုပွါးနေရာ ကိလေသာ အဆိပ် အတောက်ပါကျ၍ ရဟန္တာဖြစ်သွားတော့သတည်း။ ။

## (၁၄) ၇-နှစ်အရွယ်မိန်းမငယ်ကပင် နိဗ္ဗာန်ကိုမြင်နိုင်ပုံ

ဉာဏစာရီဆရာတော်ဘုရားရေးသားတော်မူသော ဇိနဗျာဒိတ်တော်ကျမ်းမှ နံပါတ်-(၈)

ရှေး၌ ဖြစ်ကုန်ပြီးသော ဂိုဏ်းဆရာကြီး တို့သည်လည်း အကြင်နိဗ္ဗာန်တရားတော်ကြီးကို မမြင်အပ်၊ မြင်အောင်လဲ မပြနိုင်။ ထိုနိဗ္ဗာန်တရားတော်ကြီးကို ၇-နှစ်အရွယ်သာရှိကြ ကုန်သော နုနယ်သေးကွေး မိမ္မငယ်လေးတို့သည် သိအပ်ပြီ၊ သိအောင်ပြနိုင်ပေပြီတကား။ မြတ်စွာဘုရား ၇-ဝါရ၍တိတ္ထိ တို့၏မာန်စွယ်ကိုချိုးရန် တန်ခိုးပြပွဲကြီး၌ (၇) နှစ်သမီး က လေးများပေါ်ပေါက်လာ၍ တန်ခိုးပြပါရစေဟု လျှောက် ထားကြပုံ၊ အပဒါန်နှင့်ထေရီရ၊ ထေရီဂါထာ ၄-ကျမ်း ၌များစွာလာသည်။ ။အဲဒါလဲဝိပဿနာ၏အကျိုး၊ သာ သနာတော်ကြီးရဲ့အကျိုးပြပုံတည်း။

## (၁၅) တရားတု တရားရောင်လုပ်မိသူမှာ

သံလျှင်တောရဓမ္မဝါဒီရေး အရိယာဘုံသွား ဉာဏ်လှေခါးကျမ်း မှ၊ နံပါတ်-၆၈၀ ကပိလရဟန်းကြီးဝတ္ထု

တရားတု၊ တရားရောင် လုပ်မိသူတို့မှာ ပိဋကတ်တတ်သူ ကပိလရဟန်းကြီးကဲ့သို့အဝီစိငရဲကြီးထဲသို့ ၂-ကြိမ်တိုင်ဆက် ကြရသလို ဆက်ကျခံရသလို၊ ကျခံရမည့်အရေးကိုပါ။ သတိ ရရှိရန် တိုက်တွန်းအပ်တော့သည်။ လာဘ်များလို၊ ကျော် ကြားလို၊အခြံအရံများလိုမှုကြောင့် ဗုဒ္ဓတရားတွေကို အမှား မလုပ်သင့်လှပေတကား။

## (၁၆) ရွှေတိဂုံဘုရားကြီး ရွှေသက်နံ့တော်စာရင်း

ဘုရားဂေါပက လူကြီးများ ရေးထားသော စာရင်းမှ ကူးယူပါသည်။

၁၉၀၃-ခုနှစ်၊ ငှက်ပျောဖူး၌ တွယ်ကပ်ပြီးဝင်သည့် ရွှေ ချိန်၊ ၁၃၅-ပိဿာ၊ ၃၁-ကျပ်သား၊ ၃-မူး။ ပေကွက်ပေါင်း ၂၇၀၂.၀၀။

၁၉၁၁-ခုနှစ်၊ ကြာလံကြာနှုန်း ရွှံလုံးမှာကပ်ငေ ရွှေချိန် ၉၇-ပိဿာ၊ ၇၆-ကျပ်သား၊ ၆-မူး၊ ၁-ပဲသား။ ပေကွက် ပေါင်း ၁၉၅၅.၉၀။

၁၉၁၅-ခုနှစ်၊ ကြာပန်း ကြာမှောက်ကြီးများ ကပ် ရွှေချိန် ၆၇-ပိဿာ၊ ဂ၇-ကျပ်သား၊ ဂ-မူး၊ ၁-ပဲသား၊ ပေကွက်ပေါင်း-၁၃၁၃.၅၀။

၁၉၁၉-ခုနှစ်၊ ကြာနိုင်ယံ (၁၁၅) တွင် အကွက်ငယ် (၁၂၆၃)ကွက်။ အနက်(၁၁၀၇)ကွက် တွက်ကပ် ရွှေချိန် ၂၇-ပိဿာ၊ ၅၃-ကျပ်၊ ၁-မူး၊၁-ပဲသား၊ပေကွက်ပေါင်း ၅၄၁.၀၀။

၁၉၂၁-ခုနှစ်၊ ကြာနိုင်ယံကျန် (၁၅၆) ကွက် တွက်ကပ် ရွှေချိန် ၂-ပိဿာ၊ ၇၅-ကျပ်၊ ၆-မူးသား၊ ၁-ပဲ၊ ပေကွက် ပေါင်း ၅၅.၀၀။

၁၉၂၅-ခုနှစ်၊ ကြာနိုင်ယံအောက် ဖေါင်းပြင် ဖေါင်း လုံးတို့တွင်ကပ် ရွှေချိန် ၆၆-ပိဿာ၊၁၆-ကျပ်သား၊ ပေကွက် ပေါင်း ၁၃၂၃.၂၀

၁၉၂၈-ခုနှစ်၊ ဖေါင်းလုံး ဖေါင်းပြင် အောက်ကဂေါ် ကြီးကိုကပ် ရွှေချိန် ၂၄-ပိဿာ၊ ၂၄-ကျပ်၊ ၉-မူး၊ ၂-ရွေး ပေကွက်ပေါင်း ၄၈၈.၄၀။

၁၉၂၉-ခုနှစ်၊ ဂေါ်ကြီး အောက်နားတွင်ကပ် ရွှေချိန် ပိဿာ ၁၅၊ ၂၅-ကျပ်၊၄-မူး၊ ၁-ပဲ၊ ၂-ရွေး။ပေကွက်ပေါင်း ၃၀၅.၀၀။

၁၉၃၁ ခုနှစ်၊ ဂေါ်ကြီးအောက်က ခုံးတုံးပန်းလှများ၌ ကပ် ရွှေချိန် (၉) ပိဿာ၊ (၆၅)ကျပ်၊ (၇)မူး၊ (၁)ပဲသား ပေကွက်ပေါင်း ၁၉၃.၇၅။

၁၉၃၆ ခုနှစ်၊ ဒုတိယ ဖေါင်းရစ်ကြီးတွင်ကပ် ရွှေချိန် (၁၉)ပိဿာ၊ (၅၆)ကျပ်၊ (၂)မူး၊ (၁)ပဲ၊ ပေကွက်ပေါင်း ၃၉၁.၀၀။

အစုစုပေါင်း ရွှေချိန်(၄၃၆)ပိဿာ၊(၁၄)ကျပ်၊ (၃)မူး ပေကွက်ပေါင်း (၉၂၆၀. ၇၅။)

ဗုဒ္ဓဘာသာဝင် သူတော်စဉ်များ သဒ္ဓါကြည်ညိုစိတ်တိုးပွါးတော်မူကြရန်အာရုံပြုပါသည်။

(မှတ်ချက်) အထက်ပါအလှူစာရင်းသည် ၁၉၃၆-ခုနှစ်အထိအလှူတော်ဖြစ်ပါ၍၊ ယခုအခါတွင်အလှူတော် မည်မျှအထိတိုးပွါးနေမည်ကိုနောက်စရင်းရလျှင်ဆက်လက်ဖေါ်ပြပါမည်။

## (၁၇) ရွှေတိဂုံဘုရားကြီးတွင်

၁။ စိန်ဖူးကြီးတွင်စိန်လုံးရေ ၄၃၅၀၊ ရတီချိန်-၂၀၀၀

၂။ စိန်ဘူးကြီးတွင် ကျောက်အမျိုးမျိုး ၉၇၊ ရတီချိန် ၄၇။

၃။ ငှက်မြတ်နားစိန်လုံးရေ ၁၀၉၀၊ ရတီချိန် ၂၄၀.၁၀။

၄။ ဆပ်သွားဖူးနှင့်ကလာပ်တွင် နားပွင့်များ၏ ရွှေချိန် ၁၄-ပိဿာ ၅၄-ကျပ်သား။

၅။ ရွှေဆည်းလည်းလုံးရေ ၁၀၆၅၊ ရွှေချိန် ၂၁၂ ပိဿာ ၅၇-ကျပ်သား။

၆။ ငွေဆည်းသည်းပေါင်း ၄၂၀။

၇။ ထီးတော်အကျယ် ၁၉-ပေ၊ ၆-လက်မ။

၈။ ထီးတော်အမြင့် ၃၃-ပေ။

၉။ ထီးတော်လုံးပါတ် ၄၅-ပေ၊ ၆-လက်မ။

၁၀။ ငှက်ပျောဖူးအထက်ထိပ်ဝ ၄-ပေ။

၁၁။ ငှက်ပျောဘူး အောက်ခြေထိပ်ဝ ပေ-၂၀၊ ၁၀-လက်မ။
၁၂။ ငှက်ပျောဘူးလုံးပတ် ၄၅-ပေ၊ ၆-လက်မ။
၁၃။ ဘုရားကြီး ဘိနပ်တော်က အထက် စိန်ဘူး အထိ ၃၁၀-ပေ၊ ၇-လက်မ။
၁၄။ အထက်ပစ္စယံ မုဒ်ဦးစေတီ ၄-ဆူ
၁၅။ စေတီငယ် ၆၄-ဆူ။
၁၆။ ခေါင်းလောင်းပုံအမြင့်ပေ ၅၂-ပေ။
၁၇။ ခေါင်းလောင်းပုံလုံးပတ်ပေ ၃၄၄-ပေ၊၈-လက်မ။
၁၈။ အုဂ်ပြဿဒ်စေတီတော် ၇၂-ဆူ။
၁၉။ ယင်ပြင်တော် ပန်းဘင်ခုံတွင် ခြင်္သေ့ ၂၄-ကောင်။
၂၀။ မနုဿီဟ ၄။
၂၁။ ဘိနပ်တော် အကျယ် အလျားပေ ၃၆၇-ပေ၊ ၂-လက်မ။

ဗုဒ္ဓဘာသာဝင်သူတော်စင်များ သဒ္ဒါကြည်ညိုစိတ် တိုးပွါးတော်မူကြရန် အာရုံပြုပါသည်။

## (၁၈) သက္ကာယဒိဋ္ဌိတန်းလန်းရှိကြကုန်သော လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ပဋိစ္စသမုပ္ပါဒ် ဒီပနီကျမ်းမှ(နံပါတ်-၁၇ မှ၊ ၂၀)

သက္ကာယဒိဋ္ဌိတန်းလန်း ရှိကြကုန်သော လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့သည်။ တဘဝမှ တဘဝသို့ ဇုတေကြသောအခါ

ရောက်မိရောက်ရာရောက်၍ ကျမိကျရာ ကျကြလေကုန်သည် သာတည်း။

ရင်တွင်း နှလုံးတွင်းမှာ သက္ကာယဒိဋ္ဌိ မီးငြိမ်းကုန်ပြီးသော ဝိသာခါ အနာသပိဏ် အစရှိကုန်သော သူတို့မှာမူကား။ တဘာဝမှတဘာဝသို့ ပြောင်းရွေ့ကြသောအခါ။ မိမိတို့ စိတ်ကြိုက်ရာကောင်းမြတ်ရာဘုံဘာဝသို့ ရွေးချယ်၍ ပြောင်းရွှေ့ကြကုန်၏။ စိတ်ကပင် အထူးကြံရွယ်မှုမရှိကြကုန်သော်လည်း၊ယုတ်ညံ့သော ဘုံဘာဝသို့ ကျရောက်ခြင်းမရှိကြကုန်ပြီ။ ကောင်းမြတ်ရာ ဘုံဘာဝသို့သာ ရောက်ကြရကုန်၏။ (ဥပမာ) မျက်စိအား အတောင်အားနှင့် ပြည့်စုံကြကုန်သော ကျေးငှက်တို့သည်။ မိမိတို့အလိုရှိရာ စိတ်ပျော်မွေ့ရာ သစ်ပင်တခုမှတခုသို့။ ဥယျာဉ်တခုမှဥယျာဉ်တခုသို့ ကောင်းကင်ခရီးဖြင့်သာ ပျော်ပျော်-ပါးပါး သွားလာပြောင်းရွှေ့ကြကုန်သကဲ့သို့တည်း။

## (၁၉) ပုထုဇ္ဇဉ်အဖြစ်နှင့်နေသောသူသည်

လယ်တီဆရာတော်ဘုရားကြီးရေးသားတော်မူသော
ပဋ္ဌာနသမုပ္ပါဒ် ဒီပနီကျမ်းမှ

ပုထုဇ္ဇဉ်အဖြစ်နှင့် နေသောသူသည်။ လူဖြစ်သော်လည်း လူအေးမဟုတ် လူပူလူလောင်သာတည်း။ နတ်ပြည် ၆-ထပ်မှာ နတ်ဖြစ်သော်လည်း၊ နတ်အေးမဟုတ်။ နတ်ပူ နတ်လောင်သာတည်း။ ပြဟ္မာဖြစ်သော်လည်း၊ ပြဟ္မာအေးမဟုတ်။ ပြဟ္မာပူ ပြဟ္မာလောင်သာတည်း။

## (၂၀) မိမိခန္ဓာကိုယ်ကိုဘုရားအားလှူဒါန်းရန်

ဉာဏစာဂီဆရာတော်ဘုရား ရေးသားတော်မူသော အပါယ် တံခါးလုံးဝပိတ်ကမ္မဋ္ဌာန်းထိုင်နည်းကျမ်းမှနံပါတ်၁၁ စာပိုဒ် ၉မှ

မဟာ နိဗ္ဗာန်သို့ စံဝင်တော် မူကြကုန်သော ဘုရားရှင် အနန္တ၊ တရားတော်အနန္တ၊ သံဃာတော်အနန္တ၊ ပစ္စေကဗုဒ္ဓါ အနန္တ၊ ဓါတ်တော်မွေတော်အနန္တ စေတီတော် ပုထိုးတော် အနန္တ၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်၊ ကုဋေကိုးထောင် ကျော်သော သိက္ခာပုဒ်တော်အားလုံးတို့အား၊ တရားအား ထုတ်သော အချိန်အခိုက်အတန့်အတွင်း၌ ခန္ဓာကိုယ်ကြီးဖြင့် ပူဇော်၍ထားပါကုန်၏၊ လှူဒါန်း၏ထားပါကုန်၏။ ဤသို့ လှူဒါန်းအပ်သော ကုသိုလ်ကံ စေတနာတို့ကြောင့် ဘုရား များကဲ့သို့၊ ပစ္စေကာဗုဒ္ဓါများကဲ့သို့၊ ခန္ဓာကိုယ်အသားထဲ မှ ဓါတ်များပေါ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလို ၏၊ ရရှိရပါလို၏အရှင်မြတ်ကြီးတို့ဘုရား။

## (၂၁) မိမိခန္ဓာကိုယ်ထဲမှာရှိနေသော

ဉာဏစာဂီဆရာတော်ဘုရားရေးသားတော်မူသော ဓါတုဋ္ဌိကာ တရားတော်ကြီး ဒုတိယတွဲမှ စာပိုဒ် ၂၀၁၊ နံပါတ်-၄၃၊ ၄၄၊ ၄၅-တို့မှ။

(၁) မိမိခန္ဓာကိုယ်ထဲမှ ရှိနေသော ရုပ်နာမ်ကိုတော့ မရှုပါ လောဘကိုတော့ လက်ခံထားသည်၊ အပြစ် ၂-ပါး ကြောင့် ပြိတ္တာဖြစ်ရသည်။

(၂) မိမိခန္ဓာကိုယ်ထဲမှာ ရှိနေသော ရုပ်နာမ်ကိုတော့

မရှုပါ ဒေါသကိုတော့ လက်ခံထားသည်၊ အပြစ် ၂-ပါး ကြောင့် ငရဲဘုံ၌ဖြစ်ရသည်။

(၃) မိမိခန္ဓာကိုယ်ထဲမှရှိနေသော ရုပ်နာမ်ကိုတော့မရှု ပါမောဟကိုတော့လက်ခံထားသည်၊အပြစ် ၂-ပါးကြောင့် တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံ၌ဖြစ်ကြရသည်။

ဆိုခဲ့ပြီးသော (၁) (၂) (၃) အချက်တွေဟာ (ပြုသင့် တာကိုမပြု၊ မပြုသင့်တာတွေကိုပြု) အစဉ်ဇွာ ၂-ပါးကြောင့် အပါယ် ၄-ဘုံ၌မဟာဒုက္ခကြီးနှင့်နေကြရပါသည်။

(၁) မိမိခန္ဓာကိုယ်မှာရှိသော ရုပ်နာမ်ကိုတော့မရှုပါ ဒါနတော့ပြု၏။ တဖြစ်ကြောင့် လူ့ပုထုဇဉ်ဖြစ်ရ၏၊ မဂ်ဖိုလ် မရပါ။

(၂) မိမိခန္ဓာကိုယ်မှာရှိသော ရုပ်နာမ်ကိုတော့မရှုပါ၊ သီလကိုတော့ပြု၏။ တဖြစ်ကြောင့် နတ်ပုထုဇဉ်ဖြစ်ရသည်၊ မဂ်ဖိုလ်မရပါ။

(၃) မိမိခန္ဓာကိုယ်မှာရှိသော ရုပ်နာမ်ကိုတော့မရှုပါ၊ သမထကိုတော်ပြု၏၊ တဖြစ်ကြောင့်ဗြဟ္မာပုထုဇဉ်ဖြစ်ရသည် မဂ်ဖိုလ်တော့မရပါ။

ဆိုခဲ့ပြီးသော (၁) (၂) (၃) အချက်တွေဟာ (ပြုသင့် တာကိုမပြု၊ မပြုသင့်တာကိုရှောင်သောကြောင့် ဘုံ ၃-ပါး၌ သံသရာလည်နေကြပုံကိုပြသည်။

## ပြုသင့်တာပြုစိတ္တာ၊ မပြုသင့်တာမပြုစိတ္တာကြောင့် ၃-ဘုံမှာအရိယာချည်းဖြစ်သွားရပုံ

(၁) မိမိခန္ဓာတို့မှာရှိသော ရုပ်နာမ်ကိုလဲ ရှုပွါးသည်။ ဒါနကိုလဲပြုပြုနေသည်၊ အဆင့်ဆင့်နှင့် လူတို့ဘုံ၌ လူသောတာပန်၊ လူသကဒါဂါမ်၊ လူအနာဂါမ်၊ လူရဟန္တာဟူ၍ အရိယာ ၄-မျိုးဖြစ်ပါသည်။

(၂) မိမိခန္ဓာကိုယ်မှာရှိသောရုပ်နာမ်ဆိုလဲရှုပွါးသည် သီလကိုလဲ စောင့်ရှောက်သည်။ သို့ကြောင့် အဆင့်ဆင့်နှင့် နတ်ဘုံ၌ နတ်သောတာပန်၊ နတ်သကဒါဂါမ်၊ နတ်အနာဂါမ်၊ နတ်ရဟန္တာဖြစ်ရတော့သည်။

(၃) မိမိခန္ဓာကိုယ်မှာရှိသောရုပ်နာမ်ကိုလဲရှုပွါးသည်၊ သမထလဲကျင့်သည်။ သို့ကြောင့်အဆင့်ဆင့်နှင့် ဗြဟ္မာဘုံ၌ ဗြဟ္မာသောတာပန်၊ ဗြဟ္မာသကဒါဂါမ်၊ ဗြဟ္မာအနာဂါမ် ဗြဟ္မာရဟန္တာဖြစ်ရသည်။

## (၂၂) ဘုရားအလောင်းများအနုလောမဉာဏ်

ဉာဏစာဂိ ဆရာတော်ဘုရား ရေးသားတော်မူသောမဓါတုဋီကာဒုတိယတွဲမှစာပိုဒ်-၂၂၀။နံပါတ် ၉၂။ ၉၃။

ဘုရားလောင်းများ အနုလောမဉာဏ်အထိ ရောက်တယ်ဆိုတာ ဘုရားလောင်းများဟာရဟန်းတရားကို ပြုလုပ်အား

ထုဘ်၊ ဝိပဿနာကိုပွါးများ၍အနုလောမဉာဏ် တိုင်အောင် ထိ၍ဘည်နေသည် မဂ်ဖိုလ်ကိုမျက်မှောက်မပြု။ ။

အနုလောမဉာဏ်တိုင်အောင်ထိ၍ တည်တယ် ဆိုတာ ၂-မျိုးရှိနေပါတယ်။ (၁) အမျိုးအစားကတော့ ပရိယတ္တိ သဘောနှင့် သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဆင်ခြင်သိ ဤအသိငါးမျိုးကိုအလျော်သိဖြစ်သောကြောင့်အနုလောမ သိလို့ခေါ်တာလဲရပါတယ်။ အလောင်းတော်များမှာ (၂) အမျိုးအစား ပထမနည်းထဲက အနုလောမ ဉာဏ်နှင့်သာ ဆက်ဆိုင်ပါတယ်။

မြတ်စွာဘုရားဟာ ဘုရား ဖြစ်ပြီးမှ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီတို့အားဓမ္မစကြာ တရားတော်ကို ဟောပြတော့ ငါဘုရားဟာ အလောင်းတော် ဖြစ်နေစဉ် ရှေးအခါတုန်းက ဤပရမတ္ထ သဘာဝတရားတို့၌ ကြား တောင်မှမကြားဘူး၊ သိတောင်မှမသိခဲ့ဘူးဘူးဟု ကိုယ်တော် တိုင်ကပင် ဝန်ခံ၍နေသဖြင့်(မဂ္ဂဝီထိထဲက အနုလောမဉာဏ် ကားမဟုတ်နိုင်။)ပရိယတ္တိနယ်က (သင်-မေး-နာ-ဆောင် ဆင်ခြင်သိဆိုတဲ့။) အလျော်သိဆိုတဲ့ အနုလောမဉာဏ်မျိုး အထိသာရောက်ပေသည်ဟု ဆုံးဖြတ်ကြပါလေ။

(၂) မဂ္ဂဝီထိ၌ ပါဝင်နေသော အနုလောမဉာဏ် ဆို တာဟာ မဂ်ဇောကျသော ဝီထိမျိုးမှ၊ အနုလောမဉာဏ်ဖြစ် လျှင် ဂေါတြဘူဉာဏ်ရော၊ မဂ်ဉာဏ်ရော၊ ဖိုလ်ဉာဏ်ရော၊ ပဒဋ္ဌာန်၊ ပစ္စုပဋ္ဌာန်အဖြစ်နှင့် တပါထဲဝင်ချမြဲတည်း။

## (၂၃) ပဋိသမ္ဘိဒါလေးပါးကား

သပိတ်အိုင်တောရ ဆရာတော် ဦးကိတ္တိမ၏စူဠ သောတာပန်ဖြစ်ခန်း ဓါတ်ကမ္မဋ္ဌာန်း နံပါတ် စာအုပ်မှ စာပိုဒ်-၃၁၊ စာမျက်နှာ-၄၁၊ ၄၂။

(၁) အတ္ထပဋိသမ္ဘိဒါ၊ အကျိုးတရား ဟူသမျှနှင့် သဘောသဘာဝတို့ကို ကျနပိုင်နိုင်စွာ သိသောဉာဏ်။

(၂) ဓမ္မပဋိသမ္ဘိဒါ၊ အကြောင်းတရား ဟူသမျှတို့ကို ကျနပိုင်နိုင်စွာသိသောဉာဏ်။

(၃) နိရုတ္တိပဋိသမ္ဘိဒါ၊ သဒ္ဒါအမျိုးမျိုး- ဘာသာအမျိုးမျိုး၊ ဝေါဟာရပညတ်အမျိုးမျိုးတို့ကို- ကျနပိုင်နိုင်စွာ သိသောဉာဏ်။

(၄) ပဋိဘာနပဋိသမ္ဘိဒါ၊ ခွင့်ကြုံသောအခါ ဆိုင်ရာဆိုင်ရာ ဥပမေယျနှင့်တကွ ရှင်းလင်းစွာ ဖော်ပြရန်အလိုလို ထင်လာသောဉာဏ်။

## (၂၄) ဇာယပီယရာဇဝင်

ဉာဏစာရီ ဆရာတော်ဘုရား ရေးသားတော်မူသော ဒို့ဘုရားအစနှင့် ဒို့တရားအစမှ နံပါတ် ၄၆-မှ၊ ၅၃-ထိ။

ငါတို့၏ဘုရားလောင်းသည်၊ ဘုရားဆုကို တောင်းရင်း ပါရမီဖြည့်ရင်းနှင့်လူ့ပြည်၊နတ်ပြည်တို့၌ အဖန်ဖန်- အတန်တန် ကြင်လယ်၍ နေလာခဲ့ရသည်။ တပါးသော အခါ၌

နတ်ပြည်မှစုတေ့ခဲ့၍(သိရိမတိ)နေပြည်တော်ကြီး၌ မင်း၏ အမျိုး၌ဖြစ်လာပြန်သည်။ ဗာရာဏသီပြည်ဟာ ထိုအခါက (သိရိမတိ)ဟု တွင်၍နေသည်။အဖလွန်သော်မင်း၏ဘိသိက်ကိုခံယူ၍ ဘုရင်မင်းအဖြစ်နှင့်နေရသည်။ထိုအခါ၌ ဇမ္ဗူဒိပါကျွန်း၌ ရှိကြကုန်သော(တရာ)သော မင်းတို့သည်။ ဘုရားလောင်းကိုကြောက်၍ လက်ဆောင်ပဏ္ဏာများ ဆက်သကြရကုန်၏။အကြားအကြား၌၊ ၎င်းတို့သည် လူကိုယ်တိုင်လာ၍ ဘုရားလောင်းကိုဆည်းကပ်ခံစားကြကုန်၏။ ထိုသို့ သတ္တဝါတို့ ကြောက်လန့်ရခြင်း" အလိုလို ယဉ်ကျေးခြင်းကြောင့် ဘုရားလောင်းသည်(သတ္တုတြာတမင်း)ဝါ (ဒမကမင်း) ဟူ၍တွင်ပြန်၏။ ထိုမင်းသည်၊ ဆင်တို့ကို ဖမ်းယူရာ၌အလွန် ဝါသနာ ကြူးလွန်၍နေသည်။ မိမိနိုင်ငံ၌ ဆင်ရှိတယ်ဟု သတင်းကြားလျှင် နေ့မရှောင် ညမရှောင် ဆင်ကိုဖမ်း၍ မြို့သို့ ယူခဲ့၍ ဆင်တို့နှင့်ကစားလေ့ရှိသည်။ ထိုအမှုကြောင့်လဲ။၎င်းမင်းဟာ(ဂဇပ္ပိယမင်း)ဟု တွင်ပြန်သတည်း။အခါတပါး၌ တောလည်သော မုဆိုးတဦးဟာ သား, သမင် စသည်ကို သတ်ဖြတ်ရောင်းချလို၍ တောသို့ဝင်၏။ ထိုမှဤမှ လှည့်လည်ကာရှာဖွေသော် ဟာစုံတခုကိုမျှမရဘဲ လက်အချည်းနှီးဖြင့် အိမ်သို့ပြန်လာခြင်းငှာမရဲဝံ့သဖြင့် ရလိုရငြား သား,သမင်းတို့၏ ခြေရာသို့လိုက်လေ၏။အစဉ်အတိုင်း **သွားမိသော်** လူတို့၏ခရီးကိုလွန်၍ တောနက်ကြီးထဲ၌ တခုသော ရေအိုင်၏အနီး၌ ဆင်ကြီးတကောင်ကိုတွေ့မြင်ရသည်

ထိုဆင်ကား မျက်စင်းညိုတောင်အဆင်းရှိ၏။ ငွေရောင်နှင့် တူသော အစွယ်လဲရှိ၏။တောင်ထွဋ်နှင့်တူသော ဦးကင်းရှိ၏ ရောဝဏ်နှင့်တူသော နှာမောင်းလဲရှိ၏။စာမရီသားမြီးနှင့်တူ သော အမြီးလည်းရှိ၏။နှာမောင်း၌ ရွှေဒ ဆင်းနှင့်တူသော အပြောက်လဲရှိ၏။ဂီရိမေခလါဆင်နှင့်လဲတူ၏။ဆင်အ ပေါင်း တို့၏မင်းဖြစ်သော ဆင်ပင်ဖြစ်၍နေ၏။ င သည် ယနေ့မှပင် ဤဆင်မျိုးကိုမြင်ရ၏။ရှေးရှေးက မမြင်ဘူးပါ။ ငါ့မှာဝ နေ့ လုံးလှည့်လည်၍ရှာဖွေသော်လဲ တခုမှမရပါ။ လက်အညည်း အနွမ်းသာ ဖြစရသည်။ ငါသည်၊ ဤဆင်ကိုသတ်၍ ဆင် အစွယ်ကိုယူ၍အကယ်၍ ရောင်းငြားအံ့။ ဆင်သာသေရပြီး ငါ့မှာကြေးငွေ နည်းငယ်မျှသာရတော့အံ့။ ဒါဟာသင့် လျော်ပါဘူး ဆင်လဲမသေရ၊ငါ့မှာလဲရွှေငွေတွေရ၊ ရွာစား မြို့စားလဲ ဖြစ်ရအောင်ဟာ ဤရေအိုင်၌ ဆင်ရှိကြောင်း ဘုရင်အား ပြောပြရလျှင် ငါ၏ဆန္ဒအတိုင်း ပြည့်ဝမည်ဟု ကြံစီပြီး၍ ဘုရင်က လမ်းပြပါဟု ခိုင်းလျှင် လမ်းမမှားရ အောင်ဟာ တောင်ဖြင့်မှတ်သားခြင်း၊ တောဖြင့်မှတ်သား ခြင်း။သစ်ပင်ဖြင့်မှတ်သါးခြင်း။ရေအိုင်ဖြင့် မှတ်သားခြင်း။ လမ်းတလျှောက်လုံး၌လည်း သစ်ခက်ချထား၍ လာခဲ့သည်။

ထိုအခါတဦးသောမြို့နေ ယောကျ်ားလဲ မိမိကိစ္စအတွက် တောထဲသို့ သွားသော် လက်အချည်းနှီးဖြင့် ပြန်လာသော မုဆိုးတွေ့၍ အဖဆွမုဆိုး ခါတိုင်းဆိုလျှင် သားသမင်နှင့် တကွလာခဲ့သည်။ ယနေ့မှာတော့ ဘာမှမပါလာပါတကား

ဟုမေးသည်။ဆုမ္မပြန်သေးသည်မှာ ဒီလိုဘာမျှမပါခဲ့သော်
အိမ်မှာရှိတဲ့ သား၊မယားတွေဟာ သေဘိုသာ ရှိတော့
သည်။ ဘာမှ ပါလာဘဲနှင့် အိမ်သို့မပြန်ပါနှင့် တခုခုမှ
အိမ်သို့ ပြန်ပါလေဟု ဆုမ္မသည်။ မုဆိုးက ငါ့မှာ ဘုရင့်
အတွက် လက်ဆောင် ပဏ္ဏာ အဘိုးတန် ပါလာသည်။
အခေါင်မြို့သားသည်၊ ငါ့ကို ကူညီ မစနိုင်ပါလျှင် ငါ
နှင့်အတူပင် ဘုရင့်ထံသွားပြီး အကြောင်း ကြားပါစို့။
မြို့သားလည်း ဘုရင့်ထံမှ အချီးအမြောက်ရမည်ကိုသိ၍ နှစ်
သက်ခမ်းသာလျက် မိမိကိစ္စကို လွှတ်ထား၍ မုဆိုးကိုမြို့သို့
ခေါ်ဆောင်၍ မင်း၏နန်းတော်တံခါး၌ တဲကြသည်၊ မင်း
အား ဆင်၏အကြောင်းကြောင့် လာခဲ့ရပုံကို ပြောကြား
သည်။ ဘုရင်သိလျှင် မုဆိုးနှင့်မြို့သားကို ခေါ်စေ၍။ ၎င်း
၂-ယောက်အား လက်ဆောင်ပဏ္ဏာပေးပြီး မေးလေသည်။
မုဆိုးသည်၊ တွေ့ခဲ့ရပုံအလုံးစုံကို အကုန်အစင် သံတော်ဦး
တင်သည်။ မင်းသည်၊ အထူးဝမ်းမြောက်၍ မုဆိုးနှင့်မြို့သား
၂-ဦးအား မြောက်များစွာ ရွှေငွေတွေကိုပေး၍ ဆင်ဖမ်း
သွားရန် မုဆိုးကို လမ်းပြ ခန့်ထားလေသည်။ မင်းကြီးနှင့်
စစ်သားတို့လဲ တောထဲသို့ ဝင်ကြသည်။ တွေ့လျှင် ဆင်ကို
ဖမ်း၍ ဆင်ဆရာအားအပ်၍ မြို့သို့ခေါ်ဆောင်ခဲ့၍ ယဉ်
ကျေးအောင် သင်စေသည်။အထူးအခြားခိုင်းစေသည်ကား
၇-ရက်အတွင်း ရှစ်ရက်အတွင်း၌ ဆင်ကို ယဉ်ကျေးအောင်
ဆုမ္မပါ။နက္ခတ်ပွဲအမီ ယဉ်ကျေးမှသင့်မည်ဟု စေခိုင်းသည်။

ဆင်ဆရာလည်း ၇-ရက်၊ရှစ်ရက်နှင့်အလွန်ယဉ်ကျေးအောင် ဆုမ္မ၍ နက္ခတ်ပွဲ၌ မိုပင် မင်းအား ဆင်ကိုအပ်လေ၏။ မင်းလည်း ဆင်တော်ကို မင်္ဂလာဆင်တော်အရာ၌ထား၍ ကျေးဇူးပြုသည်၊မင်္ဂလာဆင်တော်ကို ရတနာမျိုးစုံ ဆင်မြန်းကာထားပြီး နက္ခတ်ပွဲ၌ကစားခြင်းငှါ စစ်သည်ဗိုလ်ပါ မြောက်များစွာနှင့်ရင်းဆင်ကောင်ကိုစီးပြီး မြို့တော်သို့ လကျ်ာရစ်လှည့်လည်ပေသည်။ ထိုအချိန်၌ (၁၁) ရက် မြောက်သောည၌ တောမှဆင်အပေါင်း တို့သည်လာကြကုန်၍ မင်း၏ဥယျာဉ်တော်တို့ ဖရိုဖရဲ ပြန့်ကြဲအောင်၊ ညက်ညက်ကျေအောင်ဖျက်ဆီး၍ တောထဲသို့ဝင်သွားကြလေသည်။

ဥယျာဉ်မှူးသည်မင်းထံသို့လာရောက်ပြီး ဥယျာဉ်ပျက်စီးပုံကို အစုံအလင် သံတော်ဦးတင်သည်။ မင်းကြီးလည်း ဥယျာဉ်တော်သို့လာ၍ကြည့်ရှုတော့သည်။ ဥယျာဉ်တော်၌ပျက်စီးသမျှကိုလှည့်လည်၍ ဆင်တော်ကိုစီး၍ကြည့်ရှုသည်။ မင်္ဂလာဆင်တော်ဟာ(ဆင်မ)၏အနံ့ကိုရ၍ဆင်မုံ ယိုလျက်ဆင်စီးဆင်ထိမ်းတို့ကို ခါချ၍ ပြေးလေသည်။ မင်းလည်း ဆင်ပေါ်၌ပင် ချွန်းဖြင့်အုပ်ပါသော်လဲမရဘဲ၊ ဆင်ပြေးရာသို့ပါသွားလေသည်။ မင်းကကြံစီသည်မှာ တောထဲရောက်၍ ဆင်တွေနှင့် ရန်ဖြစ်ကြသော် ငါဟာ သေမည်ဖြစ်တော့သည်။ ဆင်နှင့်ငါဟာ ကွဲကွာအောင် ပြုမှဘဲဟုအကြံယူရင်း ပါသွားသော် ရေသဖန်းပင်တောသို့ ဆင်သည်ဝင်သည်။ ရေသဖန်းကိုင်းများသည် အောက်သို့ညွတ်နေပေ၏။ ထိုရေ

သဖန်းကိုင်းကိုဆွဲငင်တက်ပြေး၍ ရေသဖန်းပင်ပေါ်အမောမော ဖြေ၍နေရရှာသည်။ ကျန်ရစ်ခဲ့သောအမတ်များနှင့်စစ်သားတို့လည်း ခြေရာခံ၍ လိုက်လာကြသည့်။ အသံများစွာပြု၍ဟစ်ခေါ်ကြသည်။ နီးလာသောသံဘုရင်က အသံပေး၍လိုက်သည်။ ထိုအသံကိုကြား၍ မင်းထံသို့ ရောက်လာကြသည်။ သစ်ပင်ထက်မှမင်းကိုချပြီး၍ တူရိယာအစုံတီးမှုတ်စေလျက်မင်းကိုယူ၍မြို့တော်သို့ပြန်သွားကြသည့်။ မင်းသည်ကြက်သရေရှိသော မင်း၏နေရာ၌ ထိုင်ပြီး ဆင်ဆရာကို ခေါ်၍ စစ်ဆေးမေးမြန်းလေသည်။

အိုဆင်ဆရာ၊ သင်သည် ငါ့ကိုပင် သတ်သာမဟုတ်ပါလော့၊ ဆင်ဟာမယဉ်ကျေးသေးဘဲနဲ့ ယဉ်ကျေးပြီဟုငါ့ထံပို့သည် မဟုတ်တုံလောဟု စစ်ဆေးသည်။ ။ဆင်ဆရာကမြတ်သောအရှင်မင်းကြီး၊ ဆင်သည်အလွန်ပင်ယဉ်ကျေးပါပြီ၊ တာပေမဲ့ ဆင်တို့၏သဘောမှာ ဆင်မ၏ အနံ့ကိုရလျှင်ဆင်မုံယိုတတ်ပါသည်။ဆင်ဟာမုံယိုသော်ဆင်မနောက်သို့လိုက်တတ်ပါသည်။ တာပေမဲ့ ၎င်းဆင်ဟာဆင်မကိစ္စပြီး၍ဆန္ဒပြည့်လျှင် ပြန်လာပါလိမ့်မည်ဟု သံတော်ဦး တင်၏။ မင်းသည် ဆင်ဆရာ၏ စကားကိုကြားလျှင် ဆင်ဟာပြန်၍မလာသေးမှီ ဆင်ဆရာကို အကျယ်ချုပ်ဖြင့် ချုပ်ထားကြလော့။ ဆင်လာရင် လွှတ်မည်၊ ဆင်မလာသော် ကြီးလေးသောအပြစ်ကိုပေးမည်ဟု အကျယ်ချုပ်ဖြင့် ထားစေသည်။ မင်္ဂလာဆင်တော်သည် ဆင်အုပ်ထဲသို့ဝင်ပြီးဆင်မနှင့် အလို

ဆန္ဒဖြည့်ပေ၏။ ဆန္ဒပြည့်သော် ၇-ရက်အတွင်း ပြန်လာပြီး ဆင်တဝ်းကုတ်အတွင်း၌ နေလေ၏။ ထိုဆင်ကိုမြင်၍ မင်းအား လျှောက်လျှင် မင်းသည်ဆင်ရှိရာသို့ လာပြီး ဆင်နှာမောင်းကိုသုံးသတ်၍ ဆင်ဆရာအားဆင်ဆရာ၌မျှလောက်ယဉ်ကျေးပြီးသောဆုမ္မအပ်ပြီးသော ဆင်တော်ဖြစ်၍နေပါလျက်နှင့် ချွန်းအုပ်၍မရခြင်းသည် ဘာကြောင့်ပါနည်းဟုမေးသည်။ ။ဆင်ဆရာက အရှင်မင်းကြီး အဘယ်သို့ဆိုဘိသနည်း လူဘဲဖြစ်စေ၊ နတ်ဘဲဖြစ်စေ၊ဆင်ဘဲဖြစ်စေသတ္တဝါတို့၏ကိုယ်၌(လောဘ၊ရာဂ၊တဏှာ၊နန္ဒီ)တရားဟာထကြွ၍လာခဲ့သော် ဘယ်ချွန်းနဲ့မှမရတော့ပါ။ ရာဂဆိုတာမျိုးဟာချွန်းထက်ပင်ထက်မျက်လှပါသည်။ မီးပူတာထက် ရာဂပူကထက်မျက်လှပါသည်၊မြွေဆိပ်ထက်ရာဂစိတ်ကလွန်ပါသည်။ အဲဒါကြောင့် ချွန်းဖြင့် ဆင်ကိုနှစ်စေခြင်းငှါ မတတ်နိုင်တော့ပါဟုလျှောက်သည်။

မင်း။ ။သို့ဖြစ်လျှင် ဘာကြောင့် ဆင်ဟာပြန်လာသနည်းဟုမေးပြန်သည်။ ဆင်ဆရာကကျွန်ုပ်၏မန္တာန်ဆေးဝါးတန်ခိုးကြောင့်ပြန်လာသည်ဟုသံတော်ဦးတင်သည်။

မင်း ။တာဖြင့် သင်၏မန္တာန်တန်ခိုးကို ပြစမ်းပါဟုခိုင်းပြန်သည်။ ဆင်ဆရာက သံခဲကိုရဲရဲနေအောင် မီးဖုတ်စေပြီးမန္တာန်ရွတ်၍ ဆင်ကိုသံခဲကို နှာမောင်းဖြင့် ယူထား

ပါလေဟုစေခိုင်းသည်။ ဆင်ဟာ အလွန်ပူပေမဲ့ ဆံရာကို ကြောက်လန့်၍ မချမ်ိဘဲမျက်ရည်စိုရွဲလျှက်နှင့် တုံတုံလှုပ်လှုပ်ကိုင်ထားသည်။ မင်းကမြင်၍ သနားကျင်နာလှသဖြင့် မြန်မြန်ပြစ်ချပါစေဟု ခိုင်းသည်။ ဆင်ဆရာကပြစ်ချလော့ဟုဆိုမှပြစ်ချသည်။ မင်း ခြေ၁၊ ရာဂအားဟာ(၃၁)ဘုံမှာဖြင့် အထက်မျက်ဆုံး ပါတကား။ ချွန်းဖြင့်အုပ်လဲမရချေ၊ မန္တာန်အုပ်လဲမရချေဟုသံဝေဂရ၍နေတော့သည်။ဆင်ဆရာကို များစွာသော ရွှေငွေအထွေထွေနှင့် မြောက်စား ရာထူးတိုးတက်စေ၍ထားလေသည်။ မင်းဟာသံဝေဂပြင်းစွာရ၍ (၃၁)ဘုံသားတွေဟာ ဤရာဂကြောင့် အပါယ် ၄-ဘုံ၌စု၍ နေကြရသည်။ (၃၁)ဘုံမှမထွက်နိုင်ကြပေ။ ငါသည်ဘုရားဖြစ်အောင်ကျင့်တော့အံ့။(ဗုဒ္ဓေါဗောဓေယျံ၊မုတ္တော မောစေယျံ၊ တိဏ္ဏောတာရေယျံ)။ အနက် အောက်၌ရေးပြီးခဲ့ပါပြီ။ ငါသိသလိုသိစေအံ့၊ ငါလွတ်သလို လွတ်စေအံ့၊ ငါကူးမြောက်သလိုကူးမြောက်စေအံ့၊ ပါရမီဖြည့်တော့အံ့ဟုဆုံးဖြတ်ပြီး သားတော်ကိုထီးနန်းအပ်၍ တောထွက်ပြီး ရသေ့ပြုလျှက် ကသိုဏ်းပရိကံပြု၍ ဈာန်အဘိညာဉ်ကိုဖြစ်ပြီး ကံကုန်သောအခါ ဗြဟ္မာပြည်၌ဖြစ်သွားတော့သည်။

## စန္ဒာဝေရော် တရားတောင်း

စန္ဒာဝေရော်၊ ဆန်းသစ်ပေါ်သို့၊ ဘောဇော်ဟိတ်ကြွ။ စိတ်ကြွနှင့်တိက္ခဂမ္ဘီ၊ဉာဏ်ဝသီနှင့် ကြံစည်လေ့လာ အားထုတ်ကာလျှင်၊ သံသရာနယ် သမုဒ်လယ်၌ မြှုပ်ကွယ်နေသူ များရှင်လူကို ကယ်ယူစေငှါ၊ ဆင်းရဲကွာသို့၊ ကျမ်းစာထွေထွေ ရေးပြုပေသား ကာဝေတက္ကသိ၊ ဉာဏ်ရည်ရောင်ဖြာ၊ ထွန်းပစ္စာ၍ မဟာထေရ်ကျော် ဆရာတော်ဟု ထင်ပေါ်ဂုဏ်ထူး၊ သင်းပြန့်ကြူးသား ကျေးဇူးတော်ရင်၊ ထေရ်အရှင်၏ စက်ပြင် ၂-ဖုံ ပါဒေစုံကို။ ပဒုံပက်ဇာ၊ သွင်ပမာဖြင့် သီသာ၊ ထက်တွင်။ ဆယ်လက်ယှဉ်၍ လျှောက်တင်ဝံ့ပါ၊ ဝဋ္ဋသုံးဖြာမှာ ဆုံးရာမသင် လမ်းအစဉ်ကိုကျွမ်းကျင်မသိ၊စွမ်းအင်ချိ၍ ဝီစိကို့စ္ဆာ ထိတ်စရာဟု၊ အဝိဇ္ဇာမီး၊ ပိတ်ကာဆီး၍ မှောင်ကြီးကျလာ နေဆဲမှာလျှင် ယာဉ်သာ နေနတ် ငွေပြဿာဒ်မှ မြေခာတ်ကြည်အောင် အဆဘောင်း ဆ,လျှက်၊ ခြည်ရောင် ဝင်းဝင်း မှောင်ပယ်ရှင်း၍။ ထံရင်းရှိနေ တပည့်တော့်ကို၊ ဝိသေပြုကာ ကရုဏာဖြင့်။ မေတ္တာရှေးရှု၊ အဖေးယူလျှက်၊ လေးဆူသစ္စာ အခွင့်သာအောင် ကျင့်ရာတရား အစားစားကို အားထား တိုင်းပင်၊ သိကြောင်းထင်လျှက်။ အမြင်စွမ်းသန်၊ ရုပ်နှင့် နာမ်ကို ကျမ်းဂန်ဖွေထုတ် ရွှေအာကြုတ်မှ ချွေထုတ်ဖင်ကာ၊ မလင့်သာသည်။ ထင်စွာပျော်မွေ့မှန်း ပြုတော်မူပါ၍ ဆုမွန်ခံ အရှင်မြတ်ကြီးဘုရား။ ။

စာကြည့်တိုက်
ရန်ကုန်

(အောင်သစ္စာစာပေတိုက်)(အောင်သစ္စာပုံနှိပ်တိုက်)
အမှတ် ၁၈၊ ကမာရွတ်လက်ခုပ်ပင်၊ မှတ်ပုံတင်(၀၁၄၈)(၀၃၅၃)
မောင်တူးကာ ပုံနှိပ်ထုတ်ဝေသည်၊